
www.burmeseclassic.com

တက္ကသိုလ်
# တင်မြင့်

# ဆိုးလွန်းပါ၏… သို့သော်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## ဆိုးလွန်းပါဗျာ..သို့ဗေဿ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၂၀၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၆၄၀၅၀၆

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်တင်မြင့်

## ဆိုးလွန်းပါဗျာ– သို့ဗေဿ

www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

## တို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✪ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ✪ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းနိုင်ရေး။
- ✪ ပြဋ္ဌာန်းလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✪ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ချက်

- ✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✪ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com



## [ ၁ ]

ရန်ကုန်မြို့ ရပ်ကွက်တစ်ခုမှ တရုတ်စားသောက်ဆိုင် ...။ အရက်ပါ တွဲရောင်းသည်။

ထိုဆိုင်အတွင်း၌ သိပ်လှ၊ သိပ်ချောသော လူမလေးထိုင်၍ စားသောက်နေသည်ကို လူထီးလေးတွေ၊ လူထီးကြီးတွေက ထိုလူမ အချောအလှကို မိုင်းမျက်စိစားပွဲထိုင်နေကြသည်။

ထိုသို့ မျက်စိစားပွဲထိုင်နေသူများထဲတွင် နိုင်ငံခြားသဘော်ာ လက်ထောက်အင်ဂျင်နီယာရာထူးရှိသည့် 'စိုးပြည့်စုံ' လူထီးလေးတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။

ထူးခြားချက်မှာလူထီးတွေ ဝိုင်းအကြည့်ခံရလောက်အောင် ခြယ်သချောမောသည့် လူမလေးကလည်း စိုးပြည့်စုံကို ပြန်လည်၍ ကွက်ကြည့်ကွက်ကြည့်ဖြင့် အရေးတယူ အသိအမှတ်ပြုခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စိုးပြည့်စုံအဖို့ ဤသို့ ခြယ်သပြီး လှပသော၊ အချော အလှ လူမလေးတွေကို နိုင်ငံတကာတွင် တွေ့ဖူးပေါင်းများလှပြီ။

ဂျပန်တွင် ... ရှိဘာစ်၊

ဟောင်ကောင်တွင် ... ချယ်ရီခမေ်၊

အမေရိကတွင် ... ဇင်သီယာ၊

စိုးပြည့်စုံ သင်္ဘောအရာရှိလိုက် သက်တမ်းငါးနှစ်ရှိပေပြီ။ ရောက်ရာ တိုင်းပြည်တိုင်း ဆိုက်ကပ်ရာ မြို့တွင်၊ နိုင်ငံခြားသူမလေးများဖြင့် ငြိတတ်ပါ၏။

စိုးပြည့်စုံ၏ ကုသိုလ်ကိုက ထူးသည်။

သွားလေရာ ကောင်မလေးတွေက ကြိုက်ပါစေဆိုသော ဆုနှင့်အတူ ပြည့်စုံပါ၏။ စိုးပြည့်စုံ မျက်စိတွင် သဘောကျ၍ ချဉ်းကပ်ပြီဆိုသည်နှင့် ထိုအမျိုးသမီးက စိုးပြည့်စုံအား 'မဆွတ်ခင်က ညွတ်ပြီးသား' ဖြစ်နေတတ်သည်။

စိုးပြည့်စုံ၏ မိဘနှစ်ပါးသည် ပြည်မြို့တွင် နေထိုင်ပြီး ကုန်သည်လုပ်ငန်းဖြင့် အထိုက်အလျောက် ငွေကြေးချမ်းသာသူများ ဖြစ်သည်။

သင်္ဘောလိုက်ရာမှ ပြန်လာပြီး ပြည်မြို့တွင် မိဘများနှင့်အတူ နေစဉ် ခြောက်လသာ ကြာသေးသည်။ သင်္ဘောကုမ္ပဏီက စိုးပြည့်စုံကို ပြန်ခေါ်ပြီး လေယာဉ်လက်မှတ်ကိုပင် ပေးပို့လိုက်သဖြင့် စိုးပြည့်စုံ ရန်ကုန်သို့ဆင်းလာပြီး တည်းခိုခန်းတွင် တည်းခိုကာ သူလိုက်ပါရမည့် လေယာဉ် ရန်ကုန်ဆိုက်မည့်ရက်ကို စောင့်နေခြင်းဖြစ်သည်။

ထိုသို့စောင့်ရင်း ယနေ့ညစာစားရန် အောင်မင်္ဂလာ



ရပ်ကွက်ရှိ တရုတ်စားသောက်ဆိုင်တွင် ဝင်ရောက်စားသောက်စဉ် လူမလေးနှင့် မျက်လုံးချင်းဆုံ၊ အကြည်ဆိုက်ပုံစံဖြစ်သည်။

စိုးပြည့်စုံနှင့် မနီးမဝေး စားသောက်စားပွဲမှ ချာတိတ်သုံးယောက်၏ လူမလေးအကြောင်း ပြောသံထွက်လာသဖြင့် စိုးပြည့်စုံက နားစွင့်လိုက်သည်။

"အိုကွာ သိပ်ရိုက်ရဲတာပေါ့ ... သူ့စားပွဲမှာ မင်းဝင်ထိုင်လိုက်တာနဲ့ ဖျတ်ခနဲ ငါက တစ်ပုံရိုက်ပြီးသားဖြစ်စေရမယ် ဗီတာ ... ဟဲ ... ဟဲ ... မင်းက သူ့ကို သွားရိတာနဲ့ မင်းကို ငါးရိုက်လိုက်တဲ့ပုံကို ငါက မိအောင်ရိုက်မှာ ... "

ဝါးခနဲ သူတို့ရယ်ကြသည်။

သူတို့သုံးယောက်ဝိုင်းကို စိုးပြည့်စုံ လှမ်းကြည့်သည်။ အသက်နှစ်ဆယ်ကျော်စ အရွယ်သုံးဦးဖြစ်ကြလေသည်။ လူငယ်သဘာဝ ပေါးလားဝါးလားပုံစံပင်။ သူတို့ထဲမှတစ်ဦး၏ လည်ပင်းတွင် ချိတ်ဆွဲထားသော အဖိုးတန်ကင်မရာတစ်လုံးပါရှိပါ၏။

"ဒါတော့ ငါယုံတယ် ဗီတာ ... ဒီကောင် စံရွှေအောင်က ဒို့ပြင်နေရာမှာသာ သုံးမရတာ ... ဓာတ်ပုံရိုက်တဲ့ နေရာမှာတော့ တကယ့်ပရောဖက်ရှင်နယ် ဓာတ်ပုံဆရာတွေတောင် သူ့ကို မမီဘူး ... ဒါကို မြင့်မောင်လည်း သိပါတယ်နော်"

"အေး သိတယ် ... ဒီကောင်စံရွှေအောင် စနက်(လ်)ရှော့ ရိုက်တာတောင် သိပ်တော်တာ ငါကိုယ်တိုင် တွေ့ဖူးတယ် ပြေးနေတဲ့ ခွေးကို သူ့ကင်မရာနဲ့ စနက်(လ်)ရှော့ရိုက်တာ ဖလင်ကို ပြန်ကူးတော့ ပုံထဲမှာ ပြေးနေတဲ့ ခွေးရဲ့ ကိုယ်ထည်တော့ မပါဘဲခွေးအမြီးပဲပေါ်တာငါကိုယ်တိုင်အမြင်ကွ"

www.burmeseclassic.com

www.burmeseclassic.com



ဝါးခနဲ သူတို့ဟာသူတို့ ရယ်ကြပြန်သည်။

ကင်မရာလည်ပင်းစွပ်ထားသူက စံရွှေအောင်၊ ရုပ်ချောချော ချာတိတ်က ပီတာ၊ ကျန်တစ်ယောက်က မြင့်မောင်ဟု စိုးပြည့်စုံ မှတ်သားသညာ ပြုမိပါ၏။ သုံးယောက်စလုံး လူရည်သန့်လေးတွေ ဖြစ်ဟန်တူသည်။

သုံးယောက်စလုံး အရက်မူးနေပုံပင်။

"ဟေ့ကောင် ပီတာ ... သွားရဲတယ်ဆို သွားလေ ကွာ ... မင်း အဲဒီအမျိုးသမီးနားမှာ ဝင်ထိုင် စကားပြောတာနဲ့ ငါက ... ဓာတ်ပုံထဲမှာ မင်းက သူ့ကိုနမ်းနေတဲ့ပုံလို့ လူတွေမြင်အောင် ငါရိုက်ပြမယ် ..."

"ငါ သိပ်သွားရဲတာပေါ့ ... ဒါပေမဲ့ ဒီအတိုင်း ဗလာချီကြီးတော့ မသွားဘူး ... အလောင်းအစားနဲ့မှ ငါသွားမယ် ... ငါစွံသွားရင် အခု ငါတို့ဝိုင်းထားတဲ့ စားကြွေးသောက်ကြွေးတွေကို မင်းတို့နှစ်ယောက် ပေးရမယ် ... ငါမစွံရင် နက်ဖြန်ညကုန်ကျစရိတ်ကို ငါတကာခံမယ် ... ဘယ့်နှယ့်လဲ ..."

"အိုကွာ ... သိပ်ရတာပေါ့ ... လုပ်လိုက်လေ ကြာသလားလို့ ပီတာ ..."

စိုးပြည့်စုံ ညစာကို ဆက်စားသည်။

ဒီအတိုင်းသာဆိုပါက ချာတိတ်သုံးကောင်နှင့် ဟိုလူမချောချောလေးတို့ ပြဿနာပဲ ဖြစ်ကြမလား၊ ပြေလည်သွားကြမလားဟု စိုးပြည့်စုံက တွေးရင်း စားနေမိသည်။

အကယ်၍သာ ...

စိုးပြည့်စုံတွင် လေယာဉ်လက်မှတ်ရပြီးသား



သဘော်ာလိုက်ရန် တန်းလန်းကြီးသာ မဟုတ်ပါက ချာတိတ်သုံးယောက်လို လူမချောလေး၏ စားပွဲသို့ ရောက်သွားမည်သာ။

ယခုမူ စိုးပြည့်စုံ ခြေငြိမ်ထားပါ၏။ ယခု လေယာဉ်နှင့် လိုက်ရမည်မှာ ဘန်ကောက်သို့ ဖြစ်လေသည်။ ဘန်ကောက်တွင် သင်္ဘောခထွက်မီ ဗီလီယန် ဘန်ကောက်သူအချောအလှလေးနှင့် တွေ့ရဦးမှာပဲဟု စိတ်ဖြေလျှော့လိုက်ပါ၏။

လူငြိမ်သွားသော်လည်း စိတ်မငြိမ်၊ မျက်လုံးမငြိမ်သောကြောင့် လူမချောကို ကြည့်လိုက်မိပြန်သည်။ သူမကလည်း စိုးပြည့်စုံကိုသာကြည့်နေသည်မို့ မျက်လုံးချင်း ဆုံကြသည်။ သူမ၏ အကြည့်တွင် ဖိတ်ခေါ်ချက်ပါဝင်နေသည်ဟု စိုးပြည့်စုံက ယူဆမိပါ၏။

"ဟဲ့ ကောင်တွေ ... ငါ့အတွက် အရက်တစ်ပုလင်းယူခဲ့စမ်း ..."

ထိုအသံကြီးကို ကြားရသဖြင့် စိုးပြည့်စုံက အမျိုးသမီးချောထံမှ မျက်စိခွာကာ ထိုအသံကြီးထွက်ပေါ်လာရာ စားပွဲသို့ လှမ်းကြည့်လိုက်သည်။

"ဂျိုင်းရင်း (Giant)ကြီးပါလား ..."

အနောက်နိုင်ငံများတွင် သာမန်ထက် ပိုမိုအဆမတန် ကြီးမားထွားကျိုင်းသော လူအား ဂျိုင်းရင်းဟု ခေါ်ကြသည်။ မြန်မာလိုတော့ လူဘီလူးကြီးဟု ဘာသာပြန်ရလေမလားမသိ။

ထိုလူဘီလူးကြီးသည် ဆံပင်ရှည်တွေကို နောက်စေ့တွင် ကြိုးစည်းထားရာ ကြက်မြီးနှင့်ပင်တူသေးတော့။ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေး ဗရပျစ်နှင့် သွားတွေမှာ ကွမ်းချိုးထက်

www.burmeseclassic.com

www.burmeseclassic.com



ညှိုရောင်သမ်းနေသည်။ အကျီရင်ဘတ်ဟာပြဲနှင့် ရင်ဘတ်တွင် အမွေး တွေ ပြိုင်းပြိုင်းထနေသည်၊ ခေါင်းဘီကြီး ဒူးဆစ်ပေါ်နှင့် စုတ်တီး စုတ်ဖတ်ကြီး မြင်ရုံနှင့် ကြောက်စရာကောင်းနေပေသည်။

အံ့ဩစရာမှာ ထိုလူဘီလူးကြီးကို ဘုရုတ်ဆိုင်ပိုင် ရှင်မှအစ စားပွဲထိုးတွေအားလုံးတို့သည် လူဘီလူးကြီးကို ချက်နာလို မျက်နှာရ မျက်နှာလုပ်ကြသည်။

လူဘီလူးကြီး မှာသမျှ ဟင်းလျာ၊ ထမင်း၊ အရက် တွေကို ပျာပျာသလဲ လုပ်ဆောင်ပေးရသည်။

လူဘီးကြီးကလည်း ထိုလူမချောချောလေးကို အငမ်းမရ မျက်လုံးဖြင့် ခေါ်တိမသုန် ကြည့်နေပါလေ၏။

မလွယ်ကြောကြီးပါလား၊ မကြာမီ လူမချောလေး တွင် ပြဿနာဝင်လေတော့မည်ထင်။

ထင်သည့်အတိုင်း မကြာလိုက်ပါချေ။

ချာတိတ်ဝိုင်းမှ ပီတာသည် အရက်မူးနေသော ခြေ လှမ်းများဖြင့် သူမ၏စားပွဲတွင် ရောက်သွားသည်။

ကျန်နဲ့သော ကင်မရာလွယ် စံရွှေအောင်နှင့် မြင့် မောင်တို့ တဟီးဟီး တဟားဟားဖြင့် ပီတာနှင့် လူမချောလေးကို သူတို့စားပွဲမှ ကြည့်နေကြသည်။

ပီတာသည် အမျိုးသမီးချော၏ စားပွဲတွင် အနီးကပ် ကုလားထိုင်တွင် ဝင်ထိုင်သည်။ အမျိုးသမီးချောက ဤသို့လာထိုင် ခြင်းကို မည်သို့မျှ ဂရုမစိုက်ပုံရှိပေသည်၊ လူလေးယောက်ထိုင် စား ပွဲမို့ မည်သည့်စားသောက်လာသူမဆို ထိုင်ခွင့်ရှိသည့်သဘောမျိုး သက်ဝင်ပါ၏။



ပီတာက စားပွဲတွင် တံတောင်နှစ်ဖက်ထောက်ကာ ခါးကိုင်းပြီး အမျိုးသမီးချောအား တတွတ်တွတ် စကားတွေ ပြော ပေသည်။

ပီတာထိုင်ပြီး ကပ်ပြောနေစဉ်မှာပင် စံရွှေအောင် သည် သူ့ကင်မရာဖြင့် ဖျတ်ခနဲ ရိုက်လိုက်သော ဖလတ်(ရှ်)မီးလင်း လက်သွားပါ၏။

"အို ... ဘာတွေမှန်း မသိဘူး ... ရှင်တို့ ကျွန်မရဲ့ ခွင့်ပြု ချက်မရဘဲ ဓာတ်ပုံရိုက်တာ ... အင်မတန် ရိုင်းတာပဲ ..."

အမျိုးသမီးချောက မကျေမနပ်ပြောလိုက်သံမှာ ကျယ်သဖြင့် စိုးပြည့်စုံသာမက အနီးနားစားပွဲတွေက ကြားနိုင် လောက်သည်။ အမျိုးသမီးချောသည် ပြောရင်း စိုးပြည့်စုံရှိရာသို့ အကူအညီတောင်းသော အကြည့်နှင့်လည်း လှမ်းကြည့်သည်။

စိုးပြည့်စုံအနေနှင့် ချာတိတ်သုံးယောက်ကို လှဲသိပ် နိုင်စွမ်းရှိပါ၏။ စိုးပြည့်စုံ ထိုင်ရာမှ ဖင်ကြွသွားသည်အထိ ကူညီရန် ဆန္ဒရှိပါ၏၊

သို့သော် ...

စိုးပြည့်စုံ သဘောလိုက်တော့မည့်ဆဲဆဲ၊ ဤမျှ ပြဿနာမဖြစ်ရန် ချက်ချင်းသတိထားလိုက်သည်။ မကူညီနိုင်ပါပေ။ အမျိုးသမီးချောကိုသာ ကြည့်နေမိသည်။

ထိုအခိုက်မှာပင် ...

အဖြစ်အပျက်သည်သဏ္ဍာန်တစ်မျိုးပြောင်းသွားသည်။

"ဟော့ ... ငါ့နာမည် အောင်မင်္ဂလာ ဘကွန်းဟော့ ... မင်းတို့ ကောင်လေးတွေ တခြားမှာ ကျယ်ချင်သလို ကျယ် ... ဒီ

www.burmeseclassic.com

www.burmeseclassic.com



အောင်မင်္ဂလာနယ်မြေထဲမှာတော့ မကျယ်ကြနဲ့ ... ဒီရပ်ကွက်နယ်မြေမှာ ငါ့ကို ကျော်ရဲတဲ့ကောင် တစ်ကောင်မှ မရှိဘူးမှတ် ... "

လူ့ဘီလူးကြီးက အော်ပြောရင်း လူမချောလေးရှိရာ စားပွဲသို့ ထသွားသည်။

ထိုင်နေသော ပီတာကို ကုလားထိုင်ရော၊ လူရော လူ့ဘီလူးကြီးက မြှောက်ကိုင်လွှင့်ပစ်လိုက်ရာ ကုလားထိုင်ကျိုးပြီး ပီတာခွေခွေလေး ကျသွားသည်။

လူ့ဘီလူးကြီး အောင်မင်္ဂလာဘကွန်းသည် အမျိုးသမီးချောလေးကို လက်တစ်ဖက် ဆွဲကိုင်လိုက်သည်။

"လာ ... လိုက်ခဲ့ ငါနဲ့ ... "

"အို ... ဘာလို့ လိုက်ရမှာလဲ ... မလိုက်ဘူး မလိုက်ဘူး သွား ... သွား ... ဘာကြီးမှန်းလဲ မသိဘူး ... "

ရုန်းရင်းဆန်ခတ် ဖြစ်နေသော်လည်း ဆိုင်ပိုင်ရှင်ရော၊ စားပွဲထိုးတွေရော ဘာမျှဝင်မစွက်ရဲ။

ရပ်ကွက်တိုင်းလိုလို အောင်မင်္ဂလာဘကွန်းလို ရပ်ကွက်လူမိုက်တွေ ရှိတတ်သည်။ တကယ့်လူကောင်းတွေက ထိုလူမိုက်မျိုးကို ရှောင်ကြသည်။ ယှဉ်ပြိုင်သူမရှိလေ ပို၍ မိုက်လေပုံစံပင်။

ယခုလည်း ဘယ်သူမှ ဝင်မကူရဲကြ။

ပီတာလဲကျသွားသည်ကို မြင့်မောင်နှင့် စံရွှေအောင်တို့နှစ်ယောက် သွားရောက် ထူနေစဉ်မှာပင် အောင်မင်္ဂလာဘကွန်းသည် အမျိုးသမီးချောကို အတင်းဆွဲခေါ်ကာ ဆိုင့်၏ဘေးပေါက်မှ ထွက်သွားပြီး အမှောင်ထဲသို့ ခေါ်သွားသည်။



သခုကျတော့ စိုးပြည့်စုံက မနေနိုင်တော့ပြီ။

အနိုင်ကျင့်လိုသည့် အောင်မင်္ဂလာဘကွန်း၏လက်မှ အမျိုးသမီးချောကို ကယ်သင့်သည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ ထ၍ လိုက်သွားပါ၏။

အပြင်ဘက်တွင် မှောင်နေသည်။

ဘကွန်းနှင့် အမျိုးသမီး ပလုံးပထွေးဖြစ်နေသည်ကို မပီမပြင် လှမ်းမြင်ရသည်။

စိုးပြည့်စုံက အိတ်ထဲတွင် အမြဲရှိနေသော လက်နှိပ်ဓာတ်မီး အသေးစားလေးကို ထုတ်ယူကာ ထိုးကြည့်သည်။ ဘကွန်းကြီးက အမျိုးသမီးကို မြက်ခင်းတစ်နေရာသို့ ဖွတ်ဆွဲခေါ်ရင်း လုံးလားထွေးလား မြင်ရသည်။

စိုးပြည့်စုံက တွေ့ရာ ခဲတစ်လုံးကို ကောက်ယူကာ ဘကွန်းကြီးခေါင်းကို ထုလိုက်ရာ ဘကွန်းကြီးက အမျိုးသမီးကို လွှတ်လိုက်ကာ စိုးပြည့်စုံနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

စိုးပြည့်စုံ လက်မနှေးတော့ဘဲ ဘကွန်းကြီး၏ မေးစေ့ကို အောက်ပင့်ထိုးလက်သီးချက်ဖြင့် ထိုးလိုက်သည်။

ဘကွန်းကြီး ဗုန်းခနဲပက်လက်ကြီးလဲကျသွားသည်။

တစ်ချက်ထဲ ထိုးရုံမျှဖြင့် ဘီလူးကြီးလို ဘကွန်းလဲကျသွားသည်ကို စိုးပြည့်စုံ တအံ့တသြ ငုံ့ကြည့်မိသည်။

မိမိ၏လက်သီးတစ်ချက်တည်းနှင့် ဘကွန်းလို လူကြီးလဲကျသွားရသလားဟု အံ့သြမိခြင်းဖြစ်သည်။

ပြန်မထရုံမက ပက်လက်ကြီး ငြိမ်သွားသော ဘကွန်းကြီးကို စိုးပြည့်စုံက ဒူးထောက်ထိုင်ချလျက် လက်နှိပ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



မီးထိုးကြည့်သည်။

ဝေး ... ဘကွန်းကြီး၏ လက်ဝဲရင်အုံမှ သွေးတွေ ပန်းထွက်နေသည်။ ဘကွန်းကြီး ဓားထိုးခံလိုက်ရခြင်းဖြစ်ပါ၏။ လက်ဝဲရင်အုံအောက်တွင် နှလုံးရှိသည်။ ယခု ဓားချက်သည် ဘကွန်းကြီး၏နှလုံးကို ထိုးမိသွားခြင်းဖြစ်မည်။

ပီတာနှင့် သတ်ပုတ်စဉ်က ပီတာကပဲ ဘကွန်းကြီးကို ဓားနှင့်ထိုးလိုက်လေသလား။ ခုနေဘောကောင်ဆိုးလေးတွေသည် ဓားမြှောင်ဆောင်တတ်သည်။

ဖြုန်းခနဲ ဓားထိုးခံရစဉ်ကတော့ ဘကွန်းကြီးသည် အလွန်ကာယဗလကြီးထွားကြံ့ခိုင်တောင့်တင်းသောကြောင့် ဘာမှ မဖြစ်သလို အမျိုးသမီးချောအား အတင်းဆွဲခေါ်သွားနိုင်သော်လည်း မိမိက သူ့ခေါင်းကို ခဲနှင့်ထုချက်၊ မေးစေ့ကို လက်သီးနှင့် ထိုးချက်တွေကျမှ ခံနိုင်ရည်မရှိတော့ဘဲ လဲကျသွားခြင်းဖြစ်မည်။

စိုးပြည့်စုံက ဘကွန်းကြီး၏ လက်ကောက်ဝတ်တစ်ဖက်ကို ကိုင်ပြီး စမ်းကြည့်သည်။ လုံးဝကြီးကိုသွေးမတိုးပါလေတော့။

ဗုဒ္ဓေါ၊ ဘကွန်းကြီး သေသွားပြီ။

လူသတ်မှုကြီးပါလား။

စိုးပြည့်စုံအနေနှင့် ဘယ်နည်းနှင့်မှ ဤလူသတ်မှုတွင် ပတ်သက်၍မဖြစ်။ မိမိအဖို့ သဘောလိုက်ရန် ရက်ပိုင်းသာ လိုတော့သည်။ အမှုတွင် ပတ်သက်သည်ဟု သက်ဆိုင်ရာက ယူဆလျှင် အမှုစစ်ဆေးခြင်း၊ မေးမြန်းခြင်းတွေဖြင့် သဘောမမီဘဲ ရက်ကြာသွားနိုင်သည်။

စိုးပြည့်စုံ ထိုင်ရာမှ ထရပ်မည်ပြုစဉ်မှာပင် ကင်မရာ



ဖလက်(ရှ်) မီးပွင့်သွားပြီး မိမိတို့အား စံရွှေအောင်က ဓာတ်ပုံရိုက်လိုက်ခြင်း ကြုံလိုက်ရသည်။

ဒီနောက် စံရွှေအောင်သည် ချာခနဲ လှည့်ကာ မှောင်ထဲသို့ ထွက်ပြေးသွားသည်။

ဒုက္ခ။

ဘကွန်းအလောင်းကြီးနှင့်အတူ မိမိဓာတ်ပုံ စံရွှေအောင်၏ ကင်မရာဖလင်လိပ်တွင် ပါသွားပြီ။

ထိုဓာတ်ပုံသာ ရဲအဖွဲ့လက်ထဲ ရောက်သွားပါက မိမိကပင် အောင်မင်္ဂလာဘကွန်းကြီးကို ဓားနှင့် ထိုးသတ်သည်ဟု လူသတ်မှုကြီး မိမိအပေါ်သို့ သက်ရောက်လာနိုင်သည်။

စံရွှေအောင် ဘယ်မှာနေမှန်း နေရပ်လိပ်စာလည်း မိမိမသိ။

အကောင်းဆုံးမှာ အမျိုးသမီးချောနောက်ကို မိမိလိုက်လျှင် မီလောက်သေးသည်။

အောင်မင်္ဂလာဘကွန်းကြီးအား ဓားနှင့် ထိုးသတ်သူမှာ မိမိစိုးပြည့်စုံ လုံးဝမဟုတ်ပါဟု အမာခံသက်သေပြုနိုင်သူမှာ ထိုအမျိုးသမီးချောသာလျှင် ဖြစ်သည်။

စိုးပြည့်စုံ ထကာ အမျိုးသမီးချောနောက်သို့ ပြေးလိုက်သွားတော့သည်။

ကမ္ဘာအေးကတ္တရာလမ်းကြီးဘေးတွင် အမျိုးသမီးချောရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

အမျိုးသမီးချောသည် စိုးပြည့်စုံက သူမနောက်သို့ ပြေးလိုက်လာမှန်းသိ၍ ရပ်ပြီးစောင့်နေခြင်းပေလား မပြောတတ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ စိုးပြည့်စုံ ထင်သလိုမဟုတ်။ သူမသည် တက္ကစီကားတစ်စီးအလာကို စောင့်နေခြင်းသာဖြစ်ပါသည်။ စိုးပြည့်စုံ သူမထံသို့ မရောက်မီမှာပင် တက္ကစီကားတစ်စီးကို လက်တားကာ ထိုတက္ကစီကားနှင့် သူမထွက်သွားပေသည်။

စိုးပြည့်စုံကလည်း အဆင်သင့်ပင် နောက်ထပ်တက္ကစီကားလာသည်ကို ဖမ်းတားပြီး တက်ထိုင်ကာ အိတ်ထဲမှ ငွေတစ်ထောင်ထုတ်ပြီး တက္ကစီကားသမားကို ပေးလိုက်ပြီး ရှေ့မှ မောင်းသွားသော တက္ကစီကားနောက်သို့ အမီလိုက်ခိုင်းတော့သည်။

မောင်းရင်းပင် တော်တော်လေး ခေါင်းမိရာ မြေနီကုန်း 'သီရိတည်းခိုရိပ်သာ' မီးချောင်းဆိုင်းဘုတ်ကြီးရှေ့တွင် ရှေ့မှ တက္ကစီရပ်သွားပြီး အမျိုးသမီးချောက ဆင်းသက်ကာ တည်းခိုရိပ်သာထဲသို့ ဝင်ရောက်သွားသည်ကို စိုးပြည့်စုံ တွေ့ရသည်။

စိုးပြည့်စုံကလည်း ထိုနေရာမှာပင် ရပ်စေကာ ငွေငါးရာ တက္ကစီသမားကိုနောက်ထပ်ပေးပြီး ကားပေါ်မှ ဆင်းလိုက်သည်။

စိုးပြည့်စုံ 'သီရိတည်းခိုရိပ်သာ'ထဲသို့ ဝင်ရောက်သာခဲ့သည်။

ကောင်တာတွင် ထိုင်နေသူအား ငွေတစ်ထောင်အရင်ချပေးပြီး ခုနက အမျိုးသမီးချော၏ အခန်းနံပါတ်ကို မေးမြန်းရာ အလွယ်တကူပင် အမျိုးသမီးချောအမည်မှာ 'မြသန္တာ'ဖြစ်ပြီး အခန်းနံပါတ် (၆)ဟု သိရတော့သည်။



[ ၂ ]

"ခေါက် … ခေါက် … ခေါက် … "
"ဘယ်သူလဲ … တံခါးခေါက်တာ … "
"တံခါးခေါက်တာ ဘယ်သူဆိုတာ … မမြသန္တာ သိပါတယ်နော် … အမိနောက်က ကျုပ်က အငှားတက္ကစီကားနဲ့ ထက်ကြပ်မကွာ လိုက်လာတာ မမြသန္တာ မြင်ပြီးသားပါ"
"ဒါဖြင့် … ဘာကိစ္စလဲ … "
"တံခါးဖွင့်ပေးပါ … မမြသန္တာ … ဘာကိစ္စလဲဆိုတာက ပိတ်ထားတဲ့ တံခါးကြီး အပြင်ဘက်က အော်ပြောဖို့ မသင့်မှန်း အမိသိမှာပါနော် … "
"ဒါဆို … တံခါးကို ဆွဲဖွင့်ဝင်ခဲ့ပါလား … အလကား ဘေးလူတွေ ကြားအောင် အော်ပြောနေတယ် … နဂိုကတည်းကမှ တံခါးကို ဂလန့်မချထားတာ … "

စိုးပြည့်စုံ တံခါးကို ဆွဲဖွင့်သည်။ ဟုတ်ပါ့ တံခါးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပါ၏။ တံခါးက သော့ချက်ချပိတ်မထား၊ ဘောင်ကျပ်ပြီး အားစိုက်ဆွဲဖွင့်ရခြင်းသာ ဖြစ်နေပါ၏။

အခန်းထဲသို့ စိုးပြည့်စုံဝင်ခဲ့ပါသည်။

မြသန္တာ စားပွဲရှိ ကုလားထိုင်တွင် ထိုင်နေပြီး ဝင်လာသူ စိုးပြည့်စုံအား မိန်းမကိုင် သေနတ်လေးဖြင့် ချိန်ထားပြီး သားဖြစ်ပါ၏။

သူမ သေနတ်ချိန်ထိုင်ပုံက ပေါင်ကိုပေါင်ချင်း ဆိုတ်ထိုင်ပုံစံမို့ ထမီစလွတ်ကာ သူမ၏ခြေသလုံးလုလုလေးကို မြင်နေရသည်။ မမြသန္တာကလည်း ရုပ်ကတော့ ဖြီးလိမ်းခြယ်သ ပြုပြင်ခြင်းကြောင့်သာ ကြည့်ပျော်ရှုပျော်ဖြစ်သော်လည်း ကိုယ်ခန္ဓာအချိုးအစားလှပပြေပြစ် ကျော့ရှင်းသည်ကတော့ မြင်ရသူ စွဲမက်စရာပါပေ။

ပခုံးတန်းအကျပြေပြစ်ကာ ဆင်ခြေလျှောသဏ္ဍာန်ရင်မှာ မို့မောက်၊ ဝိုင်းဝန်းပြီး မြင်ရသည်မှာ ပယာဒ၊ ခါးသေးသည်၊ ရင်ချီသည်၊ ချိတ်ထားသော ပေါင်တံနှစ်ဘက်စလုံးသည် အရင်းတုတ်၊ အဖျားသွယ်၊ ဆင်စွယ်သဖွယ် ပဏာတင့်လှသည်။

"ပြောလေ ... ဘာပြောချင်လို့ လိုက်လာတာလဲ ... ပြောစရာရှိတယ်ဆိုပြီး ဘာများ ဒီလောက်တောင် ငေးကြည့်နေရတာလဲ ..."

မြသန္တာက မနှိုတရှိ အပြုံး ပြုံးကာ ...

စိုးပြည့်စုံကို မေးလိုက်သည်။

ယောကျ်ားတစ်ဦး၏ အကြည့်ကို တွေ့သည်နှင့် ဒီယောကျ်ား မိမိအပေါ် ဘယ်လိုစိတ်ဝင်စားနေပြီမှန်း မြသန္တာလို



မိန်းမက ဒတ်ခနဲ ချက်ခနဲ သိလိုက်ပါလေ၏။

စိုးပြည့်စုံက ဟူးခနဲ သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။

"တို့ ... တရုတ်စားသောက်ဆိုင်အပြင်ဘက် အမှောင်ထဲမှာ မမြသန္တာကို ကူညီရင်း အောင်မင်္ဂလာ ဘကွန်းကြီးနဲ့ ဖိုက်ခဲ့တာ ... မမြသန္တာ အမြင်ပါနော် ..."

"ဟုတ်ပါ့ ... မြင်ပါ့ ... အဲဒီအတွက် မြသန္တာက သူ့ကို ကျေးဇူးအရမ်းတင်နေတာပါ ... အဲ့ သူ့နာမည်ကို မြသန္တာ မသိရသေးပါဘူးနော် ..."

"ကျွန်တော့်နာမည် စိုးပြည့်စုံပါ ..."

"အင်း ... ကိုစိုးပြည့်စုံကို ဒီက အရမ်းချီးကျူးတယ်လေ သူက ခန္ဓာကိုယ်ရော ရုပ်ရော ... သိပ်ကြည့်ကောင်းပေမဲ့ ဟိုဘီလူးကြီးနဲ့ကျတော့ ဗလချင်း သိပ်ကွာတာ ... ဒါတောင် သူ့လက်သီးတစ်ချက်တည်းနဲ့ လူ့ဘီလူးကြီး ခေါင်းသွားတာနော် ... သူ့လက်သီး သိပ်ပြင်းတာပဲ ..."

"တို့ကို သိပ်ကျေးဇူးတင်တယ် ... သိပ်ချီးကျူးပါတယ်သာ ပြောနေတယ် ... တို့ကို ကြိုဆိုတာကျတော့ သေနတ်နဲ့ပါလား မမြသန္တာ ..."

"ဒါကို ခွင့်လွှတ်ပါ ... မြသန္တာ သိပ်ကြောက်လာတယ်လေ တရုတ်စားသောက်ဆိုင်မှာကတည်းက ကိုစိုးပြည့်စုံဟာ လူကောင်းတစ်ယောက်ဖြစ်မှာပါလို့ မြသန္တာ ... ကိုစိုးပြည့်စုံကို ခဏခဏ ကြည့်မိသားပဲဟာ ..."

"တို့လည်း မမြသန္တာကို ခဏခဏ ကြည့်မိတာပါပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြောက်ပါတယ်ဆိုသော မြသန္တာသည် တံခါးကို အထဲမှ ကလန့်ထိုးမထားပေ။

စိုးပြည့်စုံက မြသန္တာကို ထပ်မံအကဲခတ်ပြန်သည်။ မြသန္တာသည် ပါးစပ်က ကြောက်နေပါသည်ဆိုသော်လည်း မျက်နှာတွင် တကယ်ကြောက်သော အမူအရာမျိုး မတွေ့ရ။ စိုးပြည့်စုံကို သေနတ်နှင့် တေ့ချိန်မြဲ ချိန်ထားသေးသည်။

သို့သော် စိုးပြည့်စုံနှင့် ခဏ စကားပြောပြီးသည်နှင့် သေနတ်ကို အားပွဲပေါ် တင်ထားလိုက်သည်။ စိုးပြည့်စုံစားပွဲဘွင် ဝင်ထိုင်လိုက်သောအခါ သူမတင်ထားသော သေနတ်နှင့် လက်တစ်ကမ်းအကွာမျှသာ စိုးပြည့်စုံ ရှိနေပါ၏။

မြသန္တာ သေနတ်ထားပုံမှာ သတိမဲ့လွန်းရာသို့ ရောက်မနေပေဘူးလား။ စိုးပြည့်စုံက သေနတ်ကို ကောက်ယူပြီး မြသန္တာကို သေနတ်နှင့် ချိန်ကာ သူမထံမှ လိုချင်တာအားလုံးယူနိုင်ခွင့် ရှိနေပေသည်။

စဉ်းစားစရာပင်။

မှန်မလား၊ မှားမလားတော့ မသိ၊ စိုးပြည့်စုံ၏ မြန်မာပြည်မှာရော၊ အခြားနိုင်ငံတကာမှာရော အတွေ့အကြုံအရ မြသန္တာလည်း တရုတ်စားသောက်ဆိုင်ထဲမှ လာကတည်းက မိမိအပေါ် တိမ်းညွှတ်နေသည်ဟု အဓိပ်အကဲဖမ်းမိသည်။

"တို့ကို မမြသန္တာ သိပ်ကျေးဇူးတင်တယ်ဆိုရင် ... ကျေးဇူးပြန်ဆပ်ရမှာပေါ့ ..."

"ပြောပေါ့ ... ဘယ်လိုဆပ်စေချင်သလဲ ..."

"အခု ... တို့နဲ့အတူ မမြသန္တာ လိုက်ခဲ့ပါလား ..."



"ဘယ်ကိုလဲ ..."

"အနီးစပ်ဆုံး ရဲစခန်းကိုလေ ..."

"ဘာရယ် ..."

မြသန္တာက မျက်လုံးလေးပြူးသွားသည်။ မျက်ခုံးပင့်တက်သွားသည်။ နှုတ်ခမ်းနီဝလုံးလေးလို ဝိုင်းသွားသည်။ အံ့သြသွားပုံပင်။

"ဘာဆိုင်လဲ ရဲစခန်းနဲ့ ..."

"ဆိုင်တာပေါ့ ... တို့ပြောပြမယ် မမြသန္တာ ... တရုတ်စားသောက်ဆိုင်ထဲမှာ အောင်မင်္ဂလာဘကွန်းကြီး မမြသန္တာနဲ့ ပြဿနာဖြစ်တော့ တို့ဝင်မပါဘဲ နေခဲ့တာ ... မမြသန္တာ အမြင်ပဲ ..."

"အဲဒါ ဟုတ်သားပဲ ... မြသန္တာကတောင် ကိုစိုးပြည့်စုံဆီက အကူအညီကို မျှော်လင့်မိသေးတယ် ... ဒါပေမဲ့ ကိုစိုးပြည့်စုံ ထိုင်ရာကတောင် မထပါဘူး ..."

"ဒါပေမဲ့ အပြင်အမှောင်ထဲမှာ ရောက်တော့ တို့ရောက်လာတယ်လေ ... ဘကွန်းကြီး ပခုံးဆွဲလှည့်ပြီး လက်သီးနဲ့ တစ်ချက်ပဲ ထိုးလို့ ... ဘကွန်းကြီး လဲကျသွားတာ မဟုတ်လား"

"ဟုတ်တယ်လေ ... လက်သီးတစ်ချက်တည်းနဲ့ လူ့ဘီလူးကြီး လဲကျသွားတာမို့ ကိုစိုးပြည်စုံ လက်သီးချက် သိပ်ပြင်းပါလားလို့တောင် ..."

"အဲဒါ မဟုတ်ဘူး ... မှားနေပြီ ... မမြသန္တာ ... ဘကွန်းကြီး လဲကျသွားတာ တို့လက်သီးချက်ကြောင့် မဟုတ်ဘူး၊ သူ့ရင်ဘတ်မှာ ဓားထိုးခံရတာကြောင့် နှလုံးကို ဓားချက်ဝင်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘကွန်းကြီး လဲကျသွားတာ ... တို့လက်သီးနဲ့ ထိုးတာဟာ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်မျိုး ကြုံသွားတာ"

"အဲဒါ တကယ်လားဟင် ... ဘကွန်းကြီး သေသွားရောတဲ့လား ..."

"တကယ်မှ သိပ်ကို တကယ်ပေါ့ ... ဘကွန်းကြီးဟာ လက်ဝဲရင်အုံကို ဓားထိုးခံရလို့ သေတာ ..."

"ဟုတ်ရဲ့လား ကိုစိုးပြည့်စုံရယ် ... ဒီလူဘီလူးကြီးကို ဘယ်သူကများ ရင်ဘတ်ကို ဓားနဲ့ ထိုးနိုင်မှာတဲ့လဲ ... သူက ပရမ်းပတာ ကြမ်းနေတာ ..."

"အဖြစ်နိုင်ဆုံးကတော့ ပီတာ ... စံရွှေအောင်နဲ့ ခြင့်မောင်ချာတိတ်သုံးယောက်ပဲ ..."

"စဉ်းစားစရာပဲ ကိုစိုးပြည့်စုံ ... သူတို့သုံးယောက်နဲ့ ကိုဘကွန်းကြီး ချတုန်းက သုံးယောက်စလုံး ကျန်ခဲ့ပြီး မြသန္တာကိုတောင် ... ကိုဘကွန်းကြီးက ဆွဲထုတ်ခေါ်နိုင်သားပဲ အပြင်ရောက်မှ ဓားထိုးခံရတဲ့အကြောင်း သေတယ်ဆိုတာ ..."

"ကိုဘကွန်းကြီးက အကောင်သိပ်ကြီးတယ် မဟုတ်လား ဓားထိုးခံရရချင်း သွေးရူးသွေးတန်းနဲ့ ဘာမှမဖြစ်ဘဲ ... အပြင်အထိ ရောက်သွားတာနေမှာပေါ့ ... တချို့ ခေါင်းကြီးတစ်ခုလုံး လည်ပင်းက ပြတ်ထွက်သွားတာအောင် သွေးရူးသွေးတန်းနဲ့ ခေါင်းမပါဘဲ လျှောက်သွားနိုင်သေးတယ်လို့တောင် ကြားဖူးတာပဲ မြသန္တာ ..."

"အင်း ... ဟုတ်မှာပဲ အဲဒါမျိုး ... မြသန္တာလည်း ကြားဖူး



ထားတာပဲ ..."

"အဲဒါပါပဲ မြသန္တာ ... အနီးဆုံးရဲစခန်းကို မြသန္တာလိုက်ခဲ့ပြီး ဘကွန်းကြီးကို ဓားနဲ့ ထိုးတာ စိုးပြည့်စုံဆိုတဲ့ တို့ လုံးဝ မဟုတ်ပါဘူးလို့ ... မြသန္တာက မျက်မြင်သက်သေအဖြစ် ကိုယ်တိုင် ထွက်ဆိုပေးပါ ... အဲဒါ မြသန္တာ တို့ကို ကျေးဇူးပြန်ဆပ်စေချင်တာ ..."

"လိုအပ်လို့လား ... ကိုဘကွန်းလိုလူမိုက်ကို ဘယ်သူမဆို အချိန်မရွေး ဓားနဲ့ ထိုးသတ်နိုင်တာပဲဟာ ... ကိုစိုးပြည့်စုံမှ ရွေးပြီး ဓားနဲ့ထိုးသူပါလို့ စွပ်စွဲလို့ရမတဲ့လား ..."

"မဟုတ်သေးဘူး မြသန္တာ ... တို့ ကိုဘကွန်းကြီး လဲကျသွားတာကို ဘားကောင်တာထိုင်စစ်ဆေးနေတုန်း စံရွှေအောင်က ခတ်ပုံရိုက်ယူပြီး ထွက်ပြေးသွားတယ် ... အဲဒီခတ်ပုံအရ သက်ဆိုင်ရာရဲက ဘကွန်းကြီးကို တို့ကပဲ ဓားနဲ့ထိုးတာလို့ စွပ်စွဲလာနိုင်တယ် ... ဒါကြောင့် တို့မဟုတ်ကြောင်း မြသန္တာက မျက်မြင်သက်သေအဖြစ် ရဲကို ထွက်ဆိုပေးထားဖို့ပါ ..."

"ဒါဆိုလည်း ဖြည်းဖြည်းပေါ့ ကိုစိုးပြည့်စုံ ... ဘာကိစ္စ ဒီလောက် အလောတကြီး လုပ်ရမှာလဲ ..."

"လောရမယ် ... လောကို လောရမယ် မြသန္တာ ... ဘာလို့ လောရသလဲဆိုရင် ... တို့ဟာ နိုင်ငံခြားသင်္ဘောနဲ့ လိုက်ရတော့မှာ ... ဒီမှာ အမှုလာပတ်နေရင် နိုင်ငံခြားလိုက်သွားဖို့ မလွယ်လို့ ..."

"ဩ ... ဩ ... ကိုစိုးပြည့်စုံက နိုင်ငံခြားသင်္ဘောလိုက်

www.burmeseclassic.com

www.burmeseclassic.com



အရှဲရှိုကိုး ... အဲဒီအလုပ်က ဒီခေတ်မှာ ခေါ်တော်စား သာတဲ့ အလုပ်ပဲနော် ... "

"ဒါကြောင့် တို့နဲ့အတူ လိုက်ပြီး ရဲခခန်းမှာ မြသန္တာက တို့အတွက် မျက်မြင်သက်သေ လိုက်ပေးပါလို့ အလော တကြီး ပြောနေတာပေါ့ ... "

"ရတယ်လေ ... ရဲစခန်းမှာ လိုက်ပြောပေးဆိုလည်း မြသန္တာ က လိုက်ပြောပေးမှာပါ ... ဒါပေမဲ့ ကိုစိုးပြည့်စုံ တစ်ခုစဉ်း စားနော် ... တိုင်နေ အကောင်သား ... ထသွားမှ ကျိုးမှန်း လူသိဆိုတာမျိုး ဖြစ်သွားမယ် ... အခုခေတ် ရဲတွေက သိပ် လျှင်ပါတယ် ... ကိုဘကွန်းကြီးက လူကောင်းတစ်ယောက် မှ မဟုတ်တာ ... စာကယ့် ရပ်ကွက်လူမိုက်ကြီးပဲ ... သူ့ အဆက်နဲ့ သူ ခားနဲ့ထိုးသွားတဲ့လူကို ရဲအဖွဲ့က ချက်ချင်း လိုက်ပြီး ခဏအတွင်း မိသွားမှာပါ ... စံရွှေအောင်ရဲ့ ဓာတ်ပုံ ထဲ ကိုစိုးပြည့်စုံ ပါသွားတယ်ဆိုတာကလည်း ကိုဘကွန်း ကြီးကို ကိုစိုးပြည့်စုံက ဓားကြီးကိုင်ပြီး မြှောက်ပြီးထိုးတဲ့ ပုံစံပါသွားတာမှ မဟုတ်တာ ... ကိုဘကွန်းရဲ့ အလောင်းကို ခုလောက်ဆို ရဲတွေက တွေ့သွားပြီးလောက်ပြီပဲဟာ ... ဒါပေမဲ့ မြသန္တာအကြံပေးမယ် ... အမှုမပေါ်ခင် လတ် တလောမှာတော့ ကိုစိုးပြည့်စုံ ခဏလောက် ရဲတွေမလိုက် နိုင်တဲ့ နေရာမျိုးမှာ ရှောင်နေလိုက် ... သူ့ဟာသူ ရဲက တရားခံကို မိမှ ရှောင်နေရာက ပြန်ထွက်လိုက်ရုံပေါ့ ... အခုချက်ချင်း ရဲတွေဆီသွားပြီး ... ကိုဘကွန်းကို ကျွန်တော် သတ်တာ မဟုတ်ပါဘူး ... မျက်မြင်သက်သေနဲ့ ယုံမတဲ့



လား ... ရဲဆိုတာ တစ်ခါတလေ တရားခံကို ရှာဖွေတဲ့နေ ရာမှာ ငါးမျှားချိတ်နဲ့ ငါးမျှားတာမျိုးမဟုတ်ဘဲ ... ကွန်ပစ် ပြီး ရှာဖွေတာမျိုး ရှိတတ်တယ်လေ ... "

"ဘာလဲ ... ငါးမျှားတယ် ... ကွန်ပစ်တယ်ဆိုတာ ... "

"ငါးမျှားတယ်ဆိုတာက တိကျတဲ့ တရားခံတစ်ယောက်ကို ဖမ်းတာ ... ကွန်ပစ်တယ်ဆိုတာက မသင်္ကာတဲ့လူတွေမှန် သရွေ့ အားလုံးပါလာအောင် ဖမ်းတာ ... ငါးရော ဖားရော မြွေရော အမှိုက်ရော ပါလာတာတွေကို ဆန်ကာတင် ဖယ် ထုတ်ပစ်ပြီးမှ ကျန်တဲ့ငါးကို အမိဖမ်းတာ ... အဲ ... ကိုစိုး ပြည့်စုံ အခု ရဲဖမ်းသွားတာနဲ့ ကွန်ပစ်တဲ့ထဲမှာ ပါသွားသလို ဖြစ်မှာ ... "

"အဲဒါတွေ ထားလိုက်ပါ ... အခုလောလောဆယ် တို့နဲ့ ရဲ စခန်းလိုက်ခဲ့ပါ ... "

စိုးပြည့်စုံ စိတ်လောကြီးစွာဖြင့် မြသန္တာ၏လက် မောင်းကို ဆွဲကာ အတင်းခွတ်ခေါ်သည်။ မြသန္တာကလည်း ခွတ်ပင် တိုင်နေပါ၏။

ရန်းကန်ခြင်းတော့ မပြုဘဲ အပြုံးနှင့်ပင် စိုးပြည့်စုံကို မော့ကြည့်နေသည်။

"မြသန္တာကို အကျပ်မကိုင်နဲ့နော် ... ခုချိန်ထိ ကိုစိုးပြည့်စုံ ကို မြသန္တာ စိတ်မကွက်သေးလို့ အကျိုးသင့် အကြောင်းသင့် ပြောပြနေတာ ... မြသန္တာ စိတ်ကွက်လာရင် ကိုစိုးပြည့်စုံ အတင်းဆွဲခေါ်တာကို မလွှဲသာ မရုန်းကန်သာ လိုက်ခဲ့ပေ မဲ့ ရဲစခန်းကို ရောက်တာနဲ့ ကိုဘကွန်းကြီးကို ကိုစိုးပြည့်စုံ

www.burmeseclassic.com

www.burmeseclassic.com



က ဓားနဲ့ထိုးတာ မြသန္တာမြင်ပါတယ်လို့ ထွက်ဆိုလိုက်မှ ကိုစိုးပြည့်စုံ ဟုတ်ပေ့ဖြစ်သွားမယ် ... သတိထား ...”

“ဟာကွာ ... ဒါတော့ ...”

စိုးပြည့်စုံက လက်မောင်းကို ဖွတ်ဆွဲခေါ်နေရာမှ လွှတ်ပေးလိုက်သည်။

“ဒါဆိုရင်တော့ မြသန္တာ တို့အပေါ်မှာ သိပ်ရက်စက်တာပဲ ကိုယ့်ထွက်ပေါက်ဟာ မမြသန္တာရဲ့ ထွက်ဆိုချက်အပေါ်မှာ မူတည်နေတယ် ... တို့က မမြသန္တာကို စေတနာနဲ့ ကူညီခဲ့တာကို ထောက်ထားသင့်ပါတယ် ...”

“သိပ်ကို ထောက်ထားတာပေါ့ ... ကိုစိုးပြည့်စုံရဲ့ မြသန္တာအပေါ် ထားရှိတဲ့ စေတနာနဲ့ မေတ္တာကိုလည်း သိပ်အလေးအနက်ထားတာပေါ့ ... ဒါကြောင့် မြသန္တာရဲ့ အခန်းထဲ ဝင်ခွင့်ပေးတာ ... လက်ခံတာ ... မထောက်ထား မေတ္တာမထားရင် မောင်းထုတ်ပစ်မယ် ... တည်းခိုခန်းမန်နေဂျာဆီ ဖုန်းဆက်တိုင်လိုက်ရုံပေါ့ ...”

“အဲဒီ့အတွက် ကျေးဇူးတင်ပါတယ် ... ဒါပေမဲ့ တို့အတွက် မြသန္တာ စဉ်းစားကြည့်ပါ ... ရဲနဲ့ ကင်းရှင်းမှ တို့ သဘော်လိုက်နိုင်မှာ ...”

မြသန္တာက ထိုင်ရာမှထသည်။ ဗီရိုသေးသေးလေးဆီသွားကာ ဖွင့်ပြီး အသားပျော့ပျော့ချုပ်ထားသော ညဝတ်အင်္ကျီကို ထုတ်ယူသည်။ ဗီရိုလေးကို နောက်ပြန် ခြေကန်ပြန်ပိတ်ရင်း စကားပြန်ပြောသည်။

“ကိုစိုးပြည့်စုံက ရွတ်ကြီးပဲ ... မြသန္တာပြောပြနေတာကို



လုံးစေ့ပတ်စေ့ သဘောမပေါက်ဘူး ...”

“မမြသန္တာရဲ့ လုံးစေ့ပတ်စေ့က ဘာလဲ ...”

မြသန္တာက သက်ပြင်းလေးချကာ စိုးပြည့်စုံကို ကွေ့ပတ်ပြီး တွဲလျက်သားရှိသည့် ရေချိုးခန်းထဲသို့ ဝင်သွားကာ တံခါးပိတ်လိုက်သည်။ ပြီးအထဲမှနေပြီး ပြောပြသံ ထွက်လာသည်။

“မြသန္တာ သူ့ကိုပြောထားပါတယ်နော် ... အခုညကြီးမင်းကြီး လောလောဆယ်မှာတော့ ဘယ်နည်းနဲ့မှ ဘယ်ရဲစခန်းကိုမှ မလိုက်နိုင်ပါဘူးလို့ ...”

“ဒါဆို ... နောက်နေ့ မိုးလင်းရင်တော့ တို့နဲ့အတူ မျက်မြင်သက်သေအဖြစ် လိုက်မယ်ပေါ့ ဟုတ်လား ...”

“အဲဒီလိုပဲဖြစ်မှာပေါ့တဲ့ ရှင် ...”

စိုးပြည့်စုံက ကျေနပ်စွာ ပြုံးပြီး ခေါင်းညိတ်လိုက်ရတော့သည်။

“ဒါဆို ... တို့ပြန်ရတော့မလား မြသန္တာ ...”

“သဘောပေါ့ ပြန်ချင်လှချည်ရဲ့ဆိုလည်း ပြန်ပေါ့ ... မြသန္တာနဲ့ ပြောစရာစကားမရှိတော့ဘူးဆိုရင် ပြောတာပါ ...”

“ဟာ ... ကိစ္စက ပြီးမှ မပြီးသေးတာ ... မမြသန္တာနဲ့ ပြောစရာတွေ အများကြီး ...”

မြသန္တာက ရေချိုးရန် ရေပန်းဖွား ဖွင့်သံတွေ ထွက်ပေါ်လာသည်။

ပြောစရာ စကားတွေ အများကြီးရှိရင် အများကြီးဆက်နေဦးပေါ့ဟု စိုးပြည့်စုံ အဓိပ္ပါယ်ကောက်ယူလိုက်တော့သည်။

စိုးပြည့်စုံက သူ့ဟာသူ ဘာကိုတွေးမိ၍လည်း မသိ

www.burmeseclassic.com

www.burmeseclassic.com



ပခုံးတစ်ချက်တွန့်လိုက်သည်။ မြသန္တာ ရေချိုးပြီးသည်ကို စောင့်ရင်း စားပွဲတွင်ထိုင်ကာ မြသန္တာ စားပွဲပေါ်တင်ထားသော သေနတ်လေးကို ကောက်ယူကြည့်သည်။ မိန်းမကိုင် သေနတ်အသေးစားလေး ဖြစ်သည်။ ဖွင့်ကြည့်လိုက်ရာ သေနတ်လေးထဲတွင် ကျည်ဆန်တစ်တောင့်မှ ထည့်မထားသည်ကို တွေ့ရပါ၏။

မိမိကို သေနတ်ဖြင့် ချိန်၍ ကြိုးဆိုသော်လည်း သေနတ်ထဲတွင် ကျည်ဆန်မရှိ၊ ပြီး သူမနောက်သို့ မိမိလိုက်လာမည် မှန်းကိုလည်း အတတ်ကိန်းသေတွက်ထားပုံရသည်။

"အင်း ... ယုန်က မတိုး ... ပိုက်က တိုးပြီထင့် ... "

ကျားရှေ့တွင် သမင်မလေး တမင်ရပ်နေခြင်းပေပဲလား။

စိုးပြည့်စုံအဖို့ မြသန္တာလို အမျိုးသမီးမျိုးကို ပြည်တွင်းပြည်ပ နေရာအမျိုးမျိုး၌ ကြုံခဲ့ဖူးချေပြီ၊ ဆုံခဲ့ဖူးချေပြီ၊

တကယ်တမ်း အစစ်အမှန်ဆိုရပါမူ ...

စိုးပြည်စုံသည် မိကောင်းဖခင် သားတစ်ဦးအစစ်အမှန်ဖြစ်ပါ၏။ အစဉ်တစိုက် ပညာကို ကြိုးစားခဲ့သောကြောင့် နည်းပညာတက္ကသိုလ် ဘီအီးအင်ဂျင်နီယာဘွဲ့ရခဲ့သူ ဖြစ်ပါ၏။

ရုပ်ချောသည်၊ ပျိုမျစ်သည်၊ ပညာတတ်သည်။

ဟိုက်စကူးကျောင်းသား ဘဝကတည်းက အားကစားနှင့် ကာယဘက်သို့ စိတ်ထက်သန် လိုက်စားလေ့ကျင့်ခဲ့သည်။ အရက်သေစာမှအစ အပျော်အပါးမရှိခဲ့။ ချစ်သူတွေ ရည်းစားတွေလည်း နည်းပညာတက္ကသိုလ် ဒုတိယနှစ်ရောက်သည်အထိ မရှိစဖူးခဲ့သေး။



အဲ ... နည်းပညာတက္ကသိုလ် ဒုတိယနှစ်ကျမှ စိုးပြည့်စုံသည် ဖြူဖြူသန့်ဆိုသည့် ကောင်မလေးနှင့် ငြိသွားသည်။

ဖြူဖြူသန့်က ဝိဇ္ဇာ/သိပ္ပံမှ သမိုင်းအဓိကဖြင့် ဒုတိယနှစ် ကျောင်းသူချောချောလှလှလေး ဖြစ်ပါ၏။

ဤမှာပင် စိုးပြည့်စုံနှင့် ဖြူဖြူသန့်တို့ ချစ်သူသမီးရည်းစား ဖြစ်သွားကြသည်။

ဖြူဖြူသန့်အဖို့တော့ မပြောတတ်။

စိုးပြည့်စုံအဖို့တော့ ဖြူဖြူသန့်သည် စိုးပြည့်စုံ၏ ပထမဆုံး ချစ်ဦးသူ။

ဖြူဖြူသန့်ကို စိုးပြည့်စုံ သိပ်ချစ်၊ အရမ်းချစ်သည်။

နည်းပညာတက္ကသိုလ်မှ ဘွဲ့ရပြီးသည်နှင့် ကိုယ့်ဟာကို အလုပ်ရှာကာ ဖြူဖြူသန့်ကို လက်ထပ်ပြီး သီးခြားအိမ်ထောင် ဆန်ဆန်လေး ထူထောင်မည်ဟု စိတ်ကူးယဉ်ခဲ့သည်။

သို့သော် ...

ဖြူဖြူသန့်က ရိုးရိုး ဝိဇ္ဇာ/သိပ္ပံမို့ လေးနှစ်ကြာပြီးသည်နှင့် သမိုင်းအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရသွားပေသည်။

ဖြူဖြူသန့် ကျောင်းပြီးချိန်တွင် စိုးပြည့်စုံက စတုတ္ထနှစ် အောင်ရုံသာရှိသေးသည်။ နောက်ထပ် နှစ်နှစ်ကျောင်းတက်ရဦးမည်။

ဖြူဖြူသန့် ကျောင်းပြီးသွားပြီး ခြောက်လပင် ကြာလိုက်။ ဆရာဝန်ပေါက်စတစ်ဦးနှင့် လက်ထပ်သွားတော့သည်။

စိုးပြည့်စုံ အသည်းဟက်တက်ကွဲရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူသန့်ကတော့ အိမ်ကမိဘတွေ မှတ်ပေးစားလို့ လက်ထပ်လိုက်ရတာပါဟု စာတိုလေးတစ်ကြောင်း နှစ်ကြောင်း ရေးပို့ပေးသည်။

ဝတ်ကျေတန်းကျေ ရေးပို့သော စာလေးမှန်းသိသာလှသည်။

ထိုအချိန်မှစပြီး စိုးပြည့်စုံသည် မိန်းကလေးတွေ အပေါ်ထားရှိသော စိတ်သဘောထားနှင့် ခံယူချက် ပြောင်းလဲသွားတော့သည်။

စိုးပြည့်စုံ အရမ်းစိတ်နာသွားသည်။

မိန်းမဟူသည် ချစ်စရာမဟုတ်၊ ပြေပျော်စေသော အရာဝတ္ထုတစ်ခုသာ ဖြစ်သည်ဟူ၍ပင်။

ကျောင်းပြီး ဘီအီးအင်ဂျင်နီယာဘွဲ့ရပြီး မကြာမီပင် နိုင်ငံခြားသင်္ဘောလိုင်းဝင်လျှောက်ခဲ့ရာ 'မာယိုမာဆန်'နိုင်ငံခြား သင်္ဘောတွင် ဒေါ်လာစား လက်ထောက်အင်ဂျင်နီယာရာထူးရရှိခဲ့သည်။



[ ၃ ]

ဂျူလောက်ဆိုသည့် ရေချိုးခန်းတံခါးဘုသီးဖွင့်သံနှင့် အတူ တံခါးပွင့်သွားပြီး မြသန္တာရေချိုးခန်းထဲမှ ထွက်လာပါ၏။

အပြာရောင် ပဲသားဆန့်ဆန့် ညဝတ်အင်္ကျီကို ဟိုဘက် သည်ဘက် ရင်ဖုံးနှစ်ဖက်တပ်ပြီး ခါးစည်းကြိုးဖြင့် ဆွဲချည်ထားသည်။ အင်္ကျီကို ဇစ်ဆွဲပိတ်ခြင်း၊ ကြယ်သီးတတ်ပိတ်ခြင်းမျိုး မရှိ၊ အင်္ကျီတွင် ဇစ်လည်း မပါ၊ ကြယ်သီးလည်း မပါ။

ရင်ဖုံးနှစ်ဖက်တပ်ထားသည်မှာ လုံလုံလဲလဲ နှစ်ဖက် စပ်သည် မဟုတ်သောကြောင့် လည်တိုင်အောက် ရင်ညွန့်မှာ အင်္ဂလိပ်အက္ခရာ ဗွီသဏ္ဍာန်ပေါ်နေသည်။

မြသန္တာသည် ခေါင်းလျှော်ရေချိုးခဲ့ဟန်တူသည်။ သူမ၏ ဆံပင်စိုများကို မျက်နှာသုတ်ပဝါကြီးဖြင့် ခြောက်သွေ့အောင်ရန် ပွတ်တိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလျှော်လိုက်သဖြင့် ဆံပင်ပုံသွင်းဆေးနံ့တွေ၊ ချွေးနံ့တွေ ပျောက်သွားသည်။ ခေါင်းလျှော်ရာတွင် အသုံးပြုသော ရှန်ပူအမွှေးနံ့လေး သင်းပျံ့နေပါ၏။

ဆံပင်အုံတစ်ခုလုံးကို နောက်လှန်ထားသောကြောင့် မြသန္တာ၏ နဂိုအတိုင်းရှိ မျက်နှာပေါ်လွင်လာသည်။

မြသန္တာ၏ နဂိုအရှိအတိုင်း ရုပ်မှာ အချောအလှကြီးတော့ မဟုတ်ပါလေ၊ သို့သော် ကြည့်ပျော်ရှုပျော်တော့ ရှိပါ၏။

မြသန္တာသည် ခုတင်ထက်တွင် ခြေတွဲလဲထိုင်လိုက်သည်။ စိုးပြည့်စုံနှင့် မျက်နှာချင်းဆိုင်နီးနီး ကပ်ကပ်ရှိပါ၏။

မြသန္တာ၏ အလှသည် မြင်ရသော ဖိုသတ္တဝါအတွက် ငြိမ်းအေးစေသော အလှမျိုးမဟုတ်ဘဲ ရမ္မက်ဆန္ဒစေသော ပူလောင်သည့် အလှမျိုးဟု စိုးပြည့်စုံ မှတ်ချက်ချသည်၊ အကြောင်းမူ မြသန္တာ၏ တကယ့်အလှသည် မျက်နှာတွင် မပြည့်စုံဘဲ ခန္ဓာကိုယ်တွင်သာ မြင်ရသော ဖိုသတ္တဝါအား ရမ္မက်ကြွစေခြင်း အလှမျိုးရှိနေသော ကြောင့်ပင်။

"ရေချိုးလိုက်မှ နေသာထိုင်သာရှိတော့တယ် ... စောစောက ရှန်းရ ကန်ရ ... ပြေးရ လွှားရနဲ့ ... ပူစပ်ပူလောင် အိုက်စပ်စပ် ငြီးစီစီကြီးဖြစ်နေတာ ... အဲ ... ကိုစိုး ... ကိုပြည့် ... ကိုစုံလည်း ရေချိုးလိုက်ပါလား ... ဖရက်(ရှ်)ဖြစ်သွားအောင်လေ ..."

ခေါ်ပုံနှင့်ပြောပုံပြောင်းလွဲလာသည်။ ကိုစိုး၊ ကိုပြည့်၊ ကိုစုံတဲ့။

စိုးပြည့်စုံ ပခုံးတွန့်ပြလိုက်သည်။



"တို့အကျင့်က ရေချိုးပြီးရင် ဝတ်ထားပြီးသား အဝတ်ကို ပြန်ဝတ်လို့ မရဘူး ... ရေချိုးပြီး ခန္ဓာကိုယ်က အေးမြနေတော့ ကိုယ်ငွေ့တွေကပ်နေတဲ့ ဝတ်ပြီးသားအကျႌကို ပြန်ဝတ်ရင် ပူသလိုလို အိုက်သလိုလိုနဲ့ ... မနေတတ်ဘူး ... ရေချိုးတယ်ဆိုတာ ကိုယ်ပိုင်အိမ်မှာဖြစ်စေ ... ကိုယ်ပိုင် တည်းခိုခန်းမှာဖြစ်စေ ရေချိုးမှ ပိုကောင်းတာ ..."

"ဒါဆိုလည်း ... ဒီအခန်းကို ကိုယ်ပိုင်တည်းခိုခန်းလို့ပဲ သဘောထားလိုက်ပေါ့ ..."

"ကဲ ... ကိုစိုး ... ဒီမှာ ငါးသေတ္တာ ... ဒီမှာ ပေါင်မုန့် ... ဒီအချိန် ညဉ့်နက်မှတော့ အစားအသောက်မှာရဖို့ မလွယ်တော့ဘူး ... ရှိတာပဲ စားကြစို့ ... ဟောဒီမှာ ငါးသေတ္တာဘူးဖောက်ဖို့ ဓား ... ရော့ ..."

မြသန္တာက ငါးသေတ္တာဘူးသေး၊ ပေါင်မုန့်နှင့် မောင်းပြန်ဓားတစ်လက် သူမ၏ အိတ်ကြီးထဲမှ ထုတ်ပေးသည်။

မောင်းပြန်ဓား ... ။

စိုးပြည့်စုံက ငါးသေတ္တာဘူးဖောက်မည့် မောင်းပြန်ဓားလေးကိုယူကာ မောင်းခလုတ်ကို နှိပ်လိုက်ရာ ဖျောက်ခနဲ ဓားသွားထွက်လာသည်။

ဓားရိုးအိမ်လေးမှာ ယိုးဒယားမင်းသမီးလေး ကိန္နရီအက လက်ကျေး၊ ဒူးညွှတ်ပုံလေးပါရှိသည်။ အောက်ခံ အနီရောင်နှင့် မင်းသမီးလေးက အဝါရောင်ကိန္နရီဝတ်စုံဖြင့် ကနေခြင်းဖြစ်ပါ၏။

ဓားသွား၏ ဖျက်မှာ တစ်ခွဲစင်တီမီတာလောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



မည်။ ခါးအသွားနှစ်ဖက်စလုံး ဖြစ်ပြီး ခါးဦးမှာ အပ်လိုချွန်မြရုံမက ခါးသွားနှစ်ဖက်လုံးသည် မြနေအောင် ထက်လှသည်ကို တွေ့ရသည်။ ခါးသွား၏ အရှည်မှာ လေးလက်မခန့် ရှိသည်။ နိုးပြည့်စုံက ငါးသေတ္တာဘူးကို ထိုမောင်းပြန်ခါးနှင့် ဒိုက်၍ဖောက်ပေသည်။ အလွန်ပြတ်သော သံမဏိခါးနှင့် ဖောက်ရသည်မှာ လွယ်လှပါ၏။

"မြသန္တာက သေနတ်လည်း ဆောင်တယ် ... မောင်းပြန်ခါးလည်း ဆောင်တာပဲနော် ... "

"သေနတ်ကတော့ မြသန္တာရဲ့ ကိုယ်ပိုင်သေနတ်ပါ ... တိတ်တိတ်ခိုးကိုင်တာပါ ... အန္တရာယ် ကာကွယ်ဖို့လေ ... ဒါတောင် မနေ့က တရုတ်စားသောက်ဆိုင်သွားတုန်းက ... သေနတ်ကို မေ့ခဲ့တယ်လေ ... "

"သက်ဆိုင်ရာတွေက တွေ့သွားရင် ထောင်ကျနိုင်တယ်နော် ... "

မြသန္တာက ပခုံးတွန့်ပြလိုက်သည်။

"ဒါဆို ... မောင်းပြန်ခါးကတော့ ... "

"မေးနေရသေးလား ကိုရယ် ... အခုပဲ ငါးသေတ္တာဘူးကို ဒီခါးနဲ့ ဖောက်စားကြတာ မဟုတ်လား ... မြသန္တာက ဆီးသီးထုပ် ... မရမ်းထုပ် ... သရက်ထုပ်တွေ စတာတွေ စားလေ့ရှိတယ်လေ ... အဲဒီ ယိုထုပ်တွေက ပလတ်စတစ်အိတ်နဲ့ ထည့်ထားပြီး အိတ်ဖောက်ရတာ သိပ်ခက်တယ် သွားနဲ့ ကိုက်ခဲ့ဖွင့်ရင် ပျင်းတွဲတွဲကြီးနဲ့ ... အရွတ်ကို ဆွဲရသလို ကြီးလေ ... ဒါကြောင့် ဒီခါးနဲ့ဆိုတော့ ဖောက်ခန့်ထိုးဖွင့်လိုက်ရုံပဲ ... ဒါကြောင့် ပိုက်ဆံအိတ်က အလွယ်



တကူ ထည့်လို့ရတဲ့ အဲဒီမောင်းပြန်ခါးကို ဆောင်ထားတာ"

"အင်းပါ ... ထားပါတော့ ... ကိုယ်အဓိက ပြောချင်တာက မနက်ကျရင် ကိုယ်နဲ့အတူ မြသန္တာ ရဲစခန်းသွားဖို့ပါ ... "

"အချိန်နည်းနည်း ထပ်ယူပါလား ကိုစိုး ... အရမ်းဆန္ဒစောပြီး လုပ်ရင် ခုတ်ရာတခြား ... ရှရာ တလွဲတွေဖြစ်မှာစိုးလို့"

"ဘယ်လို ခုတ်ရာတလွဲ ... ရှရာ တခြားလဲ ... "

"တိုဘာကွန်းကြီး အသက်ခံရတဲ့ ကိစ္စက ဘာတွေဖြစ်နေမှန်းမှ မသိရသေးတာ ... ကိုယ်က ကိစ္စရှင်းချင်လို့ ရဲစခန်းသွားရှင်းလိုက်မှ မင်းတို့နှစ်ယောက်စလုံး ဘာကွန်းလူသတ်မှုမှာ ပတ်သက်နေတယ်ဆိုပြီး ... ဖမ်းချုပ်လိုက်ရင် ဘယ့်နှယ့်လုပ်မလဲ ... မြသန္တာပြောပြီးပြီပဲ ... ကွန်ပစ်တဲ့အထဲ ကိုယ်ပါသွားမှာ စိုးရိမ်ရတယ်လို့ ... နက်ဖြန်ကျရင် မြသန္တာ မသိမသာ သွားစုံစမ်းပေးပါ့မယ် ... သွားသင့်တယ်ဆိုရင်လည်း သွားကြတာပေါ့ ... အဲ ရရှိတဲ့ သတင်းအခြေအနေက မကောင်းဘူး ... စံရွှေအောင်ရဲ့ ဓာတ်ပုံအရ ကိုစိုးကို ရဲက လိုက်ရှာနေတယ်ဆိုရင် ... ကိုစိုး လုံလုံခြုံခြုံ တစ်နေရာမှာ သွားရှောင်နေရဦးမယ်လေ ... "

မြသန္တာ ပြောပြချက်များကို စဉ်းစားစရာပင်။ အကျိုးအကြောင်း ဆီလျော်နေသည်ဟု ယူဆနိုင်သည်။

"နောက်တစ်ချက်ကတော့ လောလောဆယ်ကြီးမှာတော့ မြသန္တာ ... ရဲစခန်းတွေ ဘာတွေကို မသွားချင်ဘူး ... "

"ဘာလို့ ... "

"ရဲနဲ့ ပတ်သက်ပြီး ဖြေရှင်းရတဲ့ ကိစ္စတွေရှိလာရင် ... မြသန္တာ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပြုတ်သွားမယ် ကိုစိုး ... မြသန္တာမှာ ရသင့်ရထိုက်တာတွေ ရှိသေးတယ် ... အလုပ်ပြုတ်မခံနိုင်ဘူး ... "

"ဩော် ... မြသန္တာက အလုပ်လုပ်လား ... ဘယ်ဌာန ... ဘယ်ရုံးမှာ ဘာရာထူးလဲ ... "

"မြသန္တာ အလုပ်က ရုံးတွေ ဌာနတွေ မဟုတ်ပါဘူး ... အလုပ်ရာထူးကတော့ 'ကလေးလူကြီးထိန်း ... 'အလုပ်ပါ"

"ဘာရယ် ... 'ကလေးလူကြီးထိန်း ... 'အလုပ် ဟုတ်လား တစ်ခါမှတောင် မကြားဖူးဘူး ... "

"ဟုတ်တယ် ... ဘယ်ကြားဖူးပါ့မလဲ ... မြသန္တာရဲ့ အလုပ်က ကမ္ဘာပေါ်မှာ မြသန္တာတစ်ယောက်တည်းသာ လုပ်တဲ့ အလုပ်မျိုးကိုး ... "

ပြောရင်း မြသန္တာက သူ့ဟာသူ ရယ်လိုက်သည်။

"ကဲ ... မြသန္တာရဲ့ အကြောင်းတွေ ကိုစိုးကို ပြောပြမယ် မြသန္တာရဲ့ ရင်ထဲမှာ တောက်လျှောက်ကြီး ခံစားလာရတာ အပြည့်အသိပ် ဖြစ်လာတော့ ဖွင့်အန်ပြောပြဖို့ လူကိုရှာနေတာ ... အခု ကိုစိုးကို မြသန္တာရဲ့ ရင်ထဲက ဖွင့်ပြောရမဲ့လူလာဖြစ် ... ရင်းနှီးသွားပြီးကြလေပြီ ... ကိုစိုးကို မြသန္တာနှလုံးထဲ ရင်ထဲက သိပ်ချစ်သွားပြီ ... "

"အဲဒါ မနိုပ်ဘူး ... "

"ဘာလို့ မနိုပ်ရမှာလဲ ... "

"တို့က နိုင်ငံခြားသင်္ဘောနဲ့ သွားတော့မဲ့ဆဲဆဲလေ ... "

"သွားသွားပေါ့ ... ဒီက ချစ်တာတော့ ချစ်နေတာပဲ ... နိုင်ငံခြားသင်္ဘောလိုက်တာ တစ်သက်လုံး ပြန်မလာတာမှ



မဟုတ်ဘာ ... "

ဓိုးပြည့်စုံက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကဲ ... မြသန္တာအကြောင်း ဆက်ပြော ... "

"အဲဒီတုန်းက မြသန္တာမှာ အမေရှိသေးတယ် ... အသက်တော့ ကြီးပါပြီ ... အမေရော မြသန္တာရော တောင်ကြီးက အစ်မ မမမိုးတို့အိမ်မှာ နေကြတယ်လေ ... "

"မမမိုး ဟုတ်လား ... သူက ဘာလဲ ... "

"မမမိုးဆိုတာ နာမည်အရှည်ကတော့ မိုးစန္ဒာတဲ့ မြသန္တာထက် အသက်ဆယ်မီနစ်ပိုကြီးတဲ့ အမြွှာပူးအစ်မလေ ... သူက ဆယ်မီနစ် အသက်ပိုကြီးလို့ မြသန္တာက သူ့ကို မမမိုးလို့ ခေါ်တာ ... "

"အမြွှာညီအစ်မဆိုတော့ ရုပ်ချင်းတော်တော်တူကြမှာပေါ့ မြသန္တာလိုပဲ လှမှာပေါ့ ... "

"မျက်နှာချင်းကတော့ တူတာမှ ချွတ်စွပ်ပဲ ... ငယ်ငယ်က ဂါဝန်ဆင်တူဝတ်ထားရင် မေမေတောင်မှ ဘယ်ဟာ မိစိုး ဘယ်ဟာ မိမိုးလည်း မခွဲနိုင်အောင် ရုပ်ချင်းတူတာ ... "

"စိတ်ဝင်စားစရာပဲ ဆက်ပြောလေ ... "

"ဖေဖေဆုံးသွားတော့ ကျန်ခဲ့တဲ့ ဖေဖေ့ရဲ့လုပ်ငန်းတွေကို မမမိုးကပဲ ဆက်လက်လုပ်ကိုင်ရင် ကိုခွန်နောင်းနဲ့ မမမိုး ကြိုက်သွားတယ် ... ကိုခွန်နောင်းကလည်း လုပ်ငန်းလုပ်တော့ ... အပြင်မှာ လုပ်ငန်းလုပ်ရင်း ချစ်ကြိုက်သွားကြတာ မြသန္တာကတော့ အလုပ်လုပ်ရမှာ ပျင်းတယ် ... အိမ်မှာ သော်ကြော့နေပြီး စားမယ် ... ဝတ်မယ် ... အိပ်မယ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



မမမိုးနဲ့ ကိုခွန်နောင်းတို့ လက်ထပ်ကြတယ် ... ကိုခွန်နောင်းက သိပ်ချမ်းသာတယ် ... မြသန္တာတို့အိမ်ကို ရောင်းပစ်ပြီး ... ကိုခွန်နောင်းရဲ့ သိပ်ကောင်း သိပ်ခမ်းနားတဲ့ အိမ်မှာ မေမေနဲ့ မြသန္တာ လိုက်နေကြတယ် ... "

"ဒါဆို ... မြသန္တာက တောင်ကြီးသူပေါ့ ... တောင်ကြီးက လာတာပေါ့ ... တည်းခိုခန်းကောင်တာ စာရေးက ပြောတယ် ... မြသန္တာဟာ ဒီတည်းခိုခန်းမှာ နှစ်ပတ်တစ်ခါလောက် လာတည်းခိုလေ့ရှိတယ်တဲ့ ... နှစ်ပတ်တစ်ခါ တောင်ကြီးကနေ ရန်ကုန်ကို လာရတာ ဘာကိစ္စလဲ ... "

"ဘယ်ကလာ အဲဒီလို ဟုတ်ရမှာလဲ ... နှစ်ပတ်တစ်ခါ ဘယ်သူ တောင်ကြီးက ရန်ကုန်ကို လာနိုင်မှာလဲ ... မြသန္တာက ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းက 'ခိုင်ဂေဟာ'မှာနေတာ အဲဒီ ခိုင်ဂေဟာမှာ အလုပ်လုပ်တာ ... စနေ တနင်္ဂနွေဆိုရင် ဟောလီးဒေးရပြီး အပြင်ထွက်တိုင်း ဒီတည်းခိုခန်းမှာ တည်းတာ ... "

"ခုနက ပြောတော့ တောင်ကြီးက ကိုခွန်နောင်း အိမ်ကြီးမှာ လိုက်နေတယ်ဆို ... အခု ဘယ်လို တက္ကသိုလ်ရိပ်သာလမ်းက ခိုင်ဂေဟာကို ရောက်လာတာပဲ ... "

"ဟာ ... ကိုစိုးက စကားတွေ ဖြတ်ဖြတ်ပြီး ပြောတော့ မြသန္တာက ဘာဆက်ပြောရမှန်းတောင် မသိတော့ဘူး"

"ကဲ ... ဒါဆို တောင်ကြီးက မမမိုးနဲ့ ခဲအို ကိုခွန်နောင်းရဲ့ အိမ်ကြီးမှာ လိုက်နေတာကို ဆက်ပြော ... "

"တောင်ကြီးအိမ်မှာ မေမေမသေခင်အထိတော့ ဘာမှမဖြစ်



ကြပါဘူး ... အဲ ... မေမေဆုံးပြီးတဲ့နောက်မှာတော့ ပြဿနာဖြစ်လာတယ် ... "

"ဘယ်လိုပြဿနာလဲ ... "

"ကိုခွန်နောင်းပေါ့ ... ဇာတ်လမ်းက ရိုးရိုးကြီးပါ တစ်အိမ်တည်း အတူနေလာကြတော့ ခဲအိုက ခယ်မကို စိတ်ကစားလာတာလေ ... မမမိုးနဲ့ ပေါင်းသင်းတာကလည်း သုံးနှစ်နီးပါးကြာသွားတော့ မမမိုးက အပျိုတုန်းကလို ပြည့်ပြည့်ဖြိုးဖြိုးတင်းတင်းရင်းရင်းမရှိတော့ဘူး ... အဖတ်မတင်တဲ့ ကလေးတစ်ယောက် မွေးပြီးတဲ့နောက် ... မမမိုးဟာ မျက်နှာလေးပဲ လှတော့တယ် ... မမမိုးကျသွားတယ် ဆိုပါတော့ ဒီတော့ ကိုခွန်နောင်းက ခယ်မဖြစ်တဲ့ မြသန္တာဘက် လှည့်လာတယ်ပေါ့ ... ဒါကို မမမိုးက လုံးဝလက်မခံဘူး ... ဒီမှာတင် မမမိုးက မြသန္တာကို ရန်လုပ်လာတော့တာပဲ"

မြသန္တာ၏ စိတ်ခံစားကို စိုးပြည့်စုံ ဘုရားတရပေတော့သည်။

"မြသန္တာရဲ့ရင်ထဲမှာ နှလုံးသားမေတ္တာဆိုတာ မရှိတော့ဘူးလား ... နောက်ပြီး အမျိုးသမီးတစ်ဦး ထိန်းသိမ်းအပ်တဲ့ အကျင့်သိက္ခာမထားတော့ဘူးလား မြသန္တာ ... "

စိုးပြည့်စုံ ပခုံးတွန့်ပြရုံကလွဲပြီး ဘာဆက်ပြောနိုင်မည်နည်း။ မြသန္တာကပင် ဆက်၍ သူမအကြောင်း ဆက်ပြောပြသည်။

"ကိုယ့်အစ်မပဲ ကောင်းစားပါစေတော့ပေါ့လေ ... "

"ဒီလိုကျတော့လည်း မြသန္တာက စိတ်ထား ဘယ်ဆိုးလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ညီအစ်မ အရင်းခေါက်ခေါက်တော့ မဟုတ်ဘူး ... အမြွာမွေးညီအစ်မပါ ကိုစိုး ... ကိုယ့်အတွက် မကျန်လည်း မမမိုးအတွက် ကျန်ပါစေပေါ့ ... ရန်ကုန်ကို ပြေးလာခဲ့ပြီး မြသန္တာ အလုပ်လျှောက်တယ် ... မြသန္တာလို ဆယ်တန်းနှစ်ခါကျ အဖို့ ... ပညာကို အခြေခံပြီး ဘယ်အလုပ်ရမလဲ ... "

"ကလေးလူကြီးထိန်းအလုပ်ရတယ်လို့ ခုနက ပြောတာ"

"ဆက်ပြောလေ ... နားထောင် ရန်ကုန်ကိုရောက်တော့ ဝိုင်ဒဗလျူဒီအေမှာ တည်းခိုတယ် ... ဒီတော့ တည်းခိုခ ထမင်းဝယ်စားခတွေ ပေးရတာ တောင်ကြီးကပါလာတဲ့ ပိုက်ဆံကုန်သလောက် ဖြစ်သွားရော ... အဲဒီလို ကုန်လုကုန်ခင်မှာပဲ ရရာအလုပ်ကို ဖမ်းလုပ်လိုက်ရတယ် ... "

"ဘာအလုပ်လဲ မြသန္တာ ... "

"ရွှေဘုံသာလမ်းထဲက အရုပ်ရောင်းတဲ့ ကုလားဆိုင်မှာ အရုပ်ရောင်းစာရေးမအလုပ်လေ ... လခ တစ်လကို လေးထောင်ပဲ ပေးတယ် ... "

"မဆိုးပါဘူး ... ဆယ်တန်းအောင်ပြီး ... ဌာနတွေမှာ စာရေးမ ဝင်လုပ်ရင်လည်း ဒီလောက်ပဲ လခရတာပဲဟာ"

"ဟဲ ... ဟဲ ... မဆိုးတာမှ တကယ်မဆိုးတာ ... ကုလားသူဌေးက မြသန္တာကို ခန့်တာကိုက လူကို သဘောကျလို့ ခန့်တာ ... အဲဒီ့အရုပ်ဆိုင်မှာသာ ကြာကြာဆက်လုပ်ရင် မြသန္တာ ကုလားသူဌေးကတော်တောင် ဖြစ်သွားမလားဘဲ အဲဒီ့အခြေအနေမှာ မြသန္တာကသိုလ်တစ်ချိုးပြောင်းသွားတယ်ပေါ့ ... ကိုစိုး"



"အင်း ... ဆက်ပြောပါ ... "

"တစ်နေ့မှာပေါ့ ... အရုပ်ဆိုင်ရှေ့ကို သိန်းရာကျော်တန်တဲ့ ဆလွန်းကားကြီး ထိုးဆိုက်တယ် ... ပါကျဲရိုးကားလေ ... အဲဒီ့ကားကို အသက်အစိတ်လောက်ရှိတဲ့ အမျိုးသမီးကိုယ်တိုင် မောင်းပြီး အသက်နှစ်ဆယ်လောက်ရှိတဲ့ ဝတုတ်တုတ် ပေါတောတော လူငယ်တစ်ယောက်ပါလာတယ် သူတို့နှစ်ယောက် အရုပ်ဆိုင်ထဲ ဝင်လာတာနဲ့ ဆိုင်ရှင်သူဌေးကုလားက ပျာနေတာပဲ လာပါ အမား ... ထိုင်ပါအမား ... အအေးသောက်ပါ အမားနဲ့ အောက်ကျို့ခံလေသံနဲ့ မျက်နှာချိုသွေးတာ အလွန်ကြီးပဲ ... နောက်ပြီး ကုလားသူဌေးက မြသန္တာကို လှမ်းပြောတယ် ... မြသန္တာ ဒီအမားနဲ့ ဒီကလေးဟာ ငါ့ဆိုင်က အရုပ်ဖောက်သည်တွေ ... အရုပ်အသစ်တွေ လိုက်ပြပါ စိတ်ရှည်ရှည်ထားပါ ကလေးသည်းသည်းကို ခံပါတဲ့လေ ... "

"မြသန္တာက ကလေးဆိုတဲ့ ဒီဝတုတ်တုတ် ပေါတောတော အသက်နှစ်ဆယ်လောက်ကိုကြည့်ပြီး ရင်ထဲမှာ ကျိတ်ရယ်မိသေးတယ် ... ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ ... ကိုယ်က အရောင်းစာ ရေးမပဲဟာ ... ဒါနဲ့ ဝတုတ်တုတ် ပေါတောတော လူငယ်ကို လက်တွဲခေါ်ပြီး ... လာ ... မောင်လေး မမသန္တာ အရုပ်အသစ်အဆန်းတွေ လိုက်ပြပေးမယ် ... ဆိုပြီး အရုပ်တွေဆီ ခေါ်သွားတယ် ... "

"အဲဒီ့ ဝတုတ်ပေါတောက သူ့လက်ကို မြသန္တာက ဆွဲပြီးခေါ်တော့ ပထမ မြသန္တာကို စိုက်ကြည့်တယ် ... ကြည့်ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



အကြာကြီးကို ကြည့်ပြီးမှ ငါးနှစ်သားကလေးတစ်ယောက် ရယ်သလို ခစ်ခစ်တက် ရယ်လိုက်တယ် ... သူ့မျက်နှာမှာ သိပ်ရွှင်မြူးနေပုံ ... သိပ်ကြည်နူးနေပုံ ... သိပ်သဘောကျနေပုံတွေ ပေါ်လွင်နေတယ် ... ပြီးတော့ သူနဲ့အတူပါလာတဲ့ အမျိုးသမီးချောကို ဝတုတ်ပေါက လှမ်းပြောတယ်"

"မောင်လေး ... ဟောဒီခေသဉ္စာနဲ့ အရုပ်တွေ လိုက်ကြည့်ပြီး လိုချင်တဲ့ အရုပ်အားလုံးကို ဝယ်မှာနော်လို့ပြောတယ် တကယ်ပါပဲ ကိုစိုးရာ ... ဝတုတ်ပေါပြောပုံက တကယ့်ငါးနှစ်သားလေးတစ်ယောက် ပြောလိုက်တဲ့ပုံစံအတိုင်းပါပဲ"

"တိုတိုပြောရရင် ဝတုတ်ပေါကို မြသဉ္စာက လက်ဆွဲခေါ်သွားပြီး တန်ဖိုးကြီးလွန်းလို့ အရောင်းရထိုင်းနေတဲ့ သံပတ်အရုပ်တွေ ... ဓာတ်ခဲသုံးအရုပ်တွေ တစ်ပုံတပင်ကြီးကို ဒါကောင်းတယ် မောင်လေး ... ဟိုဟာလေးက ပိုတောင်ကောင်းသေး ... မောင်လေးတို့က သူဌေးမို့ ဝယ်နိုင်တာ တော်ရုံလူ မဝယ်နိုင်ဘူး ... ဘာဘူးနဲ့ အရုပ်ကို ဝတုတ်ပေါ ကယူတယ်လေ ... အားလုံး အရုပ်တွေရဲ့ တန်ဖိုးဟာ ကိုးသောင်းကျော်ကျသွားတယ် ... ကုလားသူဌေး မျက်နှာချို သွေးလိုက်တာ ခွေးတက်လျက်တောင် ရတယ် ... ကုလားဆိုင်က အလုပ်သမားတွေ စီတန်းပြီး ထမ်းပိုးပြီး အရုပ်တွေကို ပါကျဲရိုးကားပေါ်အထိ လိုက်တင်ပေးလိုက်ရတယ်"

"အဲဒီသူဌေးအမျိုးသမီးနဲ့ ဝတုတ်ပေါဟာ မောင်နှမအရင်းတဲ့ ... "

"နေပါဦး မြသဉ္စာ ... သူတို့ သူဌေးမောင်နှမက မကြီးငယ်



နဲ့ ... အရုပ်နဲ့ ကစားကြ ဆော့ကြတုန်းပဲတဲ့လား ... ရူးများရူးနေကြလား ... "

"မရူးဘူး ကိုစိုးရေ ... သူတို့ပြန်သွားမှ ကုလားသူဌေးက မြသဉ္စာကို ပြောပြတယ် ... သူတို့အဖြစ်က ရယ်စရာလိုလို သနားစရာလိုလိုပါ ... သူတို့မောင်နှမဟာ အရုပ်တစ်ခါထွက်ဝယ်ရင် ဒီလိုပဲ သောင်းနဲ့ချီဝယ်တယ်တဲ့ ... ဒီအရင်ကလည်း ဒီဆိုင်မှာ တစ်ခါနှစ်ခါ ဝယ်ဖူးတယ်တဲ့ ... ဒါပေမဲ့ အငယ်ကောင် ဝတုတ်ပေါက ဝင်ချင်တဲ့ အရုပ်ဆိုင်ကို ဖွတ်ဝင်တာတဲ့ ... ရွှေဘုံသာလမ်းမှာ အရုပ်ဆိုင်တွေကလည်း တန်းစီရှိနေတာ မဟုတ်လား ... ဒီတော့ ကုလားသူဌေးက ဝတုတ်ပေါ သူ့ဆိုင်ဝင်လာအောင် တအားမျက်နှာချိုသွေးရတယ်တဲ့ ... "

"အစ်မနာမည်က 'ဝါဝါခိုင်'တဲ့ ... ဝတုတ်ပေါလေးနာမည်က 'အတာ'တဲ့ ... တက္ကသိုလ်ရိပ်သာလမ်းမှာ ခြံကြီးတိုက်ကြီးမှာ ဟီးနေတာပဲတဲ့ ... မိဘတွေဆုံးသွားပြီး အမွေတွေ အများကြီး ကျန်ခဲ့တာတဲ့ ... သူတို့က ဘိုးဘွားလက်ထက်စပြီး ဆွေစဉ်မျိုးဆက် ချမ်းသာလာကြတာတဲ့ ... အခုလက်ရှိ တက္ကသိုလ်ရိပ်သာလမ်းက ခြံနဲ့တိုက်ကို မိုးကုတ်က သူဌေးတစ်ယောက်က သိန်းတစ်သောင်းပေးဝယ်တာတောင် သူတို့က မရောင်းဘူးတဲ့ ... ချမ်းသာတာကတော့ အရမ်းအရမ်းကြီးပါပဲ ... ကိုစိုး ... "

"ချမ်းသာတာ အဆန်းမှ မဟုတ်တာ ... ဘယ်တိုင်းပြည်မှာမဆို ဒီလိုချမ်းသာတဲ့ မိသားစုတွေ ... ဘိုးရင်းတွေ ရှိတတ်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ ... အခု ထူးဆန်းတာက သူတို့သူဌေးမောင်နှမက ဒီအရွယ်ကြီးတွေ ရောက်တာတောင် အရုပ်တွေအများကြီး ဝယ် ... ဆော့ကြတာလည်းဆိုတာ ..."

"အငယ်ကောင် ဝတုတ်ပေါ် အတာ ဆော့ဖို့ သူ့အစ်မက ဝယ်ပေးရတာတဲ့ ကိုစိုး ... ဝတုတ်ပေါ် အတာအသက်က နှစ်ဆယ်ရောက်နေပေမဲ့ သူ့ဦးနှောက်က ငါးနှစ်သားဦး နှောက်တဲ့ ... အသက်အရ ခန္ဓာကိုယ်က ကြီးထွားပြောင်း လဲလာပေမဲ့ ... ဦးနှောက်က ငါးနှစ်သားအရွယ်မှာ တန့် သွားပြီး ဆက်မကြီးထွားတော့လို့ ငါးနှစ်သားကလေးစိတ်နဲ့ အရုပ်တွေနဲ့ ဆော့နေတာတဲ့ ..."

"ဖြစ်နိုင်ပါ့မလား ..."

"ဖြစ်နိုင်သလား ... မဖြစ်နိုင်သလားတော့ မသိဘူး ... သူတို့ မိဘတွေဖြစ်တဲ့ ဦးဘခိုင်နဲ့ ဒေါ်ကေသီ မကွယ်လွန်မီက သူတို့သားကလေး အတာအတွက် ဆယ့်ငါးနှစ်သားမှာ အင်္ဂလန်ကို ခေါ်သွားပြီး ငွေတွေ သောက်သောက်လဲကုန် အောင် ကုသပေးတယ် ... ဒါပေမဲ့ မအောင်မြင်ခဲ့ဘူးတဲ့ ကိုစိုး ... အခု ဝတုတ်ပေါ် အသက်နှစ်ဆယ်ရှိနေပြီ ..."

စိုးပြည့်စုံသည် အံ့သြစွာပင် နားထောင်နေပါ၏။ ဒါ ကို မဖြစ်နိုင်ဟု စောဒကတက်၍ မရပေ။ ခန္ဓာကိုယ်တွင် ထိုသို့ ဆန်းကြယ်သော ကိစ္စလေးတွေ ဖြစ်တတ်သည်မှာ ကျန်းမာရေး ရှုထောင့်ကကြည့်လျှင် ကမ္ဘာနှင့် အဝှမ်း အဆန်းအကြယ်တွေ ရှိနေ တတ်ပါ၏။

"ဒါဆို ... ဆက်ပြောပါဦး ... မြသန္တာက အဲဒီသူဌေးဝါဝါခိုင်



တို့မောင်နှမရဲ့ 'ခိုင်ဂေဟာ'ကို ဘာလို့ ရောက်သွားသလဲ ဆိုတာ ..."

"ဆက်ပြောရရင် ... နောက်ထပ်နှစ်ရက်ပဲကြာတယ် ... ဝါ ဝါခိုင်နဲ့ အတာ ပြန်ရောက်လာတယ် ... ကုလားသူဌေးအလို ကျ မြသန္တာက အတာ့ကို အရုပ်တွေ ပြပေးရပြန်တာပေါ့ ဒီတစ်ခေါက်ကျတော့ အတာ ဝတုတ်ပေါက အရုပ်တွေမှာ လုံးဝအာရုံမရှိဘဲ မြန္တာ့ကိုသာ စိုက်ကြည့်နေတယ် ..."

"ဒါဆို ... ဝတုတ်ပေါက ဦးနှောက်ကသာ ငါးနှစ်သား ဦး နှောက် ... လူကောင်ခန္ဓာကိုယ်ကျတော့ အသက်နှစ်ဆယ် ရွယ်မို့ မြသန္တာကို ကြည့်တာနေမှာပေါ့ ... မြသန္တာက ချပ်ချောပြီး ကိုယ်လုံးကိုယ်ပေါက်က ယောကျ်ားတွေစွဲမက် စရာရှိနေတယ် မဟုတ်လား ..."

"ပထမတော့ မြသန္တာလည်း ဝတုတ်ပေါ် အတာကို အဲဒီလို ပဲ ထင်တယ် ... ဒါပေမဲ့ အဲဒီလိုမဟုတ်ဘူး ကိုစိုးရဲ့ ... ဝတုတ်ပေါ်အတာ မြသန္တာကို စိုက်ကြည့်တာက လည်ပင်း အထက် မျက်နှာကိုသာစိုက်ကြည့်နေတာ ... လည်ပင်း အောက်မှာရှိတာတွေကို သူက မကြည့်ဘူး ..."

"ဟုတ်လား ... ဒါဆို တစ်မျိုးပဲ ..."

"အဲဒီနေ့က ဘာအရုပ်မှ မဝယ်ဘဲ မောင်နှမနှစ်ယောက် ပြန်သွားတယ် ... နောက်နေ့ကျတော့ အတာ ဝတုတ်ပေါ် မပါဘဲ ဝါဝါခိုင်တစ်ယောက်တည်း ရောက်လာပြီး မြသန္တာ နဲ့ နှစ်ယောက်ချင်း ပြောတယ် ..."

"ဘာပြောသလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"အတာ ဝတ္တုတ်ပေါက မြသန္တာကို ခေါ်ပေးရမယ်လို့ စွတ်ပူဆာနေတယ်တဲ့ ... ဘယ်လိုမှ ချော့လို့မရဘူးတဲ့ ... ဒါကြောင့် မြသန္တာဟာ အတာကို ထိန်းပေးဖို့ ခိုင်ဂေဟာမှာ လိုက်နေပေးပါတဲ့ ... မြသန္တာရဲ့ စားဝတ်နေထိုင်ရေးတွေကို ဝါဝါခိုင်က အားလုံးတာဝန်ယူတဲ့အပြင် မြသန္တာကို တစ်လသုံးသောင်းလခပေးတယ် ... "

"မဆိုးဘူးဘဲ ... "

"ဟုတ်တယ် ကိုစိုး ... မဆိုးလို့ မြသန္တာ အဲဒီအချိန်ကစပြီး 'ခိုင်ဂေဟာ'ကို ရောက်သွားတယ်လေ ... "



****** [ ၄ ] ******

"ကဲ ... ကိုစိုး ရေချိုးတော့ ... မြသန္တာ ရေချိုးပြီး ဖြီးလိမ်းပြီးပြီ ... အဝတ်လဲပြီးပြီ ... ကိုစိုးက အိပ်ပုပ်ကြီးတယ် ... ဟင်း ... လူကြီး တအားအိပ်တာပဲ ... ဘာမဆို တအားကြီးချည်းပဲ ... "

မိုးလင်းပြီး တည်းခိုခန်းမှ သွားကြဖို့ မြသန္တာက ပြောခြင်းဖြစ်သည်။

"နေပါဦး ... တို့က ဘယ်သွားရမှာလဲ ... "

"ခိုင်ဂေဟာကို မြသန္တာနဲ့အတူ လိုက်ခဲ့ပေါ့ ... ဒါပဲရှိတာပဲဟာ ... "

"ဘယ်ဟုတ်မလဲ ... ရဲစခန်းသွားမယ်လေ ... ရဲစခန်းမှာ မြသန္တာ ဖျက်မြင်သက်သေထွက်ဆိုပေးပြီးရင် ပြီးတာပဲ ... ကိုယ့်တည်းခိုခန်း ကိုယ်ပြန်မှာပေါ့ ... ခိုင်ဂေဟာကို ကိုယ် လိုက်ဖို့ မလိုဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



"တော်တောင်ခက်တဲ့ ကိုရိုးကြီးပဲ ... အိမ်က ကလေးလူကြီး အတာထက်တောင် ပိုဆိုးချင်နေပါသေးလား ... ဒီမယ် ကိုစိုး ... ကိုစိုးအနေနဲ့ တစ်ရက်တန်သည် နှစ်ရက်တန်သည် လုံခြုံတဲ့နေရာမှာ နေရဦးမယ် ... ရဲတွေက ကိုစိုးကို လိုက်ရှာချင် ရှာနေမှာ ..."

"ဒါကြောင့် ဒီကိစ္စရှင်းသွားအောင် မြသန္တာက ရဲစခန်းလိုက်ခဲ့ပြီး မျက်မြင်သက်သေလုပ်ပေးဖို့ ကိုယ်ပြောနေတာပေါ့"

"အခုလောလောဆယ်တော့ မြသန္တာ ရဲစခန်းကိုလုံးဝမသွားရဲဘူး ကိုစိုး ... မနေ့ညက တရုတ်စားသောက်ဆိုင်ထဲမှာ ကိုဘကျွန်းကြီးက မြသန္တာကို ဆွဲခေါ်သွားတာ အားလုံးမြင်ကြတယ် ... အခု ကိုဘကျွန်းကြီး သေသွားတဲ့ကိစ္စမှာ ရဲအဖွဲ့က မြသန္တာကို မေးချင်မြန်းချင်မှာ သေချာတယ် ... မြသန္တာကိုတွေ့တာနဲ့ နာမည်တွေ နေရပ်လိပ်စာတွေ မေးမှာ ... ဒါနဲ့ မြသန္တာက ခိုင်ဂေဟာမှာနေတဲ့ လိပ်စာပေးရတော့မယ် ... အဲဒီလိပ်စာအတိုင်း ရဲတွေက မြသန္တာကို လာပြီး ပတ်သက်ရင် အဘွားအိုပေါက်စ ဝါဝါခိုင်နဲ့ မြသန္တာပြဿနာဖြစ်မယ် ... ဝါဝါခိုင်က ရှုပ်ရှုပ်ယှက်ယှက်တွေ လုံးဝမကြိုက်ဘူး ... မြသန္တာ ရဲနဲ့ပတ်သက်တယ်ဆိုတာနဲ့ သူ့အိမ်ပေါ်က မြသန္တာကို မောင်းထုတ်မှာ ..."

"ဒါကြောင့် ... ကိုစိုးအနေနဲ့ ခဏစောင့်ပါ ... မြသန္တာ ခိုင်ဂေဟာကို ပြန်အဝင်ပြပြီးတဲ့နောက် မြသန္တာဘာသာ အပြင်ထွက်ပြီး ကိုစိုးကိစ္စကို စုံစမ်းပေးမယ် ..."

"ဒီကြားထဲမှာပဲ ကိုဘကျွန်းကြီးကို သတ်တဲ့တရားခံအစစ်





ရဲက ခြေရာခံမိချင် မိမယ် ... ဖမ်းမိချင် မိတယ် ... အခုယောက်ဆို ရဲက စုံစမ်းအောင်တဲ့ ပီတာတို့နောက်ကို လိုက်ချင်လိုက်နေမယ် ... အဲဒီသတင်းအတိအကျတွေ စုံစမ်းသိရှိပြီးမှ ကိုစိုးရဲ့ဆန္ဒအတိုင်း ရဲနဲ့သွားတွေ့ဖို့ မြသန္တာလိုက်ဆိုရင် လိုက်မယ် ..."

"ဒါဆို ... ကိုယ့်သဘောလိုက်ဖို့မှာ လေယာဉ်လက်မှတ် ရက်လွန်သွားမှာပေါ့ ..."

"ဒါတော့ ဘာတတ်နိုင်မလဲ ... တကယ်လို့ လေယာဉ်လာသွားပြီးပြီဆိုလည်း ကိုစိုးရဲ့ သဘောကုမ္ပဏီကို လှမ်းဆက်သွယ်ပြီး နောက်ထပ် လေယာဉ်နဲ့ လိုက်နိုင်ဖို့ စီစဉ်ပေါ့"

စိုးပြည့်စုံ စဉ်းစားရပြန်သည်။ မြသန္တာပြောလိုက်လျှင်အကျိုးအကြောင်းဆီလျော်နေသည်မို့စဉ်းစားစရာဖြစ်လာသည်။

"အင်း ... ပြဿနာပဲ ..."

"ဒါကြောင့် ရှင်ကြီးကို ဒီအတိုင်း ပစ်မထားခဲ့ရက်လို့ မြသန္တာနဲ့အတူ ခိုင်ဂေဟာကို လိုက်ခဲ့ပြီး ခဏလျှိုနေဖို့ ပြောတာ"

"ဟာ ... မြသန္တာ ပြောပြတာနဲ့ပဲ ခိုင်ဂေဟာကြီးက စိတ်ပျက်စရာကြီးပါ ... အိမ်ရှင် ဝါဝါခိုင်က အဘွားကြီးတစ်ယောက်လို စည်းကမ်းကြီးတယ်ဆို ... ဒီကြားထဲ ဝတုတ်ပေါ ... ငရုံး ငတာဆိုတာကို ဆုံစည်းရဦးမယ် ..."

"မြသန္တာ စဉ်းစားမိသလောက်ဆိုရင် ကိုစိုးအတွက် ခိုင်ဂေဟာမှာ ခဏဝင်လျှိုနေရုံကလွဲပြီး တခြားမရှိဘူး ... ကိုစိုးရဲ့ ပြည်မြို့က မိဘအိမ်ကို ပြန်မယ်ဆိုလည်း ဒီက ရဲတပ်ဖွဲ့က ပြည်ရဲတပ်ဖွဲ့ကို ကိုစိုးပြည့်စုံလာရင် ... ဖမ်းထားပါလို့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားထားမှာပဲ ... "

ဒါလည်း ဟုတ်နေပြန်သည်။

"ကောင်းပြီလေ ... မြသန္တာနဲ့အတူ ခိုင်ဝေဟာကို လိုက်ခဲ့ပြီဆိုပါတော့ ... အိမ်ရှင် ဝါဝါခိုင်နဲ့ အတာက ကိုယ့်ကို လက်ခံမှာတဲ့လား ... "

"စိတ်ချ ... အတာကို မြသန္တာက ပိုင်ပြီးသား ... ဝါဝါခိုင်ကိုလည်း သူ့အိမ်မှာ လိုက်နေပြီး ကလေးလူကြီးထိန်းအလုပ် လက်ခံမယ်ဆိုရင် ... မြသန္တာရဲ့ ဧည့်သည်တွေလာတဲ့အခါ ဝါဝါခိုင်က လက်ခံမှဖြစ်မယ် ... မြသန္တာရဲ့ ဧည့်သည်မှာ အမျိုးသမီးဖြစ်ချင် ဖြစ်မယ် ... အမျိုးသားဧည့်သည်ဖြစ်ချင် ဖြစ်မယ် ... ညအိပ်ညနေလာတာမျိုးလည်း ရှိချင်ရှိမယ် ... အဲဒါကို ခွင့်ပြုပေးရမယ်ဆိုတော့ ဝါဝါခိုင်က ခြွင်းချက်နဲ့ လက်ခံတယ် ... သူတို့ခြံထဲမှာ သူ့အဖေရှိစဉ်က တရားထိုင်တဲ့ ပျဉ်ထောင်အိမ်ကလေးတစ်လုံးရှိတယ် ... မြသန္တာရဲ့ဧည့်သည်တွေကို အိမ်ကြီးပေါ်မှာတော့ လက်မခံဘူး ... ညအိပ်ဆိုရင် အဲဒီပျဉ်ထောင်အိမ်လေးမှာ နေခွင့်ပြုမယ်ဆိုတဲ့ ခြွင်းချက်ပဲ ... ဒီတော့ ကိုစိုးက ပျဉ်ထောင်အိမ်လေးမှာနေပေါ့ မြသန္တာက လစ်ရင် လစ်သလို ကိုစိုးဆီ လာမှာပဲဟာ"

"ဒါထက် နေဦး ... ကိုယ်နဲ့ မြသန္တာရဲ့အနေအထိုင်ကို အတာက လက်ခံပါ့မလား ... အတာက မြသန္တာကို အစွဲကြီး စွဲ အခင်ကြီး ခင်နေတယ်ဆို ... "

"အတာ မြသန္တာကို ခင်တာက ကလေးလိုခင်တာပါ ... မြသန္တာကိုယ်တိုင်ကတောင် အတာဟာ မြသန္တာကို လူကြီး



လို စွဲလမ်းခင်မင်လာစေချင်နေတာ သိလား ... "

"ဘာလဲ ... အဲဒီစကားက ... "

"ကြွက်သေတစ်ခု အရင်းပြုပြီး ... မြသန္တာဘစ်ချီတည်းတောင်ကြီးက မမမိုးနဲ့ အပြိုင်ဖြစ်လာအောင် ချမ်းသာဖို့လေ ... ကိုစိုးရဲ့ ... "

"ဘာကြွက်သေလဲ ... ဘာအရင်းပြုလဲ ... ဘယ်လို သူဌေးဖြစ်မှာလဲ ... ကိုယ်နားမလည်ဘူး ... "

"နားလည်အောင်ကိုပဲ ကိုစိုးကို ပြောပြမယ် ... အခုအချိန်အထိတော့ အတာကဦးနှောက်ပိုင်းအရ ငါးနှစ်သားကလေးလို မြသန္တာကို ဆက်ဆံနေတုန်းပဲ ... အတာ ရောက်ရှိနေတဲ့ အသက်အရွယ်အရ ခန္ဓာကိုယ်က သွေးသားတောင်းခံလာလို့ မြသန္တာကို ပုံစံပြောင်းဆက်ဆံလာတာကိုပဲ သန္တာစောင့်နေတာ ... အဲဒီလို ရောက်လာရင် အတာ့ကို မြသန္တာက တရားဝင်လက်ထပ်လိုက်တာနဲ့ ဝါဝါခိုင်ချမ်းသာသမျှ ဥစ္စာပစ္စည်း ငွေကြေးအားလုံး အတာက အမွေတစ်ဝက်ရမယ်လေ ... ဒါဆို မြသန္တာ တောင်ကြီးက မမမိုးနဲ့ အပြိုင်ချမ်းသာပြီပေါ့ ကိုစိုး ... ဒါတွေကြောင့် အခုလောလောဆယ်အချိန် ရဲဝာပ်ဖွဲ့နဲ့ မြသန္တာ ဘာမှမပတ်သက်ချင်တာ ... ရဲနဲ့ ပတ်သက်လို့ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်သွားရင် ဝါဝါခိုင်က မြသန္တာကို အိမ်က မောင်းထုတ်ရင် မြသန္တာလက်ချည်းသက်သက် ဆင်းရမှာ သိလား ... "

အင်း ... စိုးပြည့်စုံ သိပ်ကို သဘောပေါက်ပေတော့သည်။ အကယ်၍သာ စိုးပြည့်စုံ ကိုယ်တိုင်က မြသန္တာနှင့် ဤအခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေရောက်ပြီး သူမကို ရင်ထဲက ချစ်သည်ဆိုလျှင်တော့ အတာနှင့် လက်ထပ်မည်ဆိုသည်ကို မခံမရပ်နိုင်ဖြစ်ကောင်းဖြစ်မည်။

ယခုမူ မြသန္တာ အတာနှင့်လက်ထပ်လျှင် သူမအား မိမိက အထူးခွာထုတ်စရာပင် မလိုတော့ဘဲ သူ့လမ်းသူသွား ကိုယ့်လမ်းကိုယ်သွား အလွယ်တကူဖြစ်သွားမည်။

မြသန္တာက မိမိကို အစွဲကြီး စွဲကာ တွယ်ကပ်နေမည်ကိုပင် စိုးရိမ်ရသည် မဟုတ်ပါလား။

စိုးပြည့်စုံ ရေချိုးသည်။ မြသန္တာခေါ်သည့်အတိုင်း ခိုင်ဂေဟာသို့ ရှောင်တိမ်းသည့် သဘောလိုက်သွားမည်ဟုလည်း ဆုံးဖြတ်သည်။

တကယ်တော့ မြသန္တာကို စိုးပြည့်စုံ ဆက်ဆံသည်မှာ နိုင်ငံခြားက စင်သီယာတို့၊ ဗီလီယန့်တို့အား ဆက်ဆံသည့် သဘောသာတည်း။

ရေချိုးပြီး တစ်ကိုယ်လုံး ရေသုတ်သည့် မျက်နှာသုတ်ပဝါကြီးကိုခါးမှအောက်ပိုင်းပတ်ချိတ်ကာအပြင်သို့ထွက်ခဲ့သည်။

"တကယ် ... ကိုစိုးက သိပ်ကြည့်ကောင်းတယ် ... "

"ဒါဆို ... အောက်ထပ်မဆင်းနဲ့ဦးလေ ... "

"ဟိုးဆရာ ... ဟိုး ... အောက်ထပ်မှာ ခိုင်ဂေဟာက လွှတ်လိုက်တဲ့ ပါကဲ့ရိုးကားရောက်နေပြီ ... သွားကြမှ ဖြစ်တော့မယ် ... ခိုင်ဂေဟာ ရောက်တော့လည်း ကိုစိုးအတွက် သီးသန့် ပျဉ်ထောင်အိမ်လေးမှာ သီးသန့်တစ်ယောက်တည်း နေရမှာပါ ... မြသန္တာ အခွင့်သင့်တိုင်း ကိုစိုးဆီလာမှာပေါ့"

စိုးပြည့်စုံ အဝတ်ပြန်ဝတ်ပြီး ဟူဆောင်စရာ မြသန္တာ၏ ပစ္စည်းတွေ ကူသယ်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။

ပါကဲ့ရိုးကားပေါ်တွင်ဒရိုင်ဘာကထိုင်စောင့်နေသည်။

မြသန္တာနှင့်အတူ ပါလာသော စိုးပြည့်စုံကို ဒရိုင်ဘာက မျက်မှောင်ကြုတ်၍ ခြေဆုံးခေါင်းဆုံးကြည့်သည်။

"သူက ဘယ်သူလဲ ... ဘယ်က ကောင်လဲ ... သူက ဘာကိစ္စ ခိုင်ဂေဟာကို လိုက်မှာလဲ ... "

ယော ... ခက်ပါလား။ သူဌေးအိမ်က ဒရိုင်ဘာက စိုးပြည့်စုံကို မလိုလားသော အကြည့်ဖြင့် ကြည့်ပြီး မေးခွန်းတွေ အများကြီး ဆက်တိုက်မေးနေပါလား။

"အဲဒါ ရှင့်အလုပ်လား ... ကိုလူအောင် ... ရှင့်တာဝန်က ကျွန်မကို လာကြိုဖို့ပဲ ... အခု ကျွန်မကို ကြိုပြီး ခိုင်ဂေဟာကို မောင်းပြန်ရုံပေါ့ ... "

"ဒါတော့ ဒါပေါ့ ... ခိုင်ဂေဟာရောက်ရင် သူဌေးမက ဒီကောင့်ကိုအခုကျုပ်မေးတဲ့မေးခွန်းတွေမေးမှာပဲမဟုတ်လား"

မြသန္တာက ဒရိုင်ဘာ ကိုလူအောင်အား ဘယ်လိုမှ ဂရုစိုက်ပုံ မရှိဘဲ ပါကဲ့ရိုးကား၏ ရှေ့ခန်းတံခါးကို ဖွင့်လိုက်ပါ၏။

"ဒီကိုကြွပါ ... ဆရာ ကိုသစ္စာ ... "

ဟိုက် ... ။ စိုးပြည့်စုံသည် ချက်ချင်းလက်ငင်းကြီးပင် စိုးပြည့်စုံဘဝမှ ဆရာကိုသစ္စာဘဝသို့ ဒါရိုက်ကြီးကို ရောက်သွားရပါတကား။

စိုးပြည့်စုံ ဘာတစ်ခွန်းမျှ မပြောဘဲ မြသန္တာလုပ်ဆောင်သမျှ နောက်မှလိုက်လုပ်ရမည်ဟု သဘောပေါက်ကာ မြသန္တာဖွင့်ပေးသော တံခါးပေါက်မှ ကားရှေ့ခန်း ကူရှင်တွင် ထိုင်၍



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်သည်။

မြသန္တာက စိုးပြည့်စုံ ဝင်ထိုင်ပြီးမှ ကားတံခါးပြန်ပိတ်ကာ ကျို့ကျို့ယို့ယို့ ပုံစံလေးဖြင့် နောက်တံခါးဖွင့် နောက်ကူရှင်တွင် ဝင်ထိုင်ပါ၏။ ကားတံခါးကို ဖြည်းညင်းစွာ ပိတ်သည်။

"မောင်းတော့ ..."

ပါကျဲရိုးကားကြီး မောင်းထွက်လာခဲ့သည်။

ဒရိုင်ဘာ ကိုလူအောင်က မောင်းထွက်လာသော်လည်း ကားထဲမှ လေအေးစက်ကို ဖွင့်မပေးပါလော။

စိုးပြည့်စုံက ဒရိုင်ဘာလူအောင်အား အကဲခတ်အကြည့်ဖြင့် ကြည့်လိုက်သည်။

ဒရိုင်ဘာကိုလူအောင်သည် အသားညိုပြီး မျက်နှာပေါက်မှာ မဆိုးပေ။ ဆံပင်ကောက်နှင့်ဖြစ်သည်။ ရောင်ပုံစံနေကာ မျက်မှန်အညိုရောင်တတ်ထားသည်။ ဘောထုပ်တွေထဲမှ ရွေးဝယ်ထားသော အင်္ကျီမျိုးဝတ်ထားသည်၊ ချည်ချောပလေကပ်ပုဆိုးဝတ်ထားသည်။ သူ့ကိုယ်သူ လူကြည့်ကောင်းအောင် ဝတ်စားထားသည့်ပုံစံ။

မြသန္တာနှင့် ကိုလူအောင်ဆက်ဆံရေးမှာ သူ့ကိုကိုယ်မကြောက်၊ ကိုယ့်ကို သူမကြောက်ပုံစံမျိုးရှိပေသည်။

တက္ကသိုလ်ရိပ်သာလမ်းကြီးထဲ ဝင်ရောက်လာပြီး အုတ်တိုက်ခံ သံပန်းတံခါးပိတ် ဝင်ပေါက်ကြီးထဲသို့ကား ကွေ့ဝင်လိုက်သည်။ ခြံအကျယ်ကြီး တိုက်အိမ်ကြီးကြီး ရှေ့တွင် ကားရပ်လိုက်ပါ၏။



[ ၁ ]

"နိုင်ဂေဟာ ..."

ထည်ဝါပါ၏။ ခမ်းနားပါ၏။ လှပပါ၏။

ပေါ်တီကိုအောက်တွင် ကားရပ်သည်။ ဝင်ပေါက်သံဘာဂျာတံခါးကြီး ပိတ်ထားသည်။

အသက်နှစ်ဆယ်ကျော်ခန့် အသားဖြူဖြူရုပ်ရည်သနားကမား ကိုယ်ထည်ဖိုးဖိုးနှင့် အမျိုးသမီးတစ်ဦးက သံဘာဂျာတံခါးလာဖွင့်ပေးသည်။

"မမြ ပြန်လာပြီနော် ..."

"အေး ... နန်းအေးမူ ... အတာ တစ်ယောက်ကောပျောက်ချက်သားကောင်းပါလား ... ခါတိုင်း မမကို သူပဲပြေးလာပြီး ဆီးကြိုနေကျလေ ..."

"ကိုတာ အခန်းထဲမှာ ကစားမက်နေတယ် မမြ ... မမြပြန်လာတာ သူမသိသေးလို့ နေမှာပါ ... ကျွန်မ ကိုတာကို

www.burmeseclassic.com

www.burmeseclassic.com



ရော ... မမဝါကိုရော မမမြနဲ့ ညေသည်ရောက်လာတာကို ရော ပြောပေးပါ့မယ် ... ”

နန်းအေးမူ တံခါးဖွင့်ပေးပြီး ထွက်သွားသည်။ ကရင်အမျိုးသမီးမှန်း သိသာပါ၏။

“လာ ... ကိုစိုး ... ဧည့်ခန်းမှာ ဝင်ထိုင်စောင့်ကြဦး ... ဩော် ... ဒီခိုင်ဂေဟာရောက်တာနဲ့ ကိုစိုးဟာ စိုးပြည့်စုံ မဟုတ်တော့ဘူးနော် ... စာရေးဆရာ ကိုသစ္စာဖြစ်သွားပြီ ဝတ္ထုတစ်ပုဒ် အေးအေးဆေးဆေး ရေးချင်လို့ သာယာဆိတ်ငြိမ်ပြီး လေကောင်းလေသန့်ရတဲ့ ခိုင်ဂေဟာခြံကြီးထဲကို မြသန္တာက တမင်ခေါ်လာတာလို့ ... ”

“အမိန့်တော်အတိုင်းပါ ... ”

“မရွှတ်နဲ့ ... မနောက်နဲ့ ... နောက်တစ်ချက်က ဒီမှာ မြသန္တာကို အတင့်မရဲနဲ့နော် ... ကဲလည်း မကဲနဲ့ ... အထူးသဖြင့် အတာနဲ့ ဝါဝါခိုင် မောင်နှမရှေ့မှာ ... အဲ ... ကိုစိုးရဲ့ အိမ်လေးဆီကို မြသန္တာ လစ်ဘိုင်းလာမှာပါ ... ”

စိုးပြည့်စုံက ခေါင်းညိတ်ပြသည်၊

နန်းမူအေးသည် အတာနှင့် ဝါဝါခိုင်ကို အကြောင်းကြားပြီးနောက် နောက်ဖေးပေါက်မှဆင်းကာ အိမ်ရှေ့ခြံဝင်းထဲသို့ ပြန်လာရင်း ကားဂိုဒေါင်ဘေးတွင် ရပ်နေသော ဒရိုင်ဘာလူအောင်ရှိရာသို့ ရောက်သွားသည်။

“ဝေး ... ကိုလူအောင် ဘာတွေစဉ်းစားနေလဲ ... ”

“ဩော် ... နန်းအေးမူ ... နောက်ဖေးပေါက်က ထွက်လာတာလား ... ”



“ဟုတ်တယ် အတာနဲ့ မမဝါကို အကြောင်းကြားခဲ့ပြီး နောက်ဖေးပေါက်က ထွက်လာတာ ... ”

လူအောင်က နန်းအေးမူကို တွေ့သည်နှင့် သူမ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ နန်းအေးမူက ရုန်းဖယ်ခြင်း မပြုပါချေ။

“ကျွန်မ မေးချင်လို့ တမင်လာတာ ... မမမြက ယောကျ်ား ဧည့်သည်တစ်ယောက် ခေါ်လာပြန်ပြီ ... ဒီလူက အရင်တစ်ခါခေါ်လာတဲ့ ပုံစံမျိုးပဲလားဟင် ... ”

“အေး ... ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာ ... မြသန္တာ အရင်တစ်ခါ ယောကျ်ားမိတ်ဆွေတစ်ယောက် ခေါ်လာလို့ ပြဿနာတွေ ဖြစ်ခဲ့တယ် မဟုတ်လား ... ဒါပေမဲ့ အဲဒါတွေ ငါတို့နဲ့ မဆိုင်ဘူး ... သူဌေးမက သူ့ဟာသူ ကြည့်စီစဉ်လိမ့်မယ် ... အခု ငါနဲ့ ဆိုင်တာက ... ”

လူအောင်က နန်းအေးမူကို ဖက်လိုက်သည်။ နန်းအေးမူက ပတ်ဝန်းကျင်ကို ဝေ့လိုက်ကြည့်လိုက်ပြီး ပတ်ဝန်းကျင်တွင် စိတ်ချရသည့်မို့ မရုန်းဘဲ နေလိုက်သည်။

“ဟုတ်တယ်နော် ... မမမြခေါ်လာတဲ့ အရင်လူဟာ အင်းလျားကန်ထဲမှာ ရေနစ်သေ ... ”

နန်းအေးမူ၏ပါးစပ်ကို လူအောင်က လက်ဝါးဖြင့် ပိတ်လိုက်သည်။

“မပြောနဲ့ ... ပါးစပ်ပိတ်ထားလို့ ငါပြောထားသားနဲ့ ... မြသန္တာရဲ့ အရှုပ်ထဲ နင်ဝင်မပါစေနဲ့ ... မြသန္တာနဲ့ နင်နဲ့ဟာ မိန်းမချင်းတူပေမဲ့ လည်တာချင်း သိပ်ကွာတယ် ... မြသန္တာ

www.burmeseclassic.com

www.burmeseclassic.com



က မှတ်နေအောင်လည်သလောက် နင်က နှလုံးပိန်းတုံး ... နင် ဒုက္ခရောက်သွားမယ် ... ဘာမှ မပြောနဲ့ ပါးစပ်ပိတ်နေ"

"ဒါဆို ... ကိုလှအောင်လည်း ခမမြကီစွတွေမှာ ဝင်ခပါနဲ့ပေါ့ မမမြနဲ့ အရောမဝင်နဲ့ပေါ့ ... "

"ငါ့ကိုယ်ငါ သိတယ် ... မြသန္တာလည်သလောက်တော့ ငါက အပျော့ပဲ ... ငါ မြသန္တာကို အရောဝင်တာက ကီစွတစ်ခုကြောင့်ပါ ... အဲဒီကိစ္စပြီးသွားတာနဲ့ နင့်ကိုပဲ ငါလက်ထပ်မှာ ငါ့ဘဝမှာ နင်ကလွဲပြီး တခြားလက်ထပ်စရာ တစ်ယောက်မှ မရှိဘူးဆိုတာ နင်ယုံ ... "

"အင်းပေါ့လေ ... ဒါပေမဲ့ နင်ယုံဆိုတိုင်း ကျွန်မ မယုံဘူး ကျွန်မ စောင့်ကြည့်နေမယ် ... ကျွန်မတို့ဟာ သိပ်သစ္စာရှိတယ် ... သတ္တိလည်း သိပ်ရှိတယ် ... ရှင် ဖောက်လွှဲဖောက်ပြန်လုပ်ရင်တော့ ကျွန်မလက်က ပြေးနိုင်မှ လွတ်မယ်သာမှတ် ... အသေသတ်ပစ်မှာသိလား ... "

နန်းအေးမှု ရှန်းထွက်လိုက်သည်။

"ကဲ ... ကျွန်မသွားမယ် ... အိမ်ထဲမှာ လုပ်စရာတွေ အများကြီးပဲ ... ဒေါ်ကြီးဝိုင်းကလည်း ကိုလှအောင်ကို သိပ်သဘောမကျဘူး ... ရေပေါ်ဆီသိုကောင်တဲ့ ... ပေါ်ကြော့ကောင်တဲ့ ... အဲဒီလိုပြောတယ် ... "

ပြောပြောဆိုဆို နန်းအေးမှုက ထွက်သွားသည်။



[ ၆ ]

ဝါဝါခိုင် ဧည့်ခန်းထဲဝင်လာသည်ကို စိုးပြည့်စုံ ဆိုဖာမှာထိုင်ရင်း မော့ကြည့်သည်။

မြင်ရုံနှင့်ပင် ဝါဝါခိုင်လို အမျိုးသမီးသည် မြင်ရသူ မြင်ရုံနှင့် နှလုံးသားကြည်အေးစေသော ဥပမိရှိသူဟု မှတ်ချက်ပြုနိုင်သည်။

ဝါဝါခိုင်အား လှပါပေခြင်း၊ ချောပါပေခြင်း၊ ကိုယ်ခန္ဓာအချိုးကျ ကျော့ရှင်းပါပေခြင်းဟု ပြောရုံမက ဣန္ဒြေနှင့် သိက္ခာရှိပါပေခြင်းတို့ပါ ဖြည့်စွက်ရပေမည်။

အသက်မှာ မြသန္တာပြောထားသောကြောင့် အစိတ်ဟု သိရသော်လည်း (၂၂)၊ (၂၃)ပါဟု ပြောလည်း အငြင်းပွားစရာ မရှိနိုင်ပါပေ။

သို့သော် ကျောင်းသူဘဝက အဘယ်မျှ စာတွေကြိုးစားခဲ့သည် မသိ၊ ဒါမှမဟုတ် ယခုတိုင်လည်း စာအုပ်တွေဘယ်လောက်ဖတ်သလဲ မပြောတတ်၊ ဒီအသက်အရွယ်နှင့် မျက်မှန်တပ်

www.burmeseclassic.com

www.burmeseclassic.com



ထားသည်ကို တွေ့ရသည်၊ မျက်မှန်မှာ အဝေးရော အနီးရော ကြည့်နိုင်သည့် ဘိုင်ဖိုကယ်မှန်ဖြစ်သည်။ မှန်သားတွင် ဆီးနုရောင်ဖျော့ဖျော့ အရောင်လေးပါဝင်သည်။ မျက်မှန်ကိုင်းမှာ အညိုရင့် ကော်ကိုင်းရိုးရိုးသာဖြစ်ပါသည်။

မည်သို့ဆိုစေ မျက်မှန်တပ်ထားသည်က ပိုချော ပိုလှ၊ ပိုကျက်သရေရှိ၊ ပိုဣန္ဒြေရှိသည်ဟု ဆိုနိုင်လောက်သည်။

မျက်နှာတွင် မိတ်ကပ်လိမ်းထားခြင်း၊ ပေါင်ဒါတို့ထားခြင်းမျိုးမရှိဘဲ ပကတိမျက်နှာအတိုင်းရှိသည်။

အင်္ကျီမှာ တက်ထရွန်အပါးစား ရင်ဖုံးအင်္ကျီဝတ်ထားပြီး ထမီမှာလည်း မီးခိုးရောင် တက်ထရွန်ပြောင်ပင် ဖြစ်ပါ၏။ ထမီခါးစည်းကြောင်း ဘေးကျဉ်းသောခါးရှိမှန်း တွေ့ရသည်။

ဆံကေသာမှာ အထုံးအဖွဲ့မရှိ၊ နောက်ပိနောက်လှန် နဖူးပြင်ပေါ်သော ဆံပင်ပုံဖြစ်ပေသည်။

ဧည့်ခန်းထဲဝင်လာသည်နှင့် ဆီးနုရောင်မျက်မှန်အောက်မှ မျက်ဝန်းအစုံသည် စိုးပြည့်စုံအား ဘယ်လိုလူလဲဟု အကဲခတ်အကြည့်မျိုးဖြင့် ရဲရဲတင်းတင်းပင် ကြည့်ဝင်လာသည်။

စိုးပြည့်စုံကလည်း ပြန်လည်အကဲခတ်အကြည့်ဖြင့် ပြန်ကြည့်နေပါ၏။

ဣန္ဒြေရရပင် ဆိုဖာလွတ်တွင် ဝါဝါခိုင်ဝင်ထိုင်သည်၊ မြသန္တာက မိတ်ဆက်ပေးပါ၏။

"သြော် ... မဝါ ... ဒီပုဂ္ဂိုလ်က မြသန္တာရဲ့ လေးစားအပ်တဲ့ စာရေးဆရာ ကိုသစ္စာပါ ... အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် နေရာတစ်ခုမှာ ဝတ္ထုတစ်ပုဒ်ရေးချင်တယ်ပြောလို့



မြသန္တာက ဆရာ့ကို ဒီအိမ် ဒီနေရာကို ခေါ်လာတာပါ ... ဒီမယ် ဆရာ ... ဟောဒါ ဒီခိုင်ဂေဟာပိုင်ရှင် အတာရဲ့အစ်မ အရင်း ဒေါ်ဝါဝါခိုင်ပါ ..."

မိတ်ဆက်သုံးစံအတိုင်း ဝါဝါခိုင်က အသိအမှတ်ပြု ခေါင်းညိတ်ပြသလို စိုးပြည့်စုံကလည်း အပိုစကားတွေ ဘာမှမပြောဘဲ ပြန်လည်ခေါင်းညိတ် အသိအမှတ်ပြုလိုက်သည်။

ထိုစဉ်မှာပင် တိုက်အိမ်ကြီးအပေါ်ထပ်မှ ကျွန်းလှေကားကို တဒုန်းဒုန်းပြေးဆင်းလာသော အသံကြားရသဖြင့် အားလုံးလှမ်းကြည့်သည်၊

"မမမြ ပြန်လာပြီ ... ကို့သိပ်ချစ်တဲ့ မမမြပြန်လာပြီ ... မိုးရွာရင် မိုးရေချိုးမယ် ... မေမေလာရင် နို့စို့မယ် ... မမမြပြန်လာရင် ကစားမယ် ... ပျော်တယ် ... ပျော်တယ် ... သိပ်ပျော်တယ် ..."

အင်္ကျီမပါ ကလေးလူကြီး အတာဆိုသူမှန်း စိုးပြည့်စုံက သိလိုက်ပါ၏။

အတာက ပြေးလာသည်။ မြသန္တာက အတာကို ဆီးကြိုသည်။ ပြီး အတာနှင့် စိုးပြည့်စုံကို မြသန္တာက မိတ်ဆက်ပေးပြန်သည်။

"ဟော့ ... ကြည့်စမ်း အတာ ... အတာ့ကို မိတ်ဆက်ပေးမလို့ ... ဟောဒီအစ်ကိုက စာရေးဆရာ ကိုသစ္စာတဲ့ ..."

"စာရေးဆရာဆိုတာ ဘာလဲ မမမြ ... အတာ သူ့ကို မြင်လိုက်တာနဲ့ အမေရိကန်ရုပ်ရှင်ဇာတ်ကားထဲက ဇာတ်လိုက်မင်းသားထင်တာ ..."

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာက ဟက်ဟက်ပက်ပက်ကလေး သဘော ကျစွာ ရယ်မောလိုက်သည်။ ဝါဝါခိုင်ကလည်း မောင်လေးအတာ၏ စကားကို ပြုံးယောင်သမ်း ပြုံးလိုက်ပါသည်။

မြသန္တာက ညှော်စားပွဲအောက်အံမှ မဂ္ဂဇင်းစာအုပ်ကို ဆွဲထုတ်ပြီး စာမျက်နှာလှန်ကာ အတာ့ကို ပြလိုက်သည်။

"စာရေးဆရာဆိုတာ ... အဲဒီလို စာမျိုးကို ရေးတဲ့လူပဲ အတာ ... "

"ဒါဆိုရင် ... သူက သိပ်တော်တဲ့လူပဲနော် ... လောကကြီး မှာ ပျင်းစရာ အကောင်းဆုံးအလုပ်ကို လုပ်တဲ့လူပဲ ... အတာကတော့ စာရေးရတာနဲ့ စာဖတ်ရတာ အပျင်းဆုံးပဲ မမမြက အတင်းဖတ်ရမယ် ... ရေးရမယ်ဆိုလို့သာ အတာ ရေးရတာ ဖတ်ရတာ ... ဒါပေမဲ့ အတာက သူ့ကို ခင်လိုက် ပါ့မယ် ... အတာက မမမြနဲ့ မမဝါခင်တဲ့လူဆိုရင် ခင်လိုက် မှာပဲ ... မမမြနဲ့ မမဝါ မုန်းတဲ့လူကို အတာက မုန်းလိုက်မှာ ပဲ ... "

အတာ၏စကားကြောင့် စိုးပြည့်စုံက ဝါဝါခိုင်ကို လှမ်းကြည့်လိုက်မိသည်။

ဝါဝါခိုင်က သူ့မောင်လေးအတာကို ငေးကြည့်နေ ခိုက်နှင့် ကြုံရပါ၏။ သူမ၏ အတာကိုကြည့်သော အကြည့်တွင် ကရုဏာတွေ အရမ်းပါရှိနေသည်ကို စိုးပြည့်စုံတွေ့ရပေသည်။

မြသန္တာက အတာနှင့် ပြောဆိုပြီးနောက် ဝါဝါခိုင် ဘက်သို့ လှည့်ပြောလိုက်သည်။

"ဆရာကိုသစ္စာကို ခြံကြီးထဲက ပျဉ်ထောင်အိမ်လေးမှာ



ခဏထားပေးဖို့ မဝါ သဘောတူပါတယ်နော် ... အဲဒီမှာက စားပွဲတွေ ကုလားထိုင်တွေ တစ်ယောက်အိပ်ခုတင်တွေ အပြည့်အစုံရှိပြီးသားပဲ ... ကန်နဲ့လည်း နီးတယ် ... ပြတင်း ပေါက်တွေ ဖွင့်လိုက်ရင် လေကောင်းလေသန့်လည်း ရ တယ် ... ရှုခင်းတွေလည်း ကောင်းတယ်လေ ... "

ဝါဝါခိုင်က ဘာမှပြန်မပြောသေးမီ အတာက ဝင် ပြောလိုက်ပါ၏။

"ဟုတ်တယ် ... ဟုတ်တယ် ... မမမြပြောတာ ဟုတ်တယ် အဲဒီပျဉ်ထောင်အိမ်မှာ ဟိုတစ်လောက သေသွားတဲ့ မမမြ ရဲ့ မိတ်ဆွေဆိုတဲ့ လူတောင်နေသွားသေးတာပဲ ... ဒီဆရာ ကိုသစ္စာကိုလည်း အဲဒီခြံထဲက ပျဉ်ထောင်အိမ်မှာပဲ ထား လိုက်ပါ မမဝါ ... ဒါဆို ညကျရင် ဒီဆရာကိုသစ္စာက အတာ ရဲ့ အရုပ်တွေ လာခိုးလို့ မရတော့ဘူးလေ ... "

အတာ၏စကားကြောင့် စိုးပြည့်စုံက မြသန္တာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ အတာပြောသည့် စကားထဲတွင် ဟိုတစ်လောက ဒီပျဉ်ထောင်အိမ်လေးမှာနေတဲ့လူ သေသွားတယ် ဆိုသော စကားကြောင့် ဖြစ်ပါ၏။

မြသန္တာက ထိုင်ရာမှ ထလိုက်သည်။

သူမ၏ပုံစံမှာ အတာပြောလိုက်သောစကားကို လုံးဝ အရေးအတွက်ထဲ မထည့်ဘဲ ကလေးလူကြီးဦးနှောက်မို့ တွေ့ ကရာပြောသည်ဆိုသည့် သဘောသက်ဝင်စေပါ၏။

"ကဲ ... ဆရာ ... ပျဉ်ထောင်အိမ်လေးကို မြသန္တာလိုက်ပို့ ပေးမယ် ... ကဲ ... အတာလည်း အရုပ်တွေနဲ့ သွားပြန်

www.burmeseclassic.com

www.burmeseclassic.com



ဆော့တော့ ... မမမြ ခဏနေ အတော့ဆီကို လာခဲ့မယ် ... သွားတော့ ... "

မြသန္တာသည် သိပ်ပိုင်ပါ၏။ အတာက မြသန္တာတစ်



"ဝါဝါနိုင်ပဲပေါ့ ... တစ်ပတ်ကို သုံးလေးခါလောက် ရိုက်တယ် ဆင်ဝါရဲ့ ... သူ့မိတ်ဆွေလာတဲ့အခါ ရိုက်တာလေ"

"ဝါဝါနိုင့်မိတ်ဆွေက ဘယ်သူလဲ ... "

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



နှံ့သင်းနေသောကြောင့် မဝတ်မဖြစ် ဝတ်ရသော်လည်း သန့်သန့်ပြန့်ပြန့် ရှိပေသည်။

မိမိအိတ်ပုပ်ကြီးသွားသောကြောင့် နံနက်စာ ထမင်းလွတ်သွားသည်။ သူတို့ မိမိကို ထမင်းစားဖော့ လာခေါ်မည် ထင်ပါ၏။ အိပ်ပျော်ပြီး အိမ်လေးတံခါးပိတ်ထားသောကြောင့် နိုးမရ၊ ခေါ်မကြားဖြစ်သွားသည်ပဲ ဖြစ်ပေမည်။

ယခုအချိန်ရောက်မှ အိမ်ကြီးဆီသို့ သွားပြီး နံနက်စာထမင်းကျွေးပါဟု မပြောချင်တော့ပါ။

အိမ်လေးထဲတွင် စားစရာ ဘာဘာညာညာ တစ်ခုခု ရှာကြည့်မိသည်။ ဂျော်နီဝါကားအရက်ပုလင်းအသစ်မှလွဲပြီး ဘာစားစရာမျှ မရှိ။ စိုးပြည့်စုံသည် အရက်ပုလင်းသစ်ကို ဖွင့်မသောက်ပေ။

နဂိုကတည်းက စိုးပြည့်စုံ အရက်ကို ကြိုက်လှသည် မဟုတ်။ အပျော်သောက်ခြင်းမျှသာဖြစ်သည်။ ပြည်က အိမ်မှာလည်း ဖေဖေမေမေတို့နှင့်နေစဉ် လုံးဝအရက်မသောက်၊ သဘော်ပေါ်တွင်လည်း လုံးဝမသောက်။

ဒီအပြင်မှာတော့ အရက်ကို တမ်းတမ်းတတမရှိ။

ဒီလိုနှင့် ညနေ (၅)နာရီထိုးတွင် အိမ်လေး၏ဝရန်တာတွင် ထွက်ထိုင်နေစဉ် နန်းမူအေးရောက်လာသည်။

"အစ်ကို ... ထမင်းစားခေါ်ခိုင်းလို့ ..."

နန်းမူအေးနောက်မှ လိုက်လာခဲ့သည်။ သို့သော် နန်းမူအေးက နောက်ဖေးပေါက်မှဝင်သူမို့ စိုးပြည့်စုံက အိမ်ကြီး၏ ရှေ့ပေါက်မှပင် ဝင်ခဲ့သည်။



ညှော်ခန်းထဲတွင် မည်သူ့ကိုမျှ မတွေ့၊ စိုးပြည့်စုံ ယောင်ပေပေဖြစ်နေသည်။

"ဆရာကိုသစ္စာ ... ထမင်းစားခန်းကို ကြွပါ ..."

မြသန္တာ၏ခေါ်သံဖြစ်ပေသည်။ စိုးပြည့်စုံက ထမင်းစားခန်းဆီသို့ လာခဲ့သည်။

ထမင်းစားခန်းထဲရှိ ထမင်းစားပွဲကြီးမှာ ဆိုလည်း နှစ်ထပ်ပိုင်းစားပွဲကြီးဖြစ်သည်။ ထိုင်သော ကုလားထိုင်တွေသည် လက်တန်းမပါ၊ အထိုင်နှင့် ကျောမှီဆိုဖာတွေပင် ဖြစ်သည်။ ထည်ဝါခမ်းနားပါပေ၏။

ဝါဝါခိုင်၊ အတာနှင့် မြသန္တာတို့က ကုလားထိုင်အသီးသီးတွင် ထိုင်နေပြီးသားဖြစ်သည်။ ခြောက်ယောက်ထိုင် စားပွဲကြီးမို့ လွတ်နေသော ကုလားထိုင်တွင် စိုးပြည့်စုံဝင်ထိုင်လိုက်သည်။

စိုးပြည့်စုံ ငင်ထိုင်သည်နှင့် ဒေါ်ဝိုင်းက ထမင်းစားပန်းကန်ချပေးပြီး အုပ်ဆောင်းထဲမှ ထမင်းများထည့်ပေးသည်။

ဆန်အကောင်းစားမို့ ထမင်းနံ့မှာမွှေးကြိုင်နေသည်။

ဟင်းကျတော့ ဖွယ်ဖွယ်ရာရာ သိပ်မရှိ၊ အဓိကဟင်း ဝက်သားဟင်း ဖြစ်သည်၊ တရုတ်လို ပေါင်းသည်ခေါ်မလား၊ အင်္ဂလိပ်လို ရို့(စ်)ဟု ခေါ်မလား၊ ဝက်သားဟင်းမှာ အဖြူထည် ဆီပြန် နူးနပ်နေသည်။ ပဲပင်ပေါက်ပဲပြား ကြော်ထားသည်၊ ဝက်နံရိုးနှင့် မုန်ညင်းဟင်းချိုပါရှိသည်။ ငံပြာရည်ဆီသတ်ချက်၊ သခွားသီးစိတ် တို့စရာတို့ ဖြစ်လေသည်။

ဝါဝါခိုင်က အိမ်သားအများစား နေ့စဉ်ဟင်းကို အသိ ဓာချဲ့ခြင်းမျိုး ထားဟာန်မတူ၊ ချမ်းသာသည်က တခြား၊ စည်းကမ်း

www.burmeseclassic.com

www.burmeseclassic.com



ထားရှိသည်က တခြားဟု သတ်မှတ်ပုံရသည်။

ထမင်းစတင်စားတော့မည်ဆိုသည်နှင့်အိမ်ရှင်အကြီးအကဲ ဝါဝါခိုင်က ဟင်းများထားရှိသည့်စားပွဲခုံကို လှည့်ကာ ဝက်သားဟင်းပန်းကန်ထဲမှ ဇွန်းနှင့် အသားတစ်တုံးခပ်ယူကာ ဦးချသည့်သဘောဖြင့် စိုးပြည့်စုံ၏ ထမင်းပန်းကန်ထဲသို့ ထည့်ပေးရာ...

"ဟာ ... နေပါစေဗျာ ... "

ဟု စိုးပြည့်စုံက ပြောရင်း တစ်ကိုယ်လုံး ရှိန်းဖိန်းသွားပါ၏။

ဝါဝါခိုင်က စိုးပြည့်စုံပန်းကန်ထဲထည့်ပြီးနောက် သူမ၏ ပန်းကန်ထဲသို့ နှစ်သက်ရာ ဝက်သားဟင်းတုံးကို ခပ်ထည့်ပြီးဆုံလည်ကို မြသန္တာဘက်သို့ ပြန်လှည့်ပေးသည်။

"ဟော ... ဟော ... မမဝါက ကြည့် ... ဒေါက်တာဦးဖေကြိုင်နဲ့ ထမင်းစားတော့လည်း ဟင်းပန်းကန်က ဟင်းဖတ်ထည့်ပေးတယ် ... အခု ဒီစာရေးဆရာနဲ့ ထမင်းစားတော့လည်း ဟင်းဖတ်ထည့်ပေးတယ် ... ဟား ... ဟား ... "

အတာသည် ကလေးဦးနှောက်၊ ကလေးအမြင်ဖြင့် ကလေးတစ်ယောက်ပြောသလို ပြောချလိုက်သည်။

အတာပြောသည်ကို မြသန္တာက ရယ်ပါ၏။

မြသန္တာရယ်ပုံမှာ သရော်ကမော် သဏ္ဍာန်ပါရှိပါ၏။

ဝါဝါခိုင်က အတာကို မျက်လုံးပင့်ကြည့်လိုက်သည်။

"ဒီမှာ အတာ ... မမဝါဟာ ဖေဖေ မေမေတို့ မသေမီတုန်းက ထမင်းဝိုင်းမှာ အမြဲတမ်း ဖေဖေနဲ့ မေမေကို မမဝါတို့ မစားခင် အခုလို ဦးချတာ အတာ မှတ်မိဦးမှာပေါ့ ... ဘယ်



တော့မဆို ထမင်းဝိုင်းမှာ ကိုယ့်ထက်အသက်ကြီးတဲ့ ပုဂ္ဂိုလ်ပါလာရင် ... အဲဒီပုဂ္ဂိုလ်ကို ဦးချပြီးမှ စားရတယ် ... "

"ဟုတ်တယ် ... ဟုတ်တယ် ... အတာ မှတ်မိပြီ ... ထမင်းစားတိုင်း မမဝါက ဖေဖေနဲ့ မေမေရဲ့ ထမင်းပန်းကန်ထဲ ဟင်းဖတ်ထည့်ပြီးမှ စားတာ ... "

မြသန္တာက ရယ်မောရင်းပင် ...

"ဒါဆို ... အတာက မမမြထက် အသက်ပိုငယ်တယ် ... ကဲ ... မမမြကို ဦးချစမ်း ... "

"ဟာ ... သိပ်ချတာပေါ့ မမမြ ... "

အတာက ထိုင်ရာမှ ထပြီး ဝက်သားဟင်းပန်းကန်ကို ယူကာ မြသန္တာ၏ ထမင်းပန်းကန်ထဲသို့ ဟင်းဖတ်တွေထည့်ပေးပါ၏။

"ဟိုး ... ဟိုးဆရာ ဦးချတယ်ဆိုတာ စတိသဘောနည်းနည်းချရတာ ... ကြည့်စမ်း ... အတာ အခု မမမြကို ဦးချတာ ... ကျန်တဲ့ ဟင်းဖတ်တွေထဲက အကောင်းဆုံးတွေ ချပေးတယ် ... အတာက မမမြကို တအားကြီးမေတ္တာထားတယ်ထင်တယ် ... ဟဲ ... ဟဲ ... မေတ္တာတွေ ... မေတ္တာတွေ ... "

မြသန္တာ ပြောပုံမှာ အတာ့ကိုပြောသလိုလိုနှင့် ဝါဝါခိုင်ကို ထိကပါး ရိကပါး ပြောနေခြင်းဖြစ်ကောင်း ဖြစ်နိုင်ပါ၏။

ဝါဝါခိုင်က စိုးပြည့်စုံကို ဦးချသည်ကို ဝန်တိုခြင်းသာဖြစ်ပေမည်။ ဝါဝါခိုင်နှင့် စိုးပြည့်စုံ ခင်မင်သွားမည်ကို စိုးရိမ်သည်ထင်ပါ့။ မြသန္တာသည် စိုးပြည့်စုံကို ရင်ထဲက ချစ်နေပြီကိုး။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဝိုင်းရေ ... ထမင်းဝိုင်းမှာ အဘာသောင်းကျန်းတာနဲ့ ဝက်သားဟင်းတွေ တော်တော်ရှေ့သွားပြီ ... ထပ်ခပ်ထည့်ပါဦး ... "

မြသန္တာခိုင်းသည်ကို ဒေါ်ဝိုင်းက ကမျာကယာလည်း မရှိပေ။ ထမင်းဝိုင်းဘေးတွင် ရပ်မြဲ ရပ်နေရာမှ ဒေါ်ဝိုင်းသည် ဝါဝါခိုင်ကို လှမ်းကြည့်သည်။

ဝါဝါခိုင်က ခေါင်းညိတ်ပြလေမှ ဒေါ်ဝိုင်းက ဟင်းထပ်ဖြည့်ရန် ထွက်သွားသည်။

ဒါကို မြသန္တာက မကျေနပ်သောအကြည့်ဖြင့် ဒေါ်ဝိုင်းကို ကြည့်သည်။

"တစ်ပါးကျွန်မကြီး ... "

မြသန္တာပြောလိုက်သည်ကို စိုးပြည့်စုံလည်း ကြားသည်၊ ဝါဝါခိုင်လည်း ကြားလောက်သည်။

ဒေါ်ဝိုင်းက ဟင်းထပ်ဖြည့်ပေးသည်။

တကယ်တမ်းကျတော့ မြသန္တာရော၊ အဘာရော ထမင်းကို ဟုတ်တိပတ်တိ စားကြသည်မဟုတ်။

"ဒေါ်ဝိုင်း ... ကျွန်မကို နက်(စ်)ကော်ဖီဖျော်ပေးပါ ... ကျွန်မ ထမင်းစားမကောင်းလို့ ... "

ဒေါ်ဝိုင်းက ဝါဝါခိုင်ကို လှမ်းကြည့်ပြန်သည်။ မြသန္တာခိုင်းတိုင်း ချက်ချင်းမလုပ်။ မြသန္တာက ဒေါ်ဝိုင်းကို ဒေါသဖြင့် ပြောတော့သည်။

"ဘယ်လိုလဲ ဒေါ်ဝိုင်း ... ဒီအိမ်မှာ ကျွန်မ ကော်ဖီတစ်ခွက် သောက်ဖို့ဟာ အမိန့်ရမှ သောက်ရမှာလား ... "



ဒေါ်ဝိုင်းက ပြန်မပြော နားမထောင်ပုံစံဖြင့် ရပ်မြဲ ရပ်နေသည်။ ဝါဝါခိုင်ကိုသာ ကြည့်နေပါလေ၏။

"နက်(စ်)ကော်ဖီဖျော်ခဲ့ပါ ဒေါ်ဒေါ်ဝိုင်း ... ကြွေကရားနဲ့ပဲ ဖျော်ခဲ့ပါ ... အားလုံးသောက်ရတာပေါ့ ... "

ထိုအခါကျမှ ဒေါ်ဝိုင်းသည် ကော်ဖီဖျော်ရန် ထွက်သွားပေသည်။ မြသန္တာက အံကြိတ်ရင်း ဝါဝါခိုင်ကို ပြောလိုက် သည်။

"ဒီဂေဟာမှာ ဒေါ်ဝိုင်းကို အလုပ်ဖြုတ်ပစ်သင့်ပြီလို့ မြသန္တာ တင်ပြမယ် ... "

"ဘာလို့ ... "

"မဝါ သူ့အချိုးကို မြင်သားပဲ ... ဒီဂေဟာ မြသန္တာလာနေပေးတာ ... အတော့အတွက် သက်သက်ပါ ... မိသားစုစိတ်နဲ့ပါ ... လခယူရတာကတော့ မြသန္တာ တခြားမှာအလုပ်သွားချိန်မရလို့ ဈေးသုံးလေးဘာလေးယူရတဲ့ သဘောပါ ဒီဂေဟာမှာ ဒေါ်ဝိုင်းက မြသန္တာကို မလေးစားဘူး ... နန်းအေးမူလည်း ဒီအတိုင်းပဲ ... ဒရိုင်ဘာကိုလှအောင်ကလည်း မထီလေးစားနဲ့ ... "

"မြသန္တာက သူတို့လေးစားအောင်နေပေါ့ ... "

"အိုး ... မြသန္တာက သူတို့လေးစားအောင် ဘယ်လိုနေရမှာလဲ ... သူတို့ကိုယ်တိုင်ကမှ မလေးစားတာ ... ဘာမဆို မဝါရဲ့အမိန့်ရမှ လုပ်ကြတယ် ... "

"မဝါအမြင်မှာတော့ မြသန္တာခိုင်းတာ သူတို့အားလုံး လုပ်ပေးကြသားပဲ ... "

"အင်နဲ့အားနဲ့ စေတနာနဲ့ လုပ်ပေးတာမျိုးမှ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုခိုင်းခိုင်း ... မဝါကို ပြန်ကြည့်တယ် ... မဝါက ခေါင်းညိတ်ပြမှ သူတို့လုပ်ပေးတယ် ... အကောင်းဆုံးက တော့ သူတို့အားလုံးကို အလုပ်ဖြုတ်ပစ်ပြီး လူသစ်တွေ ခန့် သင့်တယ် ... အဆိုးဆုံးကတော့ ဒေါ်ဝိုင်းပဲ ... နန်းမူအေး နဲ့ ကိုလူအောင်ကမှ နည်းနည်းတော်သေးတယ် ... ဒေါ်ဝိုင်း က အရမ်းကို လူပါးဝတယ် ... အဲဒါ မဝါက သူ့ကိုမြှောက် စားထားလို့ ... "

"ဒီမယ် မြသန္တာ ... နည်းနည်းစကားကို ဆင်ခြင်ပြောစေ ချင်တယ် ... ခိုင်ဂေဟာမှာ သူတို့ဟာ လခစားတွေဆိုပေမဲ့ မဝါအနေနဲ့ သူတို့အားလုံးကို မိသားစုလို ဆက်ဆံတယ် ... ဒါဟာ မဝါရဲ့လက်ထက်ကျမှ မဟုတ်ဘူး ... ဖေဖေနဲ့ မေမေ ရှိစဉ်တုန်းကတည်းက ဒီပုံစံအတိုင်း ဆက်ဆံခဲ့တာ ... ဒေါ် ဒေါ်ဝိုင်းဆိုရင် ... မဝါရော အတာရော ငယ်စဉ်ကတည်းက ထိန်းကျောင်းခဲ့တာ ... သွေးသားအရင်းလို နေလာကြတာ ဒေါ်ဒေါ်ဝိုင်းဟာ မဝါရဲ့ အဒေါ်ရင်းတစ်ယောက်လို ဖြစ်နေ တာမို့ ... လုံးဝ အလုပ်မဖြုတ်နိုင်ဘူး ... "

"ဒါဆိုရင်တော့ ... မြသန္တာ အလုပ်သစ်တစ်ခုရှာရကောင်း မလားဆိုတာ စဉ်းစားသင့်ပြီထင်တယ် ... မြသန္တာအနေနဲ့ အတာ့ရဲ့အပေါ်မှာ ဘယ်လောက်စေတနာထားပြီး လုပ်ပေး ပေး အရာမှ မထင်တာ ... "

"မဝါအနေနဲ့ကတော့ မြသန္တာကို အလုပ်က ထွက်ပါလို့ လုံးဝမပြောဘူး ... အတာကိုနိုင်ဆုံးလည်း လိုက်လျောထား ပါတယ် ... ဒီကြားထဲကမှ မြသန္တာက မထောက်မညှာ



ထွက်သွားမယ်ဆိုလည်း အတာရဲ့ ကုသိုလ်ပေါ့ ... အဲ ... တစ်ခုတော့ရှိတယ် မြသန္တာ ... ကလေးစိတ်ဆိုတာ သူနှစ် သက်တဲ့ အရုပ်တစ်ခု ပျောက်သွားမယ် ... ပျက်စီးသွားမယ် ဆိုရင် ဖြန်းခနဲတော့ ငိုနေမှာပဲ ... ဒါပေမဲ့ ပျက်စီးသွားတဲ့ အရုပ်ဖြစ်စေ ... ပျောက်သွားတဲ့ အရုပ်ဖြစ်စေ အဲဒီ့အရုပ် ထက် ပိုကောင်း ... ပိုသာတဲ့ အရုပ်မျိုးကို ချက်ချင်းဝယ် ပေးလိုက်ရင် အရုပ်သစ်အပေါ်မှာ စိတ်ဝင်စားသွားမယ် ... စိတ်ပြောင်းသွားမယ် ... အငိုရပ်သွားမယ်လို့ မမဝါ စိတ်ပိုင်း ဆိုင်ရာအရ ကောက်ချက်ချတယ် ... အဲဒီ့တော့ မြသန္တာ ဖွဲ့ဖွဲ့မြဲမြဲကြီး မှတ်ထားဖို့က မမဝါကတော့ အရင်စပြီး မြ သန္တာကို အလုပ်မဖြုတ်ဘူး ... ဒါပေမဲ့ ကျန်တဲ့အပိုင်းက တော့ မြသန္တာရဲ့ သဘောအတိုင်းပဲလေ ... ",

တဲ ... မှတ်ကရော။

စိုးပြည့်စုံသည် ဝါဝါခိုင်အား လေးစားသောအကြည့် ဖြင့် ကြည့်မိပါ၏။

အမြင်အားဖြင့် ဝါဝါခိုင်သည် အရာရာတွင် နူးညံ့သိမ် မွေ့သည်၊ စကားကိုပင် ကျယ်ကျယ်လောင်လောင် မပြောတတ်၊ စိတ်ဓာတ်ပျော့ပျောင်းလွန်းသည်ဟု ယူဆနိုင်သည်။

သို့သော် ...

တကယ်တမ်းကျလျှင် ပြတ်သားကြောင်း၊ တိကျ ကြောင်း ယခု စိုးပြည့်စုံကိုယ်တိုင်မျက်မြင်တွေ့ရသည်။ ကြားရ သည်၊ ဝါဝါခိုင် စိတ်ဓာတ်မပျော့ကြောင်း သိလိုက်ရပါ၏။

ဒီလိုကျတော့ အလျော့ပေးသူမှာ မြသန္တာပင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ အလျှော့မပေးလျှင်လည်း မဖြစ်၊ မြသန္တာက အပိုင်စီးကြီးစည်နေသူဖြစ်သည်၊ ဤဂေဟာမှ လက်ချည်းသက်သက် ထွက်သွားရလျှင် သူမ၏အကြံအစည်အားလုံး ရေထဲပစ်လွှင့်သလိုဖြစ်သွားချေမည်။

"အင်းပေါ့လေ ... ခိုင်ဂေဟာမှာ မဝါက အိမ်ကြီးရှင်ပဲ ... မဝါရဲ့သဘောအတိုင်းပေါ့ ... မြသန္တာက အတာ့အပေါ်မှာ သံယောဇဉ် သိပ်ဖြစ်နေတော့ ဒီမှာပဲ ဆက်နေရမှာပေါ့"

ဝါဝါခိုင်က နောက်ထပ်မပြောပေ။

ထိုစဉ်မှာပင် ကော်ဖီသွားဖျော်နေသော ဒေါ်ပိုင်းပြန်ရောက်လာသည်။ လင်ပန်းတစ်ချပ်ပေါ်တွင် ကော်ဖီကြွေကရားလက်ဖက်ရည်ပန်းကန်လေးစုံ ထည့်ယူလာပြီး ထမင်းစားပွဲတွင် ချပေးလိုက်သည်။

မြသန္တာက ကော်ဖီငှဲ့နေစဉ်မှာပင် ဝါဝါခိုင်သည် ထမင်းစားပြီးသွားသည်မို့ ထိုင်ရာမှ ထသွားတော့သည်။

စိုးပြည့်စုံလည်း ဆာဆာနှင့် မနက်စာ၊ ညစာပေါင်းစားသလိုမို့ ထမင်းသုံးပန်းကန်မောက်မောက် စားလိုက်သဖြင့် ဗိုက်တင်းသွားပြီး ထမင်းဝိုင်းမှ ထသွားရန် ဟန်ပြင်လိုက်သည်။

"ဒါက ဘယ်လဲ ... နေဦးလေ ကိုစိုး ... ပြီးရင် အတာ့အရုပ်ခန်းထဲ သွားရအောင် ... အတာက သူ့အရုပ်တွေပြပြီး သိပ်ကြွားချင်နေတာ ..."

"မြသန္တာ ကော်ဖီကို အေးအေးဆေးဆေး သောက်ပါ ... ထမင်းမှ မစားနိုင်တာ ... ကိုယ်က ဗိုက်သိပ်တင်းသွား... အစာကြေအောင် အင်းလျားကန်စောင်းမှာ လေကော...



လေသန့် ရှူရင်း လမ်းလျှောက်လိုက်ဦးမယ် ..."

ပြောပြောဆိုဆို စိုးပြည့်စုံ ထမင်းစားခန်းမှ ထွက်ခဲ့သည်။ထမင်းစားခန်းဘေးပေါက်မှအပြင်သို့ထွက်လာခြင်းဖြစ်သည်။

မြသန္တာအဖို့ နက်(စ်)ကော်ဖီသောက်ချင်၍ ဖျော်ခိုင်းပြီး ရောက်ရှိလာမှ မသောက်ဘဲ စိုးပြည့်စုံနောက်သို့ လိုက်သွားရန် ခက်နေသောကြောင့် ဆက်ထိုင်နေရသည်။

စိုးပြည့်စုံသည် ပျဉ်ထောင်အိမ်ဘက်သို့ မပြန်လိုသေးပေ၊ ဘေးပေါက်မှ ထွက်ခဲ့ပြီး အင်းလျားကန်ဘက်သို့ သွားရန် ခြေလှမ်းလိုက်သည်။

"ဒီမယ် ... ဆရာကိုသစ္စာ ..."

ခေါ်သံကြားသဖြင့် စိုးပြည့်စုံကြည့်လိုက်သည်။ တိုက်အိမ်ကြီး၏ တစ်ဆစ်ချိုး ဟိုဘက်အကွယ်မှ ဝါဝါခိုင်က ခေါ်လိုက်ခြင်းဖြစ်နေသည်ကို တွေ့ရသည်။

"ဩ ... မဝါဝါခိုင် ..."

ဝါဝါခိုင်ရှိရာသို့ စိုးပြည့်စုံ လျှောက်လာပြီး သုံးလေးပေအကွာတွင် ရပ်လိုက်သည်။

"ဆရာကိုသစ္စာကို ကျွန်မ မေးစရာရှိလို့ ... နောက်ပြီး ပြောစရာလည်း ရှိလို့ ..."

"မေးစရာရှိ မေး ... ပြောစရာရှိ ပြောပါ ..."

"မှန်တဲ့အတိုင်း ဖြေစေချင်ပါတယ် ... အခု ဆရာ ခိုင်ဂေဟာကို လိုက်လာတာ ... ဘာလို့ လိုက်လာတာလဲဆိုတာ မေးချင်တာပါ ..."

စိုးပြည့်စုံအဖို့ ဝါဝါခိုင်အား အမှန်အတိုင်း မဖြေခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော မေးခွန်းဖြစ်နေပါ၏။

"စာရေးဖို့ရယ် ... အနားယူဖို့ရယ်လေ ... အဲဒီ့လိုပဲ မြသန္တာ က ပြောထားတယ် မဟုတ်လား ..."

ဝါဝါခိုင်က စိုးပြည့်စုံ၏ တစ်ကိုယ်လုံးကို ဦးခေါင်း မျက်နှာမှ ခြေဖမိုးအထိ စိုက်ကြည့်သည်၊ ပြီးမှ ပြောချလိုက်သည်။

"ရှင် ... ခိုင်ဂေဟာက အမြန်ဆုံးထွက်သွားပါလို့ ပြောချင်တာပါ ..."

"ဗျာ ..."

"ရှင် ... ဒီက အမြန်ဆုံးထွက်သွားလေ ... ရှင့်အတွက် ကောင်းလေ ဖြစ်မှာပါ ..."

"ဘယ်လိုများပါလိမ့် မဝါဝါခိုင် ... ကျွန်တော် ဒီခြံထဲမှာနေတာဟာ ... မဝါဝါခိုင်အတွက် ကြီးစွာသော အနှောင့်အယှက်ကြီး ဖြစ်နေလို့လား ..."

"ခိုင်ဂေဟာမှာ ဘယ်သူစိမ်းယောကျ်ားတစ်ယောက်ကိုမှ မထားချင်လို့ပဲ ဆရာ ... အထူးသဖြင့် မြသန္တာနဲ့ ပတ်သက်လာတဲ့ သူစိမ်းယောကျ်ားညှို့သည်တွေကို ... ကျွန်မ အကြောက်ဆုံးပဲ ..."

"ဘာလို့မြသန္တာနဲ့ပတ်သက်လာရင်ကြောက်တာလဲမဝါဝါခိုင်"

"နောက်ပိုင်းမှာ ကြီးမားတဲ့ ပြဿနာတွေ ပေါ်လာတတ်လို့ပဲ ..."

"ကျွန်တော်ကတော့ မြသန္တာနဲ့ ပတ်သက်ပြီး ရောက်လာပေမဲ့ ... မဝါဝါခိုင်တို့အပေါ်မှာ ဘာပြဿနာမှ မပေါ်စေရပါဘူးဗျာ ... အခု နှစ်ရက်တန်သည် သုံးရက်တန်သည်အတွင်း



မှာ ဒီခိုင်ဂေဟာကလွဲပြီး ... တခြားမှာ နေလို့မရတဲ့ အခြေအနေ တစ်ခုကြောင့်ပါ ..."

"အို ... ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာ ... ဆရာကိုသစ္စာ ခိုင်ဂေဟာက ထွက်သွားပါ ... အခုချက်ချင်း ထွက်သွားရင် အကောင်းဆုံးပဲ ဆရာ ..."

ထိုစဉ်မှာပင် ...

အလွန်လျင်သော မြသန္တာ ဘွားခနဲ အနီးသို့ ရောက်လာတော့သည်။

"အသယ်ယိ ... သွက်လှချည်လား ဆရာကိုသစ္စာ ... ဘယ်အချိန်ကများ ဆရာက မဝါဝါခိုင်နဲ့ အချိန်းအချက်ပြုပြီး ဒီနေရာမှာ လာကြည်နေတာလဲ ... ဒါကြောင့် နှစ်ယောက်စလုံး နက်(စ်)ကော်ဖီတောင် သောက်မသွားကြတာကိုး"

ဝါဝါခိုင်သည် မြသန္တာ၏ ကရော်ကမဲ့မော် စွတ်တင်ပြောနေသည်ကို တစ်စက်လေးမှ ဂရုမစိုက်ပျက်သွားခြင်း မရှိ၊ ရှိုးတိုးရှန့်တန်းလည်း ဖြစ်မသွား။ နဂိုပကတိ တည်ကြည်စွာရှိသည့်အတိုင်းပင် မြသန္တာအနီးသို့ တိုးကပ်သွားသည်။

"မှတ်ထားပါ မြသန္တာ ... ဝါဝါခိုင်ဆိုတဲ့ မိန်းမဟာ အခုချိန်ထိ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ မကြည်သေးဘူးလို့ ဝါဝါခိုင် ကြည်သွားပြီဆိုလည်း ပျဉ်ထောင်အိမ်လေးမှာထားပြီး ခိုးကြောင်ခိုးဝှက် အလစ်ချောင်းပြီး တွေ့စရာမလိုဘူး တစ်ခါတည်း အိမ်ကြီးပေါ် ပြောင်တင်ပြီး ကြည်ပစ်လိုက်မယ် မှတ်ထား ... အခု ဆရာကိုသစ္စာကို ဝါဝါခိုင်က အပြတ်ပြောနေတာ ... ဆရာကိုသစ္စာ ခိုင်ဂေဟာက အမြန်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



အခုချက်ချင်း ထွက်သွားပါလို့ ... "

"အိုး ... ဒါဆိုရင်တော့ မဝါက စည်းပိုင်းထဲဝင်ပြီး ပယောဂ ပူးတာပဲ ... ဆရာကိုသစ္စာဟာ မြသန္တာရဲ့ ညှို့သည် ... မြသန္တာရဲ့ မိတ်ဆွေပါ ... သူ့ကို မဝါနှင်ထုတ်တာ စည်းဖောက်တာ ... စည်းကျော်တာ ... "

"မဝါ စည်းမဖောက်ချင်လို့ စည်းပိုင်းအပြင်ကနေပြီး ... ဆရာ ကိုသစ္စာကို မဝါကိုယ်တိုင် နှင်ထုတ်နေတာ ... တကယ်တမ်း စည်းဖောက် စည်းကျော်မယ်ဆိုရင် ... ကိုယ်တိုင်ပြောဖို့တောင် မလိုဘူး ... မြသန္တာကို ဒီလူမလိုချင်ဘူး နှင်ထုတ်လိုက်လို့ ပြောလိုက်ရုံပဲ ... အဲဒီအခါကျတော့ မဝါ စည်းဖောက်လို့ မြသန္တာပါ ဆရာကိုသစ္စာနောက် လိုက်သွားချင်လိုက်သွားပေါ့ ကဲ မဝါပြောတာ ရှင်းရဲ့လား မြသန္တာ"

ပြောပြီးသည်နှင့် ဝါဝါခိုင် ထွက်သွားသည်။ အိမ်ကြီးထဲသို့ ပြန်ဝင်သွားသည်။

မြသန္တာ တွေဝေစွာ ရပ်နေသေးသည်၊ ပြီးမှ ...

"လာပါ ကိုစိုး ... ဒီအဘွားအိုပေါက်စ ပြောသွားတာတွေကို ဒီဘက်နားက ဝင်ပြီး ... ဟိုဘက်နားက ထွက်သွားလိုက်ပါ လာ ... အခု ... အတာရဲ့ အရုပ်ခန်းကို သွားကြရအောင်"

"အဲဒီ ရှုပေါ်ပေါ်အလုပ်ကို တို့မလုပ်ချင်ဆုံးပဲ မြသန္တာ ... လုံးဝ စိတ်ဝင်စားလို့ မရဘူး ... "

"ဘာလဲ ... ကိုစိုး လုံးလုံးကြီး စိတ်ဝင်စားနေတာက ခုန အဘွားအိုပေါက်စ ဝါဝါခိုင်ကိုလား ... "

စိုးပြည့်စုံက မြသန္တာကို မကြည့်ဘဲ အေးဆေးစွာပင် ပြန်ပြောလိုက်သည်။



"ဝန်ခံရမယ်ဆိုရင်တော့ ... ဝါဝါခိုင်အကြောင်း တွေးမိတာ အမှန်ပဲ မြသန္တာ ... "

"တွေးလေ ... တွေးပေါ့ ... တွေးရုံတွေးတာ အသားလည်း ပွန်းပါ မသွားဘူး ... ပိုက်ဆံလည်း မပေးရဘူး ... ကဲ ... အဘွားကြီးအိုပေါက်စအကြောင်း ဘာတွေတွေးမိလဲ ... ပြောစမ်းပါဦး ... "

"ဝါဝါခိုင်ရဲ့ စိတ်နေသဘောထားနဲ့ စိတ်ဓာတ်ဟာ ချီးကျူးစရာပဲ ... မာရင် သံချောင်း ... ပျော့ရင် ဖယောင်းမျိုး ... မပြီဆိုရင် ကျောက်မီးသွေး ... ဖြူပြီဆိုရင် နှင်းပွင့်နှင်းခဲ ဒါပေမဲ့ စိတ်သဘောထားကတော့ တည်ကြည်ပြီး စိတ်ရင်းကောင်းပုံပဲ ... "

"တင်စားလှချည်လား ... ကိုစိုး"

"ဖြစ်သားတာရယ် ... သတ္တိရှိတာရယ် ... ကိုယ့်မျက်မြင်မို့ ပြောနေတာပါ ... "

"ကဲ ... ဝါဝါခိုင်ကို ချီးမွမ်းလို့ပြီးပြီဆိုရင် လာ ... လိုက်ခဲ့ အတာရဲ့ အရုပ်ခန်းထဲ သွားရအောင် ... အဲဒီမှာ အတာ စောင့်နေတယ် ... "

မြသန္တာအား လက်တလောအခြေအနေအရ လိုက်လျောသင့်သည်ကို လိုက်လျောရမည်မို့ အတာ၏အရုပ်ခန်းသို့ စိုးပြည့်စုံ လိုက်ခဲ့သည်။

အတာ၏ ကစားခန်းဆိုသည်မှာ ပေနှစ်ဆယ်ပတ်လည်ရှိသည်။ ကစားစရာ အရုပ်တွေကလည်း စုံမှ စုံ။

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ခန်းအရောက်တွင် အတာသည် ပျံ့သန်းနေသော လေယာဉ်ငယ်လေးကို ရိမုကွန်ထရိုးနှင့် အခန်းပတ်လည် ပျံ့သန်းနေသည်။

အတာက သူ့အရုပ်တွေကို တစ်ခုပြီးတစ်ခု ပြသသည်။ ပြီး လက်ချာဆရာ ပါမောက္ခကြီးပုံစံနှင့် သူ့အရုပ်တွေ၏ အာနိသင်တွေကို ပြောပြသည်။

ဩော် ... လူကောင်က ကျားကိုးစီးစားနိုင်လောက်အောင် ကြီးထွားသော်လည်း ဦးနှောက်ကတော့ တကယ့် ကလေးဦးနှောက်ပါလား။

ဒီကြားထဲကပင် မြသန္တာက အစွမ်းပြပြန်လေသည်။

"ကိုစိုး ... ဒီမှာကြည့် ... "

"ဝိုး ... ဒုတ် ... "

အခန်းနံရံတွင် စက်ဝိုင်းကပ်ထားသည်။ မြသန္တာက မြားတစ်စင်းဖြင့် နံရံကပ် စက်ဝိုင်းဘုတ်သို့ လှမ်းပစ်ပေါက်လိုက်ရာ မြားသည် စက်ဝိုင်း၏ဗဟိုချက် ဘူး(လ်)အိုင်းအလယ်တည့်တည့် အမည်းဝိုင်းလေးတွင် ဝိုးခနဲ ဒုတ်ခနဲ စိုက်ဝင်သွားသည်ကို တွေ့ရပေသည်။ (၁၅)ပေအကွာလောက်မှ ပေါက်လိုက်ခြင်းဖြစ်သည်။

"အားပါး မြသန္တာက မြားပေါက်တကယ်ကျွမ်းတာပဲ ဗဟိုချက်ဘူး(လ်)အိုင်းကို တစ်ချက်တည်း ဝင်စိုက်သွားတယ်"

"အလေ့အကျင့်ပေါ့ ကိုစိုးရယ် ... ဒါကျတော့ မြသန္တာကိုယ်တိုင် ကလေးစိတ်ပေါက်သလား မပြောတတ်ဘူး ... မြားပစ်သိပ်ဝါသနာပါတယ် ... နေ့တိုင်း ဒီအခန်းထဲမှာ အတာနဲ့ဆော့ရင်း မြသန္တာ အမြဲမြားပစ်တယ် ... ဒါကလည်း ဒီခိုင်



ဂေဟာရောက်မှ ဒီမြားပစ်တာမှ မဟုတ်တာ ... တောင်ကြီးက မမမိုးနဲ့ ကိုခွန်နောင်းအိမ်မှာကတည်းက မြားပစ်ခဲ့တာလေ ... "

"တောင်ကြီးမှာကတည်းကနော် ... "

"အင်းလေ ... တောင်ကြီးမှာ ခဲအို ကိုခွန်နောင်းနဲ့ မမမိုးတို့ လင်မယားရှိတယ်ဆိုတာ ကိုစိုးကို မြသန္တာပြောခဲ့တာပဲ ကိုခွန်နောင်းကလည်း မြားပေါက်ဝါသနာပါတယ် ... တစ်ခါတလေ ကိုခွန်နောင်းနဲ့ အတူတူ တောထဲမှာ အမဲလိုက်တာတောင် မြသန္တာ လိုက်သွားတာ ... "

"ဩ တောထဲကိုတောင် ခဲအိုနဲ့ အတူ အမဲလိုက်သတဲ့လား"

"ဒါပေါ့ အမဲလိုက်ရတာ ... သိပ်ပျော်စရာကောင်းတယ် ... မုဆိုးနဲ့ သားကောင် ဉာဏ်ချင်းပြိုင်ရတယ် ... လှုပ်ရှားမှု အသွက်အလက်ချင်း ပြိုင်ရတယ် ... ရုတ်တရက် ဖြတ်ထိုး ဉာဏ်သုံးရတယ် ... အရမ်းပျော်ဖို့ကောင်းတယ် ကိုစိုး ... ဒါပေမဲ့ နောက်ဆုံးမှာတော့ မမမိုးက ပူညံပူညံလုပ်လာလို့ ကိုခွန်နောင်း အမဲပစ်ရာကို မြသန္တာ မလိုက်တော့ပါဘူး"

စိုးပြည့်စုံသည် နားထောင်ရင်း အတာ့ကို လှမ်းကြည့်လိုက်သည်။ အတာသည် ငါးပေခန့် အချင်းစက်ဝိုင်းရှိသည့် မီးရထားသံလမ်းပေါ်တွင် ပြေးနေသော မီးရထားလေးနှင့် ဆော့ကစားနေလေသည်။

မီးရထားပတ်ပြေးရာ လမ်းတွင် ဘူတာရုံလေးတွေပါရှိသည်။ ဖြတ်သန်းသွားရာသံလမ်းတွင် လိုဏ်ဂူလေးလည်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တွင် သူသည် တကယ်တော်ပေသည်။

မီးရထား ဘူတာအနီးသို့ရောက်သည်နှင့် သူ့အလိုလို ဥဩပေးသံ သုံးချက်ထွက်ပေါ်လာသည်။ ဘူတာတွင် သူ့ဟာသူ ရပ်သည်။ သုံးစက္ကန့်လောက်နားပြီး မီးရထား သူ့အလိုလို ဥဩသံပေးကာ ပြန်ထွက်သည်။ လိုဏ်ဂူထဲ မီးရထားဝင်တော့မည်ဆိုလည်း မီးရထားခေါင်းတွဲ၏ ရှေ့မီးအလိုလိုလင်းလာသည်။ လိုဏ်ဂူထဲမှ ထွက်သည်နှင့် အလိုလို မီးပိတ်သွားသည်။

အတာက မီးရထားမောင်းနေသည်ကို စိုက်ကြည့်ကာ မေးစေ့ကို လက်ညှိုးထောက်ပြီး စဉ်းစားဟန်ပြုသည်။ ပြီး သူ့ဟာသူ ပြန်၍ မေးခွန်းထုတ်သံထွက်လာသည်။

"ဘာလို့ ဥဩသံမြည်တာလဲ ..."

"ဘူတာမှာ ဘာလို့ရပ်တာလဲ ..."

"လိုဏ်ဂူထဲဝင်ရင် ဘာလို့ မီးလင်းတာလဲ ..."

ကလေးလူကြီးအသက်နှစ်ဆယ်အရွယ်က ငါးနှစ်သား ဦးနှောက်ရှင် အတာသည် မီးရထားကို ကောက်ယူကာ အပေါ်သို့ မြှောက်ကြည့်လိုက်သည်။ နောက်ပြီး ဝက်အူလှည့်၊ ပလာယာတို့ကို ကောက်ကိုင်လိုက်သည်။

မီးရထားကို ရင်ခွဲပြီး အတာ ရှုစမ်းပေတော့မည်။

စိုးပြည့်စုံသည် သိန်းဂဏန်းနှားကပ်နေအောင် တန်ဖိုးပေးရသော မီးရထားလေး ခန္ဓာကြွေပျက်စီးတော့မည်ကို မကြည့်ရက်သဖြင့် မြသန္တာဘက်သို့ မျက်နှာပြန်လှဲလိုက်သည်။

ပြီး ... မြသန္တာကို မေးခွန်းမေးလိုက်သည်။

"မြသန္တာနဲ့ ကိုခွန်နောင်းကို တောင်ကြီးအိမ်မှာပြိုင်ပြီး မြင်း



ပေါက်ကျတုန်းက အလောင်းအစားနဲ့ ပေါက်တာလား"

"ဒါပေါ့ ... ပြိုင်ပွဲဆိုတာ လောင်းကြေးပါရစမြဲ မဟုတ်လား"

"ဘယ်လို လောင်းကြေးလဲ ... ကိုခွန်နောင်းက သိပ်ချမ်းသာတဲ့လူပဲ ... မြသန္တာက မှိုခိုပဲဟာ ... ဘယ်လိုလောင်းကြေးထပ်သလဲ ..."

မြသန္တာက မဖြေမီ ရယ်ပါသေးသည်။

"မြသန္တာက မြားတစ်ချက်နိုင်ရင် ... ကိုခွန်နောင်းက လောင်းကြေးငွေ တစ်ထောင်ပေးရတယ် ..."

"အဲဒီလို မြားပေါက်လောင်းနေတာကို မြသန္တာရဲ့အစ်မ မမမိုးက လာမကြည့်ဘူးလား ..."

"ပထမတော့ လာမကြည့်ဘူး ... နောက်ကြာတော့ ရိပ်မိတယ် ထင်ပါရဲ့ ... မမမိုး လာထိုင်ကြည့်တယ် ... မမမိုး လာထိုင်ကြည့်ကတည်းက ကိုခွန်နောင်းက မြားပေါက်တမ်း မကစားတော့ဘူး ... အမဲပဲလိုက်တော့တယ် ..."

"ဪ ... မြသန္တာတကော ..."

"ကိုခွန်နောင်းနဲ့ပဲ အမဲလိုက်တာကို လိုက်သွားတာပေါ့"

"ဒါကျတော့ မမမိုးက ခွင့်ပြုလား ..."

"ဩော် ... ကိုစိုးရယ် ... မမမိုးကသာ ခွင့်ပြုရင် မြသန္တာ တောင်ကြီးအိမ်ကနေပြီး ရန်ကုန်ကို တစ်ယောက်တည်း ဘာလာစရာလိုတော့မှာလဲ ..."

ပြောပြောဆိုဆို မြသန္တာက မြားတစ်စင်းယူပြီး ချိန်ဝင် မချိန်ခဲ့ဘဲ စက်ဝိုင်းဆီသို့ ပစ်ပေါက်လိုက်သည်။

ဘူး(လ်)အိုင်းအလည် ဗဟိုချက်မှာပင် မြားစိုက်ဝင်

www.burmeseclassic.com

www.burmeseclassic.com



သွားပါလေ၏။

"ကဲ ... လာ ... ကိုစိုးနဲ့ မြသန္တာ ပြိုင်ပေါက်မယ်လေ ..."

"မလုပ်လိုက်ပါနဲ့ မြသန္တာ ... ကျုပ်မှာ ကိုခွန်နောင်းလို တစ်ချက်ကို တစ်ထောင်ပေးစရာ ငွေပါမလာခဲ့ပါဘူးဗျာ"

"မလိုပါဘူး ..."

"ဒါဆိုရင်တော့ ဖြစ်ပါတယ် ..."

"ကဲ ... ကိုစိုး ... အရင်ပေါက် ..."

စိုးပြည့်စုံက မြားတစ်စင်းကောက်ယူပြီး ဗိုး ... ဒေါက် ... ပစ်ပေါက်လိုက်သည်။

"အယ် ... ကြည့်စမ်း ... ဘူး(လ်)အိုင်းကို တည့်တည့်ကြီးကို စိုက်ဝင်သွားတယ် ..."

စိုးပြည့်စုံတွင် အလေ့အကျင့်ရှိခဲ့ပါ၏။ သဘော်သပေါ်ရှိ ကစားခန်းပလေးရွမ်းမှာရော၊ ငယ်စဉ်ကျောင်းသားဘဝကရော၊ မြားပေါက်အလေ့အကျင့်တွေ ရှိပြီးသားပါပေ။

"ကဲ ... မြသန္တာပေါက်ရမဲ့ ... အလှည့်လေ ..."

မြသန္တာက မြားတစ်စင်းကောက်ယူပြီး ပေါက်လိုက်လေသည်။

"ဟာ ... ကြည့် ... ကပ်လွဲသွားတယ် ..."

ဟု သူမဘာသာ ပြောလိုက်ပါ၏။

စိုးပြည့်စုံသည် အင်းလျားကန်ဘက်ကို ဆက်လျှောက်လာခဲ့ပေတော့သည်။



[ ၈ ]

မှောင်ရိပ်ပျိုးလေမှ အင်းလျားကန်စောင်းတွင် ထိုင်နေရာမှ ထပြီး ပျဉ်ထောင်အိမ်လေးဆီသို့ ပြန်လျှောက်လာခဲ့သည်။

ပျဉ်ထောင်အိမ်လေး၏ တံခါးမှာ အပြင်မှ ဂျက်ချပြီး ပြန်ပိတ်သည်နှင့် သော့ကျပြီး သော့ခတ်ပြီးသား ဘုသီးလှည့်တံခါး ဖြစ်သည်။ ယခု မိမိတွင် ဆောင်ထားသော သော့ချောင်းဖြင့် တံခါးကို ဖွင့်လိုက်သည်။

"မီးကြီးမဖွင့်နဲ့ ကိုစိုး ... ဒီက စားပွဲတင်မီးအိမ်လေးကို ဖွင့်ပေးမယ် ... တံခါးပြန်ပိတ်ထားလေ ..."

ခုတင်ဘေး စားပွဲပေါ်ရှိ အုပ်ဆောင်းအုပ်မီးလုံးလေး လင်းလာသည်။ စိုးပြည့်စုံက တံခါးကို ကျောနှင့် ဖိပိတ်ပြီး သော့ချက်နှိပ်လိုက်သည်။ ပြီး နွေးကွေးသော ခြေလှမ်းများဖြင့် လျှောက်လာကာ ခုတင်ဘေး စားပွဲမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

မြသန္တာက စိုးပြည့်စုံထိုင်ရာဘက်သို့ ခုတင်ပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တစောင်းလှည့်ပြီး စိုးပြည့်စုံကို စိုက်ကြည့်သည်။

"သူကြည့်ရတာ တစ်မျိုးဖြစ်နေတယ် ... ဘာလဲ ... မြသန္တာကို စိတ်ကောက်နေသလားဟင် ..."

စိုးပြည့်စုံက မဖြေပေ။

"ဒါမှမဟုတ် ... ဟိုအဘွားကြီးအိုပေါက်စကို သူစိတ်ဝင်စားပြီး သူ့အကြောင်းတွေ တွေးနေတာလား ..."

စိုးပြည့်စုံ ဦးခေါင်းထဲသို့ ဖျတ်ခနဲ စိတ်ကူးတစ်ခု ဝင်ရောက်လာသည်။ မိမိအဖို့ မြသန္တာထံမှ အကူအညီလိုအပ်နေသည်။ ပြီး မြသန္တာထံမှ ဝါဝါခိုင်နှင့်ပတ်သက်ပြီး စိုးပြည့်စုံ သိချင်နေသော အကြောင်းအရာတွေရှိနေသည်။

မြသန္တာ စိတ်လက်ကြည်သာမှ အကူအညီတောင်းခံ၍ ရမည်။ ပြီး ... ကိုယ်မေးချင်တာကို ကြည်ကြည်သာသာ ဖြေပေမည်။ မြသန္တာကို ဆန့်ကျင်ဘက် ဖွတ်လုပ်၍ မရနိုင်မှန်း စိုးပြည့်စုံ ကောင်းကောင်း သိပါ၏။ ပထမ သူမ၏အကြိုက်ကို မိမိက ပေးရမည်သာ။

"မြသန္တာကို တို့က ဘာလို့ စိတ်ကောက်ရမှာလဲ ... မြသန္တာရဲ့ ကျေးဇူးကြောင့် ဒီမှာ လုံလုံခြုံခြုံ နေကောက်နေတာပဲဟာ ဒါပေမဲ့ပေါ့ကွာ ... ညနေစောင်းက ဝါဝါခိုင်က ကိုယ့်ကို အပြတ်နှင်ထုတ်ခံရတာကိုတော့ ... ကိုယ်စိတ်မကောင်းဘူး ..."

"အလကား ... မိန်းမကြီးပါ ကိုစိုး ... တကယ်လို့များ ကိုစိုးက ဒီမိန်းမကို စိတ်ဝင်စားမိတယ်ဆိုရင်တော့ ... အဲဒါကို အမြစ်က ဖြတ်လိုက် ကိုစိုး ..."



"စိတ်ဝင်စားတယ်တော့ မဟုတ်ဘူး ... ဒါပေမဲ့ လူဆိုတာ ကိုယ်နဲ့ ပတ်သက်လာတဲ့သူအကြောင်းကိုတော့ တွေးမိတဲ့ သဘောပါ မြသန္တာ ... ဝါဝါခိုင်က ထမင်းဝိုင်းမှာ ကိုယ့်ကို ဦးချတယ် ... ထမင်းစားပြီးတဲ့နောက် တို့ကိုစောင့်တွေ့ပြီး ဒီအိမ်ကြီး ခြံကြီးထဲက အပြတ်နှင်ထုတ်တယ် ... အဲဒီလို ပတ်သက်တာမို့ တို့စိတ်ထဲမှာ ကသိကအောက်ဖြစ်သွားပြီး သူ့အကြောင်း တွေးမိတာပါ ..."

"မတွေးနဲ့ ... စိတ်မဝင်စားနဲ့ ... တွေးရင် စိတ်ဝင်စားရင် ကိုစိုး မောသွားမယ် ... နာသွားမယ် ... ဝါဝါခိုင်ဟာ ရုပ်ချောတယ် ... ခန္ဓာကိုယ် ကျစ်လျစ်ကျော့ရှင်းပြီး အချိုးအစားကျတယ် ... ငွေကြေးချမ်းသာလိုက်တာလည်း မပြောနဲ့တော့ ... ပညာဆိုလည်း တက္ကသိုလ်က ဘွဲ့ရလားပြီးသား ... ဝါဝါခိုင်ကို အမျိုးသားတစ်ရာမှာ တစ်ရာလုံး ရာနှုန်းပြည့် သဘောကျသူတွေချည်းပဲ ... အဲဒီရာခိုင်နှုန်းထဲမှာ ကိုစိုးက တစ်ယောက်အပါအဝင်ဆိုရင် မပါဝင်လေနဲ့ အောက်တန်း နောက်ဆုတ်လိုက်လို့ မြသန္တာက ပြောတာ"

"ဟုတ်ပါ့မလား ... ဒေါက်တာဖေကြိုင်ကျတော့ ဝါဝါခိုင်က ဟင်းဖတ်ဦးချပေးနေတယ်လို့ အတာပြောတာကို ကိုယ်ကြားသားပဲ ... အခုချိန်ထိလည်း ဒေါက်တာ ဖေကြိုင်က အိမ်ကို ဝင်ထွက်ချင်သလို ဝင်ထွက်ခွင့်ရသူဆို ..."

"အဲဒါက ဒီလိုလေ ... ဒေါက်တာဖေကြိုင်ရဲ့ မိဘတွေနဲ့ ဝါဝါခိုင်ရဲ့ မိဘတွေဟာ ... ခင်မင်ကြသူတွေ ... လူကြီးချင်း သဘောကျပြီး ဝါဝါခိုင်နဲ့ ဒေါက်တာဖေကြိုင်ကို လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ သဘောတူခဲ့တယ် ...”

“ဝါဝါနိုင်က လက်ခံသဘောတူလား ...”

“သူက မိန်းမ အလိမ္မာလေ ... မိဘစီမံတာကို နာခံပါတယ်ပေါ့ ... အဲဒီနောက် လက်မထပ်ခင် ဒေါက်တာဖေကြိုင်က နိုင်ငံခြားမှာ သမားတော်ဘွဲ့ သွားယူတယ် ... ဒေါက်တာဖေကြိုင် ပြန်ရောက်လာပြီး သူတို့လက်မထပ်ခင်မှာဘဲ ဝါဝါနိုင်ရဲ့ အဖေနဲ့ အမေဟာ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြတယ် ... အဲဒီနောက် မိဘတွေရဲ့ သဘောတူညီချက်ဟာလည်း မိဘတွေ သေဆုံးရာမှာ ပါသွားပြီ။ ဝါဝါနိုင်က ဒေါက်တာဖေကြိုင်ကို လက်မထပ်တော့ဘူး ... သူ့မောင်လေးအတာကိုပဲ မိဘတွေကိုယ်စား ပြုစုစောင့်ရှောက်တော့မယ်ဆိုပြီး ... လက်မထပ်ဖြစ်တော့တာပဲ ကိုစိုး ... ဒီလို လက်မထပ်တော့ အစ်မကြီးအနေနဲ့ အမွေတွေ အားလုံးကို လက်ဝါးကြီးအုပ်ထားလို့ ရတာပေါ့ ... သူလက်ထပ်လိုက်ရင် ဘာပြောပြော အတော့ကို အမွေခွဲပေးရမှာလေ ... အမွေခွဲမပေးချင်လို့ကို ယောကျ်ားမယူတာ ရှင်းနေတာပဲ ... ဒါကြောင့် ကိုစိုး ဒီမိန်းမကို စိတ်ခဝင်စား ... မမျှော်လင့်နဲ့လို့ မြသန္တာပြောတာ ...”

“သြော် ... သြော် ...”

ဒီနောက်တော့ နှစ်ယောက်သား ငြိမ်သွားကြသည်။

“ကိုစိုး ...”

“ဟင် ...”

“မြသန္တာကို ကိုစိုးလက်ထပ်ပါလား ...”



“ကိုယ်က သဘော်သလိုက်ရဦးမှာလေ ...”

“မလိုတော့ဘူး ကိုစိုး ... မြသန္တာ အကြံအောင်ရင် ... ကိုစိုး တစ်သက်ထိုင်စားပဲ ... အလုပ်လုပ်ချင်သပဆိုလည်း အရင်းအနှီးတွေ အများကြီး ရပြီလေ ကိုစိုး ... ကိုစိုးကြိုက်သလို လုပ် ... မြသန္တာအဖို့ကတော့ ကိုစိုး မြသန္တာအနားမှာ တစ်သက်လုံးရှိနေရင် ကျေနပ်ပြီးသား ...”

“ယုံရခက်ခက်ကြီးပါ မြသန္တာရာ ...”

“ဘာ ... ဘာရယ် ... ယုံရခက်ကြီးဟုတ်လား ... အဲဒါ ဘာဆိုလိုတာလဲ ...”

“ဟုတ်တယ်လေ ... မြသန္တာမှာ အရင်လူတစ်ယောက်လည်း ရှိခဲ့ဖူးတာပဲ ... အဲဒီလူဟာ ဒီပျဉ်ထောင်အိမ်လေးမှာပဲ နေသွားခဲ့တာပဲ မဟုတ်လား ...”

“ကြည့် ... ကြည့်စမ်း ... ဒါတွေကို ကိုစိုးသိတယ်လား ... ဘယ်သူက ကိုစိုးကို ပြောတာလဲ ...”

နန်းအေးမူဟု ပြောလိုက်မိလျှင် နန်းအေးမူအတွက် ...ရာယ်များသွားနိုင်ပေသည်။ ဘာကယ်တော့ နန်းအေးမူက မိမိကို ...ခင်ပြောပြခြင်းမျိုး မဟုတ်၊ စကားပြောအတိုင်း မျော့လာရင်း ...တ်ခနဲ ပြောလိုက်ခြင်းသာဖြစ်သည်။

“ပြောလေ ... ကိုစိုးကို ဘယ်သူပြောလဲ ...”

“ဝါဝါနိုင် ပြောတာ ... အဲဒီလူဟာ ပန်းချီဆရာတဲ့ ... ဒီပျဉ်ထောင်အိမ်လေးကို မြသန္တာ ခေါ်လာတာတဲ့ ...”

ဝါဝါနိုင်အား စိုးပြည့်စုံက လွှဲချလိုက်ရပေသည်။ ဝါဝါ...ကျတော့ မြသန္တာ ယှဉ်ပြိုင်ဖို့ အံတုဖို့ တော်တော်အားယူရမည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ညနေကပင် မြသန္တာအား မလှုပ်ရှင် ထွက်နိုင်တယ် ဟု ပြောသေးသည်။

အကြီးကြီးသော မြသန္တာက အလုပ်မထွက်ရဲခဲ့ပေ၊

"ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ် ကိုဖိုး ... ဒါပေမဲ့ အဲဒီလူက သေသွားပါပြီ ... သူနဲ့ ပတ်သက်တဲ့ ဇာတ်လမ်း မြသန္တာမှ ဘာမှမရှိတော့ပါဘူး ... တကယ်တော့ အဲဒီပန်းချီဆရာနဲ့ မြသန္တာက သူမသေခင်ကတည်းက ပြတ်ပြီးသား ပါ ..."

"အဲဒီပန်းချီဆရာကို မြသန္တာက ဘာလို့ ဒီပျဉ်ထောင်အိမ် လေးကို ခေါ်လာတာလဲ ..."

"ဒီမှာနေရတာ မြသန္တာ သိပ်ပျင်းတယ်လေ ... နောက်ပြီး မြသန္တာက ပန်းချီဝါသနာပါတယ် ... ဒါကြောင့် ပန်းချီဆွဲ သင်မယ်ဆိုပြီး ခေါ်လာတာ ..."

"သူ့နာမည် ဘယ်သူတဲ့လဲ ..."

"သူ့နာမည်အရင်းတော့ မြသန္တာ တကယ်မသိဘူး ... ပန်းချီ ကလောင်နာမည်ကတော့ ကိုဒီပတဲ့ ... အဲဒီပန်းချီဆရာက မသိမ်မွေ့ဘူး ... သိပ်ရိုင်းတယ် ... ကြမ်းတယ် ... အရက် ကိုလည်း အမြဲမူးအောင် သောက်တတ်တယ် ... အရက်မူး ရင်လည်း သွေးဆိုးတယ် ... အဲဒီ ကိုဒီပက မြသန္တာက မေတ္တာရှိတဲ့အကြောင်း ... လက်ထပ်ချင်တဲ့အကြောင်းပြော တယ် ... မြသန္တာကိုယ်တိုင်က ရှင့်ကို မချစ်ဘူး ... ပြန်သွား တော့ဆိုပြီး မောင်းထုတ်ပစ်ခဲ့တယ် ..."

"ဒီလူက မြသန္တာနှင်တိုင်း လွယ်လွယ်နဲ့ ထွက်သွားသလား"



"လွယ်လွယ်နဲ့ ဘယ်ထွက်သွားမလဲ ... ဒါပေမဲ့ သူ့ကို စခေါ် လာကတည်းက ဝါဝါနိုင်က မလိုလားဘူး ... အတိုက်အခံ မလုပ်ချင်လို့ရယ် ... ခြင်းချက်စည်းကမ်းရယ်ကြောင့် လက်ခံ ရတာ ..."

"ဒါဖြင့် ... တို့လိုပဲပေ့ါ ..."

"အဲဒီသဘောမျိုးတော့ ရှိပါတယ် ... ဒါပေမဲ့ ပန်းချီဆရာ ကိုဒီပကျတော့ စရိုက်ကြမ်းတာတွေ ... အရက်သောက်တာ တွေ ... ဝါဝါနိုင်ကိုယ်တိုင် မြင်တွေ့နေတော့ မလိုလားရုံ မကဘူး ... ရွံရှာမုန်းတီးတဲ့သဘောအထိ ရှိတယ် ..."

"တို့ကျတော့ ... ဝါဝါနိုင်က တစ်မျိုးပေ့ါနော် ... မလိုလား ပေမဲ့ ရွံရှာမုန်းတီးတဲ့သဘောတော့ ရှိဟန်မတူဘူး ..."

"ထားစမ်းပါ ... ဘာတွေပြောမှန်း မသိဘူး ... အဲ ကိုဒီပ ကို မြသန္တာ နှင်ထုတ်တော့ ကိုဒီပက ပေကပ်ကပ်လုပ်နေ သေးတယ် ... ဝါဝါနိုင်က အိမ်ရှင်အနေနဲ့ ရဲကိုတိုင်ပြီး ဒီခြံ ထဲက ဆွဲထုတ်ပစ်မယ်လို့ဆိုမှ ကိုဒီပက ထွက်သွားတာ"

"သေတော့ကော ဒီလူ ..."

"သူထွက်သွားပြီး သုံးရက်အကြာမှာ ဒီနိုင်ငံဟောလေ့ဆိပ် တံတားလေးနဲ့ ကိုက်လေးငါးဆယ်အကွာမှာ ကိုဒီပရဲ့ အလောင်းလာပေါ်နေတယ် ... မြသန္တာထင်တာကတော့ ကိုဒီပဟာ မြသန္တာကို စိတ်မပြတ်ဘူး ... ဒါကြောင့် အရက် မူးမူးနဲ့ အင်းလျားကန်ကို ရေကူးပြီး ဒီကိုအလာ ခြေကုန် လက်ပန်းကျ ကြွက်တက်ပြီး မကူးနိုင်တော့တာလား ... ဒါမှမဟုတ် ဒီနားလာပြီး အရက်မူးအောင်သောက် ရေထဲ

www.burmeseclassic.com

www.burmeseclassic.com



ခုန်ချသေပစ်သလား မသိဘူး ... အချစ်ကို အသက်နဲ့ စတေးသွားတာ သိစေချင်လို့တော့ မဟုတ်ဘူး ကိုစိုး ... ခိုင်ဝေဟာ အရှေ့တံခါးပေါက်က ဝင်ရင် ... ခြံစောင့်ရှိနေတာရော ဝါဝါခိုင်က သူ့အိမ်ပေါ်ထပ်ကနေပြီး မှန်ဘီလူးနဲ့ ကြည့်တာတာ သူ့ကိုမြင်သွားမှာ စိုးရိမ်လို့ရော ... ရေထဲက ဘိတ်တိတ်လာတာ ထင်ပါရဲ့ ... ဒီနောက် ရဲအဖွဲ့က သူ့အလောင်းကို စစ်ဆေးပြီး လူသေမှုအနေနဲ့ပဲ မှတ်တမ်းတင်တယ်လို့ ပြောတာပဲ ... ကဲ ... အဲဒါ ဘာဖြစ်လဲ ကိုစိုး ... အလကား ဝါဝါခိုင်က မြသန္တာကို အပုပ်ချချင်လို့ ကိုဒီပကို ဒီပျဉ်ထောင်အိမ်လေးမှာ မြသန္တာခေါ်လာထားပြီး ကိုဒီပ သေသွားတာလို့ ကိုစိုးကို ပုံကြီးချဲ့ပြောတာ ... ”

“အခု တို့ဒီပျဉ်ထောင်အိမ်လေးကို ရောက်လာတာကိုလည်း မြသန္တာက စာရေးဆရာကိုသစ္စာလို့ ခေါ်လာတာလို့ပဲ အသံလွှင့်လိုက်တယ် မဟုတ်လား ... ”

“အို ... တခြားစီပါ ... ကိုဒီပကို ဒီကိုခေါ်လာတာနဲ့ ကိုစိုးကို ဒီကိုခေါ်လာတာ မြသန္တာအတွက် တခြားစီမှ တကယ့်တခြားစီပါ ကိုစိုး ... ”

“ဘယ်လို တခြားစီလဲ ပြောပါဦး ... ”

“ကိုစိုးနဲ့ကျမှ ကိုစိုးကို မြသန္တာရဲ့ရင်ထဲ အသည်းနှလုံးထဲက ချစ်မိတာ ... ချစ်တာမှ အသည်းခိုက် ချစ်မိတာ ... ဘုရားမှာ သစ္စာဆိုပြီး သစ္စာရေ သောက်ပြရဲ့ဘယ် ... တကယ့်ကို မြသန္တာ ကိုစိုးကို ရင်ထဲကသိပ်ချစ်တာ ... ကိုစိုးကို မြသန္တာက တကယ်မချစ်ရင် အောင်မင်္ဂလာဘကွန်းကြီး လူသတ်မှုမှာ ကိုစိုးဘက်က မျက်မြင်သက် သေလိုက်ပေးစရာလည်း မလိုဘူး ... ကိုစိုးကို ဒီကိုခေါ်လာစရာလည်း မလိုဘူး ... တည်းခိုခဲ့တဲ့ ဟိုတယ်က ကိုစိုးမနိုးခင် လစ်ပြေးလာရင် ပြီးတာပဲ ... ”



စိုးပြည့်စုံ ငိုင်သွားပါ၏။

ပန်းချီဆရာ ကိုဒီပနှင့်ပတ်သက်၍ မြသန္တာ ပြောပြချက်တို့မှာ မည်သည့်အတိုင်းအတာအထိ မှန်သည်၊ မှားသည်ကို အပထား၊ ယခု မိမိအပေါ်တွင် မြသန္တာက အသည်းနှင့်အောင် ချစ်ပါသည်ဆိုခြင်းကိုတော့ ယုံကြည်ရမလိုဖြစ်နေသည်။

မြသန္တာက မိမိကို တကယ်ချစ်နေပြီဆိုခြင်းကိုပင် မိမိအဖို့ စဉ်းစားစရာဖြစ်လာသည်။ ဒီလိုမိန်းမမျိုးက တကယ်ချစ်လာပြီဆိုလျှင် တစွတ်ထိုး တခေါက်ကန်းတွေ လုပ်တတ်သည်။

လူသားစားဘီလူးမ မယ်ကုဝဏ်သည် ဝိဇယမင်းသားကို မျက်ကန်းအချစ်နှင့် အသည်းနှင့်အောင်ချစ်သဖြင့် သူမျ၏ဘီလူးတစ်မျိုးလုံးကို သေကြေပျက်စီးအောင် လုပ်ခဲ့ဖူးသည်မှာ သာဓက။

မည်သို့ဖြစ်စေ ...

စိုးပြည့်စုံအတွက် လက်ရှိအခြေအနေမှာ အောင်မင်္ဂလာဘကွန်း အမှုကိစ္စအတွက် မြသန္တာကို ဖွတ်ကြမ်း၍ မရနိုင်ပေ။ သူမအား ညင်သာစွာ အပျော့ဆွဲဆွဲပြီး ဆောင်ရွက်စေမှ ဖြစ်ပေတော့မည်။

“ကိုယ့်အနေနဲ့ကတော့ ဒီလိုလုပ်ချင်နေတယ် မြသန္တာ”

“ဘယ်လိုလုပ်ချင်လဲ ... ပြော ... ”

www.burmeseclassic.com

www.burmeseclassic.com



“မြသန္တာရဲ့ အကြံအစည်က အတာကို လက်ထပ်နိုင်ဖို့ အထိ ဆွဲဆောင်ဖို့ အချိန်တွေ အများကြီးယူရဦးမှာပါ ... အဲဒီအချိန် ကာလအတွင်း တို့သင်္ဘောတစ်ခေါက်လိုက်သွားမယ်လေ သင်္ဘောတစ်ခေါက်လိုက်ရင် ဘယ်လောက်ငွေတွေရတယ် ဆိုတာကိုလည်း မြသန္တာအသိပါ ...”

“ကိုစိုး သင်္ဘောလိုက်နေတုန်းမှာပဲ မြသန္တာက ဒီမှာအကြံ အစည် အောင်မြင်ပြီဆိုရင်ကော ... သင်္ဘောတစ်ခေါက်ဆို အကြာကြီး ကြာတယ် မဟုတ်လား ...”

“ဒါက အရေးမကြီးပါဘူး ... တို့သင်္ဘောကုမ္ပဏီလိပ်စာကို မြသန္တာကို ပေးခဲ့မယ် ... ဒီက မြသန္တာဆက်သွယ်ပြီး အကြောင်းကြားလိုက်ရင် ... တို့သိတာနဲ့ ရောက်ရာတိုင်း ပြည်က ဒီကိုပြန်လာလို့ ရတယ် ...”

“ဒါဆို ... မဆိုးပါဘူး ကိုစိုး သင်္ဘောလိုက်လို့ ရပါတယ် ... ဒီက မြသန္တာ အကြံအောင်တယ်ထားဦး ... အမွေခွဲဖို့ကိစ္စ တွေ ဘာတွေက ... ရှေ့နေနဲ့ ဘာနဲ့ တရားဝင်လုပ်ရမှာဆို တော့ ကြာမှာပါ ... ဒါပေမဲ့ ကိုစိုးကို မြသန္တာ စိတ်မချဘူး”

“ဘာကို စိတ်မချတာလဲ ...”

“ကိုစိုးရဲ့ ဒီဇိုင်းတွေက မိန်းကလေးတွေမြင်ရုံနဲ့ ကြိုက်သွား တဲ့ ဒီဇိုင်းဖြစ်နေတယ် ... ကိုစိုးကို မြသန္တာ အကြာကြီး ခွဲ နေဖို့ စိတ်မချဘူး ... ဒါကြောင့် ကိုစိုးဟာ မြသန္တာနဲ့ အဆက်မပြတ်တဲ့ နေရာမျိုးမှာပဲ နေစေချင်တယ် ...”

“ဒီတစ်ခေါက်လိုက်သွားတာဟာ နောက်ဆုံးအခေါက်ဖြစ်မှာ ပါ မြသန္တာ ... အဲဒီနောက်မှာတော့ မြသန္တာ ပြောသလိုပဲ



တို့နှစ်ယောက် ရွှေဘုံပေါ်မှာ စံဖို့ပဲပေါ့ ... စိတ်ချ မြသန္တာ က အမွေတွေ ထက်ဝက်ရပြီးရင် သူဌေးမလေးဖြစ်သွားပြီ ရုပ်ကလည်း ချော ... ပစ္စည်းဥစ္စာကလည်း ပေါတဲ့ သူဌေး မလေးဖြစ်လာမယ် ... အဆီနဲ့ တဝင်းဝင်း မြသန္တာကို တို့ က ဘယ်လက်လွှတ်ခံမှာလဲ ...”

“တော်ပါ ... အားကြီးပိုတဲ့ လူကြီး ...”

“ဪ ... ဒါထက် မြသန္တာ ...”

“ပြော ... ကိုစိုး ...”

“မြသန္တာက အတာ့ကို တရားဝင်စာချုပ်စာတမ်းနဲ့ လက် ထပ်ပြီး အမွေထက်ဝက်ရပြီ ထားပါတော့ ... တို့နဲ့ မြသန္တာ ဘယ်လိုတရားဝင်လက်ထပ်ပေါင်းသင်းလို့ ရတော့မှာလဲ မြသန္တာမှာ တရားဝင် ကာမပိုင်လင်ယောကျ်ား အတာရှိ သွားပြီလေ ... တို့ကတော့ တိတ်တိတ်ပုန်း ပျော်တော် ဆက် ဘဝနဲ့တော့ မနေဘူး ... မြသန္တာ နောက်ပြီး အဲဒီ ပုံစံက ဒု–သ–နု–သောကြီး ... တို့ကြောက်တယ် တို့က ဗုဒ္ဓဘာသာ ...”

“ဒါများ ကြံကြံဖန်ဖန် ပူစရာမရှိ ပူရန်ကော ... ကိုစိုးရယ် မြသန္တာကလည်း ကိုစိုးကို ... တရားဝင် ကာမပိုင်လင်ယော ကျ်ားအဖြစ် အပိုင်လိုချင်တာ ... တရားဝင်လက်ထပ်ယူ မယ် ...”

“အတာ ရှိနေတာပဲ ...”

“ဪ ... ကိုစိုးရယ် ... အတာဟာ လူကောင်က အသက် နှစ်ဆယ်အရွယ်ရောက်ပြီး ဦးနှောက်က ကလေးဦးနှောက်

www.burmeseclassic.com

www.burmeseclassic.com



မှန်း လူတိုင်းသိနေတာပဲဟာ … ကလေးဦးနှောက်နဲ့လူဟာ အချိန်မရွေး ရေနှစ်သေနိုင်တယ် … သစ်ပင်အမြင့်က လိမ့်ကျသေနိုင်တယ် … လှေကားထိပ်က လိမ့်ကျသေနိုင်တယ် … ချုံတွေ မြက်တွေကြားထဲမှာ မြွေဆိုးကိုက်သေနိုင်တယ်လေ … ကိုစိုးရဲ့ … ”

ဘုရား … ဘုရား … ဘုရား … ။

ကြောက်စရာ မြသန္တာပါလား။

တကယ်တော့ စိုးပြည့်စုံပြောသော စကားမှာ အတာ့ကို သေစေလိုခြင်းမဟုတ်၊ မြသန္တာကို မိမိနှင့် ဆက်လက်ပေါင်းသင်း၍ မဖြစ်နိုင်ကြောင်းကိုသာ ဦးတည်ပြောခြင်းဖြစ်သည်။ မြသန္တာအား မိမိသဘော်လိုက်ခွင့်ရအောင် စကားကို မျှော၍ပြောခြင်းသာဖြစ်သည်။

ယခုတော့ မြသန္တာ၏ စိတ်ကူးမှာ အမွေတွေ တရားဝင်ရအောင် ယူပြီးပါက အတာ့ကို အသေသတ်မည့် အဓိပ္ပါယ်ကြီးပါလား။

တစ်ခုပဲ ရှိတော့သည်။

မိမိအနေနှင့် သဘော်လိုက်သွားပြီးပါက မြန်မာပြည်ကို ပြန်မလာတော့ဘဲ နေရန်သာဖြစ်ပါသည်။ ဒါဆို အတာတစ်ယောက် အသက်ရှည်ပေမည်။ မိမိပယောဂကြောင့်တော့ အတာ့ကို မသေစေလို။

“ဒါဆို မနက်ဖြန်မနက်ပဲ ရဲစခန်းသွားကြစို့ မြသန္တာ … တို့ကိုကိုဘာကွန်းလူသတ်မှုမှာ မပါဝင်ကြောင်း ရဲမှာ မြသန္တာ မျက်မြင်သက်သေလိုက်လုပ်ပေးတော့လေ … တို့သဘော်လိုက်



ဖို့ မိနိုင်သေးတယ် … ပြီးတော့ တို့အနေနဲ့ ဒီခိုင်ဂေဟာမှာ နောက်ထပ်တစ်မိနစ် တစ်စက္ကန့်တောင် ဆက်မနေချင်တော့လို့ … အိမ်ရှင်ဝါဝါခိုင်ကလည်း တို့ကို အပြတ်နှင်ချနေပြီမဟုတ်လား … ဖြစ်နိုင်ရင် သိပ်ခံနေရှင် အိမ်ကြီးရှင်ဆန်တဲ့ ဝါဝါခိုင်ကို ပါးတောင်ရိုက်ချင်တဲ့ကောင် … တို့စိတ်ထဲမှာ မုန်းတယ် … မခံချင်စိတ်ဖြစ်ရတယ် … ”

ထိပါ၏၊ မိပါ၏။ စိုးပြည့်စုံ ပြောစကားများမှာ အကျိုးအကြောင်း ဆီလျော်ပြီး နောက်ဆုံး ဝါဝါခိုင်အား ပါးရိုက်ချင်လောက်အောင် မုန်းသည်ဆိုသည့် စကားလုံးတွေက မြသန္တာ၏ အညှာကို ကိုင်လှုပ်သလို ထိသွားစေသည်။ မိသွားစေသည်။

မြသန္တာ သိပ်ကျေနပ်သွားသည်။ အထူးသဖြင့် စိုးပြည့်စုံ ဆက်နေပါက ဝါဝါခိုင်နှင့် ငြိသွားမည်ကို မြသန္တာက အစိုးရိမ်ကြီး စိုးရိမ်နေသူကိုး။ ဝါဝါခိုင်က ကိုစိုးကို ဒီအိမ်မှနှင်ထုတ်ခြင်းကပင် ကိုစိုး ကြာကြာရှိနေပါက သူမ ဝါဝါခိုင်ကိုယ်တိုင် ကိုစိုးကို တိမ်းညွတ်သွားမို့ စိတ်မခိုင်သဖြင့် တမင်ကြိုတင်နှင်ထုတ်ခြင်းမျိုးဖြစ်နိုင်သည်။ မီးဝေးလျှင် ချိတ်အေးမည်ဆိုသည့်သဘောဖြစ်နိုင်သည်။ ကိုစိုး ဒီဖိုင်းက ဘယ်မိန်းမ မဆို နှစ်သက်သောဒီဖိုင်းမဟုတ်လား။

ကိုစိုးကို မြသန္တာ အချစ်ကြီးချစ်၊ အစွဲကြီး စွဲနေပြီး တည်းခိုခန်းတွင် တွေ့ခဲ့သည်က အစ အချစ်ကြီး၊ အစွဲကြီးမို့ ခိုင်ဂေဟာ ပျော်ထောင်အိမ်သို့ ခေါ်ခဲ့ခြင်းပါပေ။

“ဒီလိုလုပ် ကိုစိုး …၊ နက်ဖြန်ချက်ချင်းကြီးတော့ နှစ်ယောက်အတူ ရဲစခန်းမသွားနဲ့ဦး … နက်ဖြန် မနက်ကျရင် မြသန္တာ အပြင်ထွက်ပြီး ဒေအာင်ခင်လာဘာကွန်းကြီးကိစ္စအခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



ကို စုံစမ်းပေးမယ် ... အားလုံးသိပြီးမှ ကိုစိုးနဲ့ မြသန္တာ ရဲ့ စခန်းသွားလို့ရတယ်ဆိုလည်း သွားကြတာပေါ့ ... မြသန္တာ ကိုယ်တိုင်က ကိုစိုးကို ဝါဝါခိုင်နဲ့ စိတ်မချတော့တာမို့ ကိုစိုး ကို သဘော်လိုက်စေချင်တာ ... ”

ဒီ့ထက်ပို၍ ဈေးဆစ်၍ မရတော့ပြီမို့ စိုးပြည့်စုံ ခေါင်း ညိတ်လိုက်ရတော့သည်။

“ဟော ကိုစိုး ကြားလား ... အပြင်က တစ်ယောက်ရဲ့ ခြေသံလေ ... ”

ပြောပြောဆိုဆို မြသန္တာက စားပွဲတင် မီးခလုတ် ပိတ် ငြိမ်းလိုက်သည်။

ခြေသံကို စိုးပြည့်စုံလည်း ကြားပါ၏။

မြသန္တာ အားလုံး ကျေနပ်သွားပြီမို့ အိပ်ရာမှထကာ တွန့်ကြေနေသော အဝတ်အစားများကို လက်ဝါးဖြင့် အတွန့် အကြေပြေစေလိုက်သည်။

“ကဲ ... ကိုစိုး မြသန္တာ လစ်တော့မယ် ... တစ်ယောက်က ချောင်းနေတာ ဖြစ်မယ် ... အတာတော့ မဖြစ်နိုင်ဘူး ... အတာဆိုရင် ဝုန်းဒိုင်းကျဲလုပ်မှာ ... တစ်ယောက်ချောင်း တာတော့ သေချာတယ် ... အင်းလေ ... သိသာသိစေ မမြင်စေနဲ့ဆိုရင် ပိုကောင်းတာပေါ့ ... ”

ပြောပြီး မြသန္တာသည် အလွန်သွက်လက်လျှင်မြန် စွာ ထွက်သွားလေတော့သည်။



[ ၉ ]

ညက ခြေသံကြားပြီး မြသန္တာ စောစောပြန်သွား သောကြောင့် စိုးပြည့်စုံ အိပ်ရေးဝဝကြီး အိပ်လိုက်ရပါ၏။

“ဖောက် ... ဖောက် ... ”

အိပ်ရာထဲမှ ထိုဖောက် ဖောက်အသံကြားသည်နှင့် ခိုင်ဂေဟာ တင်းနစ်(စ်)ကွင်းတွင် တင်းနစ်(စ်)ရိုက်နေသော အသံ မှန်း သိသဖြင့် စိုးပြည့်စုံ အိပ်ရာမှ ထလိုက်သည်။

စိုးပြည့်စုံ တင်းနစ်(စ်)ရိုက် ဝါသနာပါသည်။ ကျွမ်း ကျွမ်းကျင်ကျင်လည်း ရိုက်နိုင်သည်။ ကိုယ်တိုင်လည်း ကျွမ်းကျင် ပြီး တခြားသူရိုက်နေသည်ကိုလည်း ဝါသနာအရ ကြည့်ချင်သည်။ ကြည့်တတ်သည်။ တင်းနစ်(စ်)ကစားနည်းသည် တိုင်းပြည်တိုင်း တွင် အဆင့်မြင့်ကစားနည်းတစ်ခုဖြစ်ပါ၏။

စိုးပြည့်စုံလိုက်သော သဘော်ပေါ်မှာပင် တင်း နစ်(စ်)ကွင်းပါရှိပြီး သဘော်သားတွေရော၊ ပါစင်ဂျာတွေပါ ရိုက် တတ်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းသံကြားလျှင် က,ချင်သူကဲ့သို့ တင်းနစ်(စ်)ရိုက်သံကြားသည်နှင့် ကွင်းသို့ သွားချင်စိတ်ပေါက်သည်။

မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး စပို့ရှပ်အင်္ကျီ၊ ချည်ချောလုံချည်နှင့်ပင် တင်းနစ်(စ်)ကွင်းသို့ ထွက်လာခဲ့သည်။

ဝါဝါခိုင်နှင့် အမျိုးသားတစ်ဦး တင်းနစ်(စ်)ရိုက်နေသည်ကို တွေ့ရသဖြင့် ကွင်းအလယ်စည်းပိုင်းဘေးမှ ခိုးပြည့်စုံ ရပ်ကြည့်နေမိသည်။

နှစ်ဦးစလုံး တီရှပ်အဖြူ၊ ဘောင်းဘီတိုအဖြူ၊ ခြေအိတ်အဖြူ၊ ကင်းပတ်ဖိနပ်အဖြူ ဝတ်ထားကြသည်။

အမျိုးသားမှာ အသက်(၃၀)ကျော်ခန့်ဟု ခန့်မှန်းနိုင်ပြီး အသားဖြူဖြူ၊ လူပုံသွယ်သွယ်ဖြစ်ပေသည်၊ ဘော်သင့်ရုံ ကြည့်ကောင်းသော ဥပမိရုပ်ရှိပါ၏။ အရပ်မှာ ငါးပေခွဲခန့်ရှိအံ့သည်။

ဝါဝါခိုင်က သူမ၏ ဆံပင်အုံကို ကျော်ဆံမြီးကျစ်နောက်တွင်ချထားပြီး အနီရောင်အလက်စတစ်နဖူးစည်း စည်းထားသည်။ ဆံညွှန့်များ နဖူးပေါ် ကျမလာစေရန် ဖြစ်သည်။

ဘာကိုဝတ်ဝတ် လှသော ဝါဝါခိုင်သည် လှမြဲလှနေသည်သာ။

တင်းနစ်ကစားလျှင် ချွေးထွက်သည်မှာ ခမ္ဘာ၊ ဝါဝါခိုင်၏ တီရှပ်ဖြူ၏ကျောပြင်၊ ရင်ဘတ်တို့တွင် ချွေးတွေထွက်နေသဖြင့် အတွင်းသားကို ဝင်ကပ်ရာ တင်းမို့သော နေရာ၌သာ ချွေးစိုဝင်ကပ်သဖြင့် ရင်၏အလှပုံရိပ်ကို မြင်သာထင်သာရှိနေသည်။

ဘောင်းဘီတိုဝတ်ထားသောကြောင့် ပေါင်တံ၏ အလှနှင့် ခြေသလုံး၏ အလှကိုလည်း မြင်နေရပါ၏။ ဝါဝါခိုင်၏



အလှမျိုးသည် ရုပ်ရော၊ ခန္ဓာကိုယ်ရော လှစေသော အလှမျိုးဖြစ်ပါလေသည်။

ဒီပွဲတွင် အမျိုးသားက ရှုံးသွားပြီး အမျိုးသမီးက လက်ရည်ချင်း အလွန်ကွာခြားစွာဖြင့် အနိုင်ရသွားသည်။

ထုံးစံအတိုင်း ကစားသူနှစ်ဦးသည် အလယ်တန်းပိုက်ဆီသို့ လာကြကာ တစ်ဦးကို တစ်ဦး လက်ဆွဲနှုတ်ဆက်ကြသည်။ သူတို့လက်ဆွဲနှုတ်ဆက်ကြသည့်နေရာမှာ စိုးပြည့်စုံရပ်နေရာနှင့် ကပ်နေသဖြင့် ဝါဝါခိုင်က စိုးပြည့်စုံနှင့် သူမ၏ ပါတနာအမျိုးသားကို မိတ်ဆက်ပေးသည်။

"ဒီမယ် ... ဒေါက်တာ သူက စာရေးဆရာလေ ... ကလောင်နာမည်က ကိုသစ္စာတဲ့ ... မြသန္တာရဲ့ညှေ့သည်ပါ ... ဟောဒါကတော့ သမားတော်ကြီး ဒေါက်တာဦးဖေကြိုင်တဲ့ အတာကို ကုသပေးနေတဲ့ ခိုင်ဂေဟာရဲ့ ဖင်မလီဒေါက်တာပါ"

"ဟဲ ... ဟဲ ... ဟဲ ... "

ဒေါက်တာဦးဖေကြိုင်က ဘာကြောင့်မှန်းတော့ မသိ၊ ဝါဝါခိုင် မိတ်ဆက်ပေးပြီးသည်နှင့် တဟဲဟဲ ရယ်လိုက်သည်။ ပြီးမှ ဆက်ပြောသည်။

"မိတ်ဆက်ပေးတဲ့သူက ဝါဝါဖြစ်နေတော့ ထုံးစံအတိုင်း တွေ့ရတာ ဝမ်းသာပါတယ်ပေါ့ ကိုသစ္စာ ... ကျုပ်လည်း ဝတ္ထုဖတ် ဝါသနာပါတာမို့ ဝတ္ထုတွေ အတော်များများ ဖတ်ပါတယ် ... ကျုပ်ဖတ်သလောက်ထဲမှာတော့ ကလောင်နာမည် ကိုသစ္စာ ဆိုတဲ့ နာမည်နဲ့ ထွက်လာတဲ့ဝတ္ထု တစ်ပုဒ်မှ မဖတ်ဖူးသေးဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



ဝါဝါခိုင်ရှေ့တွင် ဒေါက်တာဖေကြိုင်က စိုးပြည့်စုံကို ချွတ်လိုက်ခြင်းဖြစ်မှန်း စိုးပြည့်စုံသဘောပေါက်ပါ၏။

"ဒေါက်တာပြောတာ မှန်ပါတယ် ... ကျွန်တော့်အနေနဲ့ လုံးချင်းဝတ္ထုတစ်အုပ်မှ မထွက်နိုင်သေးပါဘူး ... ဒါကြောင့် အခုလုံးချင်းဝတ္ထုတစ်ပုဒ်ရေးချင်လို့ အေးအေးဆေးဆေး ရှိတဲ့ ဒီနေရာကို မမြသန္တာက ခေါ်လာပေးတာပါ ... အဲ ... မဂ္ဂဇင်းတချို့မှာတော့ ကျွန်တော့်စာတွေ ... မကြာခဏပါတတ်ပါတယ် ... ဒေါက်တာက မဂ္ဂဇင်းတွေ အဖတ်နည်းတယ် ထင်ပါရဲ့ ..."

"ဖတ်ကို မဖတ်တာ ... စာရေးဆရာပေါက်စတွေရေးတဲ့ မဂ္ဂဇင်းတွေကိုဖတ်ဖို့ ကျုပ်မှာ အချိန်မရှိဘူး ... ဆရာဝန်ဆို



တဲ့ ဆရာဝန်ဟာ ဒီက ဒေါက်တာသမားတော်ကြီး ဦးဖေကြိုင်တစ်ဦးကိုသာ ကျွန်တော်မြင်ဖူးသေးလို့ပါ ... ဒီတော့ ဒေါက်တာ သမားတော်ကြီး သိပ်အလုပ်များပြီး မဂ္ဂဇင်း အစုတ်ပလုတ်တွေကို မဖတ်အားဘူးဆိုတာ ကျွန်တော်ယုံကြည်သွားလို့ပါ ..."

မှတ်ဟဲ့ ... ။

စိုးပြည့်စုံကို လာမစမ်းလေနှင့်၊ လာစမ်းလျှင် စိုးပြည့်စုံတို့က ပါးစပ်ကလေးနှင့်ဆိုလည်း လေချင်းယှဉ်ပြိုင်လို့ရတယ်။

လက်သီးချင်းယှဉ်ပြိုင်မယ်ဆိုပါလည်း ယှဉ်ပြိုင်လို့ရသည်။

ဝါဝါခိုင်သည် ဒေါက်တာဖေကြိုင်နှင့် စိုးပြည့်စုံ အပြန်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မယ် … ချွေးတိတ်သွားခံမယ် … ဆရာတို့နှစ်ယောက်အတွက် သံပရာရည်ဂျူ့ ပို့ခိုင်းလိုက်မယ် …"

ဝါဝါခိုင် ထွက်သွားသည်ကို စိုးပြည့်စုံရော၊ ဒေါက်တာဖေကြိုင်ရော ဝါဝါခိုင်၏ နောက်ပိုင်းကို ငေးကြည့်ကျန်ခဲ့သည်။

ဒေါက်တာ ဖေကြိုင်က ငေးကြည့်ရင်း ပြောသည်။

"မဝါဟာ သိပ်သနားစရာ ကောင်းတယ် …"

"ဟုတ်ကဲ့ … ဟုတ်လား ဒေါက်တာ …"

"ဘာလဲဗျ … ခင်ဗျားပြောပုံက ဟုတ်ကဲ့လို့လည်း ပြောသေး … ဟုတ်လားလို့လား မေးသေး … ခင်ဗျား ကျုပ်ကို နောက်နေတာလား …"

"ကျွန်တော် မနောက်ရပါလား ဒေါက်တာ … ဟုတ်ကဲ့လို့ ပြောတာက ဒေါက်တာရဲ့စကားနောက်ကိုအဖော်လိုက်ပေးတာ … ဟုတ်လားလို့ မေးတာက မဝါဟာ ဘာလို့ သနားစရာလဲလို့ မေးတာ …"

"ဘာ … မဝါ ဟုတ်လား … ခင်ဗျားက ဘာကြောင့် မဝါလို့ ခေါ်ရတာလဲ … မဝါနဲ့ ခင်ဗျားက သူစိမ်းသက်သက်ပဲဟာ …"

"သိဘူးလေဗျာ … ဒေါက်တာခေါ်သလို ကျွန်တော်လိုက်ခေါ်တာပဲဟာ …"

"မဆိုင်လိုက်တာ … ကျုပ်နဲ့ မဝါရဲ့ ဆက်ဆံရေးက တစ်မျိုးရင်းနှီးပြီးသား … ခင်မင်ပြီးသားမို့ … မဝါလို့ခေါ်တာ … ခင်ဗျားနဲ့ကျတော့ ကျုပ်ခေါ်သလို ခေါ်စရာမှ မလိုတာ"

"အဲဒါ ဟုတ်သားပဲ ဒေါက်တာ … ကျွန်တော်က ဘာရယ်



မဟုတ်ပါဘူး … ဒေါက်တာခေါ်သလို သံယောင်လိုက်ခေါ်မိတာပါ … ဆက်ပြောပြပါလား ဆရာ … မဝါဝါခိုင်ဟာ ဘာလို့ သနားစရာလဲ …"

"မဝါဟာ သူ့မောင်လေးအတွက် သူ့ဘဝကို သူစတေးပစ်နေတာ … အတော့အပေါ်မှာ သံယောဇဉ်ကြီးလွန်းရှာတယ် … တကယ်တော့ မဝါလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ် … ပုထုဇဉ်တစ်ယောက်ပဲ … အရွယ်အားဖြင့်လည်း အိမ်ထောင်ပြုသင့်နေပြီ … ရုပ် ပစ္စည်းဥစ္စာ အတတ်ပညာ ရာထူးတွေ အပေါက်ဖက်က ပြည့်စုံနေတဲ့ ထိုက်ထိုက်တန်တန် ကျုပ်လိုလူလည်း သူ့ဘေးမှာ အဆင်သင့်ရှိနေတာ … ခင်ဗျားအမြင်ပဲ ကိုသစ္စာ … ဒါပေမဲ့ မဝါဟာ ဘာလို့များ ဒီလောက်အထိတောင် ကိုယ်ရေးကိုယ်တာကို ဘေးချိတ်ထားရသလဲ … အတာကြောင့် သူ့ဘဝကို သူစတေးနေသလို ဖြစ်နေပြီ …"

"ဟုတ်ပါတယ် ဒေါက်တာ … အဲဒီလောက်အထိ ကျွန်တော်လည်း အကဲခတ်မိပါတယ် …"

"အကဲခတ်မိတာတွေ ဘာတွေ ဘေးချိတ်ထား … ခင်ဗျားကြောင့် မဝါစိတ်မဆင်းရဲစေနဲ့ …"

"ဘာဗျ … ဒေါက်တာ့ဟာက ဘာလိုင်းကြီး စွတ်တင်တာပါလား …"

"နားထောင် ကိုယ့်လူ … တကယ်တော့ မဝါဟာ ခိုင်ဂေဟာထဲမှာ သူစိမ်းယောက်ျား ဝင်ရောက်လာတာကို လုံးဝ မလိုလားဘူး … မနှစ်မြို့ဘူး … ဒါပေမဲ့ သူ့မောင်လေး

www.burmeseclassic.com

www.burmeseclassic.com



အတာနဲ့ ပတ်သက်ပြီး မြသန္တာကို လိုက်လျှောရတာကြောင့် မြသန္တာရဲ့ ညှို့သည် မောင်ရင့်ကို တစ်စက်လေးမှ မလိုလားဘဲနဲ့ လက်ခံထားရမှန်း ကျုပ်သိတယ် ..."

ဒါကလည်း စိုးပြည့်စုံ သိပြီးသားပင်။ မဝါဝါခိုင်ကိုယ်တိုင် မိမိကို နှင်ထုတ်ထားသည်ကိုး။

"အေးဗျာ ... ကျွန်တော့်ကြောင့်တော့ မဝါဝါခိုင် ပြဿနာမတက်စေရပါဘူးလို့ ... မဝါဝါခိုင်ကိုလည်း ကျွန်တော်ပြောထားပါတယ် ဒေါက်တာ ..."

"အေး ... ကိုယ့်လူမှာ နေရာထိုင်ခင်းအခက်ကြောင့် ဒီမှာလာနေရတာဆိုရင် ... ကြိုက်တဲ့နေရာမှာ သွားပြီး တည်းခိုနေလိုက်ပါလား ... တည်းခိုခရော ... စားသောက်စရိတ်ရော ... ကုန်ကျသလောက် ကျုပ်က ပေးလိုက်မယ် ... ဒါဆို ကိုယ့်လူ ခိုင်ဂေဟာက ထွက်သွားတော့ပေါ့ ..."

"နေပါဦး ဒေါက်တာ ... ဒေါက်တာ့ဟာက အမိန့်သံ ဖြင်းထန်နေပါလား ... တကယ်တမ်းမှာ ဒေါက်တာနဲ့ ခိုင်ဂေဟာဘာဆိုင်သလဲ ... ကျွန်တော့်ကို ခိုင်ဂေဟာက နှင်ထုတ်နိုင်လောက်တဲ့အထိ ခိုင်ဂေဟာအပေါ်မှာ ဒေါက်တာက ဩဇာတိက္ကမရှိနေလို့လားဗျာ ..."

"ကိုယ့်လူ သေချာနားထောင် ... ပထမအချက်က ကျုပ်ဟာ ခိုင်ဂေဟာရဲ့ မိသားစုဆရာဝန်တစ်ယောက်ဖြစ်နေရုံမက ... အခုလက်ရှိ အတာ့ကို ကျုပ်ဆေးကုပေးနေတယ် ဒုတိယအချက်က ကျုပ်ဟာ မဝါနဲ့ စေ့စပ်ကြောင်းလမ်းထားတဲ့လူ ... အဲဒီအချက်နှစ်ချက်အရ ခိုင်ဂေဟာနဲ့ ပတ်သက်ပြီး



ကျုပ်ပြောရေးဆိုခွင့်ရှိတဲ့သူမှန်း ... သဘောပေါက် ..."

"ပထမအချက်ကိုတော့ ကျွန်တော်လက်ခံတယ် ဒေါက်တာ ဒုတိယအချက်ကိုတော့ ကျွန်တော်လက်မခံဘူး ..."

"ဘာ ..."

"ဒေါက်တာနဲ့ မဝါဝါခိုင် စေ့စပ်ခဲ့တယ်ဆိုတာက တရံရောအခါကပါ ... မဝါဝါခိုင်ရဲ့မိဘတွေ ဆုံးပါးသွားပြီးတဲ့နောက် အတာ့ကို ဘယ်လိုသူစိမ်းယောက်ဖမျိုးနဲ့မှ မနေစေချင်လို့ ဒေါက်တာနဲ့ စေ့စပ်ထားတာကို မဝါဝါခိုင်က ဖျက်သိမ်းလိုက်တယ် မဟုတ်လား ... ဒီတော့ ဒေါက်တာ့အနေနဲ့ အတာ့ကို ဆေးကုဖို့ကလွဲပြီး ခိုင်ဂေဟာရဲ့ ပြောရေးဆိုခွင့်ရှိသူမှ မဟုတ်တော့တာ ..."

ဒေါက်တာဖေကြိုင်က ပါးစပ်အဟောင်းသားကြီးဖြစ်သွားပါလေ၏။

"မင်း ... တရေးသရောပီပီ စကားကို ကပ်ပြီးပြောတယ် ... တော်ပြီ မင်းလိုလူနဲ့ ငါစကားဆက်ပြောရင် ... ငါ့သိက္ခာကျသည်ထက် ပိုကျတယ် ... မင်းနဲ့ငါ မတူမတန်ဘူး ... ခွေးကောင်းနဲ့ ခွေးရူး ... အဲ ... ထားပါတော့ ... မင်းနဲ့ ငါ မတန်ဖူးဘဲ ထားပါတော့ ..."

ဒေါက်တာကြီးဒေါသန်တွေ တင်းတက်လာကာ ရှုံ့မဲ့မဲ့ဖြစ်ပြီး ခြေသံပြင်းနှင့် နေရာမှ ထွက်သွားလေတော့သည်။

စိုးပြည့်စုံ ပြုံးမိတော့သည်။ ဒေါက်တာဖေကြိုင်က မိမိကိုနှင့်နှင့်နဲ့နဲ့ကြီး မတူမတန်ကြောင်း ပြောလိုသဖြင့် ခွေးကောင်းနှင့် ခွေးရူးကိုက်လျှင် ခွေးကောင်းပင် နားရွက်ဖြတ်ခံရမည်ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



ဥပမာပြောလိုသဖြင့် ပြောချလိုက်ရာ သူပင် ချွေးဖြစ်သွားသည်ကို သတိပြန်ထားပြီး ဆုံးအောင်ပြောမသွားခြင်းဖြစ်ပေသည်။ ဒါကို စိုးပြည့်စုံက တွေးမိပြီး ပြုံးမိခြင်းဖြစ်ပါ၏။

"ဒီမှာ အစ်ကို ... ဝေ ..."

ဒေါက်တာဖေကြိုင်ကို ငေးကြည့်နေစဉ် အနီးကပ် ခေါ်သံကြောင့် လှည့်ကြည့်ရာ နန်းအေးမူသည် ဖန်ခွက်လှလှနှစ်ခွက်ထည့်ထားသော လင်ပန်းဖြင့် သံပရာရည်လာပို့သည်ကို တွေ့ရသည်။

"မမဝါက ပို့ခိုင်းလိုက်တာ အစ်ကို ..."

စိုးပြည့်စုံက သံပရာဖျော်ရည်ခွက်တစ်ခွက်ကို ယူကာ တစ်ချိုတည်း အပြတ်မော့သောက်သည်။

ပြီး ဖန်ခွက်ကို လင်ပန်းပေါ် ပြန်ထားရင်း နောက်တစ်ခွက်ကို ယူပြီး မော့ပြန်သည်။

"ဝေး ... အဲဒါ ဒေါက်တာဖို့ အစ်ကို ..."

"ဒေါက်တာက မှာသွားတယ် ... နန်းအေးမူ သံပရာရည်ဆိုတာ ချဉ်တယ်တဲ့ ... သူက အချိုမှ ကြိုက်တာတဲ့ ... ဒါကြောင့် သူ့အတွက် သံပရာဖျော်ရည်ကို တို့ပဲ သောက်လိုက်တော့တဲ့ ..."

ပြောပြောဆိုဆို ဒုတိယခွက်ကိုလည်း တစ်စက်မကျန် အပြတ်နှိပ်လိုက်ပြီးမှ ဖန်ခွက်ကို လင်ပန်းပေါ် ပြန်တင်ပေးလိုက်သည်။

"မမဝါက မှာလိုက်တယ် ... ဒေါက်တာရော အစ်ကိုရော အိမ်ကြီးပေါ် ကြွခဲ့ပါတဲ့ ... ဒီသံပရာရည်က အမောပြေ



သောက်ပါတဲ့ ... အိမ်ကြီးပေါ်က ထမင်းစားခန်းမှာ မမဝါ စောင့်နေပါ့မယ်တဲ့ ..."

"ဒေါက်တာတော့ မပြောတတ်ဘူး ... တို့ကတော့ ရေမိုးချိုးပြီးရင် လာခဲ့မယ်လို့ ပြောပေးပါ နန်းအေးမူ ..."

ပျဉ်ထောင်အိမ်လေးဆီသို့ စိုးပြည့်စုံ ပြန်လာခဲ့သည်။

ယနေ့ မဝါဝါခိုင်နှင့် တင်းနစ်(စ်)ရိုက်ရသည်ကိုရော ဒေါက်တာဖေကြိုင်အား ကသ်ကအောက် လုပ်လိုက်ရသည်ရော ကြောင့် စိုးပြည့်စုံ ဘဲရိုးဘဲနီးကျေနပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၁၀ ]

တင်းနစ်(စ်)ရိုက်ပြီး ရေမိုးချိုး အဝတ်လဲပြီး မဝါဝါ ခိုင်ခေါ်ထားသည့်အတိုင်း အိမ်ကြီးအပေါ် ထမင်းစားခန်း၊ ကော်ဖီ ဝိုင်းသို့ စိုးပြည့်စုံရောက်လာသည်။

ကော်ဖီကရား၊ ပေါင်မုန့်၊ ထောပတ်၊ ကြက်ဥကြော်၊ ဒိန်ခဲ၊ ဝက်အူချောင်းကြော်တို့ဖြင့် ကော်ဖီဝိုင်းပြင်ထားသည်။

ဝါဝါခိုင်က ကော်ဖီဝိုင်းတွင် ရောက်နှင့်နေပါ၏။ မြသန္တာကို မတွေ့ရပေ၊ စိုးပြည့်စုံနှင့် ဝါဝါခိုင်နှစ်ဦးသာ။

စိုးပြည့်စုံက ထိုင်နေကျကုလားထိုင်တွင် ဝင်ရောက် ထိုင်လိုက်သည်။

"ဒေါက်တာကိုဖေကြိုင်ရော ဆရာ ..."

"ကွင်းက ကျွန်တော့်အရင် ထွက်သွားတာပဲ ... ကျွန်တော် က ရေမိုးချိုးပြီးမှ လာတာ ... ဒေါက်တာ ဒီကို ရောက်နေပြီ ထင်တာ ..."



"ဒေါ်ဒေါ်ဝိုင်းရေ... အပြင်ထွက်ကြည့်ပေးပါ ... ဒေါက်တာ့ ကို တွေ့ရင်ခေါ်ခဲ့ပါ ..."

ဝါဝါခိုင်ကပင် ကော်ဖီခရားမှ စိုးပြည့်စုံပန်းကန်တွင် ငှဲ့ပေးသည်။

ဒေါ်ဝိုင်း ပြန်ရောက်လာသည်။

"သူ့ကားလည်း မရှိတော့ဘူး မဝါ ... ဒေါက်တာပြန်သွားပြီ ဖြစ်မှာပါ ..."

"နှုတ်ဆောင် ဆက်မသွားဘူး ... အတော့ကိုရော ကြည့်သေး လား ... မသိဘူး ..."

စိုးပြည့်စုံ ကော်ဖီသောက်သည်။ ပေါင်မုန့်ထောပတ် သုတ် စားသည်။ ကြက်ဥကြော်စားသည်။ ဝက်အူချောင်းကြော်နှင့် ဒိန်ခဲတို့ မစားပေ။

"ဒေါက်တာနဲ့ ဆရာနဲ့ စကားပြောအဆင်မပြေကြဘူးထင်ပါ ရဲ့ ..."

"ကျွန်တော်ကတော့ ... အဆင်ပြေအောင် ပြောပါတယ် ကျွန်တော်က ခိုင်ဂေဟာမှာ ပိုင်ရှင်မလိုလားဘဲ နေနေရသူ သူစိမ်းဧည့်သည်ပဲ ... ဘယ်သူ့မဆို အဆင်ပြေအောင် ပြောရ မယ် ... ဆက်ဆံရမယ်လို့ ခံယူထားပြီးသားပါ ..."

"ဒါပေမဲ့ ... ကွင်းမှာ ဒေါက်တာနဲ့ ဆရာ အတိုက်အခံလေး တွေ ဖြစ်ကြတယ် မဟုတ်လား ..."

"အတိုက်အခံဆိုတာထက် ဒေါက်တာက ကျွန်တော့်ကို ကျွဲ မြီးတိုသွားတာဆိုရင် ပိုမှန်မလားဘဲ ..."

"ဘာလို့ ဒေါက်တာက ဆရာ့ကို ကျွဲမြီးတိုရမှာလဲ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာက ကျွန်တော့်ကို ခိုင်ဂေဟာမှာ ဆက်မနေပါနဲ့ ထွက်သွားပါ ... တခြား ကြိုက်တဲ့ တည်းခိုခန်းမှာ သွားနေပါ ကုန်ကျသလောက်ကို သူပေးမယ်လို့ ပြောတယ် မဝါဝါခိုင် အဲဒါကို ကျွန်တော်က ထွက်မသွားလိုကြောင်း ငြင်းလိုက်တယ် ..."

"ဆရာ ကိုသစ္စာက ဘယ်လို ငြင်းလိုက်တာလဲ ..."

"ခိုင်ဂေဟာက ကျွန်တော့်ကို ထွက်သွားလို့ ဒေါက်တာ့မှာ အမိန့်ပေးပိုင်ခွင့် ရှိနေလား ... ဒေါက်တာက ထွက်သွားဆိုတိုင်း ကျွန်တော်မသွားနိုင်ဘူးလို့ ငြင်းလိုက်တာပါ ..."

ဝါဝါခိုင်က ဘာမှမပြောဘဲ ကော်ဖီငုံ့သည်။

"ကျွန်တော့်မှာ အပြင်တည်းခိုခန်းတွေမှာ တည်းခိုနိုင်တဲ့ ငွေကြေးအလုံအလောက် ရှိပါတယ် မဝါဝါခိုင် ... ဒါပေမဲ့ ဒီခိုင်ဂေဟာခြံထဲမှာ နေရတာ ... ကျွန်တော့်အတွက် စိတ်လွတ်ကိုယ်လွတ်ရှိတယ် ... ပတ်ဝန်းကျင်အနေအထားအယှက်နည်းတယ် ... ဒါကြောင့် ကျွန်တော် နေတာပါ ... အကြာကြီးလည်း ကျွန်တော် မနေပါဘူး ... နောက်ပြီး ကျွန်တော် ဒီအိမ်မှာနေတဲ့အတွက် မဝါဝါခိုင်တို့ကို ဘယ်လိုအနှောင့်အယှက်မှ မပေးဘူးလို့လည်း ကတိပေးပါတယ် ..."

"ထားပါတော့လေ... ဆရာကိုသစ္စာ ဒီမှာနေတာကို မြသန္တာရဲ့ သဘောထားအရ ကျွန်မက ဘာမှဆက်မပြောတော့ပါဘူး... နောက်ပြီး ဒေါက်တာကိုဖေကြိုင်က တစ်ခါတလေမှာတော့ ဒီလိုပဲ ဖြစ်တတ်ပါတယ် ... ဟောဟောဒိုင်းဒိုင်းနဲ့ စိတ်ထဲရှိသလို ပြောတတ်ပေမဲ့ နောက်ပိုင်း သူ သွေးအေး



သွားတဲ့အခါ နဂိုပုံမှန်အတိုင်း ပြန်ဖြစ်သွားတာပါပဲလေ ... ဒေါက်တာကိုဖေကြိုင် ပြောတာတွေကို ခေါင်းထဲမှာ မထားနဲ့ ... ဆရာကိုသစ္စာ ..."

ယင်းသို့ ဝါဝါခိုင်၏စကားအရ ဒေါက်တာကိုဖေကြိုင် က မိမိအား ခိုင်ဂေဟာမှ ထွက်သွားပါဟု ဆိုသည်ကို ဝါဝါခိုင်က ားမပေးဟု အမိပ္ပါယ်ကောက်ယူနိုင်ပေသည်။

ထိုစဉ်မှာပင် ...

အတာတစ်ယောက်တည်း ကော်ဖီဝိုင်းသို့ ရောက်ရှိ ာသည်။ အတာ၏မျက်နှာမကြည်ဘဲ သုန်မှုန်နေသည်။

အတာက ကော်ဖီစားပွဲသို့ ရောက်သည်နှင့် ဝါဝါခိုင် ှင့် မိမိကို လက်ညှိုးထိုးညွှန်ကာ တစ်၊ နှစ်ဟု ရေွတ်ပြီး သူ့ကိုယ် ူလည်း လက်ညှိုးပြန်ထိုးကာ သုံးဟု ရေတွက် ရေရွတ်လိုက်သ

"သုံးယောက်တည်းရယ် ... မမမြကော ဘယ်မှာလဲ နံပါတ်လေးနေရာမှာ မမမြလိုနေတယ် ..."

"အေး ... ဟုတ်ပါရဲ့ မြသန္တာတစ်ယောက် မတွေ့ဘူး ... အိပ်ရာက မထသေးဘူးလားဘဲ ... အိပ်နေတုန်းထင်တယ် အတာ ... ကော်ဖီသောက် မုန့်စားနှင့်ပေါ့ အတာ ... တော်ကြာ အတာ အဆာလွန်သွားမယ် ... ပေါင်မုန့်ကို မမဝါ ထောပတ်သုတ်ပေးမယ်နော် ..."

"ဟင့်အင်း ... အတာ မမမြနဲ့မှ အတူတူစားမယ် ... ကော်ဖီသောက်မယ် ..."

အတာ၏စကားအရ စိုးပြည့်စုံ စဉ်းစားကြည့်သည်။

ပတာနှင့် မြသန္တာသည် တစ်ခန်းတည်း အတူအိပ်ဟန်မတူ၊ အတာ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သည်အထိတော့ ကလေးသိပ်သလို သိပ်ပြီး အတာအိပ်ပျော်သွားသည်နှင့် သူမအခန်း ပြန်အိပ်ပုံရသည်။

"ကဲ ... ဒါဆို ... အတာရဲ့ မမမြကို အတာပဲ သွားရှာပေတော့ ... သူ့အခန်းမှာ အိပ်ပျော်နေလို့ ဖြစ်မှာပေါ့ ... "

"ဟင့်အင်း ... မမဝါ မမမြကို ဒေါ်ဒေါ်ဝိုင်းကိုပဲ သွားနှိုးခိုင်းလိုက်ပါ ... အတာ မနှိုးရဲဘူး ... သူ့အိပ်နေတုန်း နှိုးရင် မမမြက သိပ်စိတ်ဆိုးတတ်တယ်ဗျ ... မမမြစိတ်ဆိုးမှာ အတာကြောက်တယ် မမဝါ ... "

"ကဲ ... ဒေါ်ဒေါ်ဝိုင်း မြသန္တာကို သွားနှိုးပေးလိုက်ပါလား"

"အင်း ... မဝါခိုင်းလို့သာ လုပ်ရမယ် ... ဒေါ်ဒေါ်ဝိုင်း မလုပ်ချင်ဆုံး အလုပ်ပဲ ... "

ပြောပြောဆိုဆို ဒေါ်ဒေါ်ဝိုင်းသည် ဝါဝါနိုင် ခိုင်းသည် ငြင်းနိုင်ဘဲ ထွက်သွားပေတော့သည်။

စိုးပြည့်စုံ စဉ်းစားမိပါ၏။ ညက မြသန္တာသည် အတာကို သိပ်ပြီးနောက် မိမိ၏ ပျဉ်ထောင်အိမ်လေးသို့ ရောက်လာသည်။ ညက ပင်ပန်းပြီး နံနက် အိပ်ရာထနောက်ကျခြင်းဖြစ်နိုင်လေသည်။

သို့မဟုတ် နံနက်အစောကြီး မိမိနှင့် မဝါဝါနိုင် တင်းနစ်(စ်) အတူရိုက်နေသည်ကို မြသန္တာမြင်သွားပြီး မနာလို ဝန်တိုစိတ်ဖြင့် စိတ်ကောက်ပြီး ကော်ဖီဝိုင်းသို့ မလာခြင်းလည်း ဖြစ်နိုင်သည်။

ဒါလည်း ဒုက္ခ။

မိမိအဖို့ ယခုအချိန်တွင် မြသန္တာ၏ အငြိုးစုကို ခံ



ငံသေးပေ။ ဒါဆိုပါက မိမိသည် မြသန္တာအား ချော့ရဦးမည်၊ နှစ်သိမ့်ရဦးမည်။

စိုးပြည့်စုံ သက်ပြင်းချမိသည်။

ဒေါ်ဒေါ်ဝိုင်း ပြန်ရောက်လာသည်။

"မြသန္တာ သူ့အခန်းထဲမှာ အိပ်နေတာ မတွေ့ခဲ့ပါဘူး ... အပြင်ထွက်တာ နေမှာပါ ... "

"ဒီလောက် အစောကြီး မြသန္တာက ဘယ်ကိုသွားတာတဲ့လဲ ဒေါ်ဒေါ်ဝိုင်း ... "

"ဒါတော့ ပြောတတ်ဖူးလေ ... နန်းအေးမူ ပြောတာပဲ ... အိမ်ကလူတွေ မနိုးခင်ကတည်းက မောင်လူအောင်ကို ကားမောင်းခိုင်းပြီး ထွက်သွားတာ ... နန်းအေးမူတွေ့လိုက်တယ်လို့ ပြောတာပဲ ဝါ ... "

"ဟင် ... ကားယူသွားတယ် ဟုတ်လား ... ကိုလူအောင်မောင်းသွားတယ် ... ဟုတ်လား မဝါကိုလည်း ဘာမှပြောမသွားကြပါလား ... "

"ပြောသွားမလို့ပါဘဲ ... ခွင့်တောင်းသွားမလို့ပါဘဲ မဝါ ... ဒါပေမဲ့ ... "

ကြောင်တစ်ကောင်၏ ခြေသံမျိုးဖြင့် မြသန္တာ ပေါက်လာပြီး ပြောလိုက်ပေသည်။ ပြီး ကော်ဖီဝိုင်းသို့ ဝင်ရောက် ငံပေသည်။ ဖြီးဖြီးလိမ်းလိမ်း ခြယ်ခြယ်သသနှင့် လမ်းသွားအဝတ်စားများ ဝတ်ဆင်ထားသည်ကို တွေ့ရသည်။

"မနေ့ညကတည်းက မဝါကို ပြောဖို့ပဲ ... ဒါပေမဲ့ လူချင်းမဆုံမိကြဘူးလေ ... ဒီနေ့မနက် အစောကြီး ပြောပြခွင့်

www.burmeseclassic.com

www.burmeseclassic.com



တောင်းဖို့ကျတော့လည်း ... မပါက အိပ်နေတုန်းမို့ ခွင့်မတောင်းဘဲ ကိုလူအောင်ကို လိုက်မောင်းပေးဖို့ ခေါ်သွားတာပါ ... တောင်ကြီးကို လူကြုံရှိတာနဲ့ တောင်ကြီးကမမိုးဆီ စာလည်းသွားပေးရင်း ... မှာစရာ စကားတွေကို မှာဖို့ ဘူတာကြီးကို သွားတာပါ ... မြသန္တာထင်တာက မပါ အိပ်ရာက မနိုးခင် ပြန်ရောက်မယ်လို့ ထင်တာ ... ဟိုမှာ လူကြုံနဲ့ စကားကောင်းနေတာနဲ့ အပြန်နည်းနည်းနောက်ကျသွားတာ ... ”

ဝါဝါခိုင်က ဘာမျှထပ်မပြောတော့။

အဲ ... မြသန္တာပြန်ရောက်လာသဖြင့် သုန်မှုန်သောအတာသည် ချက်ချင်း မြူးရွှင်သွားသည်။

အတာသည် မြသန္တာ၏ပါးကိုကိုင်လိုက် အတင်းကြီးဖက်ထားလိုက်၊ မြသန္တာ၏ မေးစေ့ကိုကိုင်လိုက် ဖြစ်နေတော့သည်။

“အတာကလည်းကွာ ... ငြိမ်ငြိမ်နေစမ်းပါ ... ”

“ဒါဆို မမမြထိုင် ... ကော်ဖီသောက် ... မုန့်စား ... အဘာကတော့ ကော်ဖီမသောက်ဘူး ... နွားနို့ပဲ သောက်မယ်”

ပြောပြောဆိုဆို အတာက မြသန္တာ၏ ခါးကိုဖက်ထားပြန်သည်။

ဝါဝါခိုင်၏မြင်ကွင်းတွင် မျက်စိနောက်သောကြောင့်လား မသိ၊ ဝါဝါခိုင်က ကော်ဖီကို လက်စသတ်ပြီး ထထွက်သွားတော့သည်။

ဟုတ်တော့လည်း ဟုတ်ပါ၏။

အတာအား (၅)နှစ်သားကလေးဦးနှောက်ဟု အသိ



အမှတ်ပြုထားသော်လည်း သူ့အသက်နှစ်ဆယ်ရှယ် လူကောင်ထွားကြီးနှင့် မြသန္တာအား ပွေ့လား၊ ဖက်လား လုပ်ခြင်းကို ဝါဝါခိုင်လို အရွယ်ကြီးမားသော အမျိုးသမီးက ကြည့်နိုင်မည်မဟုတ်ပေ။

ယိုသူ မရှက်၊ မြင်သူရှက်ပုံစံကိုး။

စိုးပြည့်စုံသည် ပေါင်မုန့်သုံးချပ်စားပြီးပြီ၊ ကော်ဖီသည်း အဝသောက်ပြီးပြီ။

သို့သော် ချက်ချင်း ထမသွားရဲပေ။

ဝါဝါခိုင်သွားရာနောက်သို့လိုက်သွားသည်ဟု မြသန္တာက စွပ်စွဲပြောမှာကို ကြောက်ရသေးသည်။

ထို့ထက်မှာမူ ...

ညက မြသန္တာက ပြောသွားသည်၊ ယနေ့ နံနက်မြို့ထဲသွားပြီး အောင်မင်္ဂလာဘကွန်းကြီး၏ လူသွတ်မှုကို စုံစမ်းပေးမည်ဟူ၍။

ယခု မြသန္တာ မြို့ထဲက ပြန်လာခြင်းဖြစ်သဖြင့် စိုးပြည့်စုံအဖို့ အခြေအနေမှန် သတင်းမေးလိုသေးသည်၊ ကြားလိုသေးသည်။

မြသန္တာက အတာအား နွားနို့ပေးတိုက်ရင်း စိုးပြည့်စုံကို မျက်စိတစ်ဖက်မှိတ် အချက်ပြထားသည်။

“အတာ နွားနို့ကုန်အောင်သောက်နော် ... မမမြက အကာနွားနို့တွေ ကုန်အောင်သောက်ပြီး ပေါင်မုန့်တွေ အများကြီး စားနိုင်အောင် သီချင်းဆိုပြမယ် ... မမမြ သီချင်းသံနားထောင်ပြီး ကုန်အောင်စား ... ကုန်အောင်သောက်ရမယ်နော် ... ”

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... ကောင်းတယ် ... မမြ သီချင်းဆိုပြ"

မြသန္တာက စိုးပြည့်စုံကို အဓိပ္ပါယ်ပါပါ မျက်ဝန်းလျှ ကြည့်လိုက်ပြီး ပါးစပ်ထဲတွေ့ကရာ လက်တန်းသီချင်းဆိုလိုက် သည်။

"မောင်ရယ် ... ကိုရယ် လာခဲ့ပါကွယ် ...
ပျိုမေ စောင့်လို့နေမယ် ...
ခြံကြီးဘေးက စံပယ်ရုံမှာ တကယ် ...
မောင်နဲ့ မေ တွေ့ကြစို့လားကွယ် ..."

"ကဲ ... မမြ သီချင်းဆိုပေးတော့ အတာပိုပြီး စားနိုင် သောက်နိုင်ရော မဟုတ်လား ..."

"ဟာ ... သိပ်စားနိုင်တာပေါ့ ... ဒီမှာကြည့် နွားနို့လည်း ကုန်သွားပြီလေ ..."

"ကောင်းပြီ ... စားသောက်ပြီးရင် အစာကြေသွားအောင် အတာရဲ့ အရုပ်ခန်းကြီးထဲမှာ သွားကစားရမယ် ... တ နာရီတိတိ ကစားရမယ်နော် ..."

"မမြနဲ့ အတူတူကစားမယ်လေ ..."

"အခု ... မမြ မကစားနိုင်သေးဘူး ... မနက်အစော အိပ်ရာကပြီး ဘူတာကိုသွားရလို့ အိပ်ရေးမဝဘဲ မမြ ထ အိပ်ချင်နေတယ် ... မမြ တစ်ရေးအိပ်မယ် ... အိပ်ရာ နိုးတာနဲ့ အတာနဲ့ ကစားမယ် ... ဟုတ်လား ... နောက် မမြ အိပ်နေတုန်း အခန်းတံခါးလာမခေါက်နဲ့ ... လာမ နဲ့ ... လာမနှိုးရဘူးနော် ... အတာ ..."

"ဟုတ်ကဲ့ပါ ... မမြ ..."



"ကဲ ... ဒါဆို ... လာ အတာ့ကို ကစားခန်းထဲ မမြလိုက် ပို့ပေးမယ် ..."

စိုးပြည့်စုံ ထိုင်ရာမှ ထသည်။

မြသန္တာ၏ သီချင်းအရ ခိုင်ဂေဟာခြံကြီးထဲက စံပယ်ရုံဘေးတွင် ဒိမိသွားစောင့်ရပေမည်

အလွယ်တကူပင် စံပယ်ရုံကြီးကို တွေ့ရသည်။ စံပယ်ပန်းလေးတွေ ဖြူဖြူဖွေးဖွေးပွင့်နေသည်ကို တွေ့ရသည်။ လ ပိုက်ရက်တွင် ကြယ်စုံထွက်သည်နှင့်ပင် တူသေးတော့။

စံပယ်ရုံဘေးတွင် ဖြူ၊ နီ၊ ပြာ၊ ဝါ ဆေးရောင်စုံ သုတ် ထားသော ခုံရှည်တစ်ခုကို တွေ့ရပြန်ပါသည်။ ထိုရောင်စုံတန်းလျား တွင် စိုးပြည့်စုံ ထိုင်ကာ မြသန္တာကို စောင့်တော့သည်။

ငါးမိနစ်သာသာ စောင့်ရသည်၊ မြသန္တာ ရောက်လာ ပါ၏။

"ကိုစိုး ... ဟိုမိန်းမကတော့ သူ့အခန်းက မှန်ပြောင်းနဲ့ ခြံ ထဲ လိုက်ကြည့်ချင် ကြည့်နေမှာ ... ဒီတော့ လူလစ်တယ် ဆိုပြီး ကိုစိုးက မြသန္တာကို မပွေ့မဖက်မပိုက်နဲ့နော် ... မနမ်း နဲ့နော် ..."

"စိတ်ချ ... လက်ဖျားနဲ့တောင် မတို့ဘူး ... ပွေ့ပိုက်ဖို့ နမ်းဖို့ဆိုတာ ဝေလာဝေးပဲ မြသန္တာ ..."

"ကြည့် ... ကိုစိုး စိတ်ကောက်ပြီ ... မြသန္တာ ပြောတာက အကောင်းပြောတာပါ ... ညကျရင် ပျဉ်ထောင်အိမ်လေးကို မြသန္တာ လာမှာပေါ့ ..."

မှန်ဘောပြောရလျှင် မြသန္တာနှင့် အထိအတွေ့ကို စိုး

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံ ငြီးငွေ့နေပေပြီ။

မေတ္တာမပါသော ဖိုမအထိအတွေ့သည် ကြာတေ(ာ့) ရိုးသွားပြီး ငြီးငွေ့စရာဖြစ်တတ်သည်သာ။ ထို့ကြောင့် မိမိက စိ(တ်) ထဲရှိသည့်အတိုင်း အမှန်ပြောချလိုက်သည်ကို မြသန္တာက မိမိစိ(တ်) ကောက်ပြီးပြောသည်ဟု ထင်သွားပုံပင်။

တစ်နည်းတော့မူ မြသန္တာ ဒီလိုထင်သွားခြင်းမှ(ာ) တစ်မျိုးတော့ ကောင်းပေသည်။ ဒါမှ မြသန္တာ မိမိကို ပြန်ချော့ရ(ာ) တွင် မိမိက အောင်မင်္ဂလာဘကွန်းကြီးအကြောင်း မေးမြန်းရာတွ(င်) ပိုမိုလွယ်ကူသွားစေနိုင်မည် ဖြစ်ပါ၏။

"ကဲ ... ပြော မြသန္တာ ... အပြင်သွားစုံစမ်းတာ ဘာတွေ(့) သတင်းထူးကြားခဲ့လဲ ... "

"ကိုစိုးအတွက် မြသန္တာ လိုက်စုံစမ်းရတာပေါ့ ကိုစိုး ... "

"ဘယ်အထိ သွားစုံစမ်းလဲ ... အောင်မင်္ဂလာရပ်ကွက်(က) တရုတ်ဆိုင်အထိ ရောက်လား ... "

"အမယ်လေး ... ဝေးသေးရဲ့ ... အဲဒီကို မြသန္တာ ဘယ်သွ(ား) စုံစမ်းရဲမှာလဲ ကိုစိုးရယ် ... "

"ဒါဖြင့် မြသန္တာ စုံစမ်းခဲ့ပုံကို ပြောပါဦး ... "

"သတင်းစာတွေ လိုက်ဖတ်ကြည့်ရတာပေါ့ ... ဒီနေ့ထုတ် သတင်းစာကတော့ အလွယ်တကူရပါတယ် ... ဒါပေမဲ့ ပ(ြ) တုန်းက သတင်းစာဟောင်းတွေက ဘယ်လွယ်လွယ်နဲ့ ရ(ှ) မလဲ ... ဒါကြောင့် လက်ဖက်ရည်ဆိုင်ဝင်ပြီး လက်ဖက်ရ(ည်) သောက်ရင်း သတင်းစာဟောင်းကို တောင်းရတာပေါ့ ... အောင်မင်္ဂလာဘကွန်းကြီးအသတ်ခံရတာ တနင်္ဂနွေနေ့(က)



ဆိုတော့ တနင်္လာ ... အင်္ဂါထုတ် သတင်းစာတွေထဲမှာ သတင်းပါနိုင်မယ် မဟုတ်လား ... "

"အဲဒီသတင်းစာတွေမှာ တွေ့လား ... "

"တွေ့တယ် ကိုစိုး ... အင်္ဂါနေ့ထုတ် သတင်းစာမှာပါတယ် ဒါပေမဲ့ သတင်းက တိုတိုလေးမှ တကယ့်တိုတိုလေးပါ ... အာဘော်အနေနဲ့ ရေးထည့်တာမဟုတ်ဘဲ သတင်းအတို အထွာလေး ဖော်ပြတဲ့သဘောလောက်ပဲပါတယ် ... ရန်ကုန် မြို့ အောင်မင်္ဂလာရပ်ကွက်မှာ လူတစ်ယောက် ဓားထိုးခံရ ပြီး ... သေဆုံးနေတယ်လို့ ရဲကို တယ်လီဖုန်းပေးသတင်း အရ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ဆက်လက် ဆောင်ရွက်နေကြောင်း ... ဘကွန်းကို ဓားနှင့် ထိုးသူဟာ အရပ်ထောင်ထောင်မောင်းမောင်းတစ်ဦးဟု အနီးရှိ အရပ် သားတချို့မြင်လိုက်ကြောင်းလို့သာ ဖော်ပြထားတယ် ... တခြားဘာမှ အသေးစိတ်မပါဘူး ကိုစိုး ... "

"စံရွှေအောင် ... မြင့်မောင်နဲ့ ပီတာတို့အကြောင်းမပါဘူး လား ... "

"မပါဘူး ... "

"စံရွှေအောင်က တရုတ်စားသောက်ဆိုင်ထဲမှာ ဓာတ်ပုံ တဖျပ်ဖျပ်ရိုက်တာကော မပါဘူးဘဲလား ... "

"လုံးဝ မပါဘူး ကိုစိုး ... "

စိုးပြည့်စုံက စဉ်းစားပြီး ဖြည်းလေးစွာ ပြောလိုက် သည်။

"ဒါဆိုရင်တော့ တို့နဲ့ ကိုဘကွန်းကြီး လမ်းပေါ်မှာ ခုတ်

www.burmeseclassic.com

www.burmeseclassic.com



ပုတ်တာကို ရဲအဖွဲ့က မသိသေးတဲ့သဘောပဲ ... ဟကယ်လို့သာ စံရွှေအောင်က သူရိုက်ခဲ့တဲ့ ဓာတ်ပုံတွေ ရဲအဖွဲ့ကို တင်ပြရင် ရဲအဖွဲ့က အဖြစ်မှန်ကို မြင်လာမှာ ... သူတို့သုံးယောက် ဘာလို့ ရဲအဖွဲ့ကို ဓာတ်ပုံတွေ မတင်ပြလည်း မသိဘူး ... "

"တင်ပြနိုင်လောက်တဲ့ ပုံတွေမဟုတ်လို့ နေမှာပေါ့ ကိုစိုး"

"ဘယ်ဟုတ်မလဲ မြသန္တာ ... ပထမဆုံး ပီတာက မြသန္တာကို လာမိတ်ဖွဲ့ပြီး မြသန္တာနဲ့ မျက်နှာချင်းကပ်အောင် ပီတာက လုပ်တဲ့အချိန် စံရွှေအောင်က ဓာတ်ပုံတွေ ရိုက်ယူတာပဲ ကိုဘကွန်းကြီးနဲ့ ပီတာတို့ မြင့်မောင်တို့ ရန်ဖြစ်တော့လည်း စံရွှေအောင်က ဓာတ်ပုံရိုက်သေးတယ် ... လမ်းပေါ်မှာ ကိုဘကွန်းကြီး လဲကျနေလို့ တို့က ဒူးထောက်ထိုင်ပြီး ကိုဘကွန်းကြီး သေ ... မသေ စစ်ဆေးနေတုန်းလည်း စံရွှေအောင် ဓာတ်ပုံရိုက်သေးတာ ... ဒါပေမဲ့ စံရွှေအောင် ရိုက်လိုက်ချိန်မှာ တို့က လက်မောင်းနဲ့ ကာလိုက်တာမို့ တို့မျက်နှာကို ဓာတ်ပုံမှာ ထင်ထင်ရှားရှားတော့ ဖြစ်မှာမဟုတ်ပါဘူး ... "

"စံရွှေအောင်တို့ ငြိမ်နေတာဟာ သူတို့ကိုယ်တိုင်လည်း ရဲကို ရင်မဆိုင်ရဲလို့ ဖြစ်မှာပေါ့ ... ကိုစိုးအနေနဲ့ ရဲကို ရင်မဆိုင်ရဲသလိုပေါ့ ... "

"ခက်ပါတယ် မြသန္တာရာ ... ရဲအဖွဲ့ရဲ့ ယူဆချက်ကို တိတိကျကျ ဘာမှမသိရဘဲ ဒီသတင်းစာထဲမှာပါသလောက်လေးကိုသာ သိရတာဆိုတော့ ... တို့ ဘာဆက်လုပ်ရမှန်းတောင်



မသိဘူး ... "

"ဒီမယ် ကိုစိုး ... ဘာဆက်လုပ်ရမယ်မှန်းမှ မသိတာ ... ဘာမှ ဆက်မလုပ်နဲ့ဦးပေါ့ ... နောက်ထပ် တစ်ရက်နှစ်ရက်ကြာရင် မြသန္တာ နောက်တစ်ခေါက်ထွက်စုံစမ်းပေးဦးမယ် အခုအခေါက်မှာ ဒရိုင်ဘာကိုလူအောင်ကို ခေါ်သွားမိလို့ ကိုယ်သွားချင်ရာသွား စုံစမ်းချိန် မရဘူးလေ ... သိပ်ကြာရင် ဟိုမိန်းမနဲ့ ပြဿနာတက်မှာ မဟုတ်လား ... "

စိုးပြည့်စုံအဖို့ ဒီလိုပဲ စောင့်ရဦးတော့မည်သာ။

နောက်ထပ်တစ်ရက် နှစ်ရက်အကြာ မြသန္တာစုံစမ်း၍ ဘာမျှမထူးလျှင်တော့ မိမိကိုယ်တိုင်ထွက်၍ စုံစမ်းတော့မည်ဟုသာ စိုးပြည့်စုံ ဆုံးဖြတ်ချက်ချတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



❋❋❋❋❋❋ [ ၁၁ ] ❋❋❋❋❋❋

နံနက်ကတော့ မဝါဝါခိုင်က တင်းနစ်(စ်)ကွင်း၌ မိမိကို အရေးပေး အရောဝင်သည်ဟု ထင်ပြီး စိတ်ကောက်သွားသော ဒေါက်တာဖေကြိုင်သည် ညနေကျတော့ ပြုံးရွှင်ရယ်မောစွာနှင့်ပင် ခိုင်ဂေဟာသို့ သူ့ကားဖြင့် ရောက်လာသည်။

"မဝါရေ... ကိုယ့်မိတ်ဆွေတစ်ယောက်က အပျင်းပြေကြည့်ဖို့ဆိုပြီး ရုပ်ရှင်ပြစက်လေး လာပေးသွားတယ် ... ဖလင်တွေ အများကြီးထဲက အတာကြိုက်မယ်ထင်တဲ့ စန္ဒီးဝုက်ဇာတ်ထုပ်တွေကိုပဲ ကိုယ်ယူခဲ့တယ် ... ညစာစားပြီးကြပြီဆိုရင် ... ဧည့်ခန်းမှာ ကြည့်ကြစို့ ..."

အမှန်တော့ ဗီဒီယိုအောက်စက်တွေ ခေတ်စားနေချိန်ဝယ် ရုပ်ရှင်ပြစက်ဖြင့် ပြခြင်း၊ ကြည့်ခြင်းသည် မရှိသလောက် ရှားပါးသွားလေပြီ။



သို့သော် ကိုယ့်အိမ်ထဲမှာပင် ပိတ်ကားထောင်၊ ရုပ်ရှင်ပြစက်နှင့် ကြည့်ရခြင်းသည် အရသာတစ်မျိုးဖြစ်ပါ၏။

ညစာ ထမင်းစားပြီးကြပြီမို့ ဧည့်ခန်းမှာပင် ပိတ်ကားထောင်၊ ဆိုဖာများတွင်ထိုင်ကာ ကြည့်ကြသည်။ ပိတ်ကားနှင့် အလယ်တည့်တည့် နှစ်ယောက်ထိုင် ဆိုဖာတွင် အတာနှင့် မြသန္တာတို့ကို ထိုင်စေသည်။ ကျန်ဆိုဖာများကို လခြမ်းပုံသဏ္ဍာန်ဝိုင်းစေသည်။

ဟိုဘက် ဘေးဆုံးတွင် ကိုလူအောင်၊ နန်းအေးမူ၊ ဒေါ်ဝိုင်း အစဉ်လိုက်ထိုင်ပြီး ဒေါ်ဝိုင်းဘေးတွင် ဝါဝါခိုင်က ထိုင်ပေရာ နောက်ဆုံး ဒီဘက်ဘေးထိုင် စိုးပြည့်စုံမှာ ဝါဝါနှင့် ဆိုဖာချင်းကပ်လျက်သား အလိုလိုဖြစ်သွားသည်။

ဝါဝါခိုင်နှင့် ဘေးချင်းကပ်ထိုင်လိုက်ရသည်နှင့် ဝါဝါခိုင်တော့ ဘယ်လိုခံစားရမည်မသိ၊ စိုးပြည့်စုံမှာ အလိုလိုရင်ခုန်သွားတော့သည်။ တစ်သက်လုံး မခုန်ဘူးသောရင်က ဘာကြောင့် ခုန်ရပေသနည်း။

နိုင်ငံခြားသူတွေနှင့်ရော ပြည်တွင်းသူတွေနှင့်ရော၊ ယှဉ်ပါးခဲ့သော စိုးပြည့်စုံအဖို့ တစ်ကြိမ်တစ်ခါမှ ရင်မခုန်ဘူးပါလျက် ယခု ဝါဝါခိုင်နှင့် တွဲထိုင်ရရုံမျှလောက်လေးနှင့် ဘာကြောင့် ဒီရင်ကြီးက အလိုလိုခုန်ရပေသနည်း။

မီးတွေ မှိတ်လိုက်သည်။ ပိတ်ကားပေါ်သို့ ရုပ်ရှင်ပြစက်မှ စလိုက်မီးထိုးလိုက်သည်။ စလိုက်မီးရောင်ဖြင့် ပွဲကြည့်သူအချင်းချင်း ဝိုးတဝါးမြင်ကြရုံသာရှိသည်။

စနိုးဝှိုက်နှင့် လူပုလေး (၇)ယောက်ဇာတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



စတင်ပြလေပြီ။

မြသန္တာက အတာအား ဓာတ်လမ်းပြကွက်ကို ဘာသာပြန်ပြပေသည်။ အင်္ဂလိပ်ဓာတ်ကားဖြစ်သော်လည်း ဆယ်တန်း (၂)ခါကျ မြသန္တာက ဘာသာပြန်ပြောနိုင်ပေသည်။ နောက်ပြီး စနီးဝှိုက်ဓာတ်လမ်းသည် မြန်မာပရိသတ်နှင့် ရင်းနှီးသိထားပြီမို့ ပြန်ပြောပြရာ၌ လွယ်ကူပါ၏။ ဒေါ်ဝိုင်း၊ လူအောင်နှင့် နန်းအေးမူတို့လည်း မြသန္တာ ဘာသာပြန်ပြောပြသည်ကို အာရုံစိုက်ကြပါ၏။

ဤကာတွန်းဓာတ်ကားတွင် ကာတွန်းပန်းချီဆရာသည် သူ၏ပန်းချီဓာတ်ကောင်များကို ပီပြင်စွာ ဖော်ပြနိုင်ပေသည်။

စနီးဝှိုက်မင်းသမီး၏ ရုပ်ပုံလေးဆိုလျှင် သိပ်ချောသိပ်လှရုံမက မြင်ရုံနှင့်ပင် ပရိသတ် ချစ်ခင်သနားစေသည်။

လူပုလေး (၇)ယောက်ဆိုလည်း အစ်ကိုအကြီးဆုံးမှ ညီအငယ်ဆုံးအထိ တစ်ဦးလျှင် တစ်မျိုး၊ နှစ်သက်စရာ၊ ချစ်စရာ ရယ်စရာရုပ်မျိုး ဖော်ပြထားသည်။

စုန်းမကြီးဆိုပါကလည်း ကြည့်မြင်ရုံနှင့် တကယ်ပင် ထရိုက်ချင်စရာ မုန်းတီးစရာ ရုပ်မျိုးဖန်တီးထားသည်။

ဆေးရောင်စုံဓာတ်ကားဖြစ်သောကြောင့် ကြည့်ရသူများ ပသာဒလည်း ဖြစ်ပါလေ၏။

အတာသည် လူပုလေးတွေ၏ အခန်းတိုင်းမှာပင် လက်ခုပ်တီးရယ်သည်။

ဝါဝါခိုင်သည် သူ့မောင်လေးအတာ သဘောကျစွာ ရယ်ခလတိုင်း ဒေါ်ဝိုင်းနှင့် နန်းအေးမူကို ကျော်ကာ ခါးကိုင်းပြီး ကြည့်ရသည်မှာ အမော။



ဝါဝါခိုင်က အတာအား ခါးကိုင်းကြည့်ခြင်းသည် ခါးမတ်၍ ကြည့်နေသော စိုးပြည့်စုံ၏ မြင်ကွင်းအောက်သို့ ရောက်သွားသည်။ ပိတ်ကားမှ ဆလိုက်မီးရောင်ပြန်ဟပ်သောကြောင့် ဝါဝါခိုင်၏ အလှကို အနီးကပ် စိုးပြည့်စုံ တွေ့နေရသည်။

လှပဲ လှနိုင်ရန်ကော ဝါဝါခိုင်ရယ် ...

ဝါဝါခိုင်က အတာကို ခါးကိုင်းကြည့်ပြီး ပြုံးရွှင်သော မျက်နှာလေးကို ပြန်အမတ်တွင် စိုးပြည့်စုံက ကြည့်နေသူမို့ မျက်လုံးချင်း ဆုံကြသည်။

စိုးပြည့်စုံမှာ ဝါဝါခိုင်နှင့် မျက်လုံးချင်းဆုံလေ ရင်ခုန်လေဖြစ်ရသည်

ဝါဝါခိုင်ကတော့ ရင်ခုန်လေသလား၊ ဘာလားညာလားတော့ သူမ၏ကိုယ်စောင့်နတ်သာလျှင် သိပေမည်။ သူမ၏ မျက်နှာတွင် စိုးပြည့်စုံနှင့် မျက်လုံးချင်း ဆုံသည့်အတွက် ရှက်ရွံ့ခြင်း တုန်လှုပ်ခြင်းရှိပုံရေ၊ သူမ၏မျက်လုံးကို လှစ်ခနဲ လွှဲဖယ်ခြင်းမျိုးလည်း မပြုရုံမက အနီး၌ စကားပြောဖော်ကို ပြောသလိုပင် စိုးပြည့်စုံအား ပြောလိုက်သေးသည်။

"ဟိုမှာလေ မောင်လေးအတာ ... အရမ်းသဘောကျအူမြူးနေတယ် ... "

"ဟုတ်ကဲ့ ... ဒီကားမျိုးက ကလေးကြိုက်ပဲ ... တခြားကလေးကြိုက်ကားတွေ ရှိသေးတယ် ... ကောင်းဘွိုင်တို့ စောရိုးကားတို့ဟာကြူလီကားတို့ရော်ဘင်ဟုကားတို့လေ"

"အဲဒါတွေကျတော့ အတာ့အဖို့ မကောင်းဘူး ဆရာကိုသစ္စာ အဲ့ဒီကားမျိုးတွေမှာ သေနတ်နဲ့ ပစ်တာတွေ လက်သီးထိုး

www.burmeseclassic.com

www.burmeseclassic.com



အသတ်အပုတ်တွေလေ ... သာမန် အရွယ်မှန် အသက်မှန် ကလေးတွေအတွက်တော့ ဘာအရေးလဲ ... အတာကျ တော့ ကလေးဦးနှောက်နဲ့ လူကြီးခန္ဓာကိုယ်ဆိုတော့ အတု ယူပြီး လက်သီးထိုး အသတ်အပုတ်တွေ ထလုပ်ရင် မလွယ် ဘူးပေ့ါ ဆရာ ... သူ့ခန္ဓာကိုယ် ဗလကြီးနဲ့လေ ... ”

စိုးပြည့်စုံ ခေါင်းညိတ်ထောက်ခံပါ၏။ ပြီး ဝါဝါခိုင်က မိမိကိုလိုလားဖော်ရွေစွာပြန်ပြောသည်ကိုအရမ်းကျေနပ်မိသည်။

ကျေနပ်မိသည့်ကြားကပင် စိုးပြည့်စုံသည် မိမိဘဝနှင့် အခြေအနေကို ပြန်စဉ်းစားမိကာ သက်ပြင်းချမိသည်။

ငရဲသားသည် ငရဲမီးနှင့်သာ ထိုက်တန်သည်။ ငရဲသားက တာဝတိံသာနတ်ပြည်က နတ်သမီးနှင့် နှစ်ပါးကြည်လို၍ ဖြစ်မည်တဲ့လား။

ဝါဝါခိုင်သည် အဘက်ဘက်က ပြည့်စုံရုံမက အကျင့် ပိုင်း၊ သိက္ခာပိုင်း စောင့်စည်းထိန်းသိမ်းမှုအပိုင်းတွေနှင့် အဆင့်မြင့် လှသူအား မိမိကို ခပ်ပေါပေါ ခပ်ညံ့ညံ့ထိန်းသိမ်းမှုမရှိသည့်သူနှင့် ထိုက်တန်ပါသတဲ့လား။

ဝါဝါခိုင်နှင့် မိမိသည် မတူလေးရယ်မှ အိုဘယ့်မတူ မျိုး ဖြစ်နေသည်။

အမဲရိုးနှင့် ဟင်းအိုးပမာ။

စိုးပြည့်စုံ အတွေးတွင် မြောနေစဉ်မှာပင် ဝါဝါခိုင်ထံမှ “အယ် ... ဒုက္ခပဲ ... ”ဟု အာမေဍိတ်သံထွက်လာသောကြောင့် ဝါဝါခိုင်အား လှမ်းမေးလိုက်သည်။

“ဘာလို့လဲ မဝါဝါခိုင် ... ”



“ဟိုမှာလေ ... အတာ ဒေါကန်နေပြီ ... ”

စိုးပြည့်စုံက အတာကိုကြည့်လိုက်၊ ပိတ်ကားပေါ် ပြန်ကြည့်လိုက် ကြည့်မိသည်။

ဇာတ်လမ်းအရ စုန်းမကြီးက စနိုးဝှိုက်ကို အဆိပ် ထည့်ထားသော ပန်းသီးကို ဖြားယောင်းပြီး ကျွေးနေသောအခန်း ဖြစ်ပါ၏။

အတာကို ကြည့်ပြန်ရာ လွန်စွာဒေါကန်မုန်းတီး သော အသွင်လက္ခဏာပြနေပေပြီ။ လက်သီးဆုပ်ထားသည်၊ အံ ကြိတ်ထားသည်။ နှာသီး၊ နားရွက်တွေ နီရဲလာသည်။

ဒေါ်ပိုင်းက မဝါကိုမေးသည်။

“ပြစက် ပိတ်ခိုင်းလိုက်ရမလား မဝါ ... ”

“မခိုင်းနဲ့ ဒေါ်ဒေါ်ပိုင်း ... ပိတ်လိုက်ရင် ပိုဆိုးသွားမှာ စိုး ရိမ်ရတယ် ... ”

စုန်းမကြီးပေးသော ပန်းသီးကို စနိုးဝှိုက်က လှမ်း ယူသည်နှင့် အတာသောင်းကျန်းသည်။

“ဟေး ... ဟေး ... မစားနဲ့ ... စားရင် သေသွားမယ် ... ဒီစုန်းမကြီးကို သတ်မယ် ... သတ်မယ် ... ”

ပြောပြောဆိုဆို အတာမတ်တတ်ရပ်သည်။ စားပွဲ ပေါ်ရှိ အလှတင်ဖန်ပန်းအိုးကို ကောက်ယူကာ ပိတ်ကားပေါ်သို့ စုန်းမကြီးသို့ ပစ်ပေါက်လိုက်သည်။ ဆေးလိပ်ပြာခံခွက်နှင့်လည်း ပစ်ပေါက်သည်။

ချွမ် ခလွမ်ဖြင့် ကွဲရှသံတွေထွက်လာပေတော့သည်။ ကိုလူအောင်က ချက်ချင်းထကာ ဧည့်ခန်းမီးခလုတ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဖွင့်လိုက်သဖြင့် တစ်ခန်းလုံးလင်းသွားသည်။ ဒေါက်တာဖေကြိုင်ကလည်း ပြစက်ကို ပိတ်လိုက်သည်။

"သတ်မယ် ... သတ်မယ် စုန်းမကြီးကို သတ်ရမယ် ..."

ဝါဝါခိုင်သည် အတင်းရှေ့တိုးကာ အတာ၏လက်မောင်းကို ဆွဲထားသည်။

"မဟုတ်ဘူး မောင်လေး ... အခုပြနေတာက ရုပ်ရှင်ပဲဟာ တကယ်မှ မဟုတ်တာ ... စနိုးဝှိုက်မင်းသမီးလေးလည်း မသေပါဘူး အတာ ..."

"ဘာလို့ မသေမှာလဲ ... အဆိပ်ထည့်ထားတဲ့ ပန်းသီးကို စားရင် သေမှာပေါ့ ... ဒီစုန်းမကြီးကို ပြန်ထုတ်ပေး ပြန်ပေး ... အတာ့လက်နဲ့ စုန်းမကြီး လည်ပင်းညှစ်ပစ်မယ်"

ဒေါသကြီးနေသော အတာအား ဝါဝါခိုင် မနိုင်ပေ၊ နန်းအေးမူနှင့် ဒေါ်ဝိုင်းလည်း ဝင်မဆွဲရဲ၊ ဒေါက်တာဖေကြိုင်လည်း မကပ်ရဲ၊ ကိုလူအောင်လည်း ဒီအတိုင်း ကြောင်ကြည့်နေသည်။

မြသန္တာက အတာ၏လက်ကို ကိုင်လိုက်ပြီး အတာ့ကို ဆိုဖာတွင် ဆွဲထိုင်သည်။ အတာက မထိုင်။

"ဒီမယ် အတာ ... မမမြပြောတာ နားထောင်စမ်း ... နားမထောင်ရင် မမမြစိတ်ဆိုးမယ် အတာကို မခေါ်တော့ဘူး နားလည်တယ်နော် အတာ ..."

အတာက မြသန္တာကို ပြန်စိုက်ကြည့်သည်။ သို့သော် မြသန္တာ၏ မျက်နှာထားတင်းသော အကြည့်ကို အတာမခံနိုင်။ ချက်ချင်း မျက်နှာလွှဲလိုက်သည်။

"ဒီစနိုးဝှိုက်အကြောင်း မမမြ အတာ့ကို ပြောပြနေတာ



မဟုတ်လား ..."

"ဟုတ်တယ်လေ ... မမမြပဲ စုန်းမကြီးရဲ့ ပန်းသီးထဲမှာ အဆိပ်ခတ်ထားတယ် ပြောတာပဲ ... စနိုးဝှိုက်လေး ပန်းသီးစားရင် သေသွားမှာပေါ့ ..."

"အို ... အတာက အတင်းရှေ့ လောကြီးတာကိုးကွ ... တကယ်တော့ စနိုးဝှိုက် မသေဘူးလေကွာ ... စနိုးဝှိုက်က ပန်းသီးစားတော့မဲ့ဆဲဆဲမှာ လူပုလေးခုနစ်ယောက်က ဝင်ကယ်လိုက်တယ် အတာရဲ့ ..."

"ဟုတ်လား ... လူပုလေးတွေက ဝင်ကယ်လို့ စနိုးဝှိုက် မသေဘူး ဟုတ်လား ... ဟာ ... ဟာ ... ဟ ... အဲဒီလူပုလေးတွေကို အတာချစ်တယ် ..."

"နောက်ဆုံးတကယ်သေသွားတာကစုန်းမကြီးသေသွားတာ"

"ဝမ်းသာလိုက်တာ ... ဒီဟာမကြီး သေတာ ကောင်းတယ်"

"အေး ... စုန်းမကြီးဟာ နံရံက နာရီကြီး ဒေါင်ဒင် ဒေါင်ဒင် မြည်တာနဲ့ စုန်းမကြီး အသက်ထွက်သွားရော ... သေသွားရော ... စုန်းမကြီး သေပုံကို မမမြ ဆိုပြမယ် ... အတာ နားထောင် ..."

"ဒေါင်ဒင် ... ဒေါင်ဒင် ..."

"နာရီက မြည် ..."

"စုန်းမကြီး သေသွားပြီ ..."

တဲ့ ... အဲဒါကို အတာလိုက်ဆိုကြည့်စမ်း ..."

အတာက မြသန္တာဆိုခိုင်းသည့်အတိုင်း ဆိုပြပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်ဒင် ... ဒေါင်ဒင် နာရီက မြည်
စုန်းမကြီး သေသွားပြီ။

"အေး ... စုန်းမကြီး သေသွားပြီးတဲ့နောက် စနိုးပိုက် မင်းသမီးလေးဟာ သိပ်လှတဲ့ မင်းသားလေးတစ်ပါးနဲ့ ညားသွားရောတဲ့ ... "

"ညားသွားတယ်ဆိုတာ ဘာလဲ ... မမြေ ... "

"ဩော်ကွယ် ... အတာကလည်း ညားသွားတယ်ဆိုတာ အတာ အခုနားမလည်သေးရင် နောက်ကျ တဖြည်းဖြည်း နားလည်လာမှာပါ ... မမြေက ညားသွားတယ်ဆိုတာ အတာ့ကို တဖြည်းဖြည်းရှင်းပြမယ် ... သောင်းကျန်းမှု ပုံသွင်လည်း မရှိပါလေတော့ ... "

ဤနေရာတွင် မြသန္တာက အတာကို ပိုင်နိုင်စွာ ချု ကိုင်နိုင်သော အရည်အချင်းကို စိုးပြည့်စုံ သတိထားမိလိုက်သည်

"ကဲ ... အတာ အိပ်ချိန်ရောက်ပြီ ... အတာ့ကို မမြေ တစ်ဖက် ... မမဝါက တစ်ဖက် တွဲပြီး အိပ်ခန်းကိုလိုက် ပေးမယ် ... လှေကားအတက်မှာ အတာက ခုန မမြေ တဲ့ သီချင်းလေးဆိုပြီး တက်ပေါ့ကွယ် ... "

အတာကို မြသန္တာတစ်ဖက်၊ ဝါဝါခိုင်တစ်ဖက်ဆွဲ လှေကားပေါ် တက်သွားကြသည်။

ဒေါင်ဒင် ... ဒေါင်ဒင် ...
နာရီကမြည်၊ စုန်းမကြီးလည်း သေသွားပြီ၊
ဒေါက်တာ ဦးဖေကြိုင်လည်း ပြစက်ကို သိမ်း သူ့ကားဆီသို့ ထွက်သွားတော့သည်။



ညှိခန်းတွင် ဒေါ်ပိုင်းနှင့် နန်းအေးမူက အတာ သောင်းကျန်းသွားသော အကွဲအရှတွေကို လှည်းကျင်းသန့်စင်နေ ပေသည်။

ဒရိုင်ဘာကိုလှအောင်သည် စိုးပြည့်စုံအား စကား ပြောချင်သောပုံစံဖြင့် ကွက်ကြည့် ကွက်ကြည် ကြည့်နေသည်ကို စိုးပြည့်စုံ ရိပ်မိပါ၏။ သို့သော် စိုးပြည့်စုံက ကိုလှအောင်အား အမေ့ မဝင် မဝင်လိုပေ၊ တခြားမျက်နှာ လွှဲထားသည်။

ဒရိုင်ဘာအဆင့်မို့ အရောမဝင်ခြင်းမျိုးတော့ ဟုတ်၊ စိုးပြည့်စုံ အဆင့်အတန်း မရွေးတတ်ပါ။

သို့သော် တည်းခိုခန်းသို့ မြသန္တာကို လာကြိုစဉ်က တည်းက ကိုလှအောင်၏ အပြောအဆို အပြုအမူနှင့် မျက်နှာပေးကို စိုးပြည့်စုံ အမြင်ကတ်သောကြောင့် ဖြစ်ပါ၏။

ညှိခန်းတွင် ဆက်နေစရာအကြောင်းမရှိတော့ သဖြင့် စိုးပြည့်စုံ ညှိခန်းမှ ထွက်လာခဲ့သည်။ ပျဉ်ထောင်အိမ်လေး သို့ ပြန်လာခဲ့ပါ၏။ ဝရန်တာတွင် ကုလားထိုင်နှင့် ထိုင်၍ စီး ကရက်ဖွာရင်း သူ့ဟာသူ ပြန်စဉ်းစားဝေဖန်သည်။

မိမိသည် မြသန္တာ၏ လက်ခုပ်ထဲက ရေအသွင် ဖြစ် နေပြီလား။

မိမိသည် စပါးကြီးမြွေအညှို့ခံရသည့်နှယ်၊ ဝါဝါခိုင်၏ ညို့ကြိုး၊ ညို့ကွင်းထဲ သက်ရောက်နေပြီလား။

ကိုယ့်ဟာကိုယ် ဘယ်အခြေအနေရောက်နေပြီမှန်း ကိုပင် မသိပါလေတော့။

"ဘရားဆပ် ... မီးခြစ်ခဏပေးပါ ... "

ဦးရန်ကနား ရောက်လာသည်။ သူ၏လက်ကြား

www.burmeseclassic.com

www.burmeseclassic.com



တွင် ဆေးပေါ့လိပ်တိုကို ညှပ်ကိုင်ထားသည်။ ဦးရန်ကနားသည် ခိုဝိုင်ဟောကြီးမှ မာလီကြီးဖြစ်ပါ၏။ ကုလားအင်္ကျီနှင့် ဒိုတီဝတ်ပြီး ခေါင်းတွင် ပိတ်ဖြူပတ်ပေါင်းထားသဖြင့် ကုလားကြီးမှန်းသိသာသော်လည်း မြန်မာစကားပြောရာတွင် ကုလားသံတစ်ချက် မဝဲဘဲ မြန်မာလို ပီသစွာ ပြောနိုင်သူဖြစ်သည်။

"ဦးရန်ကနားကြီး ဒီနေ့ အိမ်မပြန်ဘူးလား ... ဂိတ်ပိုးချုပ်နေပြီ ... လာလေ အပေါ်ဟက်ထိုင်လေဗျာ ..."

ရန်ကနား ဝရန်တာပေါ် တက်လာပြီး စိုးပြည့်စုံ၏ ပက်လက်ကုလားထိုင်ဘေးရှိ ထိုင်ခုံတွင် ဝင်ထိုင်ပေသည်။ ကျိုကျို့ ယို့ယို့ရှိပါ၏။

"ဒီနေ့ ကျုပ်အိမ်မပြန်ဘူး ဘရားဆပ် ... ကျုပ်မိန်းမရွာကို ပြန်သွားတယ် ... အိမ်မှာ မိန်းမ မရှိဘူးနော် ... ကျုပ်အိမ် မပြန်ဘူး ... ဒီမှာပဲ အိပ်တယ် ... အိမ်က မြောက်ဥက္ကလာမှာ အဝေးကြီး ..."

စိုးပြည့်စုံက နားလည်သွားသည်။ မီးခြစ်သာမက စီးကရက်ဘူးကိုပါ ဦးရန်ကနားအား ပေးသည်။

"သောက်ပါ ... ဦးရန်ကနား ဘူးထဲမှာ လေးငါးလိပ်ကျန်တာကိုလည်း ယူသွားပါ ..."

"အာရှိရှိ ... စီးကရက် သိပ်တန်ဖိုးကြီးတယ် ... ဘရားဆပ် ... တစ်လိပ်ကို တစ်ဆယ် ... ဆယ့်ငါးကျပ်ဈေးရှိတာ ကျုပ်တွေ့တယ် ... ကျွန်တော်နဲ့ မတန်ဘူး ဘရားဆပ်"

"သောက်ပါ ... ယူသွားပါ ... မီးခြစ်တော့ ပြန်ထားခဲ့ပေါ့ဗျာ"

ဦးရန်ကနားသည် ဆေးလိပ်ကြိုက်သူ ဖြစ်ဟန်တူပေသည်။ သူ့ဆေးပေါ့လိပ်တိုကို နားရွက်ကြားတွင် ညှပ်ထားလိုက်



[illegible]း စီးကရက်တစ်လိပ်ယူသောက်သည်၊ အရသာခံပြီး ပြန်ထုတ်[illegible]ဆိုးကိုပင် နှမြောစွာ ဖြည်းဖြည်းလေး ပြန်ထုတ်သည်။

"အခု ဘရားဆပ်နော် ... သိပ်သဘောကောင်းတယ် ... ရုပ်လည်း သိပ်ချောတယ် ... အမေရိကန်ရုပ်ရှင်ထဲက မင်းသားနဲ့ သိပ်တူတယ် ..."

"စီးကရက် [illegible] ... ဦးရန်ကနား ကျွန်တော့်ကို မြှောက်ပင့်မပြောလည်း ဒီစီးကရက်ဘူး ဦးရန်ကနားကို ပေးထားပြီးသားပဲ ... ကျွန်တော်က စီးကရက်ကို ကြိုက်လို့ သောက်တာမှ မဟုတ်တာ ... အပျင်းပြေ ဖွာတာပါ"

"ကျုပ် အသက်ကြီးတဲ့ လူကြီးပဲ ... မြှောက်ပင့်မပြောတတ်ပါဘူး ဘရားဆပ် ... ကျုပ်မျက်စိထဲ မြင်တဲ့အတိုင်း ပြောတာပါ ... ဒီမှာ အရင်တစ်ခါ နေသွားတဲ့ လူနော် ... သဘောမကောင်းဘူး ... သူ့ဆီက မီးခြစ်တောင်းရင် မပေးတဲ့အပြင် ... ကျုပ်ကို ခွေးကုလား သွားစမ်းလို့ ငေါက်လွှတ်တယ် ... မြန်မာတွေဟာ ကိုယ့်ထက် အသက်ကြီးတဲ့လူကို မအော်မငေါက်ဘူး ... ဒါပေမဲ့ ဒီအိမ်မှာအရင်နေသွားတဲ့လူက သိပ်မိုက်ရိုင်းတယ် ..."

စိုးပြည့်စုံ ခေါင်းထောင်လာသည်။

အရင် ဒီအိမ်မှာနေသွားသူဟု ဦးရန်ကနားပြောသူ[illegible]ည် ပန်းချီဆရာ ကိုဒီပ ဖြစ်ရမည်၊ စိုးပြည့်စုံ ဦးရန်ကနား၏ စကား[illegible] စိတ်ဝင်စားသွားတော့သည်။

"အဲဒီလူက ဒီအိမ်လေးမှာ ဘာလာလုပ်တာလဲ ဦးရန်ကနား"

"အဲဒီလူလေ ... အရုပ်တွေ ဆွဲတယ် ..."

ပန်းချီဆွဲခြင်းကို ပြောခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူကို ဒီကိုဘယ်သူခေါ်လာတာလဲဗျာ ..."

"အမားမြသန္တာ ခေါ်လာတာ ဘရားဆပ် ... ဒီအိမ်လေးမှာ အကြာကြီးနေတယ် ... ညအိပ်တယ် ... အမားမြသန္တာ လာအိပ်တယ် ..."

"ဦးရန်ကနောင်က ညဆိုအိမ်ပြန်တာပဲ ... မြသန္တာနဲ့ ဒီလူအတူ ညအိပ်မှန်း ဘယ်လိုသိလဲ ..."

"အဲဒီတုန်းက ကျုပ်မိန်းမကလေးမွေးတယ် ဘရားဆပ် သူကလေးမွေးရင် သူ့မိဘတွေရှိတဲ့ရွာကိုပြန်သွားမွေးတယ်"

"ဒါဖြင့် ... အဲဒီလူ အခု ဘယ်ရောက်သွားလဲ ..."

"ဒီလူနဲ့ အမားမြသန္တာ ရန်ဖြစ်ကြတယ် ... အမားမြသန္တာရော ... အမားဝါဝါခိုင်ကရော ဒီလူ့ကို ခေါင်းထုတ်ပစ်လိုက်တယ် ... သူထွက်သွားတယ် ... မကောင်းတဲ့လူကို ဘုရားရိုက်တာပဲ ... ဒီလူ သူများသတ်လို့ သေသွားတယ် ဘရားဆပ် ..."

"သူ ရေနစ်သေတာဆို ..."

"သူအရက်မူးတယ် ရေနစ်သေတယ် ... ဓားနဲ့လည်း အထိုးခံရတယ် ..."

ဦးရန်ကနားပြောမှပင် ကိုဒီပ ဓားထိုးခံရသည့်အချက်ကို စိုးပြည့်စုံ သိရတော့သည်။

"ကျုပ်သွားမယ် ဘရားဆပ် ..."

ဦးရန်ကနား စီးကရက်ဘူးကို ကိုင်ယူကာ ပြန်သွားပေတော့သည်။



BURMESE CLASSIC .com

[ ၁၂ ]

ယနေ့ည မြသန္တာ မလာသောကြောင့် စိုးပြည့်စုံ အိပ်ရေးဝဝကြီး အိပ်ပျော်ခဲ့ရပြီ။ နံနက်စောစောမှာပင် လန်းဆန်းစွာ နိုးလာသည်။

မြသန္တာ ညကလာကောင်းလာမည်၊ မိမိတံခါးပိတ်အိပ်ပျော်နေပြီမို့ မနိုးတော့ဘဲ ပြန်သွားခြင်းဖြစ်ကောင်းဖြစ်မည်။

စိုးပြည့်စုံကတော့ မြသန္တာ မလာလေကောင်းလေဟုပင် သဘောထားလိုက်သည်။

စိုးပြည့်စုံ ရေချိုး၊ အဝတ်လဲကာ အိမ်ရှေ့ဝရန်တာ ပက်လက်ကုလားထိုင်တွင် ထိုင်လိုက်သည်။

"အစ်ကို ... ကော်ဖီသောက်ကြပါတဲ့ ..."

အိမ်အောက်မှာပင် ရပ်ပြီး နန်းအေးမူက လာခေါ်ခြင်းဖြစ်ပါ၏။ ပြောပြီး နန်းအေးမူ ပြန်သွားသည်။

စိုးပြည့်စုံ အိမ်ကြီးဆီသို့ လာခဲ့သည်။

ထမင်းစားခန်း ကော်ဖီဝိုင်းတွင် ဝါဝါခိုင်၊ မြသန္တာ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဒေါက်တာ ဖေကြိုင်တို့ရောက်နှင့်နေသည်ကို တွေ့ရသည်။

အတာတစ်ယောက်ကိုတော့ မတွေ့ပေ။ စိုးပြည့်စုံကသူထိုင်နေကျကုလားထိုင်တွင်ဝင်ထိုင်ပြီးမြသန္တာကိုမေးလိုက်သည်။

"အတာကို မတွေ့ပါလား မြသန္တာ ..."

"ညက အတာ အိမ်ပေါ်ရောက်မှ ထပ်သောင်းကျန်းတယ်လေ ... ဒါကြောင့် ဟောဒီ ဒေါက်တာကြီးကို ဖုန်းဆက်ခေါ်ရတယ် ... ညက ဒေါက်တာကြီးရောက်လာပြီး ကုပေးလိုက်မှ အတာအိပ်ပျော်သွားတာ ... ခုချိန်ထိ မနိုးသေးဘူး ... ဆရာ ကိုသစ္စာ ... ဟင်း ... ဟင်း ... ဒေါက်တာကြီးက တကယ်အားကိုးရပါတယ် ..."

မြသန္တာ၏စကားတွင် စိုးပြည့်စုံအဖြေနှစ်ခုထွက်စေပါ၏။

ပထမအဖြေမှာ ညက အတာသောင်းကျန်းသောကြောင့် ပျဉ်ထောင်အိမ်လေးသို့ သူမ မလာနိုင်ကြောင်းဖြစ်သည်။

ဒုတိယအဖြေမှာ မြသန္တာ၏ အပြုံးလေးဖြင့် ဒေါက်တာဖေကြိုင်ကို မျက်လုံးထောင့်ကပ်လေး ကြည့်ကာ ချီးမွမ်းနေခြင်းဖြစ်ပါသည်။ ဒေါက်တာဖေကြိုင်ကလည်း မြသန္တာကို အပြုံးဖြင့် ပြန်ကြည့်ပြီး ...

"ကျွန်တော်စွမ်းဆောင်နိုင်တာက စားဆေး ... သောက်ဆေး ... ထိုးဆေး ဆေးထိုးအပ်နဲ့ ပိုက်တွေရှိမှ စွမ်းဆောင်နိုင်တာပါ ... ဟဲ ... ဟဲ ... ဟဲ ... စွမ်းဆောင်နိုင်တာကို ချီးမွမ်းစတမ်းဆိုရင် မြသန္တာရဲ့ စွမ်းဆောင်နိုင်စွမ်းက ပိုချီးမွမ်းဖို့ ကောင်းတာပါ ..."



"မြသန္တာကဘာတွေများစွမ်းဆောင်နိုင်လို့လဲဒေါက်တာရယ်"

"နူတ်က အပြောလေးတွေရယ် ... ဆိုက်ကိုဆန်ဆန် ပညာသားလေးတွေရယ်နဲ့ အတာ့ကို ထိန်းချုပ်သွားတာလေးတွေဟာ ... ချီးမွမ်းစရာပေါ့ ..."

ဒေါက်တာဖေကြိုင် စကားပြောရင်း မြသန္တာအားရမ္မက်မျက်လုံးအစုံဖြင့် မကြာခဏ ကြည့်သည်ကို စိုးပြည့်စုံ အကဲခတ်မိပါသည်။

ညက အတာသောင်းကျန်းသည့်အတွက် ဒေါက်တာဖေကြိုင်ကို ဖုန်းဖြင့်ခေါ်ယူရောက်ရှိလာရာတွင် ဒေါက်တာက အတာ့အား ကုသရင်း မြသန္တာသည် ဒေါက်တာဖေကြိုင်ကို သူမ၏ အတတ်ပညာစွမ်းလေး တစ်စိတ်တစ်ဒေသ ပြခွင့်ရသွားပုံရသည်။

ယနေ့မနက်အစောကြီး ဒေါက်တာပြန်ပေါက်ချလာကာမြသန္တာနှင့်အပေးအယူလေးတွေပြုစုနေကြခြင်းဖြစ်တန်ရာသည်။

စိုးပြည့်စုံကဲ့သို့ပင် ဝါဝါခိုင်ကလည်း မြသန္တာနှင့် ဒေါက်တာဖေကြိုင်တို့ အပြောအဆို အဆက်အဆံလေးတွေ ပြောင်းလဲလာသည်ကို ရိပ်မိပုံရသည်။

မြသန္တာသည် ဒေါက်တာဖေကြိုင်အား အဘယ်ကြောင့် မြူဆွယ်သိမ်းသွင်းနေလေသနည်း။ မည်သည့်နေရာတွင် ဒေါက်တာဖေကြိုင်အား မြသန္တာ အသုံးချလိုသောကြောင့်ပေနည်း။

တကယ်တော့ မြသန္တာသည် ဒေါက်တာဖေကြိုင်အား ခိုင်ဂေဟာတွင် နေရာယူလွန်းသည်ဟု ပြောကာ အမြင်ကတ်ကြောင်း မိမိကို ပြောဖူးသည်။

ယခု မြသန္တာသည် ဘယ်သို့သော အကွက်ဆင်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးသနည်း။

အားလုံး စားသောက်ပြီးစီးသွားပြီး ဝိုင်းသိမ်းမည့်အချိန်တွင် မြသန္တာက ဝါဝါခိုင်အား ကိစ္စတစ်ခုပြောလိုက်ပါလေ၏။

"အတာနဲ့ ပတ်သက်ပြီး မဝါကို နည်းနည်းပြောစရာရှိလာပြီ မဝါ ... ပြောစရာဆိုတာထက် ဆွေးနွေးစရာဆိုရင် ပိုပြီးမှန်မလားဘဲ ..."

"ဟုတ်လား ... ဘာများလဲ ဆွေးနွေးလေ ..."

မြသန္တာက ညင်သာစွာ ခေါင်းခါပြသည်။

"မဝါနဲ့ ဆွေးနွေးတယ်ဆိုတာကတော့ မဝါက ခိုင်ဇေဟာရဲ့ အကြီးအကဲ ... အတာရဲ့ အုပ်ထိန်းသူမို့ အသိပေးတဲ့သဘောလောက်ပါ ... အတာ့ကိစ္စကို တကယ်ဆွေးနွေးရမှာရယ် ဆွေးနွေးသင့်တာရယ်က ဒေါက်တာနဲ့ပါ ... အဲ ... အတာ့ကိစ္စကို ဒေါက်တာနဲ့ ဆွေးနွေးတာလဲ ... မဝါရဲ့ရှေ့မှာ မဆွေးနွေးချင်လို့ပါ ..."

"ပဟေဠိပါလား မြသန္တာ ... အရိပ်အမြွက်လောက်ဖြစ်ဖြစ် အတာ့ကိစ္စကို မဝါ မသိရဘူးလား ... ကိုယ့်မောင်လေးကိစ္စမို့ သိချင်မိတယ်လေ ..."

"အင်းလေ ... မဝါသိချင်ရင် ပြောပြရမှာပေါ့ ..."

မပြောသေးမီ မြသန္တာသည် အဓိပ္ပါယ်တစ်ခုခုကို ဆောင်သော ရယ်ပုံရယ်နည်းလေးဖြင့် ပထမရယ်လိုက်ပြီးမှ ပြောပြလိုက်သည်။

"အတာ့ရဲ့ ဦးနှောက်က ငါးနှစ်သားအရွယ်ကနေပြီး ဆက်ပြီး မတိုးတက်လာပေမဲ့ အတာရဲ့ ခန္ဓာကိုယ်ပိုင်းဆိုင်ရာတွေနဲ့ သွေးကြောတွေကတော့ ရောက်ရှိနေတဲ့ အသက်နှစ်ဆယ်အရွယ်ရဲ့ တိုးတက်မှုအတိုင်း တိုးတက်လာတဲ့ အရိပ်လက္ခဏာတွေ ပြလာတယ် မဝါ ... အတာရဲ့ သွေးသားဆန္ဒစိတ်ဟာ အစွမ်းထွက်လာချင်နေတယ် ... ရှင်းရှင်းပြောရရင် အတာဟာ အိမ်ထောင်ပြုချင် ... မိန်းမလိုချင်တဲ့ စိတ်မျိုးဘက်ကို ကူးချင်နေတယ် ..."



"အို ..."

ဝါဝါခိုင် ချက်ချင်း ခေါင်းငုံ့သွားပါ၏။

ဝါဝါခိုင်သည် အရှက်ကြီးသူဖြစ်ပါ၏။

ဘေးတွင် ယောက်ျားသားနှစ်ဦးဖြစ်သူ ဒေါက်တာဖေကြိုင်နှင့် ကိုသစ္စာ ရှိနေသည် မဟုတ်လား။

"အဲဒါ ... ဘယ်လိုလဲ မဝါ ..."

"အိုကွယ် ... မြသန္တာ ပြောသလိုပဲ ... ဒေါက်တာကိုဖေကြိုင်နဲ့ပဲ ဆက်ဆွေးနွေးပါ ... သူက အတာ့ကို အမြဲလာကုနေတဲ့ ဆရာဝန်ပဲ ... အဲ ... ဆွေးနွေးပြီးလို့ မဝါနဲ့ သက်ဆိုင်တဲ့ ကဏ္ဍရှိလာရင် မဝါကို ပြောပြပေါ့ ..."

မြသန္တာသည် အပြုံးလေးဖြင့် ဒေါက်တာဖေကြိုင်ကို လှမ်းကြည့်သည်။ ရိုးရိုးကြည့်ခြင်းမျိုးမဟုတ်၊ မျက်လုံးလေးနှစ်လုံး ထောင့်ကပ်ပြီး မဒီ့တရိုကြည့်ခြင်းမျိုးပါပေ။

"ကဲ ... ဒေါက်တာ မြသန္တာနဲ့ အတူတူ ဒေါက်တာရဲ့ကားနဲ့ပဲ ... အင်းလျားတစ်ပတ်မောင်းသွားကြစို့လား ..."

"ရတယ်လေ ... ရတယ် ... ကဲ မဝါ ... ကိုယ်ခဏသွားလိုက်ဦးမယ် ... ကိစ္စက အတာ့ရဲ့ကိစ္စမဟုတ်လား ..."

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာကလည်း စိုးပြည့်စုံကို ပြန်ပြောသည်။

"ဆရာ ... ဧည့်သည်ကို ပစ်ထားတယ်တော့ မထင်ပါနဲ့နော် ... အခုကိစ္စက အတာ့ရဲ့ကိစ္စဖြစ်နေတော့ မြသန္တာရဲ့ တာဝန်ပိုင်းဖြစ်လာတယ် ... မြသန္တာက ခိုင်ဂေဟာရဲ့ လခစား နာနီမဟုတ်လား ..."

မြသန္တာက ခွတ်စကားလေးထည့်ပြောပါသေး၏။ နာနီဆိုသည်မှာ ကလေးထိန်းမဟုတ်ပါလော။

"သွားပါ မြသန္တာ ... အတာ ပြန်မနိုးခင်တော့ ရောက်အောင် ပြန်လာခဲ့ပါ ... ကျွန်တော်က မြသန္တာလို အတာ့ကို ဆိုက်ကိုတွေ ဘာတွေနဲ့ရော ဒေါက်တာလို နားကြပ်တွေ ထိုးဆေး သောက်ဆေးတွေနဲ့ရော မထိန်းတတ်ဘူးလေ ..."

အားလုံး စိုးပြည့်စုံစကားကို ရယ်မောကြပါ၏။ မဝါက ပြုံးရုံပြုံးပြီး မြသန္တာနှင့် ဒေါက်တာဖေကြိုင်က ရယ်မောခြင်းသာ ဖြစ်သည်။

နှစ်ယောက်တည်း အတူသွားရမည်ကို ရင်တွင်းကိုယ်စီက လိုလားနေပြီး ရွှင်နေသည့်စိတ်ခံရှိနေသဖြင့် ရယ်မောကြခြင်းပေလား မသိ။

"စိတ်ချပါ ဆရာ ... အတာ မနိုးပါဘူး ... ကျုပ်တို့ ပေးထားတဲ့ ဆေးအရ အတာဟာ နှစ်နာရီအတွင်း မနိုးသေးမှာ သေချာတယ် ... အတာ မနိုးခင် ပြန်ရောက်လာစေ့မယ် ..."

မြသန္တာက ရှေ့မှ ထွက်သွားပြီး ဒေါက်တာက နောက်မှ လိုက်ပါသွားပါ၏။



****** [ ၁၃ ] ******

"တကယ်လို့ပေါ့လေ ... မဝါဝါခိုင် ကျွန်တော့်ရဲ့ သိက္ခာကို ယုံကြည်တယ်ဆိုရင် ကျွန်တော်နဲ့အတူ လမ်းလျှောက်ပါစို့လား ..."

ဝါဝါခိုင်က တစ်ခဏစဉ်းစားပြီး ခေါင်းညိတ်ပါ၏။

"ကောင်းသားပဲ ... ဒီနေ့မနက် တင်းနစ်(စ်)မကစားဖြစ်ဘူး ဒေါက်တာဖေကြိုင်က မြသန္တာနဲ့ ထွက်သွားပြီ ... ဒီတော့ လမ်းလျှောက်တာပဲ ကောင်းပါတယ် ..."

"တင်းနစ်(စ်)ကစားမယ်ဆိုလည်း ကျွန်တော်နဲ့ ကစားလည်း မိုးကြိုးတွေ ဘာတွေ မပစ်တန်ကောင်းပါဘူး မဝါဝါခိုင် ... လူချင်းအဆင့်ကွာပေမဲ့ တင်းနစ်(စ်)ရိုက်ရာမှာတော့ ကျွန်တော်ဟာ မဝါဝါခိုင်နဲ့ လက်ညီလောက်ပါတယ် ..."

"အဲ ... ကြည့် ... ကျွန်မ စေတနာကို ကိုသစ္စာ စော်ကားလိုက်ပြီ ... ကျွန်မအနေနဲ့ လက်ရည်ချင်းတူသူနဲ့ ပိုပြီးရိုက်

www.burmeseclassic.com

www.burmeseclassic.com



ချင်တာပေါ့ ... ဒါပေမဲ့ ဆရာကိုသစ္စာမှာ ဘောင်းဘီနဲ့ ဖိနပ် မရှိဘူး ... ခြေဖဝါးသက်သက်နဲ့ ရိုက်ရမှာ ... ကြာရင် ခြေဖဝါးတွေ ပွန်းပဲ့ကုန်မယ် ... တင်းနစ်(စ်)ကွင်းဆိုတာက အချောကိုင်ကွင်း မဟုတ်ဘူးလေ ... "

"ဒါဖြင့် ဘောင်းဘီမပါ ... ဖိနပ်မစီးတဲ့ ကျွန်တော့်ကို အနာတရ မဖြစ်စေချင်တဲ့ စေတနာပေါ့ ... "

ဝါဝါခိုင်က ထပ်မပြောဘဲ ပြုံးနေသည်။

ဘာပဲဖြစ်ဖြစ် စိုးပြည့်စုံ ရင်ထဲတွင် ကျေနပ်မှုလေး ခံစားရပါ၏။

ခြံထဲသို့ နှစ်ယောက်သား ဆင်းခဲ့သည်။ အင်းလျားကန်စပ်ဆီ ဦးတည်လျှောက်ခဲ့ပါ၏။

"ဆရာက ကျွန်မကို လမ်းလျှောက်ခေါ်တာကို ကျွန်မ အလွယ်တကူ လိုက်တာ အကြောင်းရှိလို့ပါ ဆရာ ... "

"ပြောပါ ... ဘာအကြောင်းဆိုတာ ... "

"ခိုင်ဂေဟာကို ကိုသစ္စာလိုက်လာတာ ခိုင်လုံခိုင်မာတဲ့ အကြောင်းတစ်ခုရှိရမယ်လို့ ကျွန်မတွေးပြီး တွက်မိလို့ပါ"

"အဲဒီလို မဝါဝါခိုင်က ဘာလို့တွေးမိ တွက်မိတာတဲ့လဲဗျ"

"လူပုဂ္ဂိုလ်ရဲ့ ဥပဓိရုပ် ... အဲဒီလူရဲ့ အနေအထိုင် စားပုံ သောက်ပုံ ... ပြောပုံ ဆိုပုံ ... စိတ်နေသဘောထားတွေ အပေါ်မှာ မူတည်ပြီး အကဲခတ် တွေးမိတွက်မိတာပါ ... ဟိုတစ်လောက မြသန္တာဟာ သူ့ညီ့သည် အမျိုးသားတစ်ယောက်ကို ဒီကိုပဲ ခေါ်လာခဲ့ဖူးတယ် ... ပျဉ်ထောင်အိမ်လေးမှာပဲထားခဲ့တယ်ဆိုတာကိုကိုသစ္စာသိပြီးသားနေမှာပါ"



"သိပါတယ်ဆိုပါတော့ မဝါဝါခိုင် ... "

"မိန်းမချင်း အတင်းပြောရတာမျိုးကို ကျွန်မ မနှစ်သက်ပါဘူး ... ဒါပေမဲ့ အခုပြောတာဟာ အတင်းပြောရာ ရောက်မှာပဲ ... ဒါပေမဲ့ ကျွန်မရင်ထဲမှာ ပြောချင်နေတယ် ... အခုပဲ မြသန္တာက ကိုသစ္စာကို ဒီကိုခေါ်လာခဲ့ပြန်တယ် ... မြသန္တာဟာ ကြည့်ကောင်းတဲ့ ယောကျ်ား ... သူ့မျက်စိထဲ သဘောကျတဲ့ယောကျ်ားဆိုရင်ခေါ်လာတတ်တဲ့သဘောဖြစ်နေတယ်"

"ကျွန်တော်ဟာ ပထမလူနဲ့ ပုံစံချင်းတူတယ်လို့ မဝါဝါခိုင် မျက်စိအမြင်မှာ ရှိနေလို့လားဗျာ ... "

"ကျွန်မဆက်ပြောပါ့မယ် ... နားထောင်ပါ ကိုသစ္စာ ... ပထမတစ်ခေါက် ခေါ်လာတဲ့လူဟာ လူပုံချောချောပါပဲ အဲရုပ်ချောတာကလွဲပြီး အဲဒီပထမလူဟာ အပြောအဆို ... အပြုအမူ အနေအထိုင် အကျင့်သိက္ခာနဲ့ စိတ်နေသဘောထားတွေ အားလုံးညံ့ဖျင်းတယ် ... အဲဒီလူဟာ တကယ်ပဲ အောက်တန်းကျပါတယ် ကိုသစ္စာ ... "

ကန်ဘက်ဆီသို့ လျှောက်လာခဲ့ကြရာ လှေဆိပ်တံတားလေးအရောက်တွင် ဆက်၍လျှောက်စရာ မရှိတော့သဖြင့် နောက်ကြောင်း ပြန်လျှောက်ရမည့် သဘောရှိနေပါ၏။

"လှေစီးပါလား မဝါဝါခိုင် ... ကန်ထဲမှာဆိုတော့ ... လေကောင်းလေသန့် ပိုရတာပေါ့ ... ကျွန်တော် လှေကောင်းကောင်း ကိုင်တတ်ပါတယ် ... ကျောင်းသားဘဝကတည်းက လှေလှော်ရွက်တိုက်အသင်း ရေကူးအသင်းတွေမှာ ... ကျွန်တော် ကျင့်သားရပြီးသားပါ ... ဘယ် ... လှေစီးဖို့ခေါ်

www.burmeseclassic.com

www.burmeseclassic.com



တာ သဘောရိုးမှ တကယ့်သဘောရိုးပါနော် ... ”

“ရပါတယ် ... ကိုသစ္စာဟာ အကျင့်သိက္ခာပိုင်း သေးသိမ့်တဲ့ လူမဟုတ်မှန်း သိပါတယ် ... ”

ဒင်ကီလှေကလေးသည် တံတား၏အလျားအတိုင်း ကပ်၍ ကြိုးချည်ထားလေသည်။

ဝါဝါခိုင်ကပင် တံတားမှတစ်ဆင့် လှေပေါ်သို့ အရင်ဆင်းလိုက်သည်။

လှေသည် လူအလေးချိန် ဆင်းသက်သဖြင့် ဘယ်ယိမ်း ညာနွဲ့ လှုပ်ရှားသွားသည်။

ဝါဝါခိုင်က ချက်ချင်းပင် လှေဦးပိုင်းတွင် ထိုင်ချလိုက်သည်။ စိုးပြည့်စုံက လှေပဲ့ပိုင်းဆီဘက် တံတားပေါ်မှပင် လျှောက်သွားကာ လှေထဲသို့ ဆင်းသက်လိုက်သည်။

လှေကြိုးကို ဖြည်ပြီး လှော်တက်ဖြင့် လှေကိုတံတားမှ ခွာလိုက်သည်။ နဂိုကပင် ကျွမ်းကျင်ပြီးသားမို့ စိုးပြည့်စုံ လှေကလေးကို လှော်တက်ဖြင့် ခတ်လာခဲ့သည်။

ခိုင်ဂေဟာ ကိုက်အစိတ် သုံးဆယ် ကွာဝေးလာသည်အထိ တစ်ဦးနှင့် တစ်ဦးစကားမပြောဖြစ်ကြပေ။ လှေဦးပိုင်းကို နောက်ပြန်ထိုင်ထားသောကြောင့် ဝါဝါခိုင်သည် လှေလှော်နေသော စိုးပြည့်စုံနှင့် မျက်နှာချင်းဆိုင် ဖြစ်နေသည်။

စိုးပြည့်စုံ တစ်ချက်လှော်လိုက်တိုင်း လှေကလေးသည် သိသိသာသာ သိမ့်ခနဲ တက်သွားပြီး စပို့ရှပ် ကျပ်ကျပ် ဝတ်ထားသော စိုးပြည့်စုံ၏ တင်းမာကျစ်လျစ်ကာ ဖုထစ်နေသော လက်မောင်းကြွက်သားတွေ ထနေသည်ကို ဝါဝါခိုင် တွေ့မြင်နေရ



ပါ၏။

တိုက်ခတ်နေသော လေညင်းငဲလေးသည် ဝါဝါခိုင်၏ ဆံစလေးများ လွင့်တက်စေပြီး နဖူးပြင်ဝယ် ဆံညွန့်လေးများ ဝဲပျံ့နေသည်မှာ စိုးပြည့်စုံ မျက်စိတွင် အရမ်းကြည့်ကောင်းနေသည်။

“ဆက်ပြောပြပါလား ... မဝါဝါခိုင် ဒီကိုရောက်လာတဲ့ ပန်းချီဆရာအကြောင်း ... ”

“ကိုသစ္စာက အဲဒီ့ပန်းချီဆရာအကြောင်း သိနေပြီးသားပဲဟာ ... ”

“ပန်းချီဆရာ ကိုဒီပဟာ ဓားထိုးခံရပြီး ရေနစ်သေတာလောက်အထိတော့ ကျွန်တော်သိထားပါတယ် ... ”

“အဲဒါတွေ ... မြသန္တာက ပြန်ပြောပြလို့ သိနေတာလား ကိုသစ္စာ ... ”

“ရေနစ်သေတယ်လို့တော့ မြသန္တာက ကျွန်တော့်ကို ပြောပြပါတယ် ... ဓားထိုးခံရတယ်ဆိုတာတော့ မြသန္တာက မပြောခဲ့ပါဘူး ... ကျွန်တော်နည်းနဲ့ ကျွန်တော်သိရတာပါ ... ”

ဝါဝါခိုင်က စိုးပြည့်စုံကို စူးစမ်းသောမျက်လုံးအကြည့်ဖြင့် သေချာကြည့်လိုက်သည်။

“ကျွန်မကို မှန်မှန်ပြောပြပါလားဟင် ... ဆရာကိုသစ္စာဟာ ရဲစုံထောက်တစ်ယောက်လား ... ပန်းချီဆရာ ကိုဒီပရဲ့ အမှုကို ရဲကပိတ်လိုက်ပေမဲ့ မကျေနပ်လို့ ... ရဲစုံထောက်တစ်ယောက်အနေနဲ့ လာစုံစမ်းတာလား ... ”

“မဟုတ်ရိုး အမှန်ပါ ... ကျွန်တော် စုံထောက်လည်း မဟုတ်ဘူး ... ရဲတစ်ယောက်လည်း မဟုတ်ဘူး ... ကိုဒီပနဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပတ်သက်ဘူး ... ကိုဒီပအကြောင်းကို ကျွန်တော် ဒီခိုင်ဂေဟာကိုရောက်မှ သိလာတာပါ ... အဲ ... ဒါပေမဲ့ ပြောလက်စနဲ့ပဲ ပန်းချီဆရာကိုဒီပအကြောင်း ကျွန်တော့်ကို ဆက်ပြောပြပါလား ... ”

“ဘာဆက်ပြောရမှာလဲ ... ကိုဒီပရဲ့အကြောင်း ကိုသစ္စာ အားလုံးသိနေတာပဲဟာ ... ”

“ကျွန်တော်သိနေတာက သာမန်ဖြစ်သွားတဲ့ အကြောင်း လောက်သာပါ မဝါဝါခိုင် ... ဒါပေမဲ့ စောစောက မဝါဝါခိုင် ပြောတဲ့အထဲမှာ ကိုဒီပရဲ့ အပြောအဆို ... အနေအထိုင် အကျင့်သိက္ခာ ... စိတ်နေသဘောထားတွေ အားလုံးညံ့ဖျင်း တယ်လို့ ပြောခဲ့ပါတယ် ... ဘာပဲဖြစ်ဖြစ်ပေါ့လေ ... ပန်းချီ ဆရာ ကိုဒီပကလည်း မြသန္တာနဲ့ ပတ်သက်ပြီး ခိုင်ဂေဟာ ရဲ့ ပျဉ်ထောင်အိမ်လေးကို ရောက်ခဲ့ဖူးတယ် ... အခုတစ်ခါ ကျွန်တော်ကလည်း မြသန္တာနဲ့ ပတ်သက်ပြီး ဒီပုံစံအတိုင်း ရောက်လာရသူမို့ မဝါဝါခိုင်အမြင်ကို သိချင်လို့ ဆက်မေးနေ တာပါ ... ”

“မြသန္တာရဲ့ ညွှဲသည်အဖြစ်ရောက်လာတာချင်းတော့ တူ တာ မှန်တယ် ... ဒါပေမဲ့ ကိုဒီပရောက်လာတဲ့ ပုံစံနဲ့ ... ဆရာကိုသစ္စာ ရောက်လာတဲ့ပုံစံချင်းကတော့ မတူဘူး ခြား နားနေတယ် ... ”

“ဘယ်လိုပုံစံ ခြားနားတာလဲဗျာ ... ”

“ကိုဒီပကို မြသန္တာ ခေါ်လာစဉ်က ကိုဒီပဟာ ကျောပိုး အိတ်နဲ့ ရော ... လက်ဆွဲအိတ်နဲ့ရော သူ့အဝတ်အစား သူ့



အသုံးအဆောင်ပစ္စည်းအားလုံး အပြည့်အစုံ ယူလာပြီးနေ တာ ... အခု ကိုသစ္စာဝတ်နေတဲ့ စပို့ရှပ်တွေ ချည်လုံချည် တွေဟာ ကိုဒီပရဲ့ အဝတ်အစားတွေ မဟုတ်လား ... ”

စိုးပြည့်စုံသည် တစ်ပါးသူ၏ အဝတ်အစားကို ယူ ဝတ်ရသည့်အတွက် ဝါဝါခိုင်အား ရှက်မိပါ၏။ သို့သော် ရှက်ရှက်နှင့် ပင် ခေါင်းညိတ်ပြလိုက်လေသည်။

“ကျွန်မဆိုလိုတဲ့ သဘောက ကိုဒီပဟာ မြသန္တာနဲ့အတူ ခိုင် ဂေဟာကို လိုက်လာကတည်းက ခိုင်ဂေဟာမှာ ရက်အကန့် အသတ်မရှိနေမယ်ဆိုပြီး ... သူ့အဝတ်အစားနဲ့ သူ့အသုံး အဆောင်ပစ္စည်းတွေ တစ်ပါတည်း ယူလာတယ် ...

“အခု ... ကိုသစ္စာကျတော့ မြသန္တာနဲ့လိုက်လာတာချင်း တူပေမဲ့ ဘာမှ ပါမလာဘူး ... ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ ဝတ်စုံ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ပါလာတာမို့ ကျွန်မ သတိထားမိတယ် ... ”

“မဝါဝါခိုင်က အော့ဘဇာဗီးရှင်း (စေ့စပ်စွာ ရှုမြင်သိမှတ်ခြင်း) တကယ်ကောင်းတာပဲနော် ... ”

“ကျွန်မက ခိုင်ဂေဟာပိုင်ရှင်ဖြစ်နေတယ်လေ ... ကိုဒီပကို ဒီမှာလက်ခံမိတဲ့အတွက် ရဲတွေရဲ့ စုံစမ်းမေးမြန်းခြင်းတွေကို ကျွန်မ ခံခဲ့ရတယ် ... ဒါပေမဲ့ ကျွန်မက ရဲအဖွဲ့နဲ့ပတ်သက် လို့ ဘာမဆို ကလီးယားကင်းရှင်းမှန်း ရဲကသိထားတာမို့ ကိုဒီပ အသတ်ခံရမှုနဲ့ ဘာမှမပတ်သက်ဘူးလို့ မှတ်ချက်ချ တယ် ... ကိုဒီပရဲ့ သေဆုံးမှုကိုလည်း အန်ဒီဘာက်တတ်(စုံ စမ်းမရ)အမှုအဖြစ် ပိတ်လိုက်တယ် ... ”

www.burmeseclassic.com

www.burmeseclassic.com



"မြသန္တာကိုလည်း ရဲက စစ်ဆေးတာပဲ မဟုတ်လား ... မဝါဝါခိုင် ... "

"စစ်ဆေးတာပေါ့ ... ဒါပေမဲ့ မြသန္တာဟာ ခိုင်ဂေဟာရဲ့ သန်းခေါင်စာရင်းဝင် မိသားစု အပါအဝင်တစ်ဦးဖြစ်နေတာရယ် ... တောင်ကြီးက ကိုခွန်နောင်းနဲ့ မမိုးစန္ဒာတို့ရဲ့ညီမ ဖြစ်နေတာရယ်ကြောင့် ရဲက သက်သေမကင်းမဖြစ်ခဲ့ပါဘူး နောက်ပြီး သေဆုံးသူကိုဒီပအကြောင်းကို ရဲအဖွဲ့က အသေးစိတ် စုံစမ်းတော့ ကိုဒီပဟာ ရုပ်ချောတာရယ် ... ပန်းချီဆွဲတတ်တာရယ်တွေကို အခွင့်အရေးယူပြီး သူချဉ်းကပ်မိတဲ့ အမျိုးသမီးတွေအပေါ်မှာ သစ္စာမရှိ ဖျက်ဆီးတာတွေကို အဲဒီ အမျိုးသမီးတွေရဲ့ အစ်ကိုတွေ မောင်တွေက မခံမရပ်နိုင် ... ပဋိပက္ခတွေ ဖြစ်ခဲ့တာတွေကို စုံစမ်းရရှိပြီး ... အထောက်အထား သက်သေသဲလွန်စ ဘာမှမရလို့ စုံစမ်းမ၊ အမှုအဖြစ် ပိတ်လိုက်တာ ... "

"အင်း ... ဒါဆိုရင် မြသန္တာနဲ့ ပါလာတဲ့ ကျွန်တော့်ကိုလည်း ဒီလိုလူစားပဲဆိုပြီး ခိုင်ဂေဟာက မဝါဝါခိုင် နှင်ထုတ်တာ မဟုတ်လား ... "

"ပထမတော့ အဲဒီ ပထမလူလို ကျွန်မထင်ခဲ့မိတာ အမှန်ပ နောက်ကျတော့ ... ကိုသစ္စာကို ကျွန်မ အမြင်တစ်မျိုးမြ လာပါတယ် ... အမြင်တစ်မျိုးပြောင်းသွားတယ်ပေါ့လေ"

မဝါဝါခိုင်သည် အမြင်ကို အမြင်အတိုင်း၊ အရှိကို အ အတိုင်း သတ္တိရှိရှိ ပြောရဲဆိုရဲရှိကြောင်း စိုးပြည့်စုံ အကဲခတ်မိပြီးသာ ဖြစ်ပါ၏။



"ကိုသစ္စာဟာ တကယ့် စာရေးဆရာတစ်ယောက် အစစ်အမှန် ဟုတ်ချင်မှ ဟုတ်မယ် ... ဘာလို့လဲဆိုတော့ ကျွန်မ ကျန်းမာရေးကိစ္စ ... အိမ်မှုကိစ္စတွေက အားလပ်ချိန်မှာဆိုရင် ... စာဖတ်ဝါသနာလည်း ပါခဲ့ပါတယ် ... ယေဘုယျ စာဖတ်သူ ပရိသတ်တစ်ဦးဟာ ဝတ္ထုမှာဖြစ်ဖြစ် ... မဂ္ဂဇင်းမှာဖြစ်ဖြစ် နာမည်ရပြီးသား ကလောင်တွေကို ရွေးချယ်ဖတ်လေ့ရှိတယ် ... တစ်ခါတလေကျတော့လည်း သူငယ်ချင်းမိတ်ဆွေတွေက နင် ဟိုကလောင်သစ် ... ဒီကလောင်သစ်ကို ဖတ်ကြည့်စမ်း ... မဆိုးဘူးဟဲ့လို့ဆိုတာနဲ့ အဲဒီ ကလောင်သစ်တွေရဲ့ လက်ရာကိုလည်း ဖတ်ခဲ့ဖူးပါတယ် ဒါပေမဲ့ ကျွန်မ ဖတ်ဖူးသမျှတွေထဲမှာ ကိုသစ္စာကလောင်နာမည်နဲ့ စာတစ်ပုဒ်မှ မတွေ့ဖူးသေးဘူး ... "

ဟုတ်ပါ့ ... ။

စိုးပြည့်စုံ ပြုံးမိသည်။ အဘယ်မှာလျှင် ဖတ်ဖူးခြိမ့်မည်နည်း။ စိုးပြည့်စုံသည် ကိုသစ္စာ ကလောင်အမည်ဖြင့် တစ်ခါမှ တစ်ပုဒ်မျှ မရေးခဲ့ဘူးပေပဲကိုး၊ သို့သော် စိုးပြည့်စုံ ဝန်မခံသေး။

"ထားပါတော့ ကျွန်တော့်အပေါ်မှာ အမြင်တစ်မျိုး ပြောင်းသွားတယ်ဆိုတာကကောဗျာ ... "

"အပွေးမြင် အပင်သိပေါ့လေ ... ကိုသစ္စာဟာ တကယ်ပဲ စာရေးဆရာ ဟုတ်ဟုတ် မဟုတ်ဟုတ် ကိုသစ္စာ ဆင်းသက်လာတဲ့ မိဘမျိုးရိုး ... ကိုသစ္စာ ကျင်လည်ခဲ့တဲ့ ပတ်ဝန်းကျင် ... ကိုသစ္စာ တတ်မြောက်ခဲ့တဲ့ ပညာအဆင့် ... ကိုသစ္စာရဲ့ အပြောအဆို အနေအထိုင် ... အပြုအမူ လှုပ်ရှားမှု

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ညှံ့ ... သင့် ကောင်း သုံးမျိုးထဲက 'ကောင်း'အထိ ရှိနေတယ်လို့ အပွေးမြင် အပင်ကို ရိပ်မိတဲ့ သဘောပဲလေ နောက်တစ်ခု ကျွန်မခွဲခြားနိုင်တာက ဥပမိရုပ်ပဲ ... ရုပ်ချော တာက ရုပ်ချောတာ တခြား ... ရုပ်သန့်တာက ရုပ်သန့်တာ တခြားဆိုတာကို ကျွန်မ ခွဲခြားတတ်တယ် ... ရုပ်ချောတာ နဲ့ လူသန့်တာက တခြားစီပါ ... ကိုဒီပဟာ ရုပ်ချောပေမဲ့ လူမသန့်ပါဘူး ... ကိုသစ္စာက ဥပမိရုပ်ချောတာနဲ့ လူရည်သန့်တာ လိုက်ဖက်ပါတယ် ... "

"ကျွန်တော့်ကို ဒီလို အကောင်းဘက်က မြင်ပေးတဲ့ မဝါဝါ ခိုင်ကို ကျွန်တော်ကျေးဇူးတင်ပါတယ် ... ဒါပေမဲ့ ခိုင်ဂေဟာ ကို ကိုဒီပကလည်း မြသန္တာရဲ့ ဧည့်သည်အဖြစ် ရောက်လာ တယ် ... ကျွန်တော်ကလည်း မြသန္တာရဲ့ ဧည့်သည်အဖြစ် ရောက်လာတာပါပဲ ... အဲဒီ့ကျတော့ မဝါဝါခိုင် ဘယ်လိုမြင် လဲ ... "

"မြသန္တာနဲ့ ပတ်သက်လို့တော့ မိန်းမသားချင်း ကျွန်မ မဝေ ဖန်ချင်ဘူး ... ကျွန်မ အမြင်မှာ သိသာတာက ကိုဒီပဟာ မြသန္တာနဲ့ လိုက်လာတော့ သွားပွတ်တံ ... သွားတိုက်ဆေး ဘူးက အစ ... သူ့အသုံးအဆောင် ပစ္စည်းတွေအားလုံး ပါ လာတာဟာ ဒီမှာ ကြာကြာနေမဲ့ လက္ခဏာပေါ်နေတယ် ဒီတော့ ကိုဒီပနဲ့ မြသန္တာဟာ ဒီမှာအကြာကြီးနေကြဖို့ နဂို ကတည်းက အစီအစဉ်ဆွဲပြီးသား ... အဲ ... ကိုသစ္စာကျ တော့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့လာတာ ... ဒါဟာ နဂိုကတည်းက မြသန္တာနဲ့ လိုက်လာဖို့ အစီအစဉ်မရှိဘဲ ဖြုန်း



ခနဲ မြသန္တာနောက်မှာ ပါလာတာလို့ ကျွန်မအကဲခတ်မိ တယ် ... "

စိုးပြည့်စုံ ဘာပြန်ပြောရမှန်း မသိ။

"နောက်တစ်ချက်က ကိုဒီပဟာ ကျွန်မနဲ့ ဒေါက်တာဖေ ကြိုင် တင်းနစ်(စ်)ကစားတာကို လုံးဝစိတ်မဝင်စားဘူး ... တစ်ချက်ကလေးတောင် လှမ်းမကြည့်ဘူး ... ကိုသစ္စာကျ တော့ လာရပ်ကြည့်ရုံတင်မက ဘောင်းဘီမပါ ပုဆိုးခါး ထောင်းကျိုက် ... ဖိနပ်မရှိ ဝင်ရိုက်တယ် ... ရိုက်ပြန်တော့ လည်း တော်တော်ကောင်းနေတယ် ... "

"ဒီမယ် ကိုသစ္စာ ... အားကစားနည်းအမျိုးမျိုးထဲမှာ တင်း နစ်(စ်)နဲ့ ဂေါ့(ဖ်)ဟာ သီးသန့် တန်းမြင့် ငွေကြေးအကုန် အကျများတဲ့ ကစားနည်းမျိုးပါ ... ဒီတော့ ကိုသစ္စာဟာ တန်းမြင့် အဆင့်က ဆင်းသက်လာတာဖြစ်နိုင်တယ်လို့ အကဲခတ်နိုင်တာ ... "

တခြားတစ်ယောက်က မိမိအား ယင်းသို့ အကဲခတ် အထင်ကြီးပါလျှင် စိုးပြည့်စုံ ဝမ်းသာချင်မှ ဝမ်းသာမည်။ ယခု ဝါဝါ ခိုင်က မိမိအပေါ် အထင်ကြီးကြောင်း ပြောပြတော့ အရမ်းဝမ်းသာ မိသည်။ ဝါဝါခိုင်အား မိမိ၏ဘဝမှန်ကို ဖွင့်ပြောချင်စိတ်တွေ ပေါ် လာသည်။

သို့တစေ ... မပြောမိစေရန် ရှုတ်ပိတ်နေလိုက်ပါ၏။ မိမိသည် ဆွမ်းဆန်ဘဝဖြစ်ခဲ့သော်လည်း ယခု ကြွက်ချေးတွေရော နေ၏။ ဝါဝါခိုင်လို သီဂီရွှေခွက်နှင့် မိမိကြွက်ချေးရောသည် မထိုက် တန်တော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အောင်မင်္ဂလာဘကွန်းကြီး၏ လှုသတ်မှုမပြီးပြတ်သေး၊ ပြီး မြသန္တာနှင့် မိမိအနေအထိုင် ကျူးလွန်မှုကလည်း မိမိတွင် အမည်းစက်ကြီးဖြစ်နေပြီ။

"ကျွန်မတို့ ... ဘယ်နေရာအထိတောင် ရောက်နေပြီလဲ ကိုသစ္စာ ... လှမ်းမြင်နေရတဲ့ အဆောက်အဦတွေအရခိုရင် ခြောက်မိုင်ခွဲလောက် ရောက်နေပြီ ထင်ပါရဲ့ ..."

"ဟုတ်ပါရဲ့ ... တော်တော်ဝေးလာပြီ ... ပြန်လှည့်တော့မယ်နော် ... စိတ်ချပါ ... မဝါဝါခိုင် မှည့်တစ်ပေါက် မစွန်းစေရပါဘူး ... အခုလည်း စကားကောင်းကောင်းနဲ့ လှော်လာလို့ အမှတ်မထင် ဒီလောက်အဝေးကြီး ရောက်လာတာပါ ..."

စိုးပြည့်စုံ လှေဦးကို ပြန်လှည့်ကွေ့ကာ လာလမ်းအတိုင်း ပြန်လှော်လာသည်။

မှည့်တစ်ပေါက် မစွန်းစေရပါဟုဆိုသော ကိုသစ္စာ၏ စကားကြောင့် ဝါဝါခိုင် စိုးပြည့်စုံကို မျက်လုံးများပင့်ကာ ကြည့်မိသည်။

စိုးပြည့်စုံသည် လှော်တက်ကို နှင့်ခနဲ နှင့်ခနဲနေအောင် အားစိုက်လှော်တော့သည်။ အကြောင်းမှု ဝါဝါခိုင်သည် သူမ၏ လက်ပတ်နာရီကို တကြည့်ကြည့် ဖြစ်နေခြင်းကြောင့် အိမ်ပြန်ချင် စောကြီးနေမှန်း သိသာသောကြောင့် ဖြစ်ပါ၏။

တကယ်တော့လည်း ဝါဝါခိုင်အဖို့ ဒေါက်တာဖေကြိုင်တို့ ပြန်မရောက်မီ အရင်ရောက်နေချင်ပုံရသည်။ သူတို့အရင်ပြန်ရောက်နှင့်နေပြီးမှ မိမိနှင့်အတူ လှေနှင့်ပြန်လာသည်ကိုမြင်လျှင်



မြသန္တာက အမနာပ ပြောမည်။ ဒေါက်တာဖေကြိုင်ကလည်း အထင်သေးမည်။

နောက်တစ်ချက်မှာ အတာ အိပ်ရာမှ မနိုးမီ ဝါဝါခိုင် အိမ်မှာ ရှိနေရမည်၊ မြသန္တာလည်း မရှိ၊ ဝါဝါခိုင်လည်း မရှိဆိုပါက အတာသောင်းကျန်းပေတော့မည်။

စကားတစ်ခွန်းမျှ မပြောတော့ဘဲ စိုးပြည့်စုံသည် အားစိုက်လှော်ခဲ့ရာ မိနစ်နှစ်ဆယ်မှာပင် ခိုင်ဂေဟာ တံတားသို့ လှေပြန်ကပ်လာနိုင်သည်။

စိုးရိမ်တကြီးဖြင့် ခိုင်ဂေဟာကြီးကို လှမ်းကြည့်ရာ တော်ပါသေး၏။ ဒေါက်တာဖေကြိုင်နှင့် မြသန္တာတို့ ပြန်ရောက်လာသော အရိပ်အယောင် မတွေ့ရပေ။

အတာလည်း အိပ်ရာမှ နိုးသေးဟန် မတူပေ။

ဝါဝါခိုင်ရော၊ စိုးပြည့်စုံရော သမီးရည်းစားချစ်သူနှစ်ဦး ချိန်းတွေ့ရာတွင် လူမိမည်စိုးသော ခံစားချက်မျိုး ခံစားလိုက်ရပေသည်။

တကယ်ဆိုတော့ ...

မြသန္တာ၏အကြောင်းကို စိုးပြည့်စုံ ကောင်းကောင်းသိပါ၏။ ဝါဝါခိုင် စိတ်ပူသောကြောင့်သာ လိုက်ပူရခြင်းဖြစ်ပါသည်။

ဒေါက်တာဖေကြိုင်ကို မြသန္တာ ခေါ်ထုတ်သွားကတည်းက သူမတွင် အကြံအစည်ရှိမှန်း စိုးပြည့်စုံ သိသည်။ ဒေါက်တာဖေကြိုင်ကို မြသန္တာ ပညာခန်းတွေ အများကြီးပြနေပေဦးမည်။

သို့တစေ ... စိတ်စောနေသော ဝါဝါခိုင်သည် တံတားသို့ လှေကပ်လိုက်သည်နှင့် ကြိုးချည် လှေငြိမ်အောင်အထိ

www.burmeseclassic.com

www.burmeseclassic.com



မစောင့်ဘဲ ထိုင်ရာမှထကာ တံတားသို့တက်ရန် ကြိုးစားလိုက်သည်။

လှေသည် မငြိမ်မသက်ဖြစ်သွားပြီး ဘယ်ညာလူး သွားလေတော့သည်။

"အို ... အမေ့ ..."

ဝါဝါခိုင် လှေပေါ်မတ်တတ် ကိုယ်ကိုမထိန်းနိုင်ဘဲ နောက်လန်ကျလာသည်။

စိုးပြည့်စုံ လျှင်မြန်လှပါ၏။

နောက်သို့လဲပြိုကျတော့မည့် ဝါဝါခိုင်အား စိုးပြည့်စုံ မတ်တတ်ထကာ ဆီးပွေ့ထားပြီး နှစ်ဦးစလုံး ထိုင်ချလိုက်ခြင်း ကြောင့် လှေမှာ ဟိုယိမ်းဒီယိမ်း မယိမ်းတော့၊ တစ်ဖက်စောင်း တိမ်းမှောက်ခြင်း မရှိတော့။ သို့သော် ကြိုးချည်မထားရသေးသဖြင့် တံတားသို့ ကပ်ထားရာမှ လည်ထွက်သွားပြီး တံတားနှင့် ပြန်ကွာ ဝေးသွားသည်။

ဝါဝါခိုင်၏ ကျောပြင်နှင့် တစ်ကိုယ်လုံး စိုးပြည့်စုံ၏ ရင်ခွင်ထဲ ရောက်နေပါ၏။ စိုးပြည့်စုံက ဝါဝါခိုင် လဲပြိုကျပြီးကတည်း က သူ၏လက်နှစ်ဖက်ဖြင့် ပွေ့ဖက်ထားသောကြောင့် ယခု နှစ်ဦး သား ထိုင်လျက်သား ပွေ့ပိုက်ထားလျက်သား ရှိနေတော့သည်။

ပထမတော့ ရုတ်တရက်ကြီးမို့ နှစ်ဦးသား တစ် ယောက်ကို တစ်ယောက် တွယ်ထားသည်ကို သတိမမူကြမိသေး။

ဒီနောက် လှေကတည်ငြိမ်သွားသည့်အပြင် အနေ တရလည်း ဘာမှမဖြစ်သဖြင့် ဝါဝါခိုင်သည် သူမ၏တစ်ကိုယ်လုံး စိုးပြည့်စုံ၏ရင်ခွင်ထဲသို့ ရောက်နေမှန်း သတိထားလိုက်မိသည်နှင့် တဖိန်းဖိန်း တရှိန်းရှိန်း ခံစားလိုက်ရသည်။



ရင်တွေ တအားခုန်နေသည်။

စိုးပြည့်စုံတွင်လည်း ရင်တွေ တအားခုန်သည်။ ရှိန်း တမြမြလည်း ခံစားရသည်။

မိမိအတွေ့အကြုံတွေရှိသော စိုးပြည့်စုံပင် ခံစားရ လျှင် ယောကျ်ားနှင့် ပတ်သက်၍ ဘာမှ အတွေ့အကြုံမရှိသော ဝါ ဝါခိုင်မှာ အဘယ်မျှ ခံစားရပေမည်နည်း။

"မဝါ ... ကျွန်တော့်ရင်တွေ တအားခုန်နေပြီ ... မမျိုသိပ် နိုင်တော့ဘူးဗျာ ... မဝါကို ကျွန်တော် ချစ်တယ် ... နှလုံး သားက ယိုစီးမှုလာတဲ့ အချစ်မျိုးနဲ့ ချစ်တာ ... တကယ်ပါ ဗျာ ... မဝါ ယုံပါ ..."

"အို ..., မဟုတ်တာ ..."

သူမသည် စိုးပြည့်စုံ ရင်ခွင်ထဲတွင် ကျီးမေ့ ဘုတ် မေ့ဖြစ်နေရာမှ အတင်းပင် ရုန်းကန်ထွက်ရန် ကြိုးစားတော့သည်။

ခက်သည်က လှေ ...

လှေဆိုသည် စီးသူက ငြိမ်မှ လှေက ငြိမ်သည်။ စီး သူက လှုပ်လေ လှေလှုပ်လေဖြစ်တတ်သည်သာ။

ဝါဝါခိုင် ရုန်းကန်ထလေ လှေက လှုပ်ရှားလေ စိုး ပြည့်စုံ ရင်ခွင်ထဲ ပြန်ကျသွားလေ ဖြစ်နေပါတော့၏။

"ခက်လိုက်တာနော် ..."

"မခက်ပါနဲ့ မဝါ ... ကျွန်တော် ပြန်ထိန်းပေးပါ့မယ် ..."

စိုးပြည့်စုံက ရင်ခွင်ထဲသို့ တဖုတ်ဖုတ် ပြန်ကျနေ သော ဝါဝါခိုင်၏ ခန္ဓာကိုယ်လေးကို နောက်ကျောဘက်မှ ထိုင် လျက်သား ရှေ့သို့ တွန်းပို့ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လှော်တက်ကို ပြန်ကိုင်ကာ ဦးလည်ရွှေလျားနေသော လှေကို တံတားဆီ ဦးတည်ကာ တံတားနှင့် ဘေးတိုက်ပြန်ဖြစ်စေသည်။

ဝါဝါခိုင်သည် ရှက်သွေးဖြန်းကာ မျက်နှာလေး ပန်းနုရောင် တက်နေသည်။ မိမိဘဝဝယ် သူစိမ်းယောကျ်ားသားတစ်ဦး၏ အကိုင်အတွယ်ပင် လုံးဝမရှိခဲ့၊ ကုန်ကုန်ပြောရလျှင် မိသားစုဆရာဝန် ဒေါက်တာဖေကြိုင်ပင် ဝါဝါခိုင်၏ လက်ကောက်ဝတ်ကိုင်ပြီး သွေးမစမ်းခဲ့ဘူးခဲ့၊ ဝါဝါခိုင်က မိမိနေထိုင်မကောင်းလျှင် အမျိုးသမီးဆရာဝန်နှင့်သာ အမြဲတစေ ကုသစေခဲ့သည်။ ဒေါက်တာဖေကြိုင်၏ နားကြပ်သည် မိမိရင်ကို တစ်ခါမျှ မထိတို့ မစမ်းသပ်စဖူးခဲ့။

ဝါဝါခိုင်တွင် ချစ်သူလည်း တစ်ခါမျှ မရှိခဲ့ဘူးပါပေ။

ယခုမူ ...

ဝါဝါခိုင့် ရင်တွေ၊ နှလုံးတွေ တအားခုန်နေသည်။ အမြင့်ကြီးဆီမှ အောက်ဆီသို့ အိအိကျရောတွင် အသည်းတအေးအေး ရင်တဖိုဖို ခံစားရသလို ခံစားရသည်။

မိန်းမသဘာဝအတိုင်း စိတ်အင်မတန်လှုပ်ရှားသောအခါ မျက်ရည်တွေ ကျလာပြီး ဝါဝါခိုင် ငိုချလိုက်တော့သည်။

"ဟာဗျာ ... ဟာဗျာ ... မဝါ ငိုတယ် ... ကျွန်တော့်ကိုသိပ်စိတ်ဆိုးသွားသလား မဝါ ..."

ဝါဝါခိုင် ငိုနေရာမှ ပြောချလိုက်သည်။

"ပွဲလန့်တုန်း ဖျာခင်းလိုက်တာ ..."

"အာ ... မဝါ အဲဒီလိုထင်ရင်တော့ ကျွန်တော် ကိုယ့်ဟာ



ကိုယ် သတ်သေပစ်ဖို့တောင် ကောင်းသွားပြီ ... ကျွန်တော်ကျိန်ပြောတယ်ဗျာ ... မဝါအပေါ်မှာ အလစ်ရတုန်း အခွင့်အရေးယူလိုက်တဲ့ သဘောလုံးဝကြီးကို မဟုတ်ဘူး ... ဘုရားစူး မိုးကြိုးပစ်တွေက လူတကာ ကျိန်နေတာမို့ ကျွန်တော် မဝါအပေါ် တမင်သက်သက် အခွင့်အရေးယူတာဆိုရင် ... ပင်လယ်ပြင်မှာ ရေနစ်သေရစေရဲ့ဗျာ ... ဘယ်တိုင်းပြည်မှာမဆို ဘေးအန္တရာယ်ဆိုးကြီးတွေနဲ့ ကြုံတွေ့သေရပါစေဗျာ ..."

ငိုနေလျက်ကပင် ကိုသစ္စာ ကျိန်ပုံကြီးကို ဝါဝါခိုင်မှ သြစဉ်းစားလိုက်မိသည်။

ဘယ့်နှယ် ...

ပင်လယ်ထဲ ရေနစ်သေရစေရဲ့တဲ့။

ဘယ်တိုင်းပြည်မှာမဆို ဘေးအန္တရာယ် ဆိုးကြီးနဲ့ကြုံတွေ့ သေရစေရဲ့တဲ့။

သူ့ကျိန်ပုံကြီးက အဆန်း။

"မဝါလဲကျသွားရင် နောက်စေ့နဲ့ လှေဘောင်နဲ့ ရိုက်မိပြီး မဝါ အနာတရဖြစ်မှာစိုးလို့ လှမ်းပြီးပွေ့ထားလိုက်တာ တကယ့်ကိုပဲ သွေးရိုးသားရိုးစိတ်နဲ့ပါဗျာ ... စေတနာသက်သက်ကြီးပါ ... အဲ ... ကျွန်တော်မှားသွားတာက အဲဒီအချိန်မှာ မမျိုသိပ်နိုင်ဘဲ မဝါကိုချစ်တဲ့အကြောင်း ဖွင့်ပြောလိုက်မိတာပဲ ... ဒါလည်း မဝါက ပွဲလန့်တုန်း ဖျာခင်းသလို ထင်စရာဖြစ်သွားတာပါဗျာ ... စိတ်ချ ... မဝါ မကျေနပ်ရင် ဒီစကားမျိုး ကျွန်တော့်ပါးစပ်က နောက်ထပ်တစ်ခွန်းမှ

www.burmeseclassic.com

www.burmeseclassic.com



မထွက်စေရဘူး မဝါ ..."

စိုးပြည့်စုံက ပြန်လည်ရှင်းပြရင်း ဒေါးတိုက်ကပ်မိပြီဖြစ်သော တံတားတွင် လှေကြိုးကို ချည်လိုက်သည်။

"ဆင်းလို့ရပြီ မဝါ ... လှေလုံးဝ မလှုပ်စေရအောင် ကျွန်တော် ထိန်းပေးထားပါ့မယ် ..."

ဝါဝါခိုင် လှေပေါ်မှ တံတားပေါ်သို့ တက်လိုက်သည်။ အငိုလည်း တိတ်သွားသည်။

တကယ်တော့ ဝါဝါခိုင် ငိုမိခြင်းမှာ ကိုသစ္စာက မေတ္တာစကားဖွင့်ပြောခြင်းကို အမိထားပြီး ငိုမိခြင်းမဟုတ်။

ယေဘုယျအားဖြင့် အမျိုးသမီးတို့သည် သိပ်ဝမ်းသာလည်း ငိုတတ်သည်။ သိပ်ဝမ်းနည်းလည် ငိုတတ်သည်။ သိပ်ဒေါသထွက်လည်း ငိုတတ်သည်။

နောက်ပြီး သိပ်ကြည်နူးသွားလျှင်လည်း မျက်ရည်အလိုလို ထွက်လာပြီး ငိုတတ်သည်သာ။

ပြီး ... မိမိအနာဂတ်ရေဖြစ်မည်စိုး၍ ဆီးပွေ့ထားလိုက်ရခြင်းပါဆိုသည့် စကားကိုလည်း ဝါဝါခိုင် လက်ခံပါ၏။

ကိုသစ္စာသာ မစောင့်ထိန်းသူ၊ သိက္ခာမဲ့သူဆိုပါက ဟိုအဝေး ရေလယ်မှာပင် သူပြုသမျှ မိမိခံရဖွယ် ရှိခဲ့သည်။

ထို့အပြင် ယောက်ျားသားတစ်ဦးက မိမိကို ချစ်ကြောင်း၊ မေတ္တာရှိကြောင်း ပြောခဲ့သည်တို့မှာ ထောင်သောင်းချီ၍ ရှိခဲ့ဘူးပြီမို့ မေတ္တာရှိကြောင်း အပြောခံရသည်မှာ မိမိအတွက် အဆန်းလည်း မဟုတ်ပါလေတော့။

ယခု ကိုသစ္စာ မေတ္တာစကား ဖွင့်ပြောခြင်းအတွက်



စိတ်ဆိုးစရာ လုံးဝမရှိ။ နောက်ပြီး မိမိရှန်းကန်သည်နှင့် ကိုသစ္စာက အလွယ်တကူပင် လွှတ်ပေးလိုက်ခြင်းကလည်း မိမိအပေါ် အခွင့်အရေး ရတုန်းယူလိုက်ခြင်းမဟုတ်မှန်း သိသာပေသည်။

တံတားပေါ်သို့ ဝါဝါခိုင်ရောက်သွားပေပြီ။ ဒါဆို အိမ်ကြီးဆီသို့ ဆက်သွားရုံပဲ ရှိတော့ပြီ။

သို့သော် ဝါဝါခိုင်က မသွားသေးဘဲ လှေပေါ်မှ ကိုသစ္စာကို ကြည့်ရင်း ရပ်နေမိသည်။

စိုးပြည့်စုံက လှေကို သေချာကြိုးချည်ပြီးမှ တံတားပေါ်သို့ တက်ရောက်လိုက်သည်။

"ကိုသစ္စာကို စောင့်နေတာ မေးစရာရှိလို့ ..."

"မေးစရာရှိလို့ မေးပါ ... မဝါ ..."

စိုးပြည့်စုံက ယခင်ကလို မဝါဝါခိုင်ဟု မခေါ် [illegible]တော့ဘဲ သူတို့ ခိုင်ဂေဟာက အိမ်သားတွေခေါ်သည့်အတိုင်း မ[illegible]ဝါဟုသာ [illegible]ကတ်တိုက်ခေါ်တော့သည်။ ယခင်ကထက် ပိုမိုရင်းနှီး[illegible]ည့်သဘော [illegible]နေသည်ဆိုသော မဝါဝါခိုင်က ဒီလိုမခေါ်နဲ့ဟု က[illegible]နဲ့ကွက်စကား [illegible]ဆိုပေ။

"အင်းလေ ... အစကတော့ ကိုယ်နဲ့ ဘ[illegible]ဂမှမဆိုင်ဘူးလို့ဆိုပြီး မြသန္တာရဲ့ ကိုယ်ရေးကိုယ်တာ[illegible]တွကို ဘယ်သူကမှ မမေးခဲ့ပါဘူး ... အခုတော့ ကျွန်မ[illegible]စိတ်ထဲမှာ မေးချင်စိတ်လည်း ပေါက်လာမိတယ် ... မြ[illegible]သန္တာနဲ့ ဆရာကိုသစ္စာရဲ့ ဆက်ဆံရေးဟာ ဘယ်လိုပုံသ[illegible]ဏ္ဍာန်လဲ ဆရာ ... မလိမ်မညာစတမ်း အမှန်အတိုင်း [illegible]ဖွင့်ပြောစေချင်တယ် ..."

"မဝါ မေးတာကို မှသားတစ်[illegible]ခွန်းမှမပါဘဲ ကျွန်တော်ဖြေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပါတယ် ... ဒါပေမဲ့ ညောင်မြစ်တူးရင် ပုတ်သင်ဥပေါ်ဆို နိုင်တာမို့ ကျွန်တော် အဖြေရခက်တယ် မဝါ ... ”

“ဘာလဲ ... ပုတ်သင်ဥပေါ်မယ်ဆိုတာ ... ”

“ဪ ... မြသန္တာနဲ့ ကျွန်တော်ရဲ့ ဆက်ဆံရေးမှာ နှလုံးသားနဲ့ ပတ်သက်တာ မပါတော့ ပြောရင်း ကျွန်တော့်နှလုံးသားနဲ့ ပတ်သက်တာကို ထပ်ပြီးပြောမိမှာ စိုးလို့ပါ”

“ဆရာ့ကို ကျွန်မစိတ်မဆိုးပါဘူး ... ကျွန်မ လဲကျပြီး အနာတရဖြစ်မှာစိုးရိမ်လို့ ကူညီလိုက်တာမှန်း ကျွန်မသဘောပေါက်ပါတယ် ... အဲ ... ငိုချမိလိုက်တာကတော့ တစ်မျိုးကြီးပါ ဆရာ ... ကျွန်မရင်ထဲမှာ တလှပ်လှပ် ခုန်လာပြီး တစ်ခါမှ မကြုံဖူးတဲ့ ကြုံလိုက်ရမှုကြောင့်လား မသိဘူး ... ငံ့ ်တ်တွေ တအားလှုပ်ရှားပြီး ငိုချလိုက်မိတာပါ ... ”

“ဒါ့ ဗိုလ် ... ကျွန်တော် မမျိုသိပ် မထိန်းချုပ်နိုင်လို့ ပွင့်ထွက်သွားငေ ဲ့ စကားတွေအပေါ်မှာ မဝါ စိတ်မဆိုးဘူးပေါ့နော်”

ါဝါခိုင်က ရယ်မောလိုက်သည်။

“ကျွန်မ ဒီဒ ရွယ်အထိ မေတ္တာစကားအပြောခံရတာတွေက နည်းမှ မနည်း းတာဘဲ ဆရာ ... မေတ္တာစကား အပြောခံရတာကို ငိုစရာရ ယ်လို့ ဘယ်မှာ အမှတ်ထားတော့မှာလဲ ... ကိုယ်လက်မခံလို့ ငြင်းလိုက်ရင် ပြီးတာပဲဟာ ... အားလုံးတစ်ယောက်မကျန် ိုလည်း ကျွန်မ ငြင်းခဲ့တာချည်းပဲ ... ဆန်းတော့တာမှ မင ုတ်တာ ... နောက်တစ်ချက်က ကျွန်မကိုယ်တိုင် ရင်ထဲ နှလုံးသားထဲကနေပြီး မေတ္တာမရှိတာတွေချည်း ဆိုပါတော့ ... ”



အစိပ္ပါယ်မှာ မိမိ ဆရာကိုသစ္စာကိုလည်း ကန်တော့ ခွမ်းဟု ငြင်းပယ်လိုက်သည်ဆိုသည့် သဘောသက်ရောက်စေပါ၏။

“ကဲ ... ဆရာနဲ့ မြသန္တာရဲ့ ဆက်ဆံရေးပုံစံကို ကျွန်မကို ပြောပြပါ ... ”

“မဝါ အတိုင်းပဲ ကျွန်တော်ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ပြောပါ့မယ် ... အခုချိန်ထိ မြသန္တာကို ကျွန်တော်မေတ္တာရှိပါတယ်လို့ တစ်ခွန်းမှ မပြောမိသေးပါဘူး ... ချစ်တယ် မေတ္တာရှိတယ်ဆိုတာက နှလုံးသားနဲ့ လုံးလုံးလျားလျား ကြီး သက်ဆိုင်တာပါ ... နှလုံးသားထဲက အချစ်ဆိုတာက လည်း အခက်သား ... ရင်ဝကို ဓားနဲ့တေ့ပြီး ချစ်ရမယ်ဆို တိုင်း ချစ်လို့ရတာမျိုးမှ မဟုတ်တာ ... သူ့အလိုလို နှလုံးသားက စိမ့်ယိုလာတာ ... အချစ်ဆိုတာ သိပ်အဆင့်မြင့်တဲ့ သီးခြား ဗီလော်ဆော်ဗီတစ်ခုပါ မဝါ ... ခန္ဓာကိုယ်ချင်း ရင်းနှီးတိုင်း အဲဒါဟာ အချစ်မဟုတ်ပါဘူး ... ”

ဝါဝါခိုင်သည် စိုးပြည့်စုံပြောနေသည်ကို အလေး အနက် နားထောင်ပါ၏။ ငြိမ်သက်စွာ အလေးအနက် စဉ်းစားပုံလည်းရပေသည်။

“ဘယ်လိုလဲ မဝါ ... မြသန္တာနဲ့ ကျွန်တော်ရဲ့ ဆက်ဆံရေးနဲ့ ပတ်သက်ပြီး သိသွားတာမို့ ကျွန်တော့်ကို အထင်သေးသွားပြီလား ... ”

“အထင်သေးသွားပြီတော့ မဟုတ်ပါဘူး ဆရာ ... အနေအထိုင် မဆင်ခြင်တဲ့ တချို့ယောကျ်ားတွေမှာ အချစ်မပါဘဲ ရင်းနှီးသွားတာမျိုးတွေ ရှိတတ်ပါတယ် ... တချို့ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်သည်တွေတောင် ပြည်ပကိုပဲဖြစ်ဖြစ် ... ပြည်တွင်းကိုပဲဖြစ်ဖြစ် ... လုပ်ငန်းနဲ့ ခရီးရက်ရှည်ထွက်ရင်း ဇနီးကွယ်ရာမှာ တခြားမိန်းမနဲ့ ဖောက်ပြန်တာတွေ ရှိတတ်ကြတာပဲ ယောကျ်ားတွေသာ မဟုတ်ပါဘူး ... တချို့သွေးဆိုးတဲ့ မိန်းမတွေလည်း ခင်ပွန်းကွယ်ရာမှာ ဖောက်ပြန်တာတွေ ရှိကြတာပဲ ... အခု နိုင်ငံခြားကိုရောက်လာပြီး ကျွန်မကို တွေ့လို့ ချစ်ရေးဆိုတာ တကယ်လို့သာ ... နိုင်ငံခြားကို ရောက်မလာဘဲ ကျွန်မကို မတွေ့ဘူးဆိုရင် မြသန္တာကို ချစ်ရေးဆိုမှာပဲလား ... "

"မြသန္တာကို ကျွန်တော် ဘယ်တော့မှ ချစ်ရေးဆိုမိမှာ မဟုတ်တာ သေချာပါတယ် မဝါ ... ဘာလို့လဲဆိုတော့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့က ဗီလီယန် ... ဂျပန်က ရှိဘာစံ ... အမေရိကားက စင်သီယာဆိုတဲ့ အမျိုးသမီးတွေကိုလည်း ကျွန်တော် တွဲသာတွဲတယ် ... လုံးဝချစ်ရေးမဆိုခဲ့လို့ဘဲ ... ဒီတော့ ဖြည့်စွက်ပြောရရင် မြသန္တာနဲ့ ကျွန်တော့် ဆက်ဆံရေးဟာ ... ဗီလီယန် ... ရှိဘာစံ ... စင်သီယာတို့ လိုပဲ ဖြစ်နေလို့ ချစ်ရေးဆိုမှာ မဟုတ်ပါဘူး ... ကျွန်တော်ရဲ့ နှလုံးသားကမှ သူတို့ကို မေတ္တာမလာတာဘဲ ... "

စိုးပြည့်စုံသည် ဝါဝါခိုင်ကို မာန်နှင့်ပြောသည်မို့ ဘန်ကောက်၊ ဂျပန်၊ အမေရိကန်စသည်တို့ကိုပါ ပြောလိုက်မိသည်။

ဝါဝါခိုင်က စိုးပြည့်စုံကို သေချာစိုက်ကြည့်ပြန်သည်။

"ဘန်ကောက် ... ဂျပန် ... အမေရိကား ဟုတ်လား ဆရာ အဲဒီတိုင်းပြည်ကြီးတွေကိုလည်း ဆရာက ရင်းနှီးနေပါလား"



စိုးပြည့်စုံ သက်ပြင်းချလိုက်ပါ၏။

"ဒီမယ် ခဝါ ... ကျွန်တော် မဝါကို ရင်ထဲ အသည်းထဲ နှလုံးထဲက ချစ်တယ် ... ကျွန်တော့်ကို ပြန်ချစ်ဖို့ မချစ်ဖို့ဆိုတာ ကတော့ မဝါရဲ့ သဘောပေါ့လေ ... နှလုံးသားမေတ္တာဆိုတာက တောင်းခံလို့လည်း မရဘူး ... ဖွတ်လုယူလို့လည်း မရဘူး ... ငွေကြေးတွေနဲ့ ဝယ်ယူလို့လည်း မရဘူး ... အခု မဝါကို ကျွန်တော်က နှလုံးသားနဲ့ ချစ်မိပြီမို့ ကျွန်တော့် ဘဝအမှန်အကန်ကို ပြောပြပါ့မယ် ... "

- ဝါဝါခိုင်က စိတ်ဝင်စားစွာ နားထောင်ပါ၏။

"ကျွန်တော့်နာမည်က စိုးပြည့်စုံပါ ... ကျွန်တော် ရန်ကုန် နည်းပညာတက္ကသိုလ်က ဘီအီးဘွဲ့ရထားပြီးသူပါ ... ဘွဲ့ရပြီးတဲ့နောက် ... ဘန်ကောက်က မာရိုစံကုမ္ပဏီမှာ အလုပ်လျှောက်တယ် ... အဲဒီကုမ္ပဏီရဲ့ သဘော်မှာ လက်ထောက် အင်ဂျင်နီယာရာထူးခန့်အပ်တာကို ခံခဲ့ရတယ် ...ကျွန်တော် အဲဒီကာတည်းက သဘော်နဲ့လိုက်သွားတာ လုံးဝပြန်မလာဘဲ ငါးနှစ်ကြာခဲ့ပါတယ် မဝါ ... "

"ကိုစိုးပြည့်စုံနော် ... "

"ဟုတ်ပါတယ် ... အဲဒါ ကျွန်တော့်နာမည်အစစ်အမှန်ပါ"

"နို့ ... ကိုစိုးပြည့်စုံက သဘော်လိုက်သွားပြီး ငါးနှစ်တောင် ကြာတဲ့အထိ မြန်မာပြည် ဇာတိမြေကို ပြန်မလာတာလဲ"

"ကျွန်တော် နည်းပညာတက္ကသိုလ် ကျောင်းသားဘဝက ဖြူဖြူသန့်ဆိုတဲ့ ဝိဇ္ဇာသိပ္ပံက ကျောင်းသူတစ်ယောက်နဲ့ နှလုံးသားချင်း ဖလှယ်တဲ့မေတ္တာနဲ့ အပြန်အလှန် ချစ်ခဲ့ဖူးတဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ် ... တွဲခဲ့ဖူးတယ် ... ဒါပေမဲ့ သိပ်သန့်ရှင်းခဲ့ပါတယ် ... သိပ်ထိန်း သိမ်းခဲ့ပါတယ် ... ကျွန်တော့်ရင်ထဲ နှလုံးသားထဲက ဖြူဖြူသန့်ကို သိပ်လည်း ချစ်ခဲ့တယ် ... ဒါပေမဲ့ ရိုးရိုးဝိဇ္ဇာနဲ့ နည်းပညာတက္ကသိုလ်ဟာ ဘွဲ့ရတဲ့အထိ သင်ကြားရတဲ့ အချိန်ကာလချင်းမတူမှန်း မဝါလည်း သိပြီးသားပဲလေ ... ဖြူဖြူသန့်က လေးနှစ်အကြာမှာ ဝိဇ္ဇာဘွဲ့ရသွားတယ် ... ကျောင်းပြီး သွားတယ် ... ကျွန်တော်ကတော့ နောက်ထပ်နှစ်နှစ် ကျောင်းတက်ရတယ် မဟုတ်လား မဝါ၊ ကျွန်တော် ဘီအီးဖိုင်နယ် နောက်ဆုံးနှစ်မှာပဲ ဖြူဖြူသန့်ဟာ မိဘတွေကို မလွန်ဆန်နိုင်လို့ပဲဆိုတဲ့ စာကြောင်းတိုအဖြေလေး ကျွန်တော့်ကိုပေးပြီး ဆရာဝန်ပေါက်စတစ်ယောက်နဲ့ လက်ထပ်သွားတယ် ... ကျွန်တော် အရမ်းဆွေး အရမ်းခံစားလိုက်ရတယ်ပေါ့ မဝါ ... အဲ ... ကျွန်တော် ဘီအီးဘွဲ့လည်းရပြီးရော မိန်းမဆိုတာ ချစ်ဖို့မဟုတ်ဘူး ... ကိုယ်က သိပ်သိပ်ချစ် သိပ်မြတ်နိုး ... သိပ်တန်ဖိုးထားပြီး မထိရက် မကိုင်ရက်ထားခဲ့ပေမဲ့ အလကားပဲ ... မိန်းမဆိုတာ ကိုယ့်အတွက် သာယာမှုသဘောပဲ ထားရမယ်ဆိုတဲ့ စိတ်တွေဝင်လာပြီး ... ရောက်ရာအရပ်မှာ ရောက်ရာတိုင်းပြည်မှာ ရုပ်ချောရုပ်လှ အမျိုးသမီးတွေနဲ့ တွဲပစ်တယ် ... ရင်းနှီးပစ်တယ် ... ဒါဆို ကျွန်တော် ငါးနှစ်ကြီးတောင် မြန်မာပြည်ကို ပြန်မလာတာရယ် ... မြသန္တာနဲ့ တွဲခဲ့တာတွေရယ်ကို မဝါ သဘောပေါက် နိုင်ပါပြီပေါ့ဗျာ ... အခု ခိုင်ဂေဟာကိုရောက်လာပြီး မဝါကို တွေ့မြင်ရတော့ နိုင်ငံခြားက ဗီလီယန်၊



ရိုတာဇီ၊ စင်သီယာတို့နဲ့ရော မြသန္တာနဲ့ရော မဝါကို နှိုင်းယှဉ်ကြည့်တယ် ... မြသန္တာလို မိန်းကလေးမျိုးဟာအတိုင်းတိုင်း အပြည်ပြည်မှာ ပေါများစွာတွေ့နိုင်ပေမဲ့ မဝါလိုမိန်းကလေးမျိုးက ရှားတာကို ကျွန်တော် လက်တွေ့နှိုင်းယှဉ်မိတယ်"

"ဒေါ်လို မိန်းမရှားတယ် ဟုတ်လား ... ကိုစိုးပြည့်စုံ ဘာကို ဆိုလိုတာလဲ ..."

"မဝါဟာ မောင်လေးအတာအတွက် ... ဘဝကို စတေးပစ်တာ မဟုတ်လား မဝါ ..."

"ဒီလောက်ကြီးလည်း မဟုတ်သေးပါဘူးလေ ..."

"သိပ်ကိုဟုတ်တာပေါ့ မဝါ ... မဝါကို ချစ်တဲ့လူတွေ ဝိုင်းဝိုင်းလည်ခဲ့တယ် ... ရုပ်အားဖြင့်ရော ပညာအားဖြင့်ရော အကျင့်သိက္ခာအားဖြင့်ရော အတွေးအခေါ်အမြော်အမြင်ပိုင်းမှာရော ဥစ္စာဓနကြွယ်ဝမှု အပိုင်းမှာရော ... စိတ်နေသဘာဝအပိုင်းမှာရော အဘက်ဘက်က ပြည့်စုံနေတဲ့ မဝါအနေနဲ့ တကယ့် ဒိတ်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ခေါင်းခေါက်ယူနိုင်ရက်သားနဲ့ ကိုယ့်မောင်လေး အတာအတွက် လက်မထပ် အိမ်ထောင်မပြုတာ မဝါရဲ့ ဘဝကို ခေါ် စတေးပစ်တာ မဟုတ်လား ... မဝါဟာ ကိုယ့်ရဲ့နှလုံးသားကို ထောင်ချထားတယ် ... အသည်းကို သော့ခတ်ထားတယ် ... တခြား မေတ္တာတွေကို မဝါဆီ ဝင်မလာအောင် အုတ်ရိုးတံတိုင်းကြီး အခိုင်အမာ ကာပြီး ခြံပိတ်ထားတယ် ..."

ဝါဝါခိုင်သည် စိုးပြည့်စုံက စိတ်အားထက်သန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည်ကို ငေးကြည့် ငေးနားထောင်နေပေသည်။

တကယ်အမှန်မှာလည်း ကိုစိုးပြည့်စုံပြောနေသမျှသည် အမှန်တွေပါလား၊ မိမိသည် ချစ်စွာသော မောင်လေးအတွက် မိမိ၏ ဘဝ၊ မိမိ၏ ကိုယ်ရေးကိုယ်တာတွေကို လျစ်လျူရှုမျက်ကွယ်ပြုထားပါလားဟုလည်း ပြန်လည်သုံးသပ်ကြည့်မိသည်၊

"ကိုစိုးပြည့်စုံရဲ့ စကားတွေ သိပ်လှတာပဲ ... နှလုံးသားကို ထောင်ချ ... အသည်းကို သော့ခတ် ... မေတ္တာတွေ လာသမျှကို အုတ်တံတိုင်း ခြံကာဆိုတဲ့ စကားလုံးတွေ သိပ်ပြောင်မြောက်ပါပေတယ် ... စာရေးဆရာ ပီသပါပေတယ်"

"မပီသပါနဲ့ မဝါ ... ကျွန်တော် စာရေးဆရာ အစစ်အမှန် မဟုတ်ကြောင်းလည်း ကျွန်တော် မဝါကို ဖွင့်ဟဝန်ခံပြီးပါပြီ အခုပြောနေတာတွေဟာ စာရေးဆရာ အာဘော်တွေ မဟုတ်ပါဘူး ... ကျွန်တော့်ရင်ထဲကရှိတဲ့ အတိုင်း ပြောနေတာပါ ... မဝါကို ချစ်မိမှ ... ကျွန်တော့်ရင်ထဲက အလိုအလျောက် ထွက်လာတဲ့ စကားတွေပါ မဝါ ..."

ဝါဝါခိုင်သည် အစကတည်းက ဆရာကိုသစ္စာဆိုသူကို စိတ်ဝင်စားခဲ့မိသည်။ ယခု ဘဝစစ် ဘဝမှန်ကို သိရသောအခါ အထင်ကြီးမှုပါ ဖြစ်လာပါ၏။

"ကဲ ... ဒါဆို ... ကိုစိုးပြည့်စုံဟာ မြသန္တာနဲ့ ဘယ်လိုတွေ့ဆုံပြီး ခိုင်ဂေဟာကို လိုက်ပါလာရတာလဲ ... မြန်မာပြည်ကို ရောက်ရောက်ချင်း မြသန္တာနဲ့ တွေ့ပြီး ဒီကိုလိုက်ပါလာတာလား ..."

"ပြောပြမယ် မဝါ ... ကျွန်တော်တို့သင်္ဘော ဘန်ကောက်



မှာ ခေတ္တနားတယ် ... ကျွန်တော် မြန်မာပြည်ကို ပြန်လာဖို့ စိတ်မကူးသေးပါဘူး ... အဲဒီမှ သင်္ဘောနားနေတုန်း သင်္ဘောက အရာရှိတစ်ယောက်နဲ့ ကျွန်တော် စကားများရန်ဖြစ်တယ် ... သူ့ကို ကျွန်တော်က လက်သီးနဲ့ ထိုးပစ်တယ် ... သူအထိနာသွားတယ် ... သင်္ဘောကက်ပတိန်က ဟိုအရာရှိဘက်က ဘက်လိုက်ပြီး ကျွန်တော့်ကို အပြစ်ပေးတယ် ... ကျွန်တော့်ကို ရာထူးချတယ် ... အဲဒါကို ကျွန်တော်က မခံချင်မကျေနပ်တာနဲ့ ပင်ရင်း မာရီစ်ကုမ္ပဏီကို ထွက်စာတင်ပြီး သင်္ဘောကက်ပတိန်ရဲ့ ဆုံးဖြတ်ဘဝဟာ တရားမမျှတဲ့အကြောင်းပါ ထွက်စာထဲ့ခနဲ့ ချစ်တယ် ..."

"ကျွန်တော့်ရဲ့ မိဘတွေက ပြည်မြို့မှာ ပန်းထိမ်လုပ်ကြခြင်း စိန်ရွှေရတနာ ရောင်းဝယ်ရေးလုပ်ငန်းတွေရော မဝါ ... ကျွန်တော် သင်္ဘောလိုက်တာဟာ ကိုယ့်ပါ့မယ်" ကို အသုံးချချင်တာရော ... ဖြူဖြူသန့်ကြောင့် ၈ သူမသွားလို့ရော သင်္ဘောလိုက်တာပါ ... ကျွန်တော့်မိဘတို ပြန်ရောက်ပြီး ရှစ်လကြာတော့ ... မာရီစ်ကုမ္ပဏီ ကျွန်တော့်ကို ပြန်ခေါ်တယ် ... ရန်ဖြစ်တဲ့ ကိစ္စကို ကုမ္ပဏီက စုံစမ်းစစ်ဆေးပြီးပြီတဲ့ ... ကျွန်တော့်မှာ အပြစ်မရှိဘူးလို့ အဖွဲ့က ဆုံးဖြတ်တယ်တဲ့ ... ဒါကြောင့် ရန်ဖြစ်တဲ့အရာရှိကိုရော ... ကက်ပတိန်ကိုပါ တခြားသင်္ဘောကို ပြောင်းရွှေ့လိုက်တယ်တဲ့ ... ကျွန်တော့်ကို မူရင်းရာထူးအတိုင်း ပြန်ထားတဲ့အပြင် ကျွန်တော်ပြန်လာတဲ့ရှစ်လအတွက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



အပြည့်ပေးဖို့ ဆုံးဖြတ်တယ်တဲ့ ... ဒါကြောင့် လေယာဉ် လက်မှတ်ပါ တစ်ပါတည်းပေးပို့လိုက်တယ်တဲ့ ... ဒါကြောင့် ပြည်ကနေ ကျွန်တော် ရန်ကုန်ပြန်လာတယ် ... လေယာဉ် ကိုစောင့်ရင်း မတော်တဆ မြသန္တာနဲ့ တွေ့တာပါ ... ဒါကြောင့်ပဲ ကျွန်တော်မြသန္တာခေါ်လာတဲ့ ခိုင်ဂေဟာကို ရောက်လာတာပဲ မဝါ ... ”

“ဘာဆိုင်လဲ ... ”

“ဘာကို ရည်ညွှန်းပြီး ဘာဆိုင်လဲလို့ မဝါပြန်ပြောတာလဲ ဖျ-ဂ ... ”

“ဒေ[illegible]သြော် ... သင်္ဘောပြန်လိုက်ဖို့ ရန်ကုန်ကိုဆင်းလာပြီးစောင့် နေ[illegible]ါလျက်နဲ့ မြသန္တာနဲ့ ဒီခိုင်ဂေဟာကို လိုက်လာတာဟာ ဘာ[illegible]ဆိုင်လဲလို့ မေးတာပါ မြသန္တာအပေါ်မှာ သံယောဇဉ် ကြ[illegible]ိုးမားပြီး သင်္ဘောမလိုက်တော့ဘဲ မြသန္တာနောက်ကို လိုက်လာတာဖြစ်နေသလားလို့ပါ ... ”

“ကြံကြံဖန်ဖန် မဝါရယ် ... ကျွန်တော် မြသန္တာအပေါ်မှာ ဘယ်လိုသဘောထားမှန်း ပြောပြပြီးသားပဲ ... ပွဲပြီးတာနဲ့ ပတ်စာခွာ ဖျာသိမ်းသဘောပါ ... ”

“ဒါဖြင့် ဘာလို့ ... ”

“ဟုတ်တယ် ... ဒါဖြင့် မြသန္တာနဲ့အတူ ခိုင်ဂေဟာကို ဘာလို့ ပါလာရတယ်ဆိုတာဟာ ... မေးစရာ မေးခွန်းဖြစ်လာတယ် အဲဒါကို ကျွန်တော် အခုမဖြေနိုင်သေးပါဘူး မဝါ ... မြသန္တာ ကို သံယောဇဉ်ဖြစ်လို့ လိုက်လာတာ မဟုတ်ဘူးဆိုတာ လောက်အထိပဲ ကျွန်တော် မဝါကို အဖြေပေးနိုင်ပါသေး



တယ် ... ကျွန်တော့်မှာ ဘေးကျပ် နံကျပ်ဖြစ်စေတဲ့ ဖြစ် ရပ်တစ်ခုဟာ မြသန္တာနဲ့ ပတ်သက်ပြီး ဖြစ်သွားခဲ့ပါတယ် အဲဒီ ဘေးကျပ်နံကျပ်အခြေအနေက လွတ်အောင် မြသန္တာ လုပ်ပေးမှဖြစ်မှာပါ ... မြသန္တာက ချက်ချင်းလုပ်မပေးဘဲ ခိုင်ဂေဟာကို လိုက်ခဲ့ဦးဆိုလို့ ကျွန်တော် မြသန္တာခေါ်ရာကို လိုက်လာတာ ... ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ အဝတ်အစား နဲ့ လိုက်လာတာ ... အဲ ... ခိုင်ဂေဟာရောက်လာပြီး နေ့စဉ် မဝါကို တွေ့ဆုံရာက ကျွန်တော့်ရင်ထဲ နှလုံးသားထဲက အလိုလို ချစ်စိတ်တွေ ဖြစ်လာတာပါ ... ကျောင်းသားဘဝ က ဖြူဖြူသန့်ကို ချစ်ခဲ့တဲ့ အချစ်မျိုး ရင်ထဲက နင့်ခနဲ ချစ် လာမိတာပါ မဝါ ... ”

အိမ်ကြီးဆီသို့ လျှောက်လာရင်း ပြောလာကြခြင်း ဖြစ်ပါ၏။ အိမ်ကြီးဆီသို့ ရောက်လာကြပေပြီ။

“ကိုစိုးပြည့်စုံကို မဝါအဖြေတစ်ခါတည်း ပေးလိုက်ပါ့မယ်”

ကျွန်မဟု အစဉ်တစိုက် ပြောလာရာက ယခု သူမ ကိုယ်ကို ‘မဝါ’ဟု နာမ်စားပြောင်း၍ပြောသည်ကို စိုးပြည့်စုံ သတိ ထားလိုက်မိပါ၏။

“မဝါ ... ဘယ်သူတွေက ဘယ်လောက်မြောက်မြားစွာ မေတ္တာစကား ဆိုခဲ့ ဆိုခဲ့ ... မဝါ တစ်ချက်လေးမှ ရင်မခုန် ခဲ့ဖူးဘူး ... ထူးခြားတဲ့ ခံစားမှုမျိုးလည်း တစ်ခါမှ မခံစားခဲ့ ရဖူးဘူး ... ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ် ... အခု ကိုစိုး ပြည့်စုံရဲ့ မဝါကို ချစ်တယ်ဆိုတဲ့ စကားကြောင့်တော့ မဝါ ရင်ခုန်သွားတယ် ... ခံစားမှုတစ်မျိုးကိုလည်း ခံစားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



တာ အမှန်ပါပဲ ကိုစိုးပြည့်စုံ ... ဒါပေမဲ့ ကိုစိုးပြည့်စုံရဲ့ ကမ်းလှမ်းတဲ့အချစ်ကို မဝါရဲ့အဖြေက 'ကန်တော့ဆွမ်းပါ ဘုရား' ပါပဲ ... ကိုစိုးပြည့်စုံကို မဝါငြင်းပါတယ် ... ကဲ ... ဒါပါပဲ"

"ဗျာ ... "

"မဝါ ဆုံးဖြတ်ပြီးသားလေ ... အတွေရဲ့ သက်တမ်းတစ်လျှောက်မှာ မဝါအိမ်ထောင် မပြုဘူးလို့ ... ဒါဆို မဝါရဲ့ရင်ထဲမှာ ဘာတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ ကိုစိုးပြည့်စုံ သဘောပေါက်ပါတော့ ... "

ဝါဝါခိုင် အိမ်ထဲ ဝင်သွားသည်။

ဝါဝါခိုင်၏ အဖြေစကားကို စိုးပြည့်စုံ ဘာသာပြန်ကြည့်လိုက်သည်။

"ဘယ်ယောကျ်ားကိုမှ မချစ်ခဲ့ဖူးပေမဲ့ ... ကိုစိုးပြည့်စုံကျတော့ ... မဝါ ချစ်ပါတယ် ... သို့သော် အတာသက်ရှိထင်ရှားရှိနေသရွေ့ ကိုစိုးပြည့်စုံကို လက်မထပ်ပါ ... "

ဟူရွေ့သတည်းလို့သာ စိုးပြည့်စုံဘာသာပြန်လိုက်ပေတော့သည်။

ဘာသာပြန်ချက် မှန်ကန်ပါရဲ့လားတော့ မသိပါလေ။



[ ၁၄ ]

မိမိအနေနှင့်ပင် ဒီလောက်ခံစားနေရလျှင် ဝါဝါခိုင်အဖို့ မည်မျှလောက် ခံစားရရှာမည်နည်း။

မိမိသည် ဖြူဖြူသန့်နှင့် နှလုံးသားအချစ်ချစ်ဖူးသည်။

ဖိုသတ္တဝါတစ်ဦးအနေနှင့် မသတ္တဝါများဖြစ်သော ပါလီယာနှ၊ ရှိုဘာစ်၊ စင်သီယာ၊ မြသန္တာ ယှဉ်ပါးဖူးသည်။ ဒါတောင်အခု အရှုံးခံစားရသည်။

မဝါအဖို့ဆိုလျှင် နှလုံးသားအချစ်မျိုး တစ်ခါဖူးမျှမကြုံဘူးသေး၊ ဖိုသတ္တဝါ၏ အထိအတွေ့ဆိုပါက ယင်ဖိုပင် မသန်းဖူးသေးသော အပျိုစင်အစိမ်း အရိုင်းသက်သက်ဖြစ်နေသည်။

မဝါလည်း ခံစားရသည်သာ။

မိမိထက်ပင် အဆပေါင်းပို၍များစွာ မဝါခမျာ ခံစားရရှာမည်ထင်။

www.burmeseclassic.com

www.burmeseclassic.com



စိုးပြည့်စုံသည် ပျဉ်ထောင်အိမ်လေး၏ အိပ်ရာထက်ဝယ် ဘယ်လူးညာလိမ့်ဖြစ်နေစဉ် ...

"ဒေါက် ... ဒေါက် ... ဒေါက် ... "

တံခါးလာခေါက်သံ ထွက်လာသည်။

မြသန္တာတော့ မဖြစ်တန်ရာ သူမသည် ဒေါက်တာဖေကြိုင်နှင့်အတူသွားသည်။ သူမ၏ပညာခန်းတွေ ဒေါက်တာဖေကြိုင်အား ပြနေဦးမည်မို့ အချိန်ကြာပေဦးမည်။

တံခါးခေါက်သူသည် နန်းအေးမူဖြစ်နိုင်ပါ၏။

စိုးပြည့်စုံ လဲလျောင်းနေရာမှထပြီး တံခါးဖွင့်ပေးလိုက်သည်။

"ဟင် ... ဒေါ်ဝိုင်း ... "

ဒေါ်ဝိုင်းတွင် အိပ်ရာခင်းအသစ်၊ ခေါင်းအုံးစွပ်အသစ်၊ ခြင်ထောင်အသစ်တွေ ပွေ့ပိုက်လာသည်။

"မဝါက သွားကာနီး မှာသွားတယ် ... မောင်ရင်ရဲ့ အိပ်ရာဟာ ဒီလောက်ကြာရင် ဟောင်းသွားလောက်ပြီတဲ့ ... ဒေါ်ဒေါ်ဝိုင်းပဲ အသစ်တွေသွားလဲပေးလိုက်ပါဆိုလို့ လာလဲမလို့"

"ဩော် ... ဩော် ... "

မဝါက မိမိအပေါ် ဂရုတစိုက်လေးရှိသည်ကို စိုးပြည့်စုံ ရင်ထဲမှ ကျိတ်၍ကျေနပ်ရပါ၏။ သို့သော် ဒေါ်ဝိုင်း၏စကားထဲတွင် 'မဝါသွားကာနီး ... 'ဟု ပါရှိနေသည်။

"ဒါဆို ... မဝါက ဘယ်သွားလဲ ဒေါ်ဝိုင်း ... "

"ဘာကွဲ့ ... မဝါ ဟုတ်လား ... မောင်ရင်က မဝါကို မဝါလို့ခေါ်သလား ... မောင်ရင် အခေါ်က မရင်းနှီးလွန်းနေဘူးလား ... တကယ်တော့ မဝါကို သိပ်ရင်းနှီးကြတဲ့ ငယ်ပေါင်းတွေနဲ့ ဒီအိမ်မိသားစုကသာ 'မဝါ'လို့ ခေါ်တာကွဲ့ ... "



"ဟဲ ... ဟဲ ... ဒေါ်ဝိုင်းတို့ ခေါ်သံအတိုင်း ကျွန်တော်က သံယောင်လိုက်ခေါ်မိတာပါ ... ဒါဆို အခု မဝါဝါနိုင်က ဘယ်သွားလို့လဲ ဒေါ်ဝိုင်း ... "

"သာသနာ့ရိပ်သာ ... "

"ဗျာ ... "

"မဝါက သူတော်ကောင်းမလေးပဲကွယ့် ... နေ့စဉ် ဘုရားရှိခိုး ... စိပ်ပုတီးစိပ်ပဲဟာ ဒါပေမဲ့ မဝါဟာ သူ့စိတ်တွေ သိပ်ကျဉ်းကျပ်လာတဲ့အခါ စိတ်သိပ်လှုပ်ရှားတဲ့အခါမျိုးမှာ ပြန်လည်ပြီး စိတ်တည်ငြိမ်မှုရအောင် သာသနာ့ရိပ်သာကို သွားပြီး တရားထိုင်လေ့ရှိတယ် ... နောက်ပြီး ဝါတွင်းကာလပတ်လုံး တစ်ပတ်မှ မပျက်ဘဲ ဥပုသ်လည်း စောင့်တယ် ခများဟာ သနားစရာပါ ... အသက်နဲ့ မလိုက်အောင် ဒုက္ခတာဝန်ကြီး ယူထားရတယ် ... ဒီနေ့ မနက်လည်း ဘယ်က ပြန်လာလည်း မသိဘူး ... အိမ်ထဲဝင်လာတာနဲ့ မျက်နှာမကောင်းဘူး အိပ်ရာထဲ ပစ်လှဲတယ် ... မဝါရင်ထဲမှာ တစ်ခုခုခံစားလာရတာတော့ အမှန်ပဲ ... အင်း ... ဒေါက်တာဖေကြိုင်နဲ့ ဟိုဆတ်စလူးမ မော်တော်ကားနဲ့အတူတူ ထွက်သွားတာကိုပဲ စိတ်ကသိကအောက် ဖြစ်သလား ... ဒါမှမဟုတ် ညက ရုပ်ရှင်ကြည့်ပြီး အတာသောင်းကျန်းတာကိုပဲ စိတ်မကောင်းဖြစ်သွားသလား မသိပါဘူးကွယ် ... "

စိုးပြည့်စုံ ချက်ချင်းသဘောပေါက်နားလည်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ မဝါသည် မိမိနှင့် ပတ်သက်ပြီး အရမ်းခံစားသွားရမှန်း သေချာပါ၏။

"မဝါဝါခိုင် အဲဒီလို သာသနာ့ရိပ်သာကို သွားရင် ... ဘယ်နှစ်ရက်လောက် ကြာတတ်လဲ ဒေါ်ဝိုင်း ..."

ဒေါ်ဝိုင်းက မဖြေပေ။ မကြားဟန်ဆောင်နေခြင်းမျိုးသာ ဖြစ်ခြိမ့်မည်။ သို့သော် စိုးပြည့်စုံက သူမေးချင်တာကို ဆက်၍ မေးမြန်းသည်။

"ဒေါ်ဝိုင်းကို ကျွန်တော်မေးချင်တယ် ..."

"မေးပေါ့ ... ဒေါ်ဝိုင်းက ဖြေချင်တာရယ် ... ဖြေသင့်တာရယ်ဆို ဖြေမယ် ..."

"ကျွန်တော့်အရင် ဒီအိမ်လေးမှာ နေသွားဖူးတဲ့ ပန်းချီဆရာကိုဒီပ နေတုန်းကလည်း ဒီလိုပဲ အိပ်ရာခင်းတွေကအစ ပျောင်းသွားရင် မဝါဝါခိုင်က အသစ်လဲပေးဖို့ ခိုင်းတာပဲလား ..."

"ဝေးသေး ... အသစ်လဲပေးဖို့ နေနေသာ ကြည့်တောင်မကြည့်ဘူး ... ဟိုဆတ်စလူးမြသန္တာ လုပ်ပေးချင်တာ လုပ်ပေးပလေ့စေဆိုပြီး လွှတ်ထားတာ ..."

တကယ်တော့ စိုးပြည့်စုံသည် ဒေါ်ဝိုင်းထံတွင် ပန်းချီဆရာကိုဒီပအကြောင်း သိလိုသောကြောင့် စကားစဖော် မေးမြန်းခြင်းသာ ဖြစ်သည်။

ယင်းသို့ပင် နန်းအေးမူကိုလည်း မေးခဲ့သည်။ ဦးရန်ကနားကိုလည်း မေးခဲ့သည်။

အဆင်ပြေလျှင် ဒရိုင်ဘာ ကိုလှအောင်ကိုလည်း



ဆက်၍ မေးမြန်းဦးမည်သာ။

အဓိကမှာ ကိုဒီပနှင့် မြသန္တာ၏ ဆက်ဆံရေးအရ ကိုဒီပ သေဆုံးရခြင်းမှာ မြသန္တာနှင့် တစ်နည်းနည်း ပတ်သက်လေသလားဆိုသည်ကို စိုးပြည့်စုံ သိချင်သောကြောင့် ဖြစ်ပါ၏။

ခိုင်ခိုင်မာမာသိရလျှင် မြသန္တာအား မိမိအတွက် ရဲစခန်းတွင် အောင်မင်္ဂလာဘကွန်းသတ်မှုတွင် မျက်မြင်သက်သေ မြန်စွာထွက်ဆိုပေး၊ မထွက်ဆိုပေးလျှင် ကိုဒီပအသတ်ခံရမှုနှင့် ပတ်သက်သော မြသန္တာကို မိမိကပင် ရဲကိုပြန့်တိုင်မည်ဆိုသည့် နိုင်ချက်ကို လိုချင်သောကြောင့်ဖြစ်ပါ၏။

မိမိစိတ်ထား ယုတ်မာသည်တော့ မဟုတ်၊ ဤသို့အကျပ်ကိုင် အောင်မြင်မှ မိမိသဘောလိုက်ရေး မြန်ဆန်မည်မို့ ဖြစ်ပါ၏။

"ဟုတ်ပါတယ် ဒေါ်ဝိုင်း ... ပန်းချီဆရာကိုဒီပကို ကြည့်မရတဲ့အကြောင်း မနက်က မဝါဝါခိုင်နဲ့ လေ့စီးရင်းတောင် မဝါဝါခိုင်က ကျွန်တော့်ကို ပြောပြပါသေးတယ် ..."

"ဩ ... ဩ ... မနက်က မဝါတစ်ယောက် ပျောက်ချက်သားကောင်းပါတယ်လို့ ထင်နေတာ ... လက်စသတ်တော့ မောင်ရင်နဲ့အတူ လှေစီးထွက်ကြတာကိုး ..."

"ကျွန်တော်က မဝါဝါခိုင်ကို လှေစီးဖို့ အတင်းဖိတ်ခေါ်တာပါ ... သူ့ခမျာ ညက အတာကြောင့် စိတ်ဆင်းရဲနေတယ်ထင်လို့ လေကောင်းလေသန့်လည်းရ ... စိတ်လက်လည်း ကြည်သွားအောင် ကျွန်တော်က စေတနာနဲ့ ခေါ်တာပါ"

"အင်း ... အံ့ဩစရာပဲ ... မဝါကို ခေါ်တာဖြေကြိုင်က

www.burmeseclassic.com

www.burmeseclassic.com



လှေစီးကြဖို့ အကြိမ်ကြိမ် ခေါ်တာကို ဒေါ်ဝိုင်းကြားနေသ... ပဲ ... ဒါပေမဲ့ မဝါက တစ်ခါမှ လှေလိုက်မစီးဘဲ ငြင်းတာ ချည်းပဲ ... အင်းပေါ့လေ ... ဒေါက်တာဖေကြိုင်က တကယ် တမ်းကျတော့ လှေလှော်လှေကိုင် မကျွမ်းကျင်တာမို့ မဝါ က ငြင်းတာနေမှာပေါ့ ... ”

“ဟုတ်မှာပါ ဒေါ်ဝိုင်း ... လှေစီးလာတယ်ဆိုတာ ... ကိုယ့် အသက်တကယ် ကယ်နိုင်တယ်လို့ ... စိတ်ချရတဲ့လူ ပါမှ စီးရဲမှာပေါ့လေ ... လှေစီးကြရင်း ... မဝါဝါခိုင်က ပန်းချီ ဆရာ ကိုဒီပ ဓားထိုးခံရပြီး ... ရေနစ်သေဆုံးတဲ့ အကြောင်း ကိုတောင် ပြော့ပြသေးတယ် ... အဲ ... မဝါဝါခိုင် ပြောတုန်း ကတော့ ... ကျွန်တောက နားထောင်ရုံ သက်သက်ပါ ... အခု ကျွန်တော့်စိတ်ထဲ ... ကိုဒီပနဲ့ ပတ်သက်ပြီး ... သိချင် တာလေး တစ်ခုရှိလာတာမို့ ဒေါ်ဝိုင်းကို မေးချင်လို့ပါ ... ”

“ဘာမေးချင်တာလဲ ... ”

“ကိုဒီပဟာ ... ခိုင်ဂေဟာက ... ထွက်သွားပြီးတဲ့နောက် ရက်ဘယ်နှစ်ရက်လောက် အကြာမှာ သေဆုံးရတာလဲဆို တာပါ ... ဒေါ်ဝိုင်း ... ”

“အဲဒါ ... အတိအကျတော့ မမှတ်မိတော့ဘူးကွဲ့ ... စစ်ဆေး တဲ့ ရဲတွေ အယူအဆကတော့ ... မောင်ဒီပအလောင်း ရေပေါ်ကို ပေါ်လာတဲ့အထိ ထည့်တွက်တာ ... ခိုင်ဂေဟာ က ထွက်သွားပြီး ... သုံးရက် အကြာမှာ အသတ်ခံရတာလို့ ယူဆတယ်တဲ့ ... ”

“ခိုင်ဂေဟာက ... ကိုဒီပ ထွက်သွားတော့ ... ကိုဒီပကို



မြသန္တာက လိုက်ပို့သေးလား ... ”

“ပို့တယ် ... ပို့တာမှ ... မဝါရဲ့ ကားကို လူအောင်က မောင်း ပြီး ... လိုက်ပို့ရတယ် ... မောင်ဒီပရဲ့ ပန်းချီပစ္စည်းတွေ ကျောပိုးအိတ်တွေ ... လက်ဆွဲချင်း လက်ဆွဲသေတ္တာတွေ က အများသား ... ကားနဲ့လိုက်ပို့မှဖြစ်မှာမို့ ကားပေးလိုက်ရ တယ် ... ရန်ကုန်ဘူတာကြီးကို လိုက်ပို့ရသတဲ့ ... ”

“ရန်ကုန်ဘူတာကြီး ဟုတ်လား ... ”

“အင်းလေ ... ပန်းချီဆရာက မန္တလေးပြန်မှာမို့ ... ဘူတာ ကြီး လိုက်ပို့ရတာလေ ... ဒီပန်းချီဆရာက ... ဘာစိတ်ကူး ပေါက်ပြီး ... မန္တလေးကို မသွားတော့ဘဲ ... ရန်ကုန်ထဲက တည်းခိုခန်း တစ်ခုမှာ သွားနေတယ်တဲ့ ... ဒါလည်း ... ရဲက စစ်ဆေးမှ သိလာရတာပါ ... ”

“ဒါဆို ... သူ ထွက်သွားပြီးမှ ... ခိုင်ဂေဟာကို တစ်ခေါက် ပြန်လာသေးလား ဒေါ်ဝိုင်း ... ”

“သူ ဘယ်လာလို့ရမလဲ ... မဝါက တစ်ချက်လွှတ်အမိန့် ဦးရန်ကနားနဲ့ လူအောင်ကိုပေးထားတယ် ... ဒီပန်းချီဆရာ လာရင် ရဲတွေခေါ်ပြီး ... မောင်းထုတ်ပစ်ရမယ်လို့လေ”

ဒေါ်ဝိုင်းပြောသမျှကို မိမိသိထားသမျှနှင့် စိုးပြည့်စုံ ...က်စပ်ကြည့်သည်။

ဘယ်လောက်အထိ စဉ်းစားဆက်စပ်ကြည့်နေမိ ...ည် မသိ။ ကိစ္စပြီးစီး၍ ဒေါ်ဝိုင်းပြန်ထွက်သွားသည်ကိုပင် စိုးပြည့် ... မသိလိုက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



****** [ ၁၅ ] ******

"အစ်ကို ... မနက်စာ ထမင်းစားဖို့တဲ့ ... "

နန်းအေးမူ လာခေါ်သဖြင့် စိုးပြည့်စုံ လိုက်၍သွ သည်။ ထမင်းစားပွဲတွင် မြသန္တာတစ်ယောက်တည်းသာ ထိုင်ေ သည်ကို တွေ့ရသည်။

ဝါဝါခိုင် သာသနာ့ရိပ်သာသို့ သွားသည်မှာ ပြန်လ ဟန်မတူသေးပေ။ အတာကိုလည်း မြသန္တာက တစ်ခုခု ခိုင်းထ ဟန် တူပါ၏။ အတာလည်း မရှိပေ။

ဒေါ်ပိုင်းသည် ထမင်းပွဲကို ပြည့်စုံအောင် ပြုလုပ်ေ ပြီး မဝါမရှိသောကြောင့် ထမင်းဝိုင်းဘေးတွင် ရပ်လျက်သား မ ဘဲ မီးဖိုထဲမှာပင် ရှိနေပုံရသည်။

ဒေါက်တာဖေကြိုင်ကိုလည်း မတွေ့ရသည် အနည်းငယ် ဆန်းနေသည်။ မနက်က မြသန္တာနှင့် အတူသွား ယခု ဒေါက်တာ ဖေကြိုင် မရှိပေ။

ကြောင်မရှိ ကြွက်ထဆိုသလို ဝါဝါခိုင် မရှိ



ကြောင့် မြသန္တာ ထင်တိုင်းကျဲချင်နေပုံရသည်။

"ကိုစိုး ထမင်းမစားခင် တစ်ခွက်တစ်ဖလားချလိုက်ပါလား စားကောင်းသောက်ကောင်းဖြစ်အောင်လေ ... ဒီခိုင် ဂေဟာ ရောက်လာမှ ကိုစိုးအရက်လုံးလုံး မသောက်ဘဲနေ တာ မြသန္တာသတိထားမိတယ် ... "

စိုးပြည့်စုံက ခေါင်းခါလက်ခါ ကာပြသည်။

"ခိုင်ဂေဟာရောက်မှ ... အိမ်ရှင်က မသတာရေစာ ကျွေး နေရလို့လား မသိဘူး ... ထမင်းသိပ်မြိန်တယ် ... အရက် မသောက်ဘဲ စားတာတောင် ... ဒီလောက်စားကောင်း သောက်ကောင်း ဖြစ်နေတာ ... အရက်သောက်ရင် စူစကာ ပုဏ္ဏားလှူတာ အကုန်စား ဖြစ်သွားမယ် ... တို့ကသည့်သည် လို နေရတာ မြသန္တာ ... ဘာမဆို ဆင်ခြင်ရမယ်လေ ... "

"ရပါတယ် ... ဒီနေ့အဖို့တော့ ... ကောင်းကောင်းကြီးရ တယ် ... အဘွားအိုပေါက်စက ... သီလရှင်များဝတ်မလို့လား မသိဘူး ... သာသနာ့ရိပ်သာ သွားတယ်တဲ့ ... ကဲ ... ကိုစိုးသောက်မှာလား ... မသောက်ဘူးလား ... "

တကယ်တော့ စိုးပြည့်စုံ လုံးဝမသောက်ချင်ပေ။ ခင်ကလည်း အရက်ကြိုက်သူ မဟုတ်ခဲ့၊ လေလွင့်လွတ်နေသူ နေနှင့်သာ အရက်သောက်ခြင်းမျိုးဖြစ်သည်။ အထူးသဖြင့် 'မဝါ' ို ချစ်ရေးဆိုပြီးမှ မကောင်းသော အလုပ်မလုပ်ချင်တော့ပေ။

သို့သော် ယခုနှစ်ယောက်တည်းရှိချိန် မိမိက သောက်ဟု ငြင်းလိုက်လျှင် မြသန္တာ၏ အထေ့အငေါ့ ဟိုခလုတ် ိုက် ဒီခလုတ်တိုက် စကားမျိုးတွေ ထွက်လာမှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအနေနှင့် မြသန္တာကို ဇလိုက် ဇရော လုပ်ရဦးမည်မဟုတ်လား။

"အင်း … တစ်ခွက်တစ်ဖလားလောက်တော့ သောက်မယ်လေ …"

အသင့်ယူထားသော ဂျော်နီဝါကားပုလင်းထဲမှ အရက်ကို မြသန္တာက ဖန်ခွက်တွင် လက်နှစ်လုံးစီခန့်ထည့်သည်။ ဆော်ဒါပုလင်းချပေးသည်။ စိုးပြည့်စုံက တစ်ငုံကောက်ငုံလိုက်သည်။

"ဒေါက်တာ ကိုဖေကြိုင်ကော မြသန္တာ …"

"ဟင်း … ဟင်း … ဟင်း …"

မဖြေမီ မြသန္တာက တဟင်းဟင်း ရယ်သွမ်းသွေးလိုက်ပါသေး၏။ တကယ်ရယ်လို၍ ရယ်ခြင်းမျိုးမဟုတ်ဘဲ အထိမ်းအမှတ်တစ်ခုခုတွင် သဘောကျရယ်ခြင်းမျိုးဖြစ်သည်ကို သတိထားမိသည်။

"ဘယ်လိုယောက်ျားပဲဖြစ်ဖြစ် … နောက်ဆုံးမှာတော့ ယောက်ျားဟာ … ယောက်ျားပါပဲ ကိုစိုးရာ … ဟင်း … ဟင်း …"

"အမိပွာယ်ဖွင့်ပါဦး … အဘိဓာန်မလေး မြသန္တာရယ် …"

"ဒေါက်တာကိုဖေကြိုင်ဟာ … ဝါဝါခိုင်ကို အင်မတ် … အင်မတန်ကြီး ချစ်လှမြတ်နိုးလှပါတယ်ဆိုတဲ့ ကြားကာပဲ … မြသန္တာနဲ့ တစ်နာရီပဲ … နှစ်ယောက်တည်း တွေ့လိုက်ရ တယ် … မြသန္တာ … မြသန္တာနဲ့ တန်းတန်းစွဲဖြစ်သွားတာ ကိုစိုးရေ … အခုဆို မြသန္တာပြောသမျှ ဒေါက်တာကိုဖေကြိုင် ပုတ်သင်ညိုဖြစ်သွားပြီလေ … ခေါင်းတညိတ်ညိတ်ပေါ့ …"



"ဒါပေါ့ … ဒါပေါ့ … ဒေါက်တာဖေကြိုင် ပုတ်သင်ညိုခေါင်းတညိတ်ညိတ် ဖြစ်သွားအောင် … အမိက အမိရဲ့ပညာတွေ အစွမ်းကုန်သုံးရမယ် … ရက်ရက်ရောရောတွေ ပေးရတယ် မဟုတ်လား …"

"ဘာလဲ … ကိုစိုးက … အူတိုတာလား … မနာလို ဝန်တိုတာလား …"

စိုးပြည့်စုံ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ။ …ကားလုံးရှာမရ ဖြစ်သွားသည်။ တကယ်တော့ ဒေါက်တာဖေကြိုင် …င့် မြသန္တာငြိသွားသည်ကပင် မိမိတွင် ဝန်ထုပ်တစ်ခု လျော့သွား …သည်ဟုပင် ယူဆပါ၏။

"လုပ်ငန်းသဘောအရပါ ကိုစိုး … တကယ်ပြောတာပါ … ကျိန်ဆိုကျိန်ဖို့အသင့်ပါ … မြသန္တာလေ … ကိုစိုးတစ်ယောက်ကလွဲပြီး … ဘယ်ယောက်ျားကိုမှ မချစ်ဘူး … မစွဲလမ်းဘူး … မြသန္တာ နှလုံးသားထဲက တစ်ခါသာချစ်ဖူးသူဟာ … ကိုစိုးသာပါ … မြသန္တာ ကစားနေတဲ့ စစ်တုရင်ပွဲမှာ … ကိုစိုးဟာ ထာဝရပါ … ကိုစိုးသွားတဲ့လမ်း ဖြောင့်ဖြူးစေဖို့ … ဒေါက်တာဖေကြိုင်တို့လိုလူတွေကို ဆင်အဖြစ် မြင်းအဖြစ် ခက်ကဲအဖြစ် အသုံးပြုသွားတာပါ … မြသန္တာ အချစ်ဆုံး … အမြတ်နိုးဆုံး … အစွဲလမ်းဆုံး … တကယ် လက်ထပ်ခဲ့သူဟာ ကိုစိုးပါ …"

စိုးပြည့်စုံက ပြောလိုက်ချင်လှသည် … ။ ကိုယ့်ကို …သန္တာရဖို့ အနောက်ကနေထွက်ပြီး တောင်ထိပ်ကြာပေါက်ချင်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်မည် ကိုယ့်ကိုတော့ ဘယ်တော့မှ ရမည်မဟုတ်ဟူ၍။

ထိုအခိုက်မှာပင် ...

အိမ်ပေါ်ထပ်လှေကားမှ အတာတစ်ဒုန်းဒုန်း ပြေးဆင်းလာသံ ကြားရသည်။ ထမင်းစားခန်းထဲသို့ အတာတန်းဝင်လာသည်။ သူ့လက်ထဲတွင် စက္ကူကတ်ပြားနှင့် လုပ်သောလေယာဉ်ပျံရုပ်တစ်ခု ကိုင်လာသည်။

"မမြ ... ဒီမှာကြည့် ... ပြီးသွားပြီ ..."

မြသန္တာက အတာပြေးဆင်းလာသံကြားကတည်းက အရက်ပုလင်းကို ဝှက်ထားပြီးသား ဖြစ်ပါ၏။

မြသန္တာလည်း ကလေးကစားစရာ လေယာဉ်ရုပ်ရောင်စုံစက္ကူကတ်ပြားမှ လေယာဉ်အပိုင်းအစလေးတွေကို ညှပ်ပေးထားခဲ့ပြီး အတာအား လေယာဉ်ရုပ်ဖြစ်စေရန် အပိုင်းအစတွေကို ကော်ကပ်ကာ ပြန်ဆင်ဟု အပေါ်ထပ်တွင် ထားခဲ့ခြင်းဖြစ်သည်။

ယခု တစ်နာရီလောက်ကြာမှ အတာက ပြီးလုပ်ပြီးစီးသဖြင့် မြသန္တာဆီ ပြေးလာပြသခြင်း ဖြစ်ပေသည်။

"ဟယ် ... ကြည့်စမ်း ... လေယာဉ်ပျံလေး ပြီးသွားပြီ ... လုလိုက်တာ ... အတာက သိပ်တော်တာပဲ ... အတာ့ကို မမြ ဆုချရမယ် ..."

"ဘာဆုချမလဲ ... မမြ"

"အိုး ... အတာလိုချင်တာ ဆုချမှာပေါ့ ..."

"ဒါဆို ... အခုမြို့ထဲသွားမယ် ... ကစားစရာအရုပ်သစ်တွေ သွားဝယ်မယ် ..."



"အခု မသွားနဲ့ ... အတာ ထမင်းစားလိုက်ဦး ... နက်ဖြန်ကျမှ သွားဝယ်မယ် ..."

"ဟင့်အင်းဗျာ ... ဒီအိမ်ကထမင်း အတာမစားချင်ဘူး ... မြို့ထဲမှာ ပလာတာနဲ့ကြက်ကင်စားမယ် ..."

မြသန္တာကိုယ်တိုင် အိမ်ကထမင်းမစားချင်ဘဲ ပလာတာနှင့် ကြက်ကင်စားချင်စိတ်ပေါက်သွားပေသည်။ စိုးပြည့်စုံက ထမင်းစားနေပေပြီ။ မြသန္တာပြောချင်သော ဒေါက်တာဇေကြိုင် အကြောင်းကိုလည်း ပြောပြီးသွားခဲ့ပြီ ...

"ကြက်ကင်နဲ့ ပလာတာ သွားစားချင်တာတော့ ဟုတ်ပါပြီ ... ဒါပေမဲ့ သွားဖို့ကားမှ မရှိတာ ... ကားကို အတာရဲ့ မေဖေ ယူသွားတယ်လေ ..."

"ပြန်ရောက်နေပြီဗျ ... ခုနက အတာ လေယာဉ်ပျံလေးလုပ်နေတုန်း ... မော်တော်ကား ပြန်လာတာ အပေါ်ထပ်က လှမ်းမြင်တယ် ... မေဖေတော့ ပြန်ပါမလာဘူး ..."

"အေး ... ဒါဆို ... သွားကြမယ် ... ကိုစိုး မြသန္တာခဏလိုက်သွားမယ်နော် ... အတာက မလွှယ်ဘူး ... သူလုပ်ချင်တာ မလုပ်ရင် ကျိကျဲမှာ ..."

စိုးပြည့်စုံ ခေါင်းညိတ်ပြလိုက်မိသည်။

မြသန္တာက အတာ့ကို လက်ဆွဲကာ ထွက်သွားပါ၏။

စိုးပြည့်စုံ ထမင်းစားပြီးသွားသည်။ ဧည့်ခန်းဘက်သို့ ထွက်လာသည်။ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။

မြသန္တာ အတာသည် ကိုလူအောင်ကို ခေါ်ပြီး ကားနှင့်မြို့ထဲသွားပြီ။ ဒေါ်ဝိုင်းနှင့် နန်းအေးမူလည်း တခြားသို့

www.burmeseclassic.com

www.burmeseclassic.com



ရှောင်နေကြပုံရသည်။

စိတ်ကူးတစ်ခု စိုးပြည့်စုံ ခေါင်းထဲသို့ ဝင်ရောက်လာသည်။

ဒီလောက်လူရှင်းနေခိုက် အပေါ်ထပ်မှ မြသန္တာ၏ အခန်းကိုဝင်ပြီး တစ်ခုခုတွေ့လိုတွေ့ငြား ရှာကြည့်ချင်သည်။

စိုးပြည့်စုံ လှေကားမှ အပေါ်ထပ်သို့တက်လာခဲ့သည်။ လှေကားထိပ်ရောက်သည်နှင့် မြသန္တာ၏ အခန်းဘယ်အခန်းဖြစ်မလဲဟု လှေ့လာကြည့်တော့သည်။

ဘုရားခန်း၏ အနီးဆုံးအခန်းမှာ ဝါဝါခိုင်၏ အခန်းဖြစ်ရမည်။ ဒါဆိုလျှင် လှေကားဘက်မှ မျက်နှာချင်းဆိုင် နှစ်ခန်းသည် အတာ၏အခန်းနှင့် မြသန္တာ၏ အခန်းဖြစ်နိုင်သည်။

စိတ်မှမှန်းဆပြီး မြသန္တာအခန်းဟု ထင်ရသောအခန်းကို သွားရောက်တံခါးဖွင့်ကြည့်ရာ တံခါးမှာ သော့ခတ်ထားခြင်း မရှိပွင့်သွားသည်။

မြင်လိုက်ရုံနှင့်ပင် မြသန္တာ၏ အခန်းဖြစ်မှန်း စိုးပြည့်စုံ သေချာသွားသည်။

ခုတင်ခြေရင်းတွင် ခုနက ထမင်းစားခန်းတွင်ဝတ်ခဲ့သော မြသန္တာ၏ ထမီသည် ကွင်းလုံးချွတ်ထားပြီး ခုနက အင်္ကျီမှာ ခုတင်ပေါ်တွင် ပစ်စလက်ခတ်ရှိနေသည်။ အတာနှင့် မြို့ထဲသွားရန် အဝတ်အစားအသစ်တစ်စုံ လဲသွားခြင်း ဖြစ်ရပေမည်။

မြသန္တာ၏ တစ်ခန်းလုံးသည် ဘာတစ်ခုမျှ သပ်သပ်ရပ်ရပ်မရှိ။ တို့လို့တွဲလောင်းတွေ ဗလပွ ဖြစ်နေသည်။

ရှုပ်ပွေနေသော စာကြည့်စားပွဲ၊ ဗရုပ်ကျဲနေသော



မှန်တင်ခုံ၊ တွန့်ကြေနေသော ခုတင်ထက်မှ အိပ်ရာခင်းနှင့် စောင်စသည်တို့က မြသန္တာ၏ အခန်းဖြစ်ကြောင်း ထင်ရှားစေသည်။

ပထမဦးစွာ စာရေးစားပွဲသို့ စိုးပြည့်စုံ သွားရောက်ကြည့်ရှုသည်။

ဥပမာ ဒိုင်ယာရီမျိုး၊ သူ့မထံသို့လာသော စာတိုက်တံဆိပ်ပါ စာများရှာကြည့်သည်။ ဘာမျှ မတွေ့။

စိုးပြည့်စုံ မြသန္တာ၏ ဗီရိုဆီသို့ သွားကာ ဖွင့်ကြည့်ပြန်သည်။

အထပ်လိုက် အထပ်လိုက် ထမီများ၊ ဟင်ဂါဖြင့်ချိတ်ထားသော အနွေးထည်များ၊ အင်္ကျီအသစ်တွေ အထပ်လိုက်တစ်ပတ်ရစ်ခွေအထပ်လိုက် ဗီရိုနှင့်အပြည့်။ အဖိုးတန်တွေချည်းဖြစ်သည်။

မြသန္တာသည် အဝတ်အစားခုံမင်ရုံမက အဝတ်အထည်ပေါ်များသူပါတည်း။

ဗီရိုအံဆွဲကို ဖွင့်ကြည့်လိုက်သည်။

"ဝေး ... ဘောမြှောင်တွေပါလား ..."

ဘောမြှောင်တွေမှ အရွယ်အစား အမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ ခြေသည်းလိုးသည့် ဘောမြှောင် အသေးစားလေးမှ ခြောက်လက်မ အသွားနှင့် အချွန်ရှိသော ဘောမြှောင်တွေအထိပင်။

သားရေအိတ်နှင့် စွပ်ထားသည်များ၊ ဝါးကိုကြိမ်ကွတ်အိမ်နှင့် ထည့်ထားသော ဘောမြှောင်များ၊ ခလုတ်နှိပ်လိုက်လျှင် မြွေဟောက်ပါးပြင်းထောင်သကဲ့သို့ ထွက်လာသော ခလုတ်နှိပ် မောင်းပြန် ဘောမြှောင်များ။

www.burmeseclassic.com

www.burmeseclassic.com



တချို့စားမြှောင်တွေမှာ နိုင်ငံအမျိုးမျိုး သွားနေသော စိုးပြည့်စုံပင် မမြင်ဘူးသော စားမြှောင်တွေ ဖြစ်နေပါ၏။

စိုးပြည့်စုံက အလွယ်တကူ စားမြှောင်တစ်ချောင်း ထုတ်ယူကာ သူ၏ခြေသလုံး မွေးကိုရိပ်ကြည့်သည်။ အံ့မှာမင်း ရွှိခနဲ ရွှိခနဲနေအောင် စားသွားထက်လှပါ၏။

အားလုံးသောစားမြှောင်တွေကို သူ့နေရာတကျ ပြန်ထားပြီး အံဆွဲကို ပြန်ပိတ်သည်။

စဉ်းစားစရာပါပေ။

မြသန္တာသည် ဘာကြောင့် ဤမျှနယ် စားမြှောင်တွေ ထား‌ရှိပေသနည်း။

ဝါသနာကြောင့် စုဆောင်းထားခြင်း ပေလား။ ဝါသနာဆိုရလောက်အောင်လည်း သူမသည် မိန်းမသားတစ်ဦး ဖြစ်နေပါ၏။ ထူးဆန်းသော ဝါသနာပါပေ။

စဉ်းစားစရာပင်။

စဉ်းစားရင်းပင် ပန်းချီဆရာကိုဒီပအကြောင်း ဦးရန်ကနား ပြောပြသည်ကို သတိရလိုက်သည်။

"မှန်တယ်ဘရားဆပ် ... အရက်လည်းမူးတယ် ... ရေလဲနစ်တယ် ... ဓားနဲ့လည်း အထိုးခံရတယ် ... "

ကိုဒီပ သေဆုံးခြင်းတွင် ဓားနှင့်အထိုးခံရကြောင်းလည်း ပါဝင်သည်ကို ဦးရန်ကနား ပြောမှ သိရပေသည်။

ဖြစ်နိုင်သည်မှာ ကိုဒီပအား ဓားနှင့်ထိုးပြီးမှ ရေထဲ ပစ်ချလိုက်ခြင်း ဖြစ်နိုင်သည်။ ဓားထိုးခံထားရသည်သည် အဘယ်မှာလျှင် ရေကူးနိုင်မည်နည်း။ သေပြီပေါ့။



ဆက်စပ်တွေးကြည့်လျှင် အောင်မင်္ဂလာ ဘုကွန်းကြီးလည်း ဓားထိုးခံရပြီး သေဆုံးခြင်း ဖြစ်သည်။

မြသန္တာသည် မြားပေါက် ကျွမ်းကျင်သည်။ မြားပေါက် ကျွမ်းကျင်သူသည် ဓားပေါက်စားကိုင်မှာရော ကျွမ်းကျင်လေမည်လား။

မြသန္တာနှင့် ပတ်သက်သော ကိုဒီပရော ဘကွန်းကြီးရော ဓားနှင့်အထိုးခံ သေဆုံးကြရသည်။

စဉ်းစားရင်းပင် မြသန္တာ၏ အခန်းမှ စိုးပြည့်စုံ ပြန်အထွက်မှာပင်

"အမလေး ... ဗုဒ္ဓေါ"

တံခါးဝတွင် ကြက်မွေးတံမြက်စည်းကိုင်၍ ရပ်နေသော နန်းအေးမူနှင့် ပက်ပင်းကြီး တိုးသဖြင့် နန်းအေးမူ အထိတ်တလန့် အမလေး ဗုဒ္ဓေါဖြစ်သွားသည်။

"တို့ ... အရက်လိုချင်လို့ ... မြသန္တာအခန်းမှာ လာရှာတာ ထမင်းစားခန်း ရေခဲသေတ္တာထဲမှာ ပုလင်းရှာမတွေ့လို့ ... နန်းအေးမူ ... "

"ရှိတယ်အစ်ကို ... မမမြသန္တာ ခုတင်အောက်မှာ ... အရက်ပုလင်းတွေရှိတယ် ... ကျွန်မ ယူပေးမယ် ... "

နန်းအေးမူ ယူပေးသော အရက်ပုလင်းကို ကိုင်ကာ စိုးပြည့်စုံ ပြန်ထွက်လာခဲ့သည်။ နန်းအေးမူက မြသန္တာ၏ ဗလပွ အခန်းကို ရှင်း၍ ကျန်ခဲ့သည်။

စိုးပြည့်စုံ အောက်ထပ်သို့ ဆင်းလာခဲ့ရာ ညေ့ခန်းဘက်ဆီမှ ပူညံပူညံ အသံကြားသဖြင့် လှေကားကွယ်ပြီး နားစွင့်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်သည်။

သံဘာဂျာတံခါးအတွင်းမှ ဒေါ်ဝိုင်းရပ်နေသည်။ အပြင်တွင် လူတစ်ယောက်ရပ်နေပြီး အိမ်ထဲသို့ ဝင်ခွင့်တောင်းနေသည်။

"မြသန္တာမရှိဘူး ... အပြင်သွားနေတယ်လို့ တို့ပြောပြီးပြီး မောင်ရင် ... "

"ဟုတ်ပါပြီအဒေါ် ... အဲဒီမြသန္တာကို တွေ့ချင်လို့ ကျွန်တော် တမင်လာခဲ့တာပါ ... သူ ဒီမှာနေတဲ့ လိပ်စာရအောင် ... ကျွန်တော် မနည်းကြိုးစားရှာပြီး လာခဲ့ရတာပါ ... ကျွန်တော် မြသန္တာနဲ့ တွေ့ချင်လွန်းလို့ပါ အဒေါ် ... "

အပြင်မှ ပြောနေသူကိုတော့ စိုးပြည့်စုံ မမြင်ရပေ။ သို့သော် ထိုအသံကြားဖူးသည်ဟုတော့ ထင်မိသည်။ ထို့ကြောင့် အပြင်ကို မြင်နိုင်အောင် လှမ်းကြည့်သည်။

အား ... ယို ... ယို ... စံရွှေအောင်ပါလား လည်ပင်းတွင် ကင်မရာလွယ်ထားသော စံရွှေအောင်မှ စံရွှေအောင် ဖြစ်နေတော့သည်။

မိမိအောင်မင်္ဂလာ ဘကွန်းကြီး အလောင်းကိုစစ်ဆေးနေစဉ် ဓာတ်ပုံရိုက်သွားသော စံရွှေအောင်သည် ဘာကြောင့် ခိုင်ဂေဟာကို စုံစမ်းရှာဖွေလိုက်လာပြီး မြသန္တာကို တွေ့ချင်သနည်း။

"မောင်ရင် ... ဘယ်တော့လောက် တွေ့ချင်တယ်ပြောပြော မြသန္တာက အပြင်ထွက်သွားတယ် မရှိဘူး ... အဒေါ်က လူစိမ်းကို တံခါးဖွင့် ခေါ်မထားရဲဘူး ... "



"ဒါဆို ... မြသန္တာ ဘယ်အချိန်ပြန်လာမလဲ ... "

"ပြောတတ်ဘူးကွဲ့ ... ခိုင်ဂေဟာမှာ ... မြသန္တာတစ်ယောက် ဘယ်အချိန်ထွက်သွားပြီး ... ဘယ်အချိန်ပြန်လာမယ်လို့ ... ပြောနိုင်တဲ့သူတစ်ယောက်မှ မရှိဘူး ... "

"ဒါဖြင့်လည်း ... မြသန္တာပြန်တဲ့အထိ ဒီအပြင်ဘက် ... အုတ်ခုံကပဲ ကျွန်တော် ထိုင်စောင့်ပါရစေ အဒေါ် ... "

"ဒါတော့ မောင်ရင့်သဘောပဲ ... "

ဒေါ်ဝိုင်းက လိုးဝတံခါး ဖွင့်မပေးဘဲ ထမင်းစားခန်းဘက် ပြန်ထွက်သွားသည်။

"အင်း ... မြသန္တာကတော့ ယောကျ်ားဆို တစ်ယောက်ပြီး တစ်ယောက်ပါလား ... ဟော်တော် အရှက်မရှိတဲ့မိန်းမ ... အခုလာတဲ့ ကောင်လေးက အတော့်အရွယ်သာသာလေးရှိသေးတယ် ... ဒီမိန်းမ ကလေးမရှောင် လူကြီးမရှောင် မိန်းမပဲ ... "

ဟု ဒေါ်ဝိုင်း တဗျစ်တောက်တောက် ပြောသွားသံကိုပါ စိုးပြည့်စုံ ကြားရပေသည်။

စိုးပြည့်စုံရပ်ပြီး စဉ်းစားသည်။

မြသန္တာကို မရမက ရှာဖွေ စုံစမ်းလာသော စံရွှေအောင် မြသန္တာနှင့် ပတ်သက်၍ အကြောင်းတစ်ခုခုတော့ ရှိရမည်သာ။

ထို့ကြောင့် စိုးပြည့်စုံသည် အိမ်ကြီးမှ ပြန်မသွားသေးဘဲ လှေကားအောက်ရှိ အကွယ်အဖုံးနောက်တွင် ဝင်ပုန်းနေလိုက်ကာ နားစွင့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ မော်တော်ကား ဝင်လာသံကြားရသည်။ တစ်ဆက်တည်းမှာပင် ဒေါ်ဝိုင်းက အိမ်အဝင် သံဘာဂျာတံခါး ဖွင့်ပေးသံကြားရပြန်သည်။

"အဲဒီမှာ မြသန္တာ ... ညည်းညှော်သည်ပါတဲ့ ... ငါအထဲဝင်ခွင့်မပေးလို့ အပြင်က အုတ်ခုံမှာ ထိုင်စောင့်နေတာ ..."

"ဘာလို့ ခြံထဲအဝင်ခံသလဲ ဒေါ်ဝိုင်း ..."

"သူ့ဟာသူ ဝင်လာတာဟဲ့ ... ညည်းတို့ပဲ ခြံတံခါးကြီး ဖွင့်ပြီး ... ကားမောင်းထွက်သွားတာလေ ... ခြံတံခါး ဖွင့်တာပိတ်တာ ကျုပ်အလုပ်မဟုတ်ဘူး ... ရန်ကုန်ကနားရဲ့အလုပ် ... မကျေနပ်ရင် ရန်ကနားနဲ့သွားရှင်း မြသန္တာ ..."

ဒေါ်ဝိုင်းနှင့် မြသန္တာ အချီအချပြောနေသည်ကို ကြားသော အတာက ဝင်ပြောသည်။

"ဘာလဲ ... ဒီကောင်က မမမြရဲ့ မိတ်ဆွေမဟုတ်ဘူးလား ဒါဆို အတာသူ့ကို သေနတ်နဲ့ ပစ်ချလိုက်မယ် ..."

"ဒိုင်း ... ဒြောင့်"

အတာက အသစ်တွေဝယ်လာသော အရုပ်တွေထဲမှ သေနတ်ရုပ်ကို ထုတ်ယူကာ စံရွှေအောင်ကို ချိန်ပြီး ပါးစပ်ဖြင့် ဒိုင်း ဒြောင့်ဟု အသံပြုလိုက်သည်။

စိုးပြည့်စုံ ပုန်းလျှိုးကွယ်လျှိုးမှပင် ခြေဖျားထောက်ကာ လှမ်းကြည့်သည်။

"ကျွန်တော့်ကို ... ဘာလို့မောင်းထုတ်ချင်တာလဲ ... မြသန္တာ ... ကျွန်တော်လာခဲ့တာဟာ ... မမမြသန္တာကို အကျိုးပြုဖို့ လာခဲ့တာဆိုရင်ကော ဗျာ ..."



"အို ... မင်းကို ငါမသိဘူး ... မင်းနဲ့ငါ အကျိုးပြုစရာ ပတ်သက်စရာ ဘာမှမရှိဘူး ..."

ဒေါ်ဝိုင်းသည် သူမ၏ တာဝန်ကုန်ပြီမို့ မီးဖိုဘက်ကိုပင် ပြန်သွားတော့သည်။

"ကျွန်တော် ... မမမြသန္တာကို သိပ်အကျိုးပြုနိုင်သူပါဗျာ ... အောင်မင်္ဂလာ ရပ်ကွက်က တရုတ်ဟိုတယ်စားသောက်ဆိုင်ထဲမှာ ဖြစ်ခဲ့သမျှတွေကို ကျွန်တော် ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်ထားပါတယ် ... ဒါဆို ကျွန်တော်လာတာဟာ ... မမမြသန္တာကို အကျိုးပြုဖို့ လာသူမှန်း မမမြသန္တာ သဘောပေါက်ရောပေါ့ ..."

မြသန္တာထံမှ ပြန်ပြောသော စကားသံ ထွက်မလာပေ။ ငြိမ်သွားပါ၏။

အတာ၏ အသံထွက်လာသည်။

"မမမြဒီကောင်က စန္ဒိုးဝိုက်ကို ဒုက္ခပေးတဲ့ ... စုန်းမကြီးက ဒီကောင်အယောင်ဖန်ဆင်းပြီး လာတာမဟုတ်လား ... ဒါဆို ဒီကောင် စုန်းမကြီးပဲ ... သူ့ကို အတာလည်းပင်း ညှစ်သတ်မယ် ... ဒီကောင် ဗလသေးသေးလေး ... အတာလုပ်ရင် တစ်ချက်တည်းသေသွားမယ် ..."

"နေဦးအတာ ... ဒီလူဟာ ... စုန်းမကြီး ... ဖန်ဆင်းထားတာလား ... ဘာလားဆိုတာ ... မမမြ စစ်ဆေးဦးမယ် ... အတာအရုပ်ခန်းထဲ သွားတော့ ... ဝယ်လာတဲ့ အရုပ်သစ်တွေနဲ့ ကစားနေ ... ဒီလူကို စစ်ဆေးပြီးရင် ... မမမြလာခဲ့မယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်ဒင် ... ဒေါင်ဒင် ... နာရီကမြည်
စုန်းမကြီးသေသွားပြီ။

အတာက မြသန္တာတစ်ခွန်းပြောရုံနှင့် သီချင်းဆိုကာ အိမ်ပေါ်ထပ်သို့ တက်သွားသည်။

"မင်းမှာ ဓာတ်ပုံတွေပါလာသလား ..."

"ပါလာတာပေါ့ ... မမမြသန္တာကို ပြဖို့တမင် ယူလာတာပဲဟာ ..."

"ဒါဆိုပြ"

"ဟာ ... ညှော်ခန်းကြီးထဲမှာ ဘယ်ပြလို့ကောင်းမလဲ ... လုံခြုံတဲ့နေရာမှာ မမမြသန္တာနဲ့ ကျွန်တော်နှစ်ယောက်တည်း ကြည့်သင့်တာ ..."

"ကြီးကျယ်လှချည်လား ... တကယ်လို့ ဓာတ်ပုံတွေကိုလည်း မကြည့်ဘူး ... မင်းကိုလည်း ခြံထဲကဆွဲထုတ်ပစ်မယ် ဆိုရင်ကောကွာ ..."

စံရွှေအောင်က ရယ်ပါ၏။

"ဘယ်ကောင်းမလဲ မမမြသန္တာ ... အဲဒီလိုလုပ်ရင် မမမြသန္တာမှာရော ... ကျွန်တော့်မှာရော မလိုလားအပ်တာတွေ ဖြစ်သွားမှာပေါ့ ... ကျွန်တော်က ဓာတ်ပုံတွေကို ရဲစခန်းမှာသွားပြလိုက်ရင် ကျွန်တော်က တရားလိုရဲ့ သက်သေဖြစ်သွားမယ် ... မမမြသန္တာအဖို့တော့ ... ကျန်းမာရေး စီးပွားရေး လူမှုရေးတွေ အကြီးအကျယ် ထိခိုက်သွားမှာပေါ့ ..."

ထိုစကားများ ပြောရာတွင် စံရွှေအောင်က မြသန္တာ



နှီးကပ်ပြီး တိုးတိုးလေသံနှင့် ပြောသောကြောင့် စိုးပြည့်စုံ နားစွင့်ကာစေကာမူ သဲသဲကွဲကွဲ မကြားရပေ။

"စံရွှေအောင် ... မင်းရဲ့စကားတွေက ငါ့ကို ခြိမ်းခြောက်စကားတွေပါလား ..."

"ခြိမ်းခြောက်စကားပြောတာဟာ ... လူပေါတွေ အလုပ်ပါ ကျွန်တော် လူပေါတစ်ယောက် မဟုတ်ဘူးနော် ..."

"ကဲ ... ဒါဆို အိမ်ပေါ်ထပ်ကို ငါနဲ့လိုက်ခဲ့ ... ငါ့အခန်းကိုပဲ သွားကြမယ် ... မင်းဓာတ်ပုံတွေကို ငါကြည့်မယ် ... အေး မမှန်မကန် ငါ့ကိုလာအကြောင်းရိုက်တာဆိုရင်တော့ ... ငါ့ အိပ်ခန်းကနေ အောက်ကို ပေငါးဆယ်လောက်မြင့်တယ် အိမ်ပတ်လည်မှာ သံမံတလင်းခင်းတွေချည်းပဲ ... မင်းဟာ သူခိုး သူခိုးလို့ အဓွတ်စွဲခံရပြီး ... အပေါ်ထပ်ပြတင်းပေါက်က အောက်ကို ခေါင်းနဲ့ကျစေမယ် ... မင်းသေ်ရင်သေ ... မသေလည်း ... သူခိုးအဖြစ်နဲ့ အဖမ်းခံပေါ့ကွာ ..."

"ဟဲ ... ဟဲ ... ရပါတယ် ... ဓာတ်ပုံတွေကို အရင်ကြည့်ပါဦးလေ ... ကြည့်ပြီးရင် ... မမမြသန္တာက ကျွန်တော့်ကို ခြေသလုံးဖက် မတောင်းပန်ရရင် ကံကောင်းတယ် မှတ်ရမှာပါ ..."

ထို့နောက် အိမ်ပေါ်ထပ်သို့ တက်သွားသော ခြေသံတွေကြားရပေတော့သည်။ အောက်ထပ်တွင် လုံးဝ လူရှင်းသွားပြီ၊ စိုးပြည့်စုံ ပုန်းကွယ်ရာမှ ထွက်ကာ ပျဉ်ထောင်အိမ်လေးသို့ ပြန်လာခဲ့သည်။ လျှောက်လာရင်း စဉ်းစားရပြန်သည်။

စံရွှေအောင်တွင် ဓာတ်ပုံတွေ ပါလာသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောသံကြားသည်။ မိမိ ဘကွန်းအလောင်းဘေးတွင် ထိုင်နေသေ ခေတ်ပုံကိုလည်း ရိုက်သွားသည်။ မိမိက လက်မောင်းကွေးပြီးတေ ကွယ်လိုက်သေးသည်။ ခေတ်ပုံထဲတွင် မိမိမျက်နှာကို ပေါ်မည် မထင်။ ပေါ်စေဦးတော့ မိမိသည် ငါးနှစ်ခန့် မြန်မာပြည်မှ ကင်းကွ ပြီး နိုင်ငံခြား သဘော်လိုက်နေသဖြင့် မိမိကို ဘယ်သူဘယ်ဝါဟု သိနိုင်ရန် ခက်ခဲသည်။

မိမိကို သေချာသိသူမှာ မြသန္တာသာ ဖြစ်ပါ၏။ မြသန္တာက မိမိဘယ်သူဘယ်ဝါဟု မထုတ်ဖော်လျှင် ရဲက လုံးဝမသိ နိုင်။

မြသန္တာက မိမိကို သိပ်ချစ်သည်ဟု ထပ်ပြန်တလ လဲ ပြောသည်။ တကယ်ပဲ မိမိကို မြသန္တာချစ်လျှင် မိမိဘယ်သူဟု ထုတ်ပြောမည် မဟုတ်ဟုသာ ယူဆရတော့သည်။

စိုးပြည့်စုံ ပျဉ်ထောင်အိမ်လေးထဲဝင်ကာ တံခါးပိတ် အိပ်ရာတွင် လဲလျောင်း လိုက်တော့သည်။



[ ၁၆ ]

မဝါကို ရင်ထဲက သိပ်ချစ်သောကိစ္စ၊ မြသန္တာ၏ ကြာလေရှုပ်လေ ကိစ္စ၊ ယခု စံရွှေအောင် ဒီကိုလိုက်လာသော ကိစ္စ၊ ဘကွန်းကြီး၏ လူသတ်မှုကိစ္စ၊ မိမိအပေါ်သို့ သက်ရောက်လာ နိုင်သည့်ကိစ္စ၊

ကိစ္စပေါင်းစုံကို စိုးပြည့်စုံ ဗလုံးပထွေး စဉ်းစားလေ လေ ရှုပ်လေလေ ဖြစ်လာရပေပြီ။

စိတ်ရှုပ်လွန်းသောကြောင့် အရက်သောက်မည်ဟု စိတ်ကူးသော်လည်း အရက်သောက်ခြင်းကို ဝါဝါခိုင် မနှစ်သက်။

ဘာပြောပြော လက်ထပ်ပေါင်းသင်းနိုင်မည် ပေါင်းနိုင်မည်မှာ ဘာမှ မသေချာသော်လည်း ဝါဝါခိုင်၏ ရင်ထဲက မိမိကို ပြန်၍ချစ်မှန်း စိုးပြည့်စုံ သိနေသည်။ ဒါကြောင့် မဝါမကြိုက် သော အလုပ်ကို စိုးပြည့်စုံ မလုပ်ချင်။

www.burmeseclassic.com

www.burmeseclassic.com



စိုးပြည့်စုံ အရက်မသောက်ပါလေတော့။

ထူးထူးဆန်းဆန်း ညနေ (၆) နာရီခန့်တွင် နန်းအေး မူ မိမိထံသို့ ညစာအတွက် ထမင်းချိုင့်လာပို့ ပေးသည်။

"ဟဲ့ ... အထူးအဆန်းပါလား ... ထမင်းချိုင့်လာပို့တာ ..."

"ဟုတ်တယ် ... အစ်ကို မမမြက အစ်ကို့ကို ထမင်းချိုင့်သွား ပို့တဲ့ ... မမဝါ မရှိရင် သူက ... ဒီအိမ်မှာ မမမြသြဇာပဲလေ သူ့အမိန့်မနာခံရင် ... အတာနဲ့ လှည့်တိုက်ပေးမှာ ကြောက် လို့ သူခိုင်းတဲ့အတိုင်း ဒေါ်ဒေါ်ပိုင်းရော... ကျွန်မရော လုပ် ပေးရတယ် ..."

မြသန္တာဘာဖြစ်နေသနည်း။ မြသန္တာက ဘာတွေ လုပ်နေသနည်း။ စံရွှေအောင်ကို သူအပေါ်ထပ် သူမ၏ အခန်းသို့ ခေါ်သွားသည်မှာ ယခုအချိန်ထိ စံရွှေအောင် ပြန်သွားသည်ကို မတွေ့ရသေး။ စံရွှေအောင် လူပျိုမျိုးကို ဤမျှအချိန်ကြာမြင့်စွာ သူမ၏ အိပ်ခန်းတွင် ထားရှိလေသလား။

စိုးပြည့်စုံသည် သူ့အိမ်လေးပြတင်းပေါက်မှ အပြင် ဝန်းကျင်သို့ ကြည့်မြဲကြည့်နေသည်။ ကြာတော့ ညောင်းလာသည်။ အိမ်လေးပေါ်မှဆင်းကာ ခြံထဲသို့ လမ်းလျှောက်လာခဲ့သည်။

မိုးသည် စုန်းစုန်းချုပ်သွားပေပြီ။ မဝါအိမ်မှာ မ... သောကြောင့်လား မသိ၊ ခြံထဲမီးတွေ ထွန်းခြင်းမရှိပေ။

"ရှင် ... ကျွန်မအနား မကပ်နဲ့တော့ ကိုလူအောင် ..."

နန်းအေးမူ၏ အသံသည် မော်တော်ကားဂိုဒေါင် နောက်ဆီမှ ထွက်ပေါ်လာသံ ကြားရသည်။

"မကြောင်စမ်းနဲ့ နန်းအေးမူရာ ... ငါနဲ့ မြသန္တာဟာ နင်ထ...



သလိုမှ မဟုတ်တာ ..."

"ရှင်မလိမ်နဲ့ ကိုလူအောင် ... ရှင် ဒီကားဂိုဒေါင်ဆီကိုလည်း သူခဏခဏလာတယ် ... နောက်ပြီး ရှင်နဲ့သူ နှစ်ယောက် တည်း ကားနဲ့ထွက်သွားတာလည်း ကျွန်မမြင်တာပဲ ... ရှင် ကျွန်မကို တကယ်ချစ်ရင် ... ကျွန်မ မကြိုက်တာ မလုပ်နဲ့ ပေါ့ ..."

လက်စသတ်တော့ ဒရိုင်ဘာ ကိုလူအောင်နှင့် နန်း အေးမူ ချိန်းတွေ့ကြခြင်းဖြစ်နေသည်။ သူတို့ သမီးရည်းစား ချိန်း တွေ့သည်ကို မစပ်စုချင်သော်လည်း သူတို့ ပြောစကားထဲတွင် 'မြသန္တာ' ပါလာသဖြင့် စိုးပြည့်စုံ ကွယ်ရာမှ နားထောင်မြဲ နား ထောင်နေသည်။

"သူက ... ဒီအိမ်မှာ မဝါမရှိရင် အတော့အားကိုးနဲ့ ... နေရာရ ထားတာ မဟုတ်လား ... သူခိုင်းတာ ငါလုပ်ပေးရမယ် ... သူခေါ်ရင် ငါသွားရမယ် ... သူ ငါ့ဆီလာတာကို မလာနဲ့လို့ ပြောလို့ရမလားကွာ ... ကဲပါ နန်းအေးမူရာ ..."

"ရှင် ကျွန်မကို မဖက်နဲ့ ... ရှင့် အဖက်ကျွန်မ မခံတော့ ဘူး ... ကျွန်မက ဆင်းရဲလို့ ... သူများအိမ်မှာ လခစားအိမ် ဖော်လုပ်နေပေမဲ့ ... မမမြလို အပေါစားမိန်းမ မဟုတ်ဘူး... ကျွန်မအသားကို ရှင်မထိနဲ့တော့ ... ရှင့်ကို ကျွန်မ မယုံ တော့ဘူး ..."

"ဒီလောက်လည်း အဖြစ်သည်းမနေပါနဲ့ဟာ ..."

"ကဲဟယ် ... ကဲဟယ် ... ကျွန်မ ရှင်းရှင်းပြောမယ် ... မမဝါ ပြန်လာရင် ကျွန်မအလုပ်ထွက်မယ် ... ရွာကိုပြန်မယ်

www.burmeseclassic.com

www.burmeseclassic.com



ခြံစိုက်စားမယ် ... ဒီမှာ မနေချင်တော့ဘူး ... ရှင့်မျက်နှာလည်း မကြည့်ချင်တော့ဘူး ... ကျွန်မတို့ဟာ မြေကြီးရှိနေသရွေ့ ထမင်းမငတ်ဘူး ... ပြီး ကျွန်မတို့ ဟာ ကိုယ်ကစပြီး ဘယ်တော့မှ သစ္စာမဖောက်ဘူး ... ကိုယ့်အပေါ် သစ္စာဖောက်ရင်လည်း သိပ်နာကြည်းတတ်တယ် ... ဒါပဲ ... ကျွန်မ အလုပ်ထွက် ရှာပြန်မယ် ... "

"နန်းအေးမူ ... နင် အလုပ်ထွက်ပြီး ရွာမပြန်နဲ့ဟာ ... ငါ တကယ့်အဖြစ်မှန်တွေ နင့်ကို ပြောပြပါ့မယ် ... ငါပြောရမှာ သိပ်လျှို့ဝှက်ချက် ဖြစ်နေလို့ ... နင့်ကို မပြောတာ ... နင်နဲ့တော့ ... ငါအကွဲမခံနိုင်ဘူး ... ငါ ဖွင့်ပြောမယ် ... နင်ရွာမပြန်နဲ့ ... "

"ဒါဆို ... ဘာလဲ ... ပြော"

"မြသန္တာနဲ့ ငါနဲ့နှစ်ယောက်တည်း ... လျှို့ဝှက်ထားတဲ့ ကိစ္စ တစ်ခုရှိတယ် ... အဲဒီကိစ္စအတွက် စကားပြောဖို့ ... ငါ့ဆီ သူလာတဲ့အခါလာတယ် ... ငါ့ကို အပြင်ဘက် ခေါ်ထုတ်သွားတဲ့အခါ ခေါ်ထုတ်သွားတယ် ... နင်မှတ်ထား နန်းအေးမူ ... မြသန္တာဟာ ငါ့လိုကောင်ကို မသုံးဘူး ... စာရေးဆရာကောင်လို လူချောလူလှ ဂိုက်ဆိုက်ဖြောင့်တဲ့လူမျိုးကိုမှ သုံးတာ ... ကဲ ... ရှင်းပလား ... "

"မရှင်းဘူး ... ရှင်တို့နှစ်ယောက်တည်း လျှို့ဝှက်ကိစ္စဆိုတာ ဘာလဲ ... အဲဒါသိရမှ ... ကျွန်မ ရှင့်ကိုယုံသင့်ရင် ယုံမှာ"

"အဲဒါကို ... နင် မသိချင်နဲ့ နန်းအေးမူ ... အဲဒါ နင်သိသွားရင် ... နင့်အဘို့ အန္တရာယ် သိပ်ကြီးသွားနိုင်တယ် ... ဘာ



နားလည်လို့လဲ ... "

"ပြောမှာပြော ကိုလူအောင် ... ကျွန်မကို လိမ့်လုံး ... လှန့်လုံးတွေ လာလုပ်မနေနဲ့ ... ကျွန်မ မကြောက်တတ်ဘူး"

"ကဲ ... ဒါဆိုလည်း ငါပြောမယ် ... ငါက မြသန္တာကို ငွေညှစ်နေတာ ... တော်တော် များများတောင်ရနေပြီ ... ငါ နင်နဲ့ယူပြီးရင် သူများအိမ်မှာ လခစား ဒရိုင်ဘာမလုပ်ချင်တော့ဘူး ... ငါက ဒရိုင်ဘာ နင်ကအိမ်ဖော်ဆိုတာ ... လူရာမဝင်တဲ့အလုပ်ပဲ ... ဒါကြောင့် ... အပြင်မှာ စပေါ်ငွေ တစ်သိန်းခွဲနှစ်သိန်းတင်နိုင်ရင် တက္ကစီကား ကောင်းကောင်း တစ်စီး လပေးငှားဆွဲနိုင်တယ် ... ကိုယ့်အတွက် တစ်လ လေးငါးခြောက်ထောင်ကျန်တယ် ... ဒါမှ နင်နဲ့ငါ ယူပြီး ကောင်းဇကာင်းနေနိုင်မှာ ... "

စိုးပြည့်စုံ အံ့အားကြီးသင့်ရပါ၏။ ဗုဒ္ဓေါ မြတ်စွာဘုရား၊ လူအောင်လို အကောင်က မြသန္တာလို မိန်းမကို ငွေညှစ်နိုင်သတဲ့။ မြွေပွေးကို ခါချဉ်ကိုက်သလိုပါလား။

"ဟုတ်ပါ့မလား ကိုလူအောင် ... မမမြလို မိန်းမမျိုးကို ရှင်က ငွေညှစ်နိုင်တယ်ဆိုတာ ... ရှင့်ထက် မမက အဆတစ်ရာလည်တယ် မှတ်လား ... ကဲ ... ပြောစမ်းပါဦး အကျိုးအကြောင်းခိုင်လုံမှ ကျွန်မက ရှင့်ကိုယုံမှာ ... "

စိုးပြည့်စုံ တအားကြီးကို နားစွင့်ထားပါ၏။

"ကဲ ... နားထောင် မြသန္တာကို ငါငွေညှစ်နေတာ ... ပထမ ဒီခြံထဲမှာ နေသွားတဲ့ ပန်းချီဆရာကိုဒီပဆိုတဲ့ လူနဲ့ပတ်သက်လို့ပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



စိုးပြည့်စုံ အသက်ပင်အောင့်ထားပြီး ပြောသမျှ ကြားနိုင်အောင် ရှေ့သို့ပင် တိုးသွားသည်။ ဒရိုင်ဘာကို လူအောင် ဆက်ပြောသံကို ကြားရပါ၏။

"ပန်းချီဆရာ ကိုဒီပနဲ့မြသန္တာတို့ နှစ်ယောက်ကိစ္စကို ... ငါက ပက်ပင်းကြီး တွေ့မြင်လိုက်ရတယ်လေ ... ငါတွေ့တဲ့ ကိစ္စကြီးကိုသာ ငါက ဖော်ထုတ်လိုက်ရင် ... မြသန္တာ ဒုက္ခ ပင်လယ်ဝေသွားမယ် ... ဒုက္ခဝဲထဲ စုန်းစုန်းမြုပ်သွားမယ်... အဲဒါပဲ ... နန်းအေးမူ ... အဲဒီအချိန်ကစပြီး မြသန္တာကို ငါငွေ ညှစ်တာ ... သုံးလေးသောင်းပေးလိုက် ... လေးငါးသောင်း တစ်သောင်းနှစ်သောင်းပေးလိုက်နဲ့ ... ငါ့ကို ပေးတာငွေ တစ်သိန်းကျော်သွားပြီ ... သူ့မှာလည်း ငွေအလုံးအရင်းမှ မရှိတာ ... နောက်ထပ်ငါ့ကို ငါးသောင်းပေးပြီးရင် တော်ပြီ လို့ ငါပြောထားတယ် ... နောက်ထပ် ငါးသောင်းရပြီးရင်... ငါ ငွေတစ်သိန်းခွဲစပေါ်တင်ပြီး ... တက္ကစီကား မောင်းလို့ရ ပြီ ... ကဲ ... ရှင်းပြီလား ယုံပြီလား ... နန်းအေးမူ ... "

နန်းအေးမူထံမှ မယုံကြည် မကျေနပ်သော အသံ ထွက်ပေါ်မလာတော့ပေ။ နှစ်ပါးကြည်သောအသံတွေသာ ထွက် လာသဖြင့် ထိုနေရာမှ စိုးပြည့်စုံ ပြန်လှည့်လာခဲ့တော့သည်။

စိုးပြည့်စုံသည် ပျဉ်ထောင်အိမ်လေး လှေကားထစ် တွင် ထိုင်ကာ စဉ်းစားခန်း ဝင်ပြန်တော့သည်။

မြသန္တာကဲ့သို့သော အမျိုးသမီးအား ငွေထွက် အောင် ညှစ်နိုင်သည်မှာ အံ့မခန်းပါပေ။ မြသန္တာသည် ဖျံမလေး တစ်ကောင်လို သိပ်လျှင်သည်။



ဒရိုင်ဘာ လူအောင်နှင့် မြသန္တာကို ယှဉ်ကြည့်ပါ ကွာခြားပါဘိတောင်း။

မြသန္တာထံမှ ငွေအညှစ်ခံရပြီး ထွက်လာသော ငွေသည် နွားဦးချိုကို ညှစ်၍ထွက်လာသော နို့ကဲ့သို့ အလွန်ခဲရာ ခဲဆစ်ကြီးပါပေ။

ဒရိုင်ဘာကိုလူအောင်နှင့် မြသန္တာ၏ အကြောင်း စဉ်းစားနေစဉ်မှာပင် ခိုင်ဂေဟာအိမ်ကြီး၏ ညာဘက်ဒေါင့်မှာ အရိပ် မည်းတစ်ခု လှုပ်လှုပ်ရှားရှား ရှိနေသည်ကို စိုးပြည့်စုံ လှမ်းမြင်သည်။

လှေကားထစ်တွင် ငုတ်တုတ်ကြီး ထိုင်နေရာမှ စိုးပြည့်စုံသည် မြေပြင်တွင် မြေကြီးနှင့် တစ်သားတည်းကျအောင် ဝမ်းလျားမှောက်ထားလိုက်သည်။ ဟိုတစ်ဘက်က မိမိကို မြင်တွေ့ သွားမှာစိုးသောကြောင့်ပင်။

အရိပ်မည်းသည် အိမ်ကြီးဆီမှ ဒင်ဂီလှေ့များထားရာ လှေဆိပ်တံတားဆီသို့ ရွေ့လျားနေပါ၏။

စိုးပြည့်စုံသည် မှောင်ထဲမှာပင် မိကျောင်းသွား သွားကာ သစ်ပင်ကြီးတစ်ပင်၏ ပင်စည်သို့အရောက်တွင် ပင်စည်ကို ကွယ်ပြီး မတ်တတ်ထပြီး ရိပ်မည်း၏ လှုပ်ရှားမှုကို ဆက်၍ကြည့် သည်။

အရိပ်မည်းသည် တစ်ခုတည်း မဟုတ်။ လူနှစ် ယောက်၏ အရိပ်မည်း သဏ္ဌာန်တွေ ဖြစ်နေသည်။

တံတားဆီသို့ အရိပ်မည်းနှစ်ခု သွားရာသို့ သေချာ ကြည့်ရာ ရှေ့မှ အရိပ်မည်းသည် မြသန္တာဖြစ်နေပြီး နောက်မှ အရိပ် မည်းမှာ အတာဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည်မှာ အတာ၏ ပခုံးထက်တွင် ရှည်မျော မျော အထုပ်တစ်ခု ထမ်းလာခြင်းပါပေ။ လှေဆိပ်သို့ရောက်သည်နှင့် အတာက ရှည်မျောမျော အထုပ်ကို ဒင်ကီလှေထဲသို့ အလိုက်သင့် အလျားလိုက်ချပေးလိုက်သည်။

စိုးပြည့်စုံသည် အနီးကပ်ကြည့်ရန် ပင်စည်မှ ထွက်ပြီး ခြေလှမ်းလိုက်စဉ်မှာပင် မိမိ၏ ဦးခေါင်းကို ဒုတ်ခနဲ အရိုက်ခံလိုက်ရတော့သည်။

စိုးပြည့်စုံမှာ မျက်စိထဲ ဝင်းခနဲ လက်ခနဲဖြစ်သွားပြီး ဘာခဆိုဘာမှ မမြင်အောင် မှောင်နှင့်မည်းမည်းဖြစ်သွားပေတော့သည်။

စိုးပြည့်စုံ ဒူးခွေကာ မြေပြင်သို့လဲကျ သတိမေ့သွားပေတော့သည်။



****** [ ၁၇ ] ******

ဆယ့်လေးငါးမိနစ်လောက်တော့ သတိမေ့သွားသည်။

သတိရသည်နှင့် ထထိုင်ကာ အင်းလျားရေပြင်သို့ လှမ်းကြည့်သည်။

ဒင်ဂီလှေလေး ရေပြင်ထဲမှ တံတားဆီသို့ ပြန်လှော်လာသည်ကို ကောင်းကင်အလင်းရောင် ရေပြင်အလင်းရောင်ဖြင့် လှမ်းမြင်ရသည်။ ရှေ့မှ အတာက လှော်နေပြီး မြသန္တာက နောက်မှ ပဲ့ကိုင်လှော်လာခြင်းပါပေ။

မိမိခေါင်းကို ရိုက်သူမှာ လူအောင်ပင်ဖြစ်မည်။ လူအောင်သည် မြသန္တာ၏ လူဖြစ်သောကြောင့် မိမိလိုက်၍ မချောင်းနိုင်အောင် ရိုက်ပေးလိုက်ခြင်း ဖြစ်မည်။

တော်သေးသည်။ ဦးခေါင်းဖူးယောင်သွားသော်လည်း သွေးထွက်သံယိုကွဲမသွား။

www.burmeseclassic.com

www.burmeseclassic.com



ဒင်ဂီလှေ ကမ်းတံတားကပ်ပြီ။ မြသန္တာနှင့် အာကာ လှေပေါ်မှ ဆင်းကြသည်။ စောစောက ထမ်းလာသော ရှည်မျော မျော အထုပ်ကြီး ပြန်ပါမလာတော့ပေ။ ရှင်းနေပါ၏။ ရှည်မျောမျော အထုပ်ကို ရေထဲပစ်ချခဲ့ပြီး ပြန်လာကြခြင်းဖြစ်ရပေမည်။ တံတားမှ အိမ်ကြီးဆီသို့ ပြန်သွားကြသည်။ စိုးပြည်စုံ နောက်မှ လိုက်မမေး တော့ပေ။ ရှည်မျောမျောအထုပ်ကြီး ရေလယ်တွင် ပစ်ချခဲ့ပြီမို့ လိုက်၍မေးလည်း မြသန္တာက ညကြီးမင်းကြီး အတာလှေစီးချင် သည်ဆို၍ လှေစီးသက်သက်သွားခဲ့သည်ဟု ပြောမည်ဟု သေချာ သည်။

စိုးပြည့်စုံ သူ့ဖျဉ်ထောင်အိမ်လေးသို့ ပြန်ခဲ့သည်။

အိပ်ရာပေါ် ပစ်လှဲချကာ အတွေးတွေပလုံစီပဲ အိပ် မပျော်နိုင်ဖြစ်နေသည်။ နာရီဝက်ခန့်အကြာ။

"ကိုစိုး" ဟု တိုးတိုးလေး ခေါ်သံနှင့်အတူ မြသန္တာ မိမိအိပ်ခန်းထဲသို့ ရောက်ရှိလာတော့သည်။

"လာ ... မြသန္တာ ... တို့စောင့်နေတာ ... ညကြီးမိုးချုပ်မှ မြသန္တာနဲ့အတာ ... လှေထွက်လှော်ကြတယ်နော် ... တို့ မြသန္တာကို စောင့်နေရင်း လှမ်းမြင်တာပါ ... အတာရှိနေလို့ တို့လိုက်မလာတာ ... အတာက ရှည်ရှည်မျောမျော အထုပ် ကြီး ထမ်းလို့လေ ... မြသန္တာတို့ ပြန်လာတော့ ... အထုပ် ရှည်ကြီး ပြန်ပါမလာတော့ဘူးနော် ... "

စိုးပြည့်စုံက တဲ့တိုးကြီးပြောချလိုက်လိုစေကာမူ မြသန္တာ ထိတ်လန့်ချောက်ချားသွားပုံမရ။ ပင်ပန်းနွမ်းနယ်လွန်း သော အသွင်သာရှိနေသည်။



"ဟုတ်တယ် ကိုစိုး ... အတာလေ သူ့ဟာသူ သုတေသန လုပ်ပြီး ဝက်အူလှည့်ပလာယာနဲ့ လျှောက်လုပ်လို့ ပျက်စီး သွားတဲ့ အရုပ်တွေတစ်ပုံကြီးပဲ ... အဲဒါတွေကို သူ့အစ်မ မဝါတွေ့ရင် ... သူ့ကို ဆူပူလိမ့်မယ် ... အဲဒီအပျက်တွေကို အဝတ်အိတ်နဲ့ထည့်ပြီး ... ရေထဲသွားပစ်ချချင်တယ်ဆိုလို့ အထုပ်ပစ်ချပေးဖို့ ... လိုက်ပို့ပေးတာပဲ ကိုစိုး ... "

"ဒီလောက် မိုးချုပ်ကြီးမှာတဲ့လားကွာ ... "

"အတာရဲ့အကြောင်း ကိုစိုးသိသားနဲ့ ... အခုဆို ချက်ချင်း လေ ... "

"ထားပါတော့ ... ဒါဖြင့် ... ကိုယ့်ခေါင်းကို လူအောင်ဘာလို့ ရိုက်သလဲ ... ဒီမှာကြည့်စမ်း ... ကိုယ်အရိုက်ခံရလို့ ... ဆယ့်လေးငါးမိနစ်တောင် သတိမေ့သွားတယ် ... "

"ကိုယ့်ထင်ကြေးပြောပြမယ် ... မြသန္တာ ... မြသန္တာနဲ့ လူအောင်ဟာ မလွှဲသာမရှောင်သာ ကိစ္စတစ်ခုကြောင့် မြသန္တာက လူအောင်ကိုလိုက်လျောထားတာမျိုးရှိနေမယ် အဲဒီမှာ ... ကိုယ်က မြသန္တာလှေဆိပ်ကို သွားတာ နောက် က လိုက်ပြီး မေးမှာမြန်းမှာစိုးလို့ ... ကိုယ့်ကို မလိုက်နိုင် အောင် အမှောင်ထဲမှာ နောက်ကဝင်ပြီး အလစ်ရိုက်တာ ကိုယ်ခံလိုက်ရတာ ... မြသန္တာနဲ့ လူအောင် ဘာတွေ ပတ်သက်ထားသလဲ ... "

"ထပ်ထရီး ... လူအောင်လို လူစားကို မြသန္တာတို့က ပတ် သက်ဖို့ နေနေသာသာ ပြီးတော့ ... လူအောင်ဟာ နန်း အေးမူနဲ့ ကြိုက်နေမှန်း မြသန္တာသိထားတာပဲ ... ဒီမယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုး ... မြသန္တာကို ဒီလောက်ကြီး အထင်မသေးပါနဲ့ ... မြသန္တာဟာ ... ဒေါက် တာကိုဖေကြိုင်လိုလူကိုတောင် ... လုပ်ငန်းနဲ့ပတ်သက်လို့ မသတီပဲလိုက်လျောရတာမျိုး လိုက်လျောရတာ ... ကိုစိုးကလွဲပြီး ... ဘယ်ယောကျ်ားဆို... ဘယ်ယောကျ်ားမှ ခေါင်းထဲ မထားဘူး ကိုစိုး ...

"ဒါဆို ... လူအောင်က တို့ကိုဘာလို့ ရိုက်တာလဲ ..."

မြသန္တာ ခဏစဉ်းစားပါ၏။

"မြသန္တာ ထင်ကြေးပြောမယ်လေ ... ကိုစိုးကို လူအောင် မကျေနပ်တာ နှစ်ချက်လောက်ရှိလိမ့်မယ် ... ပထမအချက်ကတော့ သူချစ်သူ နန်းအေးမူကြောင့်ပဲ ... နန်းအေးမူက ကိုစိုးကို စိတ်ဝင်စားနေမှန်း ... လူအောင် ရိပ်မိတယ် ... မြသန္တာကိုယ်တိုင်လည်း ... နန်းအေးမူက ကိုစိုးကို စိတ်ဝင်စားနေမှန်း ရိပ်မိတာပဲ ... အေးလေ ... ကိုစိုးကို တွေ့တဲ့ မိန်းကလေးတွေဟာ ... ယေဘုယျတော့ ... စိတ်ဝင်စားသူတွေပဲဖြစ်မယ် ... မြသန္တာတောင် ကိုစိုးကို မခွဲနိုင်မခွာနိုင် အစွဲကြီးစွဲနေတယ် မဟုတ်လား ... အဲဒီအချက်ကြောင့် လူအောင်က ကိုစိုးကို ကျိတ်ပြီးဝန်တိုနေမယ် ... အဲ ... ဒုတိယအချက်က ... ကိုစိုးက လူအောင်ကို လုံးဝအရေးမဝင်တာကိုလည်း သူခံပြင်းမှာပေါ့ ... လူချင်းယှဉ်ဘို့ ... လူအောင်က ကိုစိုးကို အဖက်ဖက်က မယှဉ်နိုင်ဘူးလေ ... ဒီတော့ အခွင့်အရေးရတုန်း ... ခြသေ့်ကို အလစ်မှာ ခွေးဝင်ကိုက်တာမျိုးပဲ ဖြစ်မှာပေါ့ ..."



ဟုတ်သည်မဟုတ်သည်ထား မြသန္တာပြောပြချက်မှာ ဖြစ်ကောင်းဖြစ်နိုင်နေသည်ချည်း ဖြစ်နေသည်။

နန်းအေးမူက မိမိကို စိတ်ဝင်စားပြီး လိုက်လျောချင်မှန်း စိုးပြည့်စုံ ရိပ်မိသည်။

လူအောင်ကလည်း မိမိကို အရောဝင်နေချင်မှန်း သိပါလျက် မိမိက သူ့ကို လုံးဝအရောမဝင်ဘဲနေသည်ကလည်း အမှန်ဖြစ်နေသည်။

ထားပါတော့။

နောက်တစ်ချက် မြသန္တာကိုမေးစရာရှိသေးသည်။ မေးချင်သည်ကိုလည်း မေးလိုက်ပါ၏။

"ဒါထက် ... ဒီနေ့ နေ့လယ်က မြသန္တာနဲ့ ဒေါက်တာဖေကြိုင် ထွက်သွားတုန်း ဒီအိမ်ကို ကင်မရာကောင်လေး စံရွှေအောင် လာတယ် ... သူဟာ မြသန္တာရဲ့ ညီသည်လို့ ဒေါ်ဝိုင်း ကိုပြောတယ် ... ဒေါ်ဝိုင်းက လုံးဝလက်မခံဘူး၊ လုံးဝ တံခါးဖွင့်မပေးဘူး ... ဒီကောင် စံရွှေအောင် အပြင်ကပဲ မြသန္တာလာတဲ့အထိ ထိုင်စောင့်တယ် ... မြသန္တာပြန်လာတော့ ... ဒီကောင်နဲ့စကားပြောပြီး ... မြသန္တာက အိမ်ကြီးအပေါ်ထပ်ကို ခေါ်သွားတယ် ... ကိုယ်တစ်ချိန်လုံး စောင့်ကြည့်တယ် ... ဒီကောင် စံရွှေအောင် ပြန်သွားတာကို မတွေ့ဘူး ... အဲဒါကကော ဘယ်လိုလဲ ..."

မြသန္တာက ဟူးခနဲ သက်ပြင်းကြီးချလိုက်သည်။ ပြီးယနေ့ညအဖို့ အချိန်တွေအလကားကုန်၊ စိုးပြည့်စုံနှင့် နှစ်ပါးကြည်ရန် အချိန်တွေ မနည်းမနော ကုန်သွားပြီး သူမအား မယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



မသင်္ကာသော မေးခွန်းတွေချည်း အမေးခံနေရသောကြောင့် စိတ်ပျက်သွားပုံရသည်။

သူမ၏ မျက်နှာတွင် ရမ္မက်ဆန္ဒ၏ ရိပ်သွင်တွေ ပျောက်ကွယ်သွားပြီး သက်ပြင်းချရင်း စိုးပြည့်စုံအား ဖြေရှင်းစကားပြောလိုက်သည်။

"ကိုစိုးက ခက်တယ် ... မြသန္တာ အပေါ်မှာ ... မြင်တာတွေ ကိုစိုး အရမ်းမှားနေတယ် ... မြသန္တာကတော့ ... ကိုစိုး စိတ်ဆင်းရဲမှာစိုးလို့ မပြောပဲမြိုနေတာ ... ကဲ ... ကိုစိုးက ဒီလောက် သံသယတွေနဲ့ မေးမှတော့ ... ကိုစိုး နားရှင်းရင်ရှင်းသွားအောင် မြသန္တာ ပြောပြမယ် ... "

စိုးပြည့်စုံ နားစွင့်ထောင်နေပါ၏။

"ဟုတ်တယ်ကိုစိုး ... စံရွှေအောင်လာတယ် ... မြသန္တာနဲ့တွေ့တယ် ... အောက်ထပ်မှာ ပြောလို့မကောင်းတဲ့ စကားတွေပါလာတယ် ... ဒါကြောင့် အပေါ်ထပ်ကို ခေါ်သွားပြီး ပြောကြဆိုကြတာပဲ ကိုစိုး ... အဓိက ပြောတာကတော့ အောင်မင်္ဂလာ ဘကွန်းကြီးအသတ်ခံရတဲ့ ကိစ္စပဲ ... "

"ဘာ ... ဘာ ... ဘာ"

"နားထောင်ပါ ကိုစိုး ... အောင်မင်္ဂလာဘကွန်းကြီးနဲ့ ကိုစိုး ဖိုက်တဲ့ ဓာတ်ပုံရော ဘကွန်းကြီးလဲကျပြီး ... ကိုစိုးက ဘကွန်းကြီးအလောင်းဘေးမှာ ထိုင်နေပုံရော ... သူဓာတ်ပုံရိုက်ယူထားတယ်တဲ့ ... အဲ ... ဒါပေမဲ့ ... ကိုစိုးဟာ ဘယ်သူဘယ်ဝါဆိုတာ သူစုံစမ်းလို့မရဘူးတဲ့ ... တစ်ခါမှလည်း ကိုစိုးကို သူမမြင်ဖူးဘူးတဲ့ ... သူမသိ မစုံစမ်းနိုင်ပေ



မဲ့ ရဲအဖွဲ့ကို ဒီဓာတ်ပုံတွေ ပြလိုက်ရင် ... ရဲအဖွဲ့အနေနဲ့ကတော့ ... စုံစမ်းနိုင်မှာ သေချာတယ်တဲ့ ... အဲဒီလို ရဲအဖွဲ့ကို ဓာတ်ပုံတွေ တင်ပြလိုက်တာဟာ ... သူ့အတွက် ဘာအကျိုးကျေးဇူးမှ မရှိတဲ့အပြင် ... ကိုစိုးမှာပဲ အကျိုးယုတ်သွားမှာ သေချာတယ်တဲ့ ... ဒီတော့ ဓာတ်ပုံထဲက ကိုစိုးကို သူ မသိပေမဲ့ ... မြသန္တာကတော့ သိမှာပဲဆိုပြီး မြသန္တာဆီကို လာစုံစမ်းတာတဲ့ ... မြသန္တာကိုတော့ သူတို့က စုံစမ်းကြည့်တော ... ဒီ ခိုင်ဂေဟာမှာ နေကြောင်း စုံစမ်းလို့ရတာတဲ့ ... "

"ဒါ ... ဒါ ... ဒါဆို မြသန္တာက စံရွှေအောင်ကို ဘာပြန်ပြောလိုက်လဲဟင်"

"အေး ... ငါလည်း ဒီလူကို မသိဘူး ... ဒါပေမဲ့ ... ငါ စုံစမ်းပေးမယ် ... အဲဒီ ဓာတ်ပုံတွေ ငါ့ကို ပေးထားခဲ့လို့ ပြောလိုက်တယ် ကိုစိုး ... "

"သိပ်ကောင်းတာပေါ့ ... ဓာတ်ပုံတွေ ယူထားလိုက်လားဟင် ... "

"စံရွှေအောင်က လူကသာ ချာတိတ်ရယ် ... သိပ်လျင်တယ် ကိုစိုး ... ဓာတ်ပုံတွေ အခုသူနဲ့ ယူမလာခဲ့ဘူးတဲ့ ... မြသန္တာကို စုံစမ်းလို့ ... တွေ့ပြီးစကားပြောပြီး ကျေနပ်မှုရမှ ... ဓာတ်ပုံ နက်ဂတစ်ရော ယူလာခဲ့မယ်တဲ့ ... "

"ဘယ်တော့ သူလာမှာတဲ့လဲ မြသန္တာ ... "

"နောက်အပတ် တနင်္ဂနွေနေ့ နေ့လယ်တစ်နာရီအချိန် သူထပ်လာခဲ့မယ်တဲ့ ... မြသန္တာက ငွေငါးသောင်း အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံထဲက လူဆီက တောင်းထားပါတဲ့ ... မြသန္တာ စုံစမ်းပေးတဲ့အတွက် နှစ်သောင်းယူပါတဲ့ ... သူက သုံးသောင်းယူပြီး ... ဓာတ်ပုံရော ... နက်ဂတစ်ရော ပေးပါ့မယ်တဲ့ ... ကဲ ... အားလုံး ကြားပြီလား ... အဲဒါပဲ ကိုနိုး ... ဒီအကြောင်း မြသန္တာ ကိုစိုးကို ပြောဖို့ အခုညလာတာပဲ ... ဒါပေမဲ့ ဖွင့်မပြောရက်ဘူးလေ ... ဘာပဲဖြစ်ဖြစ် ကိုစိုး စိတ်မပူပါနဲ့ ... မြသန္တာ အဆင်ပြေအောင် လုပ်လိုက်ပါ့မယ် ... "

"ဒီကောင် စံရွှေအောင် ပြန်သွားတာကို မတွေ့လိုက်ပါလား မြသန္တာ ... "

"ဘယ်တွေ့မလဲ ... ကြောင်လိမ်လှေကားက ပြန်ဆင်းနိုင်းပြီး ... နောက်ဖေးပေါက်က ပြန်ထွက်သွားတာကိုး ... "



[ ၁၈ ]

ယနေ့နံနက် (၉) နာရီမှ နိုးသဖြင့် စိုးပြည့်စုံ အိပ်ရာထနောက်ကျပြန်လေပြီ။

ညက မြသန္တာက စံရွှေအောင်၏ ဓာတ်ပုံတွေအကြောင်း ပြောပြပြီးနောက် အတာအိပ်ရာမှ နိုးလျှင် ခက်မည်ဟုဆိုကာ ပြန်သွားပြီးနောက် စိုးပြည့်စုံသည် စံရွှေအောင်၏အကြောင်း ဆက်စဉ်းစားရင်း တော်တော်နှင့်အိပ်မပျော်ဖြစ်ခဲ့သည်။

မြသန္တာ ပြောသွားသမျှသည် ဟုတ်လေနိုး ဟုတ်လေနိုးဟု ထင်ရသော်လည်း တကယ် နက်နက်နဲနဲ ပြန်စဉ်းစားပြီး ရှုဒေါင့်အမျိုးမျိုးက ပြန်၍တွေးတော တွက်ဆလျှင် သဲထဲရေသွန်သလို အရာမထင်သည်မျိုး ဖြစ်ဖြစ်သွားတတ်ပေသည်။

အိပ်ရာမှ နိုးသည်နှင့် စိုးပြည့်စုံ ရေမိုးချိုး ကိုယ်လက်သန့်စင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိဝတ်ပြီးသား အဝတ်ဟောင်းတွေကို ဝါဝါခိုင်၏ အမိန့်အရ နန်းအေးမူက လာယူလျှော်ဖွတ် မီးပူတိုက်ပေးသောကြောင့် ကိုဒီပ၏ အဝတ်အစားတွေဖြစ်စေကာမူ သန့်ပြန့်ပြီး မီးပူတိုက်ပြီးသားများ ဖြစ်နေပါ၏။

စိုးပြည့်စုံအဝတ်အစားလဲကာခြံထဲသို့ဆင်းလာခဲ့သည်။

နံနက်ပိုင်း ကော်ဖီလွတ်သွားသော်လည်း စိုးပြည့်စုံက အိမ်ကြီးသို့သွားရောက်ပြီး ဒေါ်ဝိုင်းအား ကော်ဖီတိုက်ပါဟု မပြောလို။ မည်မျှ ဆာလောင်စေကာမူ ထိုသို့သွားပြော တောင်းသောက်ရမည်ကို ဝန်လေးလှသည်။

ကိစ္စမရှိ။ နံနက်စာ ထမင်းစားချိန်အထိ ဒီအတိုင်းခံတောင့်ခံထားမည်ဟု ဆုံးဖြတ်ကာ ခြံထဲတွင် အညောင်းပြေ ဆင်းလမ်းလျှောက်ခဲ့သည်။

"အဲ ... မဝါ ... "

ခြံထဲရှိ စံပယ်ရုံဘေး ဆေးရောင်စုံသုတ်ထားတဲ့ ခုံရှည်တန်းလျားပေါ်တွင် ဝါဝါခိုင်တစ်ယောက်တည်း ထိုင်နေသည်ကို စိုးပြည့်စုံ အဝေးမှပင် လှမ်းမြင်သည်။

စိုးပြည့်စုံ ခြေလှမ်းတို့သည် ဝါဝါခိုင်ထိုင်နေရာသို့ အလိုလို လျှောက်မိ ရောက်ရှိသွားတော့သည်။

"မဝါ ... ပြန်ရောက်နေပြီနော် ... "

စိုးပြည့်စုံက ဝါဝါခိုင်ရှေ့တွင် ရပ်ပြီး နှုတ်ဆက်စကား ဆိုလိုက်သည်။

မဝါက အပြုံးနှင့်ပင် ပြန်ပြောပါ၏။

"မဝါ ... မနက် (၇) နာရီထဲက ပြန်ရောက်နေတာပါ ကိုစိုး



ပြည့်စုံ ... ကော်ဖီဝိုင်းမှာ မတွေ့လို့တောင် နန်းမူအေးကို မေးကြည့်သေးတယ် ... နန်းမူအေးက သူသွားခေါ်ပါတယ်တဲ့ ... ပျဉ်ထောင်အိမ်တံခါးပိတ်ထားပြီး ကိုစိုးပြည့်စုံ အိပ်ရာက မနိုးသေးဘူးတဲ့ ... "

"အဲဒါ ... ဟုတ်ပါတယ် ... ကျွန်တော် အိပ်ရာထနောက်ကျသွားတယ် ... အို ... မဝါ သာသနာ့ရိပ်သာမှာ တရားသွားထိုင်တယ်ဆို ... "

ဝါဝါခိုင်က ဦးစွာ ဦးခေါင်းယမ်းပြသည်။ ထို့နောက် အေးဆေးတည်ငြိမ်သော အပြောဖြင့် ပြန်ပြောသည်။

"မဝါတရားသွားထိုင်တာ မဟုတ်ပါဘူး ... တရားသွားထိုင်တယ်ဆိုတာက သိပ်အဆင့်မြင့်သွားပြီလေ ... မဝါသွားတာက ... ဘုရားရိပ် တရားရိပ် ... သံဃာရိပ်နဲ့ ကျောင်းတော်ရိပ်ဟာ အေးမြချမ်းမြေ့တာမို့ ... မဝါစိတ်ငြိမ်းအေးသွားအောင် ... မေတ္တာခဏသွားခိုလှုံတာပါ ... "

"ဒါဆို ... မဝါ မသွားခင်က စိတ်မကြည်မလင် စိတ်မချမ်းသာလို့ သွားတာပေါ့နော် ... ကျွန်တော့်ကြောင့်များ မဝါ စိတ်မချမ်းမသာ မကြည်မလင်ဖြစ်သွားတာများလားဗျာ"

"ဘယ်သူ့ကြောင့် ... ဘယ်ဝါကြောင့် ... ကိုယ့်မှာ ဘာဖြစ်သွားတယ်ဆိုတာက မစ္ဆရိယစိတ်ပဲ ကိုစိုးပြည့်စုံ ... တစ်ပါးသူပေါ်မှာ အပစ်ပုံချရာ ရောက်ပါတယ် ... တကယ်တော့ မိမိရဲ့ စိတ်ကသာအဓိကပါ ... ကိုယ့်စိတ်ကိုက အဟုတ်မဟုတ်လို့ စိတ်မကြည်မလင်ဖြစ်ရတာပါ ... ဥပမာပေါ့လေ ကျူပင် မြက်ရိုင်းပင်ဟာ ... လေတိုက်ရာမှာ ယိမ်းသွားတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုး ... ငါးမျှားသလိုပေါ့လေ ... မျှားတဲ့လူကတော့ ... ငါးစာတတ်ပြီး မျှားတာပဲ ... အဲဒီငါးစာကို ငါးကမဟပ်ပဲ ရှောင်နေရင် ဘာမှမဖြစ်ဘူးပေါ့ ... ငါးကိုယ်တိုင်က ဟပ်မိမှတော့ ငါးမျှားချိတ်ရူးတာမျိုး ဖြစ်မှာပေါ့ ... ”

“အားပါးပါး ... ပြည့်လှချည်လား မဝါရယ် ... ”

စိုးပြည့်စုံ စိတ်ထဲမှ ကျိတ်ပြီး မဝါကို ချီးကျူးရေရွတ်မိတော့သည်။ တစ်ဆက်တည်းမှာပင် စိုးပြည့်စုံသည် ညက မြသန္တာ ပြောသွား စကားအချက်အလက် တချို့အပေါ်တွင် သံသယ မကင်းသော အချက်တွေကို ဝါဝါခိုင်ထံ စုံစမ်းကြည့်မိတော့သည်။

“ဒါ့ထက် ... မဝါတို့ရဲ့ ခိုင်ဂေဟာကြီး နောက်ဖေးဘက်ပိုင်းမှာ ကြောင်လိမ်လှေကားရှိသလားဟင် ... ဘယ်သူမှ အဲဒီ ကြောင်လိမ်လှေကားက အဆင်းအတက်လုပ်တာ မမြင်မိလို့ပါ ... ”

“ရှိသားပဲ ... အဆောက်အဦဟာ အထပ်လိုက်မြင့်မားတယ်ဆိုရင် ... များသောအားဖြင့် FIRE ESCAPE လို့ခေါ်တဲ့ ... ကြောင်လိမ်လှေကား တက်ကြစမြဲပဲလေ ... ဒါပေမဲ့ ... အဲဒီကြောင်လိမ်လှေကားက အဝင်အထွက်တံခါးပေါက်ကို မဝါသော့ခတ်ပိတ်ထားတာ ... ဖေဖေနဲ့မေမေ ဆုံးသွားကကတည်းကပဲ ... အဲဒီကြောင်လိမ် လှေကားက အတာ ဆင်းလိုက်တက်လိုက်ဆော့ရင် ... လိမ့်ကျမှာစိုးရိမ်လို့ ... သော့ခတ်ပိတ်ထားတာ ... ကိုပြည့်စုံက ဘာလို့ ပေါက်ပေါက်ရှာရှာ မေးတာလဲဟင် ... ”

“ဘာရယ်တော့ မဟုတ်ပါဘူး ... စိတ်ကူးထဲ ဝင်လာတာကို မေးတာပေါ့ ... ဒါဆို နောက်ဘက် ကြောင်လိမ်လှေကားက ဆင်းပြီး လှေဆိပ်တံတားကို သွားလို့ရတာပဲနော် ... ”



“ကန်စပ်မှာ ကာထားတဲ့ သံဇကာတံခါးဖွင့်ထားရင် လှေဆိပ်တံတားကို သွားလို့ရတာပေါ့ ... ကိုစိုးပြည့်စုံ ... အခု ကိုစိုးပြည့်စုံ မေးနေတာဟာ တစ်ခုခုတော့ တစ်ခုခုပဲနော်”

“ဟုတ်တယ် မဝါ ... တစ်ခုခုတော့ အမှန်ပါ ... ဒါပေမဲ့ ဘာတစ်ခုခုဆိုတာ ... ကျွန်တော် ကိုယ်တိုင် ဇဝေဇဝါရှိနေတာမို့ ... အဲဒီတစ်ခုခုဟာ ဘာလဲဆိုတာ မဝါကို ပြောမပြတတ်သေးပါဘူး ... ”

ပြောရင်းပင် စိုးပြည့်စုံသည် မတ်တတ်ရပ်နေရာမှ ခြေဖျားထောက် ဖနောင့်ကြွ သုံးလေးခါ လုပ်လိုက်သည်။ ခြေညောင်းသူများ အကြောပြေလုပ်သည့် သဘောဖြစ်ပါ၏။

“အဲ ... ဟုတ်သားပဲ ကိုစိုးပြည့်စုံ ရပ်နေရတာညောင်းရောပေါ့ ... ဒီခုံတန်းလျားက လေးပေကျော် အရှည်ရှိပါတယ်... ကိုစိုးပြည့်စုံ ထိုင်မယ်ဆိုရင် မဝါနဲ့ ကိုစိုးပြည့်စုံ တစ်ပေကျော်ကွာဝေးမှာပါ ... ထိုင်ပါ ... ကိုစိုးပြည့်စုံ ... အဓိကဟာ... ကိုယ့်စိတ်ကိုယ် ထိန်းဖို့သာအဓိကပါ ... ”

“နေပါစေ မဝါ ... ကျွန်တော်ထိုင်ရင် တစ်ပေကျော်ကြားမှာ ကွာမယ်မှန်းလည်း ကျွန်တော်သိပါတယ် ... ဒါပေမဲ့ ... အဝေးက လှမ်းမြင်ရင်တော့ ... မဝါနဲ့ ကျွန်တော် တွဲထိုင်နေတယ်လို့ပဲ မြင်မှာ ... ကျွန်တော့်လိုကောင်က ဘာအရေးလဲ... မြင်တဲ့လူက မဝါကိုသာ သွားပုပ်လေလွင့် အမနာပတွေ ပြောကြမှာ ... ကျွန်တော် စိုးရိမ်တာပါ ... ”

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်မှာသာထိုင်ပါ ... ကိုစိုးပြည့်စုံ ... ဒီတစ်ခေါက် မဝါ သာသနာ့ရိပ်သာမှာ သွားခိုလှုံရင်း ... အမြင်တစ်ခုလည်း ရခဲ့တယ် ... အဲဒီအမြင်အပေါ်မှာ ဆုံးဖြတ်ချက်တစ်ခုလည်း ချနိုင်ခဲ့တယ် ... ဘာလဲဆိုတော့ ... သူတစ်ပါး အချိုးမွမ်းခံရအောင်ဆိုပြီးလည်း မဝါမနေဘူး ... သူတစ်ပါး ကဲ့ရဲ့မှာကိုလည်း မဝါ မစိုးရိမ်တော့ဘူး ... ချီးမွမ်းခြင်းခံရသည်ပဲဖြစ်ဖြစ် အကဲ့ရဲ့ခံရသည်ပဲဖြစ်ဖြစ် မတုန်လှုပ်ဘဲ နေနိုင်ခြင်းဟာ ... စစ်မှန်တဲ့ တရားတစ်ခုမို့ပဲ ကိုစိုးပြည့်စုံ ... သူတစ်ပါးချီးမွမ်းလို့ ဝမ်းသာစိတ်ဟာ ... တုန်လှုပ်မှုပဲ ... သူတစ်ပါးကဲ့ရဲ့လို့ ဝမ်းနည်းတာဟာလဲ တုန်လှုပ်မှုပဲ ... အဲဒီနှစ်ခုလုံးဟာ သမာဓိ ပျောက်နေတဲ့ သဘောသက်ဝင်နေတယ် ... ဘယ်သူ ဘာပြောပြော ... ဘယ်လိုမှ မတုန်လှုပ်ဘဲ နေနိုင်ခြင်းဟာ ... တည်ငြိမ်တဲ့ သမာဓိကို ရရှိထားတာပဲ ... ဒါကြောင့် မဝါ ... ဘာကိုမှ မတုန်လှုပ်တော့ဘူး ... ထိုင်သာထိုင်ပါ ကိုစိုးပြည့်စုံ ... "

စိုးပြည့်စုံ၏ ရင်ထဲက ဝါဝါခိုင်ကို ထပ်ပြန်တလဲလဲ ချီးကျူးမိရင်း ခုံရှည်တန်းလျား အစွန်းတွင် ထိုင်ချလိုက်သည်။

"ဒီမှာ ... အာလူးကြော်ထုပ်တွေလေ ... မဝါရဲ့အကျင့်က တစ်နေရာရာမှာ စိတ်အေးလက်အေး ထိုင်ပြီဆိုရင် ... နေကြာစေ့လှော်တို့ ... ဖရုံစေ့လှော်တို့ ... အာလူးကြော်တို့ ဝါးတဲ့ အကျင့်ရှိတယ် ... ကိုစိုးပြည့်စုံ ... အာလူးကြော်စားပါ ... မနက်က ကော်ဖီမှ မသောက်ရတာ ... ဗိုက်ဆာသင့်သလောက် ဆာနေမှာပေါ့ ... "



စိုးပြည့်စုံ ဟန်မဆောင်။ အာလူးကြော်ထုပ်ကို ဖောက်စားပါ၏။ မဝါက တကယ့်စေတနာနှင့် ကျွေးသည်ကြောင့်လား၊ မိမိကိုယ်တိုင် ဗိုက်ဆာနေ၍လား မပြောတတ် မဝါကျွေးသော အာလူးကြော်များထဲတွင် ထူးကဲစွာ အရသာရှိပေစွဟု ရင်တွင်းမှတ်ချက်ချမိတော့သည်။ စားရင်းပင် စိုးပြည့်စုံသည် မဝါဘက်သို့ လှည့်လိုက်သည်။

"မဝါ ... "

"ပြောစရာရှိပြောပါ ကိုစိုးပြည့်စုံ"

"ပန်းချီဆရာ ကိုဒီပ နောက်ဆုံးထွက်သွားကာနီးအခြေအနေတွေ ဘယ်လိုရှိခဲ့တယ်ဆိုတာ ... ကျွန်တော့်ကို မဝါပြောပြနိုင်မလား ... "

ဝါဝါခိုင်ကမသိမသာသက်ပြင်းလေးချလိုက်သေးသည်။

"ကိုစိုးပြည့်စုံဟာ ... ဘာတွေကို စုံစမ်းနေမှန်းတော့ မသိဘူး... ဒါပေမဲ့ ... အကြောင်းအရာ တစ်ခုအပေါ်မှာ သိပ်စိတ်ဝင်စား စုံစမ်းနေမှန်းတော့ မဝါသိတယ် ... ဒါပေမဲ့... ကိုစိုးပြည့်စုံ ဘာကို အမိက စုံစမ်းနေတာလဲလို့ မဝါ မမေးဘူး ... သိလည်း မသိချင်ဘူး ... ကိုစိုးပြည့်စုံ သိချင်လို့မေးတာကိုတော့ မဝါသိသလောက် ဖြေမယ် ... ပန်းချီဆရာကိုဒီပရဲ့ နောက်ဆုံးအခြေအနေကို ပြောပြမယ် ... "

"ပန်းချီဆရာ ကိုဒီပရဲ့ အခြေအနေဟာ ... နောက်ဆုံး အဆိုးဆုံးအခြေအနေလို့ မဝါပြောရမှာပဲ ... အဆိုးဆုံးခြေအနေကတော့ အတာကြောင့်တစ်ခုခုဖြစ်တော့မှာပဲ ဆိုတဲ့ ... အခြေအနေပဲ ... ပန်းချီဆရာကိုဒီပဟာ ... အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံလာတာဟာ ... ကလေးတစ်ယောက်ကို ဆက်ဆံသလို မဆက်ဆံတော့ဘဲ ... အတာဟာ အရွယ်ရောက်ပြီးသူ တစ်ယောက်လို အမြင်နဲ့ ဆက်ဆံလာတယ် ... ပိုဆိုးတာက ကိုဒီပဟာ ... အတာရဲ့ ရှေ့မှောက်မှာပဲ ... မြသန္တာကို ဆွဲလားကိုင်လားတွေလုပ်လာတယ်လို့ ... နန်းအေးမူနဲ့ ဒေါ်ဒေါ်ဝိုင်းက ပြန်ပြောပြတယ် ... မဝါကတော့ မြသန္တာနဲ့ ကိုဒီပကို ရှောင်နေတာဆိုတော့ ... မျက်စိနဲ့ တပ်အပ်အမြင်တော့ မဟုတ်ဘူး ... အဲ ... မြသန္တာကို အတာ့ရှေ့မှာ ဆွဲလားကိုင်လား ပွေ့လားပိုက်လားလုပ်တာကို အတာက အရမ်းစိတ်ဆိုးတယ်တဲ့ ... ဒါကြောင့် အတာက ကိုဒီပကို လည်ပင်းညှစ်သတ်ဖို့ ကြိုးစားတာ ... နှစ်ကြိမ်တောင်ပဲတဲ့ မြသန္တာက ဝင်ပြီး ဖြေလို့ ... ဘာမှ မဖြစ်တာတဲ့ ... ကိုဒီပက အရက်လည်း အမြဲမူးနေတယ် ... လူကောင်ကလည်း သေးသေးသွယ်သွယ်မို့ အတာလုပ်ရင်သေသွားနိုင်တယ်တဲ့"

"ဒီလောက်အထိဖြစ်လာတယ်ဆိုတော့ ... မဝါက မောင်လေးအတာအတွက် စိုးရိမ်လာတယ် ... အတာ့မှာ ကလေးဦးနှောက်ဆိုပေမဲ့ ... တကယ်လူသတ်မှုဖြစ်လာရင် ... ဖြေရှင်းရခက်မယ် ... ဒါကြောင့် မဝါက မြသန္တာကို အပြတ်ပြောတယ် ... ကိုဒီပကို မြသန္တာကိုယ်တိုင်ပြန်ခေါ်ထုတ်သွားပါ ... ဒါမှမဟုတ် ... မြသန္တာအလုပ်ကထွက်ပြီး ဒီနိုင်ငံဟောက ထွက်သွားတော့လို့ ... အပြတ်ပြောမှ ... မြသန္တာက သူ့နည်းသူ့ဟန်နဲ့ ... ပန်းချီဆရာကိုဒီပကို ခေါ်ထုတ်သွားတယ် ... "



"ကိုဒီပ ... ခိုင်ဂေဟာက ထွက်သွားပြီးတဲ့နောက်မှာ မြသန္တာအပြင်ကို ထွက်သေးလား ... "

"လုံးဝမထွက်ဘူးလို့ပြောရမှာပဲ ... အိမ်ထဲမှာ နေလွန်းလို့ မဝါကတောင် ခြံထဲမှာ အညောင်းပြေလျှောက်ပါလားလို့ စေတနာနဲ့ပြော မိသေးတယ် ... ဒီတော့ မြသန္တာက လမ်းတော့ မလျှောက်တော့ဘူး ... အညောင်းပြေ လှေလှော်မယ် ဆိုပြီး ... ဒင်ဘီလှေကို လှော်ထွက်သွားတာတော့ မှတ်မိတယ် ... "

"လှေလှော်ထွက်သွားပြီး ... အချိန်ဘယ်လောက်ကြာမှ မြသန္တာပြန်လာသလဲ မဝါ ... "

"ဒါတော့ ... မမှတ်မိတော့ဘူး ... မဝါက အချိန်အားရင် မဂ္ဂဇင်းဖတ်တယ် ... စာအုပ်တွေဖတ်တယ် ... စိတ်ဝင်စားသွားရင် ... ဘယ်လောက်ကြာမှန်းတောင် မသိဘူး ... ဒါကြောင့် မြသန္တာ လှေလှော်ထွက်သွားပြီး ... ဘယ်အချိန်မှ ပြန်ရောက်မှန်း မဝါမသိဘူး ကိုစိုးပြည့်စုံ ... "

ဝါဝါခိုင်က အရှည်ကြီးပြောပြရာတွင် ဘေးတိုက်ခုံတန်းလျားတွင် ထိုင်နေသော စိုးပြည့်စုံကို ကြည့်ပြောသည်မဟုတ်ဘဲ မျက်နှာမူရာကိုသာ အစဉ်တစိုက် ကြည့်ပြောနေခြင်းဖြစ်သောကြောင့် စိုးပြည့်စုံသည် အားမနာတမ်း ဝါဝါခိုင်၏ ဘေးတိုက်မျက်နှာလှလှလေးကိုသာ ငေးကြည့်နေပေသည်။

ဝါဝါခိုင်စကားအဆုံးပြောပြီးနောက် စိုးပြည့်စုံဘက်သို့ လှည့်အကြည့်တွင် သူမကို စူးစူးစိုက်စိုက် ကြည့်နေသော စိုးပြည့်စုံနှင့် မျက်လုံးချင်း ဆုံတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါဝါခိုင် ဒိတ်ခနဲ ရင်ခုန်သွားပြန်ပြီ။

ဘယ်နှယ့် ကိုစိုးပြည့်စုံနှင့် ကြုံမိဆုံမိလေတိုင်း မိမိ၏ ရင်သည် အဘယ်ကြောင့် ဒိတ်ခနဲ ဒိတ်ခနဲ ခုန်သွားလေသနည်း။

ခုနကပင် မိမိသည် တုန်လှုပ်ခြင်း မရှိပါလေတော့။ တည်ငြိမ်သော သမာဓိတို့ကို လက်ကိုင်ထားမည်ဟု ပြောမိသည့်ကြားကပင် ယခုကိုစိုးပြည့်စုံနှင့်မျက်လုံးချင်းဆုံရင်ခုန်သွားပြန်သည်။

အော် အချစ်ဆိုသည်မှာ ဆန်းလေစွ။

စိုးပြည့်စုံက ဘာမပြောညာမပြောပင် ဝါဝါခိုင်၏ လက်ဝါးကို ဆုပ်ကိုင်လိုက်သည်။

"ကျွန်တော်သိတယ် မြင်တယ် မဝါ ... မဝါရဲ့မျက်လုံးတွေက ကျွန်တော့်ကို အဖြေပေးနေတယ် ... မဝါရဲ့ နှလုံးသားတွေက ... ကျွန်တော့်ကို ပြန်ချစ်နေပြီ ... ကျွန်တော့်ရင်ထဲ နှလုံးထဲကလည်း ... မဝါကို သိပ်ချစ်နေပြီ ... ဒါပေမဲ့ ကျွန်တော် မြသန္တာနဲ့ ပတ်သက်ပြီး ... အင်မတန် ကြီးမားတဲ့ ရှုပ်ထွေးမှုကြီးတစ်ခုကို ရင်ဆိုင်နေရတယ် ... အဲဒါကို ရှင်းပစ်ဖို့ ကျွန်တော်အစွမ်းကုန် ကြိုးစားနေပါတယ် ... ဒါကြောင့်လည်း ... ကျွန်တော် မြသန္တာနဲ့ အလိုက်အထိုက်နေနေတာပါ ... ဒါတွေ ရှင်းသွားပြီးရင် ... ကျွန်တော့်ရင်ထဲက အင်မတန် သန့်စင်တဲ့နှလုံးသားအချစ်နဲ့ ... မဝါကို တစ်ယောက်ဆိုတစ်ယောက်ချစ်မှာပါ ... နောက်ပိုင်းမှာလဲ ... မဝါကလွဲပြီး ... ဘယ်လို မိန်းကလေးနဲ့မှ မပတ်သက်မမှားယွင်းစေရဘူးလို့ ကျွန်တော်ယောကျ်ားကတိပေးပါတယ်"



ဝါဝါခိုင်သည် စိုးပြည့်စုံ အုပ်ကိုင်ထားသော သူမ၏ လက်ဖဝါးကို ဆွဲမထုတ် ဆွဲရုန်းကန်ခြင်း မပြုပေ။

"လွယ်တော့မလွယ်ဘူးနော် ... မဝါ ကိုစိုးပြည့်စုံကို ပြောပြီးသားပါ ... မဝါ ရင်ထဲက ကိုစိုးပြည့်စုံကို ပြန်ချစ်တယ်ထားဦး ... အတာကြောင့် ဘယ်တော့မှ လက်မထပ်ဘူးဆိုတာလေ ... "

"သိတယ်မဝါ ... ကျွန်တော့်ရင်ထဲမှာ ခံယူချက်ထားပြီးသားပါ ... ချစ်သူတိုင်းဟာ လက်ထပ်ဖြစ်မယ်လို့ ... တစ်သမတ်တည်း မှတ်ယူလို့မရနိုင်မှန်း ကျွန်တော် မဝါကို ချစ်ပြီးတဲ့နောက် ခံယူထားပြီးသားပါ ... မဝါနဲ့ ကျွန်တော် လက်မထပ် မညားပေမဲ့ ... မဝါကို ကျွန်တော် ချစ်မြဲချစ်နေမှာပါ တကယ်ပြောတာ ... မဝါကလည်း အတာကြောင့် အပျိုကြီးလုပ် ... ကျွန်တော်ကလည်း လူပျိုကြီးလုပ်ပဲ ... အဲ... အခြေအနေပေးလာလို့ မဝါနဲ့ ကျွန်တော်လက်ထပ်ရရင်တော့ ... အကောင်းဆုံးပေါ့လေ ... "

ဝါဝါခိုင်က စိုးပြည့်စုံကို ကြည့်မြဲကြည့်နေပြီး သူမ၏ လက်ကို ပြန်ရုပ်သိမ်းရာ စိုးပြည့်စုံက အလိုက်သင့်ပင် လွှတ်ပေးလိုက်သည်။

"မြသန္တာနဲ့ ပတ်သက်ပြီး ... အင်မတန် ရှုပ်ထွေးမှုကြီးဆိုတာကို မဝါသိခွင့်ရမလား ကိုစိုးပြည့်စုံ ... "

"သိသင့်သလောက် သိအောင်တော့ မဝါကို ကျွန်တော်ပြောပြပါ့မယ် ... အတိုချုပ်ပြောရရင် ... ကျွန်တော်လုံးဝမကျူးလွန်တဲ့ ... မှုခင်းဖြစ်ရပ်တစ်ခုမှာ ... ဘေးအမြင်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကျူးလွန်တာလို့ ထင်စရာမြင်စရာဖြစ်ခဲ့ပါတယ် အဲဒီအမှုကို ကျွန်တော် အမှန်တကယ်မကျူးလွန်ဘူးဆိုတာ မျက်မြင်သက်သေ မြသန္တာတစ်ယောက်ပဲ ရှိတယ် ... သက်ဆိုင်ရာမှာ မြသန္တာက လိုက်ပြီး ... ကျွန်တော်မကျူးလွန်ကြောင်း မျက်မြင်သက်သေ ထွက်ဆိုပေးလိုက်တာနဲ့ ... အမှုဟာ ပြီးသွားမှာပါ ... ဒါပေမဲ့ မြသန္တာက အဲဒီလိုလိုက်ပြီး မျက်မြင်သက်သေ ထွက်ဆိုပေးဖို့ နေ့ရွှေ့ညရွှေ့ လုပ်နေရင်း ... ခိုင်ဂေဟာမှာ ကျွန်တော် ခိုအောင်းရက်တွေ ဒီလောက်ကြာနေတာပါ ... သူသက်သေလိုက်ပေးလို့ ကိစ္စပြီးပျက်သွားရင် ... ကျွန်တော်က သူ့ကိုစွန့်ခွာသွားမှာဆိုတဲ့ ... အစွဲနဲ့ မြသန္တာအချိန်တွေဆွဲခဲ့တာပါ ... အဲဒီလို အခြေအနေဖြစ်နေတာ ကြာပြီမို့ ... ကျွန်တော်က တစ်မျိုးပြန်စဉ်းစားရတော့တယ် မဝါ ... ”

“ဘယ်လို တစ်မျိုး ပြန်စဉ်းစားတာလဲ”

“မြသန္တာရဲ့ လျှို့ဝှက်ချက်တစ်ခုကို ကျွန်တော်ကပြန်ပြီး ... ကြိုးစားရှာဖွေရတာပဲ မဝါ ... သူ့ကို ဒုက္ခပေးဖို့ မဟုတ်ပါဘူး တန်ပြန်ပြီး သူ့ကို အကျပ်ကိုင်နိုင်ရုံလောက်ပါ ... ကျွန်တော် မကျူးလွန်ခဲ့တဲ့ အမှုမှာ ... မြသန္တာလိုက်ပြီး ... မျက်မြင်သက်သေထွက်ဆို မပေးရင် ... သူ့လျှို့ဝှက်ချက်တွေ ဖော်ထုတ်ဖွင့်ချမယ်ဆိုတဲ့ ... တန်ပြန်အလဲအလှယ် လုပ်ချင်တာသက်သက်ပါ ... ”

“မြသန္တာရဲ့ လျှို့ဝှက်ချက်ဆိုတာကကော ... ဘာလဲဆိုတာမျိုး ... ကိုစိုးပြည့်စုံ သိရှိလို့လား ... ”



“စုံစမ်းသိသလောက်ကတော့ ... ပန်းချီဆရာကိုဒီပ သေဆုံးမှုမှာ မြသန္တာရဲ့လျှို့ဝှက်ချက်တွေ ပါနေသလားပဲ မဝါ ... ”

“ဟုတ်ပါ့မလား ... ပန်းချီဆရာ ကိုဒီပသေဆုံးမှုမှာ ... ရဲတွေကိုယ်တိုင်က ... ကိုဒီပမှာ တခြားရန်သူတွေ အာလာပသလ္လာပတွေ အများကြီး ရှိတယ်လို့ ယူဆထားကြတာပဲဟာ ... ”

“အခုနေတော့ ... မှန်းဆပြီး ဆက်စပ်ယူရတဲ့ သဘောပဲ ရှိနေသေးတယ် မဝါ ... မသန္တာရဲ့ ဗီရိုအံဆွဲထဲမှာ ဓားမြှောင်အမျိုးမျိုးတွေ အများကြီးရှိနေတယ် ... ကိုဒီပကလည်း ဓားနဲ့ အထိုးခံရပြီး သေဆုံးတာဖြစ်နေတယ် ... ဆက်စပ်ကြည့်ရင် ကိုဒီပဟာ ခိုင်ဂေဟာက ထွက်သွားပြီးတဲ့နောက် ခိုင်ဂေဟာကို ပြန်မလာရဲတာမို့ ... မြသန္တာနဲ့ တွေ့ဖို့ မြသန္တာကပဲ အချိန်းအချက်လုပ်မယ် ... မြသန္တာက အတော့ကို အိပ်ဆေးနဲ့ဖြစ်ဖြစ် အိပ်ပျော်စေပြီး ဒင်ဂီလှေနဲ့ပဲ လှော်သွားမယ် ... ကိုဒီပနဲ့ ချိန်းဆိုတဲ့နေရာအထိ လှော်သွားမယ် ကိုဒီပနဲ့တွေ့တဲ့အခါ ... ကိုဒီပကို အရက်မူးအောင်တိုက်မယ် နဂိုကလည်း ကိုဒီပက အရက်အမြဲတန်းမူးနေသူပဲ ... ဒီနောက် ကိုဒီပကို မြသန္တာက ... ဓားမြှောင်နဲ့ထိုးမယ် ... ပြီး ... ဒင်ဂီလှေပေါ်တင်လာပြီး အင်းလျားကန် ရေလယ်မှာ ကိုဒီပကို ပစ်ချထားခဲ့မယ် ... အဲဒါတွေ ဆက်စပ်ကြည့်တာဟာ မှန်တယ်ဆိုရင် ... မြသန္တာဟာ လူသတ်မှု ကျူးလွန်တယ်လို့ စွပ်စွဲလို့ ရပြီလေ ... ”

“ဟင် ... ကိုစိုးပြည့်စုံ ဆက်စပ်ကြည့်ပုံကြီးက ကြောက်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးနော် ... ဒါပေမဲ့ ... ကိုဒီပကို မြသန္တာက ဘာလို့သတ်ချင်ရတာလဲဆိုတဲ့ ... နိုးတစ်(ဗ်)အကြောင်းအရာ မရှိရင် စွပ်စွဲဖို့ ဘယ်လွယ်မလဲ ... ”

“အဲဒီ ... နိုးတစ်(ဗ်)ကို မသိရလို့ ခက်နေသေးတာပဲ မဝါ နိုးတစ်(ဗ်)ကို သိတာနဲ့ ... မြသန္တာကို တန်ပြန်စွပ်စွဲလို့ရပြီပေါ့ ... ”

ဝါဝါခိုင်က ညည်းညူသံလေးနှင့် ဆက်ပြောလေသည်။

“မဝါရဲ့အထင်တော့ ... မြသန္တာဟာ ဘာမဆိုရှုပ်ရှုပ်ထွေးထွေးတွေနဲ့ ပတ်သက်တတ်တယ်ဆိုပေမဲ့ ... မိန်းမသား တစ်ယောက်အနေနဲ့ ... လူတစ်ယောက်ကို ဓားနဲ့ထိုးရေထဲပစ်ချတဲ့အထိတော့ လုပ်ရဲမယ်မထင်ဘူး ... ”

“ဟုတ်တယ် မဝါ ... သာမန်မိန်းမသား တစ်ယောက်အနေနဲ့ကတော့ ... မဝါပြောသလို လူတစ်ယောက်ကို ဓားနဲ့ထိုးရေထဲပစ်ချတာမျိုး လုပ်ရဲနိုင်ဖို့ ... အင်မတန်ခဲယဉ်းမှာပါ ဒါပေမဲ့ ... ”

“ဒါပေမဲ့ ... ဘာဖြစ်လဲ ... ကိုစိုးပြည့်စုံ”

“ဒါပေမဲ့ ... မြသန္တာရဲ့ စိတ်ဓာတ်ဟာ ... ABNORMAL ဖြစ်နေတယ် ... ABNORMAL ကို မြန်မာလို ဘာသာပြန်ရရင်တော့ ... ကျပ်မပြည့်တဲ့စိတ် ... သာမန်ရှိရိုးရှိစဉ် စိတ်မျိုး မရှိတော့ဘဲ ... လွန်ကဲတဲ့ စိတ်လို့ ပြန်ရမလားပဲ ... အဲဒီလို လူဟာ ... မကောင်းတဲ့ဘက်မှာ စိတ်သန်သွားလို့ ... မကောင်းမှုလုပ်ပြီဆိုလည်း ... သူများတွေထက် ပိုပြီးထူးခြားခြား ပြောင်ပြောင်မြောက်မြောက် လုပ်တတ်တယ် ကောင်းတဲ့ဘက်လုပ်ရင်လည်း ... လွန်တာပဲ ... မြသန္တာရဲ့ လက်ကိုင်အိတ်ထဲမှာဆိုရင် ... သေနတ်လေးလည်း ဆောင်ထားတယ် ... မောင်းပြန်ဓားလည်း ဆောင်ထားတယ် ... အကြောင်းအားလျော်စွာ စည်သွတ်ဘူးဖောက်ရင်တောင် ဓားမြှောင်နဲ့ ဖောက်တယ် ... အဲဒါတွေဟာ ... ကျွန်တော် မြသန္တာနဲ့ပတ်သက်ပြီး စုံစမ်းလေ့လာတွေ့ရှိချက်တွေပဲ ... ကဲပါလေ ... အဲဒါတွေ ဟုတ်မဟုတ် နောက်ဆုံးအဖြေမှန် ထွက်လာမှာပါ ... ဒါတွေ ပြောရတာ ... မဝါရော ... ကျွန်တော်ရော ... စိတ်မချမ်းသာစရာတွေပါ ... ဒီတော့ ကျွန်တော်တို့နှစ်ယောက် စိတ်ချမ်းသာကြည်နူးစရာလေးတွေ ပြောကြစို့လားဟင် ... ”



“ပြောလေ ... ဘယ်လို ကြည်နူးစရာလေးတွေ ပြောကြမလဲ ... စိုးပြည့်စုံ ... ”

“အဲဒီလို ... ကိုစိုးပြည့်စုံလို့ မဝါ ခေါ်တာဟာပဲ ... ကြည်နူးစရာမကောင်းတာ ... တစ်ယောက်နဲ့တစ်ယောက် အသည်းနှစ်လုံးချင်း ဖလှယ်ပြီး ... ချစ်သူတွေဖြစ်နေမှာတော့ ... ကိုယ့်ချစ်သူကို ... ကိုစိုးပြည့်စုံလို့ ခေါ်တာကြီးက ကျွန်တော့်နားထဲမှာ ကြားရတာသူစိမ်းဆန်လွန်းပြီး ... မကြည်နူးပါဘူး မဝါရယ် ... ”

ဝါဝါခိုင်ထံမှ ငြိမ့်ညောင်းစီသာသော ရယ်သံလေး ထွက်လာသည်။

“ဒို့ ... ကိုစိုးပြည့်စုံကကော ... ”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အစောကြီးကတည်းကပဲ ... မဝါဝါခိုင်လို့ မခေါ်တော့ဘဲ ... ရင်ထဲနှလုံးထဲက ထွက်လာတဲ့အတိုင်း 'မဝါ' လို့ ခေါ်နေတာပဲဟာ ... "

"ဒါဖြင့် ... 'ကျွန်တော်' 'ကျွန်တော်' နဲ့ပြောနေတာကြီးက ကော ... သူစိမ်းဆန်လွန်း မနေဘူးလား ... "

"ဒါဖြင့် ... ကျွန်တော် ဘယ်လိုနာမ်စားနဲ့ ပြောရမလဲမဝါ"

"သိဘူးလေ ... ဒါတော့"

"ကျွန်တော့်မိဘနဲ့ အိမ်သားတွေကရော ... ရင်းနှီးခင်မင်သူတွေကရော ... စိတ်တိုပြီး အားမလိုအားမရဖြစ်တဲ့အခါမှာ 'ဟဲ့ ... ငပြည့် ... ဟဲ့ ... ငစိုး' လို့ခေါ်ကြတယ် ... အဲ ... ဘာမှ မဖြစ်တဲ့အခါမျိုးမှာတော့ ... မောင်စိုးလို့လည်း ခေါ်ရဲ့ ... မောင်ပြည့်လို့လည်း ခေါ်ကြရဲ့ ... ညီမဝမ်းကွဲတွေ ... ညီဝမ်းကွဲတွေကျတော့ ... ကိုကိုစိုး ... ကိုကိုပြည့်လို့ ဖြစ်ဖြစ် ... အစ်ကိုစိုး ... အစ်ကိုပြည့်လို့ဖြစ်ဖြစ် ခေါ်ကြတယ် ... အဲဒီတော့ ... မဝါက ကျွန်တော့်ကို ကိုကိုစိုးလို့ပဲဖြစ်ဖြစ် ... အစ်ကိုစိုးလို့ပဲဖြစ်ဖြစ် ခေါ်ပါလားဟင် ... "

မဝါက ရှစ်စနိုးမျက်နှာလေးနှင့် ခေါင်းညိတ်ပြသည်။

"ဒါဆို ... အခုပဲ ... ခေါ်ကြည့်လေ"

"ကို ... ကို ... စိုး"

"အားပါးပါး ... ကြားရတာ နားဝင်ချိုလိုက်ပါဘိ မဝါရာ"

စိုးပြည့်စုံ မဝါကို အတင်းဖက်လိုက်စဉ်မှာပင် ...

"ဒင် ဒေါင် ... ဒင် ဒေါင် နာရီကမြည် ... စုန်းမကြီးလည်း သေသွားပြီ ... "



ဟု သီချင်းဆိုလာသော အတာသည် စိုးပြည့်စုံနှင့် ဝါဝါခိုင်ထိုင်နေသော ခုံတန်းလျားဆီ လျှောက်လာသည်။

အတာ့ကို ကြည့်ရသည်မှာ တစ်စုံတစ်ခုကို ခြံထဲတွင် လိုက်ရှာနေသော အသွင်ရှိနေပါ၏။

"ဟော ... မမဝါကိုတော့ တွေ့ပြီ ... မမြကိုတော့ရှာလို့ မတွေ့သေးဘူး ... ဒေါ်ဒေါ်ဝိုင်းကပြောတယ် ... မမြ ဒီဘက်ကိုထွက်သွားတယ်တဲ့ ... "

"မမဝါတော့ သူ့ကိုမတွေ့ဘူး အတာ"

"ဒါဆို ... မမြ ... ဘယ်ချောင်ထဲမှာ သွားငိုနေသလဲမသိဘူးဗျ ... စုန်းမကြီးက တကယ်သေသွားပြီလေ ... စုန်းမကြီး တကယ်သေသွားတော့လည်း မမြက သနားပြီး သစ်ပင်တွေအောက်မှာ ချုံတွေထဲမှာ သွားငိုနေသလားမှ မသိတာ ... "

"ဒင်ဒေါင် ... ဒင်ဒေါင် နာရီကမြည် စုန်းမကြီး သေသွားပြီ"

အတာက သူဆိုနေသော သီချင်းကို ဆက်ပြီးဆိုနေပြန်သည်။ အတာ၏ ပြောစကားတွေနှင့် အတာထပ်ပြန်တလဲလဲ သီဆိုနေသော သီချင်းအရ စိုးပြည့်စုံ ခေါင်းထဲတွင် ဖျက်ခနဲ အတွေးတစ်ခုဝင်လာသည်။

"ဝေ ... အတာ စုန်းမကြီးတကယ်သေသွားသလားကွာ"

"ဟာ ... တကယ် သေသွားတာပေါ့ ... စာရေးဆရာရဲ့"

"ဟုတ်ပါ့မလားကွာ ... စုန်းမကြီးက သိပ်အသက်ပြင်းတာကွ ... တော်ရုံလူဆိုရင် ... စုန်းမကြီးကို သေအောင်မသတ်နိုင်ဘူး ... စုန်းမကြီးကို လူစွမ်းကောင်းကမှ သတ်နိုင်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... အတာက လူစွမ်းကောင်းပေါ့ဗျ ... အတာကိုယ်တိုင် စုန်းမကြီးကို လည်ပင်းညှစ်ပြီး သေအောင်သတ်ပစ်လိုက်တာ ... စာရေးဆရာရေးတဲ့ စာထဲမှာ ကျွန်တော် လူစွမ်းကောင်းဖြစ်တဲ့အကြောင်း ထည့်ရေးရင်ရတယ်ဗျ"

"နေဦးကွ ... အတာက ... ကလေးဆိုတော့ ... စုန်းမကြီးမှန်း သေချာဘယ်သိမလဲ ... စုန်းမကြီးက သူ့ကိုယ်သူ အမျိုးမျိုးရုပ်ပြောင်းပြီး ဖန်ဆင်းတာ ... ကျားလိုဖန်ဆင်းချင်ဖတန်ဆင်းမယ် ... တခြား အကောင်တွေရဲ့ ရုပ်မျိုးလည်း ဖန်ဆင်းနိုင်တာပဲဟာ ... အတာက စုန်းမကြီးမှန်း ဘယ်သိမှာလဲ ... စုန်းမကြီးမှန်းသိတဲ့လူက ... အဲဒါစုန်းမကြီးလို့ ပြောပြမှ ... အတာက စုန်းမကြီးကို လည်ပင်းညှစ်သတ်လို့ရမှာပေါ့ ... ဟုတ်လား ... "

အတာက ခေါင်းညိတ်ပြသည်။ သူ့ကိုယ်သူလည်း လူစွမ်းကောင်းဂိုက်ဖမ်းလိုက်သည်။

အတာက စိတ်လိုလက်ရ ဖြေနေသည်မို့ စိုးပြည့်စုံ ဖိုးမေးတော့သည်။

"ဒါဆို ... စုန်းမကြီးသေသွားတော့ ... စုန်းမကြီးရဲ့ အလောင်းကြီးကို အတာသွားလွှင့်ပစ်ရမှာပေါ့ ... "

"အင်းပေါ့ဗျ ... အသေကောင်ကြီးဆိုရင် သွားလွှင့်ပစ်ရတာပဲဟာ ... ကြောင်သေ ခွေးသေဆိုလည်း သွားလွှင့်ပစ်ရတာပဲ မဟုတ်လား ... "

"စုန်းမကြီး အသေကောင်အလောင်းကြီးကို ... အတာ ဘယ်မှာ သွားပစ်လိုက်သလဲဟင် ... "



အတာ မဖြေတော့ပေ အတာ၏စိတ်တွင် စုန်းမကြီးအကြောင်း စိတ်မဝင်စားတော့ဘဲ ဟိုဟိုဒီဒီ ဝေ့စိုက်ကာရှာဖွေသော အကြည့်ဖြင့် ကြည့်သည်။

"မမြ ... ဘယ်မှာ သွားပုန်းနေလဲ မသိဘူးဗျ ... မမြကို ရှာရဦးမယ် ... "

"အတာရဲ့ မမြ ... စုန်းမကြီးကို မြေမြှုပ်ထားတဲ့ ... နေရာမှာ သွားပြီးငိုနေမှာပေါ့အတာ ... ဘယ်နေရာမှာ စုန်းမကြီး မြှုပ်ထားလဲ ... "

"အိုး ... စုန်းမအသေကောင်ကြီးကို မြေကြီးထဲမှာမှ မမြှုပ်တာ ... "

"ဒါဆို ... စုန်းမအသေကောင်ကြီးကို ဘယ်မှာ လွှင့်ပစ်လိုက်လဲအတာ ... "

"ရှူး ... ရှူး ... "

အတာက သူ့နှုတ်ခမ်းကို လက်ညှိုးကန့်လန့်ဖြတ်ပြီး ရှူး ရှူး ဟု လုပ်ပြသည်။ အဓိပ္ပာယ်မှာ တိတ်တိတ်နေဟု ပြခြင်းဖြစ်ပါ၏။

"လျှို့ဝှက်ထားရမယ်တဲ့ ... အဲဒီလျှို့ဝှက်တာကို ကိုယ့်အဖေရင်း ... အမေရင်းကိုတောင် မပြောရဘူးတဲ့ ... "

"အေးပါကွာ ... လျှို့ဝှက်ထားပါ ... စုန်းမအသေကောင်ကြီးကို ဘယ်မှာ လွှင့်ပစ်ထားတယ်ဆိုတာကို ... လျှို့ဝှက်ထားပေါ့ ... အဲဒီစုန်းမကြီးဟာ ... လူယောင်ဖန်ဆင်းလာတုန်းက အကောင်သေးသေး ... အသားခပ်ဖြူဖြူ ... အရပ်ရှည်ရှည် မဟုတ်လား ... "

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... စာရေးဆရာက သိနေလား ... ရှူး ရှူး ... သိနေရင်လည်း တိတ်တိတ်နေ ... အဲဒါ လျှို့ဝှက်ချက် သိလား အဲဒီ လျှို့ဝှက်ချက်ကို အသက်သာအသေခံရမယ် ... ဘယ်သူမှ မပြောရဘူးလို့ ... မမမြက မှာထားတယ် ..."

အတာသည် ပြောရင်းပင် ခုန်ပေါက်ကာ သူ၏ မမမြကို ရှာဖွေရန် ထွက်သွားတော့သည်။ အတာထွက်သွားရာသို့ ဝါဝါခိုင်က ငေးကြည့်ရင်း

"ကိုကိုစိုးရယ်မောင်လေးဦးနှောက်က ကလေး ဦးနှောက်ပဲဟာ ... ကိုကိုစိုး မေးလိုက်တာတွေ စုံသွားတာပဲ ... မောင်လေးခမျာ တော်တော်ဦးနှောက် ခြောက်သွားပုံပဲ... ဒါကြောင့် မြန်မြန်ထွက်ပြေးသွားတာလား မသိဘူး..."

စိုးပြည့်စုံက ကြင်နာစွာဖြင့် ဝါဝါခိုင်၏ လက်ချောင်းလေးများကို ဆုပ်ကိုင်လိုက်သည်။

"မဝါ ..."

"ရှင် ... ကိုကိုစိုး"

"ကိုယ်ထင်ကြေးပေးမယ်နော် ... တွေးခေါ်ဆက်စပ်လို့ရတဲ့ ထင်ကြေးမို့ ... မှန်ချင်မှ မှန်မှာပါ ... ထင်ကြေးဆိုတာ ထင်ကြေးပေါ့ ..."

"ပြောပါ ... ဘယ်လို ထင်ကြေးမျိုးလဲ ကိုကိုစိုး ထင်လို့လဲဟင် ..."

"အတာဟာ ... မနေ့ညက လူတစ်ယောက်ကို သတ်လိုက်ပြီလားပဲ မဝါ ..."

စိုးပြည့်စုံက မနေ့က စံရွှေအောင်ရောက်လာပုံ



ဒေါ်ဝိုင်းနှင့်တွေ့ပုံ ဒေါ်ဝိုင်းက အိမ်ထဲအဝင်မခံပုံ မြသန္တာရောက်လာပြီး စံရွှေအောင်ကို အိမ်ပေါ်ထပ်ခေါ်သွားပုံ စံရွှေအောင်ပြန်သွားတာကို မတွေ့ရပုံ ညကျတော့ ဒင်ကီလှေနှင့် အင်းလျားရေပြင်ထဲ လှော်သွားကြပုံ အပြန်တွင် အထုပ်ရှည်မျောကြီး ပြန်၍ပါမလာပုံတို့အားလုံးကို ဝါဝါခိုင်အား ပြောပြလိုက်လေသည်။

ဝါဝါခိုင် ငိုချလိုက်လေတော့သည်။

စိုးပြည့်စုံက ဝါဝါခိုင်၏ ပခုံးလေးကို ညင်သာစွာပွေ့ပိုက်ခါ နှစ်သိမ့်စကားဆိုပေးရတော့သည်။

"မငိုပါနဲ့ မဝါ ... ကိုယ်ပြောသားပဲ ... ထင်ကြေးပါလို့ ... ထင်ကြေးဆိုတာ ... တိကျခိုင်မာတာမှ မဟုတ်တာ ..."

"မှန်တဲ့ဘက်က သိပ်များနေပြီ ကိုကိုစိုး ... ကိုကိုစိုး ဆက်စပ်စုံစမ်းတာတွေဟာ ... တစ်ခုနဲ့တစ်ခု ကွင်းဆက်တွေဖြစ်နေပြီပဲဟာ ... နောက်ပြီး မောင်လေးအတာက မြသန္တာ ခိုင်းတာဆိုရင် ဘာမဆိုလုပ်ပေးတာ ..."

"စိတ်သောက မဖြစ်နဲ့မဝါ ... ဒီကိစ္စကိုယ်ဆက်ပြီး စုံစမ်းဦးမှာပါ ... တကယ်လို့ ... အတာက စံရွှေအောင်ကို သတ်မိတယ်ထားဦး ... အတာ့အတွက် တရားရုံးက ကြီးလေးတဲ့ အပြစ်ဒဏ်ပေးမှာ မဟုတ်ပါဘူး ... အတာရဲ့ ဦးနှောက်ဟာ ငါးနှစ်သားအရွယ် ဦးနှောက် ... ကလေးငယ်တစ်ယောက်ရဲ့ ဦးနှောက်ဆိုတာ ... အင်္ဂလန်မှာ သွားကုခဲ့တဲ့ဆရာဝန်ကြီးတွေကရော ... ဒီက ဒေါက်တာဖေကြိုင်ရော ... အင်္ဂလန်က ပါရဂူသမားတော်ကြီးတွေဆီ သွားကုသဖို့ ဒီကထောက်ခံပေးလိုက်တဲ့ ... ဦးနှောက်ပိုင်း ဆရာဝန်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



ကရော ... အတာ့ဘက်က ရပ်တည်ပေးကြမှာပါ ... "

"အဲဒီလို သမားတော်ကြီးတွေ ... ဆရာဝန်ကြီးတွေက ရပ်တည်ပေးရင် ... အတာလွတ်ရောလား ကိုကိုစိုး ... "

"ကိုယ်ကြည့်ဖူးခဲ့တဲ့ ... နိုင်ငံခြား ရုပ်ရှင်တစ်ခုအကြောင်းသာကေ ပြောပြမယ် မဝါ ... ရုပ်ရှင်ထဲမှာ ဆရာဝန်ကြီးတစ်ဦးဟာ ... လူဝံကြီးတစ်ကောင်ကို သေချာမွေးထားပြီး ... အဲဒီ ဆရာဝန်ကြီးက မလိုလားတဲ့လူတွေကို လူဝံကြီးက လိုက်သတ်စေတယ် ... ဆရာဝန်ကြီး ခိုင်းသမျှ လူဝံကြီးက လုပ်တယ် ... သတ်ပေးတယ် ... နောက်ဆုံး ... လူဝံကြီးကိုရော ... ဆရာဝန်ကြီးကိုပါ ... သက်ဆိုင်ရာတွေက ဖမ်းမိတယ် ... တရားရုံးမှာ ဆရာဝန်ကို အပြစ်ဒဏ်ချမှတ်ပေမဲ့ ... လူဝံကြီးကို လုံးဝအရေးမယူ အပစ်ဒဏ်မချဘူး ဘာလို့လဲဆိုတော့ ... လူဝံကြီးဟာ ... တိရစ္ဆာန်ဖြစ်ပြီး အသိဉာဏ်မရှိတဲ့ ... တိရစ္ဆာန် ဦးနှောက်ဖြစ်နေလို့ပဲ ... အဲဒါနဲ့ အလားတူပါပဲ မဝါ ... အတာရဲ့ ဦးနှောက်ဟာ ... ငါးနှစ်သားကလေးဦးနှောက်ပဲဟာ ကလေးငယ်ဦးနှောက်ဟာ ... တိရစ္ဆာန် ဦးနှောက်လိုပဲသင်ပေးတဲ့ ... သခင်ခိုင်းသမျှ လုပ်တာပဲဟာ ... စိတ်ချ အတာ ... ဘာမှ မဖြစ်နိုင်ပါဘူး မဝါ ... "

စိုးပြည့်စုံ၏ နှစ်သိမ့်ပြောပြချက်အြောင့် ဝါဝါခိုင်အတော်အတန် စိတ်အေးသွားရပါ၏။ စိတ်သက်သာမှုရပါလေ၏။

"ကိုကိုစိုး ... "

"မဝါ ... "



"မဝါကြောက်လာပြီ ကိုကိုစိုးရယ် ... တကယ်တမ်းကျတော့ ... မဝါတို့ ခေါင်နှမမှာ အားကိုးအားထား မရှိပါဘူး ငွေကြေးအရှိန်နဲ့သာ ဟိတ်ကြီးနေတာပါ ... ဒေါ်ဒေါ်ပိုင်းတစ်ယောက်ကိုသာ ဆွေမျိုးအရင်းလို အားကိုးနေရတာပါ ဒေါ်ဒေါ်ပိုင်းကလည်း အပျိုကြီးဖြစ်ပြီး ... လူမှုရေးပိုင်းတွေမှာ နားမလည်ဘူး ... ဗဟုသုတလည်း မရှိဘူး ... ပြဿနာကိုလည်း ဖြေရှင်းနိုင်မှာ မဟုတ်ဘူး ... နန်းအေးမူတို့ ကိုလူအောင်တို့ဆိုတာလည်း ... သာရင် နားမယ် ... မသာရင် သွားမယ်ဆိုတဲ့ ... လခစားတွေပါ ... ဟိုတုန်းကတော့ ... ဒေါက်တာဖေကြိုင်ကို အားကိုးရပေမဲ့ ... အခု ဒေါက်တာဖေကြိုင်ကလည်း ... မြသန္တာ ကွန်ယက်ထဲမှာ ရောက်နေပြီ မဝါက ကိုကိုစိုးကို ပြန်ချစ်မှန်းလည်း ... သူရိပ်မိပုံပဲ ... မဝါမှာ ကိုကိုစိုးကလွဲပြီး ... တခြား ဘယ်သူမှ အားကိုးစရာမရှိဘူး ကိုကိုစိုး ... "

"စိတ်ချမဝါ ... ကိုယ်သိပ်ချစ်တဲ့မဝါကို ကိုယ့်အသက်နဲ့လဲပြီး ... ကာကွယ်မယ် စောင့်ရှောက်မယ် ... ကိုယ်ထပ်ပြီး ကတိပေးမယ် မဝါ ... ကိုယ်ဆက်စပ် တွေးမိသလောက်ဆိုရင် ... မြသန္တာဟာ အခုအချိန်မှာ လူနှစ်ယောက်သတ်ပြီးနေပြီလို့ ကိုယ်ထင်တယ် ... "

"ဘုရား ... ဘုရား"

"မြသန္တာရဲ့ အကြံအစည်က အတာဟာ ... ဦးနှောက်က ငါးနှစ်သား ဦးနှောက်ဖြစ်ပေမဲ့ ... အတာက အသက်နှစ်ဆယ်ရှိပြီး ... ခန္ဓာကိုယ်ကလည်း ကျန်းမာသန်စွမ်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ရှိတယ် … တကယ်လို့ အတာက အရွယ်ရောက်တဲ့အတိုင်း … သွေးသားဆန္ဒဖြစ်လာရင် မြသန္တာက အတာ့ကို လက်ထပ်ဖို့အထိ ရည်ရွယ်တယ် … လက်ထပ်တာနဲ့… အတာပိုင်ဆိုင်ခွင့်ရှိတဲ့ … အမွေထက်ဝက်ကို မြသန္တာရမယ် မဟုတ်လား … ဒါကြောင့် မြသန္တာက အတာ့ကို ဖြားယောင်းမြူဆွယ်နေတယ် … အတာ့အရွယ်နဲ့အညီ ဆန္ဒတွေ နိုးကြားလာဖို့လည်း … ဒေါက်တာဖေကြိုင်ရဲ့ ဆေးဝါး အတတ်ပညာနဲ့ ကြိုးစားနေပုံပဲ … ”

“ဒါဆို … အတာနဲ့ မြသန္တာ တရားရုံးမှာတရားဝင်လက်ထပ်ပြီးပြီလားပဲနော် ကိုကိုစိုး … ”

“အဲဒါ … ကိုယ်ဆက်စုံစမ်းမယ် … ကိုယ့်အထင်တော့ … မအောင်မြင်သေးဘူးလို့ ထင်တာပဲ … ကြိုးစားနေတဲ့အဆင့်မှာပဲရှိဦးမယ် … ”

“ဒါဆိုလည်း ကိုကိုစိုးရယ် … မောင်လေး အတာကို မဝါ… အခုပဲ အမွေထက်ဝက်ခွဲပေးလိုက်ရင်ကော … ”

“ပိုဆိုးသွားမှာပေ့ါ … မြသန္တာက အတာ့ကို ပစ်ထားခဲ့ပြီး ပစ္စည်းတွေနဲ့ လစ်သွားရင် … မြသန္တာကို တမ်းတမ်းစွဲနေတဲ့အတာ့ကို ဘယ်လိုမှ ထိန်းလို့ရမှာ မဟုတ်တော့ဘူး”

သူမ၏ ကိုကိုစိုး ပြောပြသမျှမှာ အမှန်တွေချည်းဖြစ်နေသဖြင့် ကိုကိုစိုး၏ ရင်ခွင်ထဲ မျက်နှာအပ်ကာ ဝါဝါခိုင် ငိုချလိုက်ပေတော့သည်။



❖❖❖❖❖❖ [ ၁၉ ] ❖❖❖❖❖❖

ပျဉ်ထောင်အိမ်လေးထဲတွင် တစ်ယောက်ယောင်ဝင်နေပြီမှန်း စိုးပြည့်စုံ သိလိုက်ပါ၏။

တံခါးဆွဲဖွင့်ခြင်းနှင့် ခုန်အုပ်ခြင်းကို စိုးပြည့်စုံ တစ်ချိန်တည်းမှာပင် ပြုလိုက်သည်။

အုပ်မိ ဖမ်းမိပါ၏။

အခြားသူမဟုတ် ဒရိုင်ဘာ လူအောင်ဖြစ်နေသည်။

မည်သို့သော်အကြံအစည်ဖြင့် အိမ်ထဲသို့ တိတ်တခိုး ဝင်ရောက်ပေသနည်း။

“ပြောစမ်း … ကျုပ်မရှိတုန်း ကျုပ်အိမ်ထဲဝင်တာ … ဘာအကြံနဲ့လဲ … ”

“ဘာရယ်မဟုတ်ပါဘူး … စာရေးဆရာဆီမှာ အရက်လက်ကျန်လေးများ ရှိမလားလို့ပါ … ”

“ဒါ … ညာတာ … ခင်ဗျားအရက်တကယ်သောက်ချင်ရင်… ကျုပ်ပြန်လာတဲ့အထိ စောင့်ပါလား … ဒါမှမဟုတ် …

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာဆီမှာ ခင်ဗျားတောင်းပါလာ ... ခင်ဗျားနဲ့ မြသန္တာ ခင်မင်ပြီးသားပဲ ... ကျုပ်ဆီက အရက်တောင်းရလောက်တဲ့ အထိ ... ခင်ဗျားနဲ့ ကျုပ်ခင်မင်မှု မရှိတာပဲဟာ ... "

"ဒါတော့ ဒါပေါ့ ... ဒါပေမဲ့ ... ကျုပ်တကယ်အရက်ဆာနေလို့ပါ ... သိပ်သောက်ချင်နေလို့ပါ ... မြသန္တာကို ကျုပ်ရှာပါသေးတယ် ... မတွေ့တာနဲ့ ... "

"ကောင်းပြီ ... ခင်ဗျား သိပ်သောက်ချင်နေတယ်ဆိုရင် ... အခု ကျုပ်နဲ့အတူတူ ထိုင်သောက်မယ် ... ကျုပ်မှာ မဖောက်ရသေးတဲ့ ပုလင်းအသစ်ရှိတယ် ... "

စိုးပြည့်စုံက ကိုလူအောင် တကယ်သောက်မည်ဆိုပါက အတူသောက်မည်သာဖြစ်ပါ၏။ အရက်ကိုတိုက်ပြီး ကိုလူအောင်ထံမှ သိချင်တာလေးတွေ မေးမည်ဟု စိတ်ကူးလိုက်သည်။

မိမိအိမ်ထဲသို့ ကိုလူအောင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခြင်းကပင် မိမိအတွက် အခွင့်ကောင်းတစ်ခုဖြစ်နေပါ၏။

သို့သော် ကိုလူအောင်က ခေါင်းခါပြီး ငြင်းပေသည်။

"ကျေးဇူးတင်တယ် ... ဒါပေမဲ့ ... ကျုပ်မသောက်တော့ဘူး စာရေးဆရာ ... ဒီအိမ်မှာ ဆရာမကြီး ဒေါ်ဝါဝါခိုင်ပြန်ရောက်နေပြီ ... ကျုပ်အရက်သောက်လို့ မဖြစ်တော့ဘူး... တော်ကြာ ကားနဲ့သွားစရာရှိလို့ခေါ်ရင် ... ကျုပ်မူးနေလို့ မဖြစ်ဘူး ... အရက်နံ့ထွက်နေလို့လည်း မဖြစ်ဘူး ... ကျုပ် အလုပ်ပြုတ်သွားမယ် ... "

ကိုလူအောင်၏ စကားရှေ့နောက် မညီပေ။ ယင်းသို့ စကားရှေ့နောက် မညီခြင်းကပင် မိမိအိမ်လေးထဲသို့ အ[ကြ]



တစ်ခုခုနှင့် ဝင်ကြောင်း သိသာစေသည်။

စိုးပြည့်စုံက ကိုလူအောင်အား အလွတ်မပေးတော့ဘဲ သူ့အင်္ကျီရင်ဘတ်စကို ဆုပ်ကိုင်လိုက်သည်။

စိုးပြည့်စုံ ကြမ်းတော့မည်။

ဤအိမ်လေးထဲတွင် နှစ်ယောက်တည်း ရှိချိန်ဝယ် ဝင်ရောက်ဖျင်ပေးမည့်သူ မရှိ။ လူအောင် စိုးပြည့်စုံကို အန်တုလိုက တုလိုက်စမ်း။

လူအောင်သည် ကြောက်ကန်ကန်ရင်း စိုးပြည့်စုံကို လက်သီးနှင့် ပြန်ထိုးသည်။

မှားပြီပေါ့ ကိုလူအောင်။

စိုးပြည့်စုံက လက်အလွန်သွက်သည်။ လူအောင်၏ လက်သီး လေထဲဝဲနေစဉ်မှာပင် စိုးပြည့်စုံ၏ ဖြောင့်လက်သီးက လူအောင်၏ မျက်ခွက်ကြီးထဲဝင်သွားသည်။

မလှမပပင် လူအောင် ထိုင်ကျသွားပေသည်။ လူအောင်၏ နှာခေါင်းထဲမှ သွေးယိုစီးလာသည်ကို လူအောင်က သူ့လက်ဝါးဖြင့် ပွတ်ကြည့်ပြီး သွေးတွေမြင်ကာ မျက်စိမျက်နှာပျက်သွားသည်။

"ကြည့်စမ်း ... ငါ့နှာခေါင်းက သွေးတွေထွက်လာပြီ"

"ဟုတ်ကဲ့ ... ကိုလူအောင် ... ကျုပ်က အခုခင်ဗျားကို လက်သီးနဲ့ ထိုးရုံပါ ... ညက ခင်ဗျားက ကျုပ်ခေါင်းကို တုတ်နဲ့ရိုက်ခဲ့တယ်လေဗျာ ... "

"အိုး ... မဟုတ်တာ ... ခင်ဗျားကို ကျုပ်က ဘာလို့တုတ်နဲ့ ရိုက်မှာလဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုပဲ ... ကျုပ်က သိချင်နေတာလေဗျာ ... ညက ကျုပ်ကို ဘာလို့ရိုက်တာလဲ ..."

"ဘာရယ်ကွာ ..."

စိုးပြည့်စုံက ထိုင်နေသော လှအောင်၏ ကုတ်ပိုးကို ကိုင်၍ဆွဲထူလိုက်သည်။

"မင်း ... ငါ့ကို ထပ်မထိုးနဲ့ စာရေးဆရာအခုတောင် ... ငါ့နှာခေါင်းက သွေးထွက်နေပြီ ..."

လှအောင်သည် တကယ့် ကြက်အီးပါပေ။ ကြက်အီးဆိုသော အကောင်မှာ အခြားကြက်ဖြင့် မခွတ်ရသေးခင်ကတော့ တွန်ပြလိုက် တောင်ပံခတ်ပြလိုက်နှင့် ဟန်ရေးပြတော့ သိပ်ကောင်းသည်။ အဲ ခွတ်ပြီးဟော့ဆိုလျှင် သူပင်ခံစမြဲ ဖြစ်သည်။

"ဟုတ်ပြီ ... ကျုပ်ကလည်း သွေးထွက်တာ သိပ်မကြိုက်ဘူး ... သွေးထွက်စေတာ အပြစ်ပိုကြီးတယ် ... ဒီတော့... ခင်ဗျားလက်ကိုပဲ လိမ်ချိုးမယ် ..."

ကိုလှအောင်၏ လက်တစ်ဖက်ကို စိုးပြည့်စုံက နောက်လှန် လိမ်လိုက်သည်။

"ခင်ဗျားသိပါတယ် ... ကိုလှအောင် ... ခိုင်ဇေဟာကြီးဟာ အားလုံးလုံအောင် ပိတ်ထားရင် ... လူမပြောနဲ့ ... ခွေးတို့ ကြောင်တို့တောင် ... ဝင်ဖို့မလွယ်ဘူး ... ဒီတော့ ... ညက ကျုပ်ခေါင်းကို ရိုက်ခဲ့တဲ့သူဟာ အပြင်က လူတစ်ယောက် မဖြစ်နိုင်ဘူး ..."

"ဒါတော့ ဘယ်သိပါ့မလဲ ... စာရေးဆရာ ... မင်းအရိုက်ခံ ရတာ ... ငါလို့ စွပ်စွဲလို့ဖြစ်မလား ..."



"စွပ်စွဲလို့ သိပ်ဖြစ်တာပေါ့ ... မနေ့ညက ဒီခြံကြီးထဲမှာ ... ယောက်ျားဆိုလို့ ခင်ဗျားရယ် ... ကျုပ်ရယ် ... အတာရယ် သုံးယောက်ပဲရှိတယ် ... အတာက မြသန္တာနဲ့အတူ ရှိနေတာ ကျုပ်မြင်တယ် ... ဒီတော့ ကျုပ်ကိုရိုက်တဲ့သူဟာ ခင်ဗျားကလွဲပြီး တခြားဘယ်သူမှ မဖြစ်နိုင်ဘူး ... ပြော... ကျုပ်ခေါင်းကို မနေ့ညက ခင်ဗျားဘာလို့ ရိုက်တာလဲ ..."

"ငါမရိုက်ဘူး ... မနေ့ညက ငါအစောကြီး အိပ်ရာဝင်တာ"

စိုးပြည့်စုံက ကိုလှအောင်၏ လက်ကိုဖိလိမ်လိုက်သည်။

"အား ... နာတယ် ... ကျိုးတော့မယ် ..."

"ခင်ဗျား ... ညာနေတာကိုး ... ခင်ဗျားမှန်မှန်မပြောရင် ကျိုးသွားအောင် လိမ်ချိုးမှာပဲ ... မနေ့ညက ကိုးနာရီသာ သာ ခင်ဗျားနဲ့ ... နန်းအေးမူ စံပယ်ရုံကွယ် ကားဂိုဒေါင် ဘေးမှာ ချိန်းတွေ့ စကားပြောတာ ကျုပ်မြင်လည်းမြင် တယ် ... ကြားလည်းကြားတယ် ... ကဲပြော ... လက်ကျိုး မသွားချင်ရင် ..."

ကိုလှအောင် မငြင်းသာတော့ပေ။

"ငါ့ကို ... မြသန္တာ ရိုက်ခိုင်းတာ"

"ဘာဗျ ... မြသန္တာက ကျုပ်ကိုရိုက်လိုက်စမ်းလို့ ခိုင်းတာ လား ..."

"အဲဒီလိုတော့ မဟုတ်ဘူး ... မြသန္တာက သူနဲ့ အတာနဲ့ လှေစီးပြီး ရေလယ်ကိုသွားမယ် ... အရုပ်ဟောင်းတွေ သွားပြီးရေထဲပစ်ချမလို့တဲ့ ... အဲဒါ သူ့နောက်ကလိုက်လာတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူဆိုရင် ... ဘယ်သူဖြစ်ဖြစ် လိုက်မလာနိုင်အောင် ရိုက်ပေးထားတဲ့ ... နောက်ဆုံး ... ဆရာမကြီး ဒေါ်ဝါဝါခိုင်လိုက်လာရင်တောင် ရိုက်တဲ့ ... ဘယ်သူမှ လိုက်မလာစေနဲ့တဲ့"

"အဲဒီအတွက် ... မြသန္တာက ငါ့ကိုငွေသုံးထောင်ပေးတယ် ငါကလုပ်ပေးဖို့ ... လက်ခံလိုက်တယ် ... သူတို့လှေထွက်သွားတဲ့အထိ ငါက ချုံကွယ်ပြီးစောင့်ပေးနေတုန်း ... စာရေးဆရာရောက်လာလို့ ... ငါတာဝန်ယူထားတဲ့အတိုင်း ရိုက်ပေးလိုက်တာ ..."

ထိုစကားကို စိုးပြည့်စုံ လက်ခံပါ၏။

ကိုလူအောင်က မြသန္တာကို ငွေညှစ်ခြင်း ကိစ္စမှာ စိုးပြည့်စုံ ခိုင်ဂေဟာ မရောက်လာမီကတည်းက ကိစ္စသာဖြစ်သည်။

ယခုလက်တလော ကိစ္စများ ကင်မရာဓာတ်ပုံရှုံးစံရွှေအောင် မြသန္တာရှိသည့်နေရာသို့ ရောက်လာခြင်းကိစ္စကို မိမိ စုံစမ်းနေခြင်းသာဖြစ်သည်။

အောင်မင်္ဂလာရပ်ကွက် တရုတ်စားသောက်ဆိုင်တွင် ဖြစ်ခဲ့သော ကိစ္စနှင့်သက်ဆိုင်သူတွေမှာ မိမိ၊ မြသန္တာနှင့် စံရွှေအောင်သာဖြစ်သည်။ ခိုင်ဂေဟာက လူတွေ ဘယ်သူမှ မသိသော ကိစ္စသာဖြစ်သည်။

ယခုလောလောဆည် စိုးပြည့်စုံသိချင်သည်မှာ ညက အတာထမ်းသွားသော ရှည်မျောမျော အထုပ်ကြီးသည် စံရွှေအောင်၏ အလောင်းအထုပ်ကြီး ဖြစ်ပြီးအံ့၊ မြသန္တာက သူ၏ နောက်သို့ လိုက်လာသူမည်သူပဲဖြစ်စေ လိုက်မလာအောင် ဟန့်တားသဘော ရိုက်ပစ်ရမည်သာ။



"ကဲ ... ကျုပ်ထပ်မေးမယ် ... ခင်ဗျား ကျုပ်အိမ်လေးထဲကို ဘာလို့ ခိုးကျောင်ခိုးဝှက် ဝင်လာတာလဲ ကိုလူအောင်"

"ပြောပြီကောကွာ ... အရက်ပုလင်း ဝင်ရှာတာလို့ ..."

စိုးပြည့်စုံ လှန်ချိုးထားသောလက်ကို ပို၍ လိမ်လိုက်ပြန်သည်။

"အား ... အား ... ကျိုးတော့မယ်"

"ကျိုးမှာစိုးရင် ... မညာနဲ့လေဗျာ ... ကျုပ်က တကယ်ချိုးပစ်မှာ ... ဒီမှာမျက်မြင် သက်သေတစ်ယောက်မှ မရှိဘူး"

"လျှော့ ... လျှော့ ... ငါပြောမယ်"

စိုးပြည့်စုံ ခုမှ နည်းနည်းလျှော့ပေးသည်။

"မြသန္တာက မင်းအလစ်မှာ ... မင်းအိမ်ထဲဝင်ကြည့်ပေးပါတဲ့ ... သူနဲ့ပတ်သက်တာ ဘာတွေတွေ့သလဲ ... တွေ့ရင် ယူလာပေးရမယ်တဲ့ ..."

"ဒီနေ့ ခင်ဗျားနဲ့ မြသန္တာဘယ်အချိန်မှာတွေ့ကြတာမို့ ... အခု ခင်ဗျားက ကျုပ်အခန်းထဲဝင်ရှာတာလဲ ..."

"မင်းနဲ့ ... ဆရာမကြီး ဒေါ်ဝါဝါခိုင် တန်းလျားမှာ စကားပြောနေတုန်း ... မြသန္တာ ငါ့ဆီလာတယ် ... ခြံထဲမှာ စာရေးဆရာဟာ ... ဝါဝါခိုင်နဲ့ အကြည်ဆိုက်နေတယ်တဲ့... အနည်းဆုံး နောက်ထပ်တစ်နာရီလောက် ကြာနိုင်တယ်တဲ့ ဒါကြောင့် ... မင်းခန်းထဲ သွားကြည့်ပေးလို့ ခိုင်းတာလေကွာ ..."

"မြသန္တာက ကျုပ်အိမ်ထဲမှာ ဘာကိုရှာခိုင်းတာလဲ ..."

"ဘာရယ်လို့ တိတိကျကျ မဟုတ်ဘူး ... ညက စာရေးဆရာ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုလူအောင် ဖြေစမ်း ... ကျုပ်တစ်ခု ထပ်မေးမယ် မလိမ်နဲ့ ... မညာနဲ့ ... မှန်တာ ဖြေ ... ခင်ဗျားဖြေတာ မကျေနပ်ရင် တကယ်ပဲ ခင်ဗျားလက်ကို ချိုးပစ်တော့မယ် ပြီးတော့ မဝါကိုလည်း ခင်ဗျားအကြောင်းတွေ ပြောပြမယ်"

"မေးမှာသာ မေးကွာ ... "

"ခင်ဗျား မြသန္တာကို ငွေညှစ်နေတယ် ... ငွေညှစ်နိုင်လောက်အောင် မြသန္တာအပေါ်မှာ ဘယ်လိုနိုင်ကွက်ရထားလဲ ... အဲဒါကို ဖြေပေတော့ ... "

"ကြံကြံဖန်ဖန်ပါလား စာရေးဆရာ ... ငါက မြသန္တာအပေါ် ဘယ်လိုငွေညှစ်နိုင်မှာလဲ ... သူက ငါ့ထက် အပြန်တစ်ရာ ပိုလည်တယ် ... ငါ့အတွက် မင်းကို ရိုက်ပေးလို့ ငွေသုံးထောင်ရတယ် ... အခု ငါ့ကို မင်းကမမိရင် ငွေနှစ်ထောင်ပေးရမယ် ... ဒါပဲ ... "

"ဟုတ်လား ... ဒါပဲလား ... "

"အား ... အား ... အား ... ကျွတ် ... ကျွတ် ... နာတယ်ကွ သိပ်နာတယ် ... ကျိုးတော့မယ် ... "

"ခင်ဗျား မညာနဲ့ ကျုပ်ပြောထားတယ်လေ ... ခင်ဗျားလက်ကိုချိုးပြီး ရဲလက်ကို ခင်ဗျားကို အပ်လိုက်မယ် ... အခု လက်ရှိအခြေအနေဟာ ဒီပျဉ်ထောင်အိမ်လေးဟာ မဝါရဲ့ ခွင့်ပြုချက်အရ ကျုပ်အိမ်ပဲ ... ကျုပ်အိမ်ထဲကို ခင်ဗျားတိတ်တိတ်ဝင်တာဟာ သူခိုးလို့လည်း ပုဒ်မတတ်နိုင်တယ် ပိုင်နက်ကျူးလွန်မှုပုဒ်မလည်း တတ်လို့ရတယ် ... ကျုပ်အိမ်ထဲ ကျူးကျော်ဝင်ရောက်လာပြီး ပစ္စည်းခိုးဖို့ ကြံစည်တာ



ကျုပ်က မိသွားတာမို့ နှစ်ယောက်သတ်ပုတ်ရင်း ခင်ဗျားလက်ကျိုးသွားတာလို့ ကျုပ်က တိုင်ချက်ဖွင့်နိုင်တယ် ... ရဲလက်ထဲ ခင်ဗျားရောက်သွားတာနဲ့ မြသန္တာကို ခင်ဗျားငွေညှစ်နိုင်တာရော ... ပန်းချီဆရာ ကိုဒီပကိစ္စရော ခင်ဗျားနဲ့ မြသန္တာ ပူးပေါင်းတာတွေရော အားလုံးတစ်သီကြီး ရဲက ခြေရာကောက်စစ်ဆေးမေးမှာ သေချာတယ် ... "

"မင်း ဘာတွေ ပြောနေတာလဲ ... မင်းပြောတာတွေ ငါ နားမလည်ဘူး စာရေးဆရာ ... "

"ဒီမယ် ကိုလူအောင် ... မနေ့က ခင်ဗျား နန်းအေးမူနဲ့တွေ့ပြီး တက္ကစီကားတစ်စီး ကောင်းကောင်းစပေါ်တင်နိုင်ရင် အလုပ်ထွက်တော့မယ် ... အဲဒီစပေါ်ငွေကို ခင်ဗျား မြသန္တာဆီက ညှစ်ယူနေတယ် ... နောက်ထပ် ငါးသောင်းရပြီးရင် နန်းအေးမူကို လက်ထပ်ယူပြီး တက္ကစီမောင်းတော့မယ်လို့ ပြောတာတွေကို ကျုပ်အားလုံးကြားပြီးသား ကိုလူအောင်"

ဒီတစ်ခါတော့ ဒရိုင်ဘာလူအောင် တစ်ချီတည်း ငြိမ်ကျသွားတော့သည်။ ဘယ်လိုမှ မငြင်းနိုင်တော့ပြီ။

"ပြောမယ်ကွယ် ... မထူးတော့ဘူး ... မင်းဟာ တကယ်ပဲ ကျားထက်တောင် ကြောက်စရာကောင်းတယ် ... နားထောင် ... ပန်းချီဆရာ ဒီပကို ဘူတာရုံလိုက်ပို့တော့ ငါက မောင်းပို့ရတာမို့ သူတို့ပြောတာ ငါအားလုံးကြားတယ် ... ဒီပက သူမန္တလေး မပြန်ဘူးတဲ့ မြသန္တာနဲ့ လက်ထပ်ပြီးမှ နှစ်ယောက်အတူ မန္တလေးကို ပြန်မယ်တဲ့ ... ဒီတော့ မြသန္တာက ဟက်ဟက်ပက်ပက် ရယ်မောပြီး ... ရှင့်လိုလူကို

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်သက် ဘယ်တော့မှ မယူဘူး ... လက်မထပ်ဘူးတဲ့ ကျွန်မက ကျိကျိတက် ချမ်းသာချင်တာတဲ့ ... ရှင့်ပန်းချီ ဝင်ငွေလောက်နဲ့ နောက်ပြီး ရှင့်ကို ကျွန်မ အသုံးချရုံကလွဲပြီး လုံးဝစိတ်မဝင်စားဘူးတဲ့ ... ”

“ဒီတော့ ဒီပက သူ့ကိုလက်မထပ်ရင် မြသန္တာရဲ့အကြောင်းတွေကို ရဲကိုဖွင့်တိုင်မယ်လို့ ပြောတယ် ... ”

“ကိုဒီပက မြသန္တာကို ဘာအကြောင်းနဲ့ ရဲကိုတိုင်မှာလို့ ပြောသလဲ ... ”

“ဒါတော့ ငါဘယ်သိမလဲ ... သူတို့အချင်းချင်းသာ နားလည်တဲ့ စကားပဲ ... ဒီပက အဲဒီလိုပြောလိုက်တော့ မြသန္တာ ငြိမ်သွားတယ် ... ခဏကြာအောင် ငြိမ်နေပြီးမှ ဒါဆို ခဏ အချိန်ကို စောင့်တဲ့ ... ဒီကိစ္စအတွက် ရှင်နဲ့ ကျွန်မ နှစ်ယောက်တည်း ထပ်တွေ့မယ်တဲ့ ... ရှင့်ကို လက်ထပ်ပြီး မန္တလေးကို လိုက်ဖို့ ကျွန်မပြန်စဉ်းစားမယ်လို့ မြသန္တာက ပြန်ပြောတယ် ... ဒါပေမဲ့ ... ”

“ဒါပေမဲ့ ဘာဖြစ်လဲ ... ဆက်ပြောလေ ... ခင်ဗျား မြသန္တာကို ငွေညှစ်နိုင်တဲ့အကြောင်း ဆက်ပြော ... ”

“နောက်တစ်နေ့မှာ မြသန္တာနောက်ကို ငါလိုက်ချောင်းတယ် ... အဲဒီနေ့က မြသန္တာဟာ အပြင်ကို မထွက်ဘူး ... ခိုင်ဂေဟာမှာပဲ နေတယ် ... အဲ ... နေ့ခင်းပိုင်းကျမှ မြသန္တာက အင်ကီလှေကို တစ်ယောက်တည်း လှော်ပြီး ခိုင်ဂေဟာ တံတားဆိပ်ကနေ ထွက်သွားတယ် ... ”

“ခင်ဗျားက နောက်ကလိုက်ချောင်းတယ်ပေါ့ ဟုတ်လား”



“ဘယ်လိုက်နိုင်မလဲကွာ ... လှေအပိုမှ မရှိတာ ... နောက်ပြီး လှေအပိုရှိလို့ လိုက်တယ်ထားဦး ... ကုန်းပေါ်မှာလို အကာအကွယ်ရှိတာမှ မဟုတ်တာ ... ရေပြင်ကြီးထဲမှာ နောက်က ဖြောင့်လိုက်ရင် မြသန္တာက မြင်သွားမှာပေါ့ ... ဒါပေမဲ့ ငါက အပိုင်တွက်တယ်လေ ... မြသန္တာ ထွက်သွားတာဟာ ဒီပနဲ့ တွေ့ဖို့သွားတာ ဖြစ်ရမယ် ... အင်းလျားရေပြင်ကြီးက ရန်ကုန်မြို့အနှံ့အပြား ကမ်းကိုသွားနိုင်တာပဲ ... ဒီတော့ ငါက မြသန္တာပြန်မလာမချင်း တံတားဆိပ်က ထိုင်စောင့်တယ် ... ”

“မြသန္တာသွားတာ ဘယ်လောက်ကြာသလဲ ... ”

“ငါ နာရီကိုကြည့်ပြီး သေချာမှတ်ထားတယ် ... တစ်နာရီနဲ့ မိနစ်လေးဆယ်ကြာတယ် ... သူပြန်လာပြီး တံတားကို ပြန်ကပ်တော့ ငါက တံတားပေါ်မှာ လေညင်းခံနေတဲ့ ပုံစံမျိုးနဲ့ သူ့ကို ဘယ်ကပြန်လာတာလဲလို့ မေးလိုက်တယ် ... သူက အညောင်းပြေ လေသန့်ရှူရင်း လှေလှော်ထွက်သွားတာလို့ ပြောတယ် ... ”

“ခင်ဗျားဟာ ငွေညှစ်တဲ့ ကိစ္စ မရောက်တော့ဘူးလား ... အပိုစကားတွေပဲ လျှောက်ပြောနေတယ် ... ”

“ငါက မြသန္တာကို ပန်းချီဆရာဒီပဆီသွားတာ မဟုတ်လားလို့ ပြန်မေးတယ် ... မြသန္တာက ဘာမှပြန်မပြောဘဲ ထွက်သွားတယ် ... ဒီမှာ စာရေးဆရာ ငါပြောမယ် တကယ်တော့ မြသန္တာကို ငါထိုင်စောင့်ပြီး သူပြန်လာတော့ ငါမေးတာ မြန်းတာဟာ ဘာရည်ရွယ်ချက်ကြီးကြီးမားမားမှ မပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင် ငါလည်း ပန်းချီဆရာဒီပလို မြသန္တာကို မြသန္တာက လက်ခံမလားဆိုတဲ့ ရည်ရွယ်ချက်ပဲရှိတယ် … တခြား ဘာမှမရှိဘူး … ဒါပေမဲ့ပေါ့ကွာ ပန်းချီဆရာဒီပရဲ့ အလောင်းကြီး ရေထဲက ပေါ်လာပြီး ရဲတွေက ဒီအလောင်းကိစ္စ ကိုင်တွယ်တော့ မြသန္တာ ငါ့ဆီရောက်လာတယ် … ငါ့ကို ရဲတွေက စစ်ဆေးမေးမြန်းစုံစမ်းရင် ဒီပကို ဘုတ္တာလိုက်ပို့တုန်းက … ကားပေါ်မှာ ကိုဒီပနဲ့ နောက်ထပ်တွေ့မယ်လို့ သူပြောတာကို ရဲတွေကို ထည့်မပြောပါနဲ့ဆိုပြီး နုတ်ပိတ်ခ ငါ့ကို ငွေသုံးသောင်း ပက်ခနဲ ပေးသွားတယ် … ဒင်ဂီလှေနဲ့ သူတစ်ယောက်တည်းသွားတာကိုလည်း ရဲတွေကို မပြောပါနဲ့တဲ့ … ”

“အဲဒီတော့မှ ငါက အကြံရတာကွ … ဒီနောက် ရဲတွေကို မပြောစေချင်ရင် ငွေထပ်ပေးဆိုပြီး မြသန္တာဆီက ငါငွေညှစ်တော့တာပဲ … ငါသိတာနဲ့ ငါပြောနိုင်တာက ဒါလောက်ပဲ စာရေးဆရာ … ငါ့စိတ်ကူးက တက္ကစီကားတစ်စီးစပေါ်တင် မောင်းနိုင်တဲ့အထိရောက်ရင် နှန်းအေးမှုနဲ့ လက်ထပ်ပြီး အလုပ်ထွက်မယ် … လင်မယားနှစ်ယောက်အတွက် တက္ကစီမောင်းစားရင် လုံလောက်တယ်လို့ တွက်ထားတယ်လေ … ”

စိုးပြည့်စုံက လက်လိမ်ချိုးထားရာမှ လှအောင်ကို ဆောင့်တွန်းပစ်လိုက်သည်။

“သွားတော့ … ခွေးဖျား သွားတော့ … ”

လှအောင် တစ်ချိုးတည်း ထွက်သွားပါ၏။



စိုးပြည့်စုံ မြသန္တာကို လုံးဝမချစ်ပါ၊ သို့သော် မုန်းလည်း မမုန်းပါ။ လှအောင်က ဒီလိုငွေညှစ်ခြင်းကို လှအောင်၏မျက်နှာကြီး စုတ်ပြတ်သွားအောင် ထိုးချင်မိသည်။

စဉ်းစားကြည့်လျှင် မြသန္တာနှင့် လှအောင်သည် အတူတူပင်ဖြစ်နေပါ၏။

မြသန္တာက ဝံပုလွေကို ကောက်ကျစ်ပြီး မဝါထံမှ စည်းစိမ်ထက်ဝက်ရရှိရေး ကြိုးစားနေသည်။

လှအောင်ကလည်း မြေခွေးလိုကောက်ကျစ်စွာဖြင့် မြသန္တာထံမှ ငွေညှစ်နေသည်။

ဘာထူးသေးသနည်း။

သူတို့နှစ်ယောက်စလုံးသည် စရိုက်တူကောက်ကျစ်သူတွေချည်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



❀❀❀❀❀❀ [ ၂၀ ] ❀❀❀❀❀❀

ယနေ့ညစာ ထမင်းဝိုင်းတွင် မျက်နှာလေးမျက်နှာ ဆုံကြသည်။

ဝါဝါခိုင်၊ အတာ၊ မြသန္တာနှင့် စိုးပြည့်စုံတို့ လေးဦးဖြစ်ကြပါ၏။

စိုးပြည့်စုံနှင့် မြသန္တာသည် အလိုလိုပင် သူတို့ဟာသူတို့မျက်နှာတန်းသွားကြသည်။ အပြောအဆိုလည်း တန်းသွားသည်။ တစ်ဦးနှင့်တစ်ဦး ဖွင့်မပြောစေကာမူ ရင်ထဲ စိတ်ထဲမှ အသိကိုယ်စီနှင့် တန်းသွားကြခြင်းပါပေ။

မြသန္တာ၏ စိတ်ထဲတွင် စိုးပြည့်စုံသည် သူမ၏အကြောင်းကို မည်မျှအထိ သိသွားလေပြီနည်းဟု စိုးရွံ့ပုံပေါ်နေသည်။

စိုးပြည့်စုံအဖို့လည်း ဝါဝါခိုင်နှင့် ချစ်ကြပြီမို့ ဝါဝါခိုင်ရှေ့တွင် မြသန္တာကို ခေါ်ပြောရန် ဝန်လေးနေသည်။



သို့သော် မြသန္တာသည် ခဏခေတ္တသာ တန်းသွားသော်လည်း သူမကိုယ်ကို ဟန်မပျက် ပြန်၍ထိန်းနိုင်ပေသည်။

ယနေ့ညစာ ထမင်းဝိုင်းတွင် မြသန္တာက ဇာဝမ်းဆက် အစိမ်းရောင် ဝတ်ထားသည်။ တစ်ကိုယ်လုံး မြစိမ်းရောင်မင်းသမီးဖြစ်နေသည်။ ဘယ်တော့ ကြည့်ကြည့် မြသန္တာသည် တပ်မက်ဖွယ်ကောင်းအောင် ဆင်ပြင်နိုင်ပေသည်။

ယနေ့ညနေ ထမင်းဝိုင်းတွင် ဝါဝါခိုင်လည်း မသိမသာလေး ပြောင်းလဲနေပါ၏။ ခါတိုင်းနေ့များဆိုလျှင် မီးခိုးရောင်၊ အဖြူရောင် စသည့် ခပ်မှိုင်းမှိုင်း ထမီအင်္ကျီများ ဝတ်လေ့ရှိသည်။

ယခုမူ ဝါဝါခိုင်သည် ပျော့အိသော အဝါပုပ်ရောင် ဖဲသားဆန်ဆန် ဝတ်ဆင်ထားသည်။ အင်္ကျီမှာလည်း ရင်စေ့အင်္ကျီမို့ အလယ်တွင် ကြယ်သီးငါးလုံးတပ်ခြင်းဖြင့် သူမ၏ပင်ကိုယ်အရှိ မို့ဝန်းသော ရင်အစုံ၏ ပုံရိပ်ပေါ်ပေသည်။

သနပ်ခါးရေကျဲလေး မဟုတ်တော့၊ မသိမသာ ပင်ကိုယ်ဝင်းအသားရောင်နှင့် လိုက်ဖက်သော မိတ်ကပ်ပါးပါးလေး မသိမသာ လိမ်းထားသည်။ နှုတ်ခမ်းတွင်လည်း နီတျာရဲမျိုးမဟုတ်ဘဲ ပန်းနုရောင်ဖျော့ဖျော့လေး ဆိုးထားသည်။ နဂို နှုတ်ခမ်းရောင်ကို ပို၍ထင်ရှားစေရန် မသိမသာ ထပ်ဖို့ထားသလောက်သာ ရှိသည်။

မိမိကို သူမ၏ ရင်ထဲ နှလုံးသားထဲက တကယ် ပြန်ချစ်လာပေတော့ အတာကြောင့် လက်မထပ်နိုင်ပါဟု ဆိုသည့်တိုင်အောင် ချစ်သူ၏ မျက်မှောက်တွင် သူမကိုယ်ကို ပို၍လှစေလိုသည့် သဘောပါပေ၊ ဩော် … ဝါဝါခိုင်လည်း ဘယ်မျှရင့်ကျက်ပါသည်ဆို

www.burmeseclassic.com

www.burmeseclassic.com



စေ သူမသည် မိန်းမသားသာလျှင် ဖြစ်ပါ၏။

မပြင်ဆင်ဘဲနေလျှင် ကပိုကရိုလေး လှသလို နည်းနည်းလေး ပြင်ဆင်လိုက်သည်နှင့် နဂိုရှိ နကိုင်းထွက် ဝါဝါခိုင် ပို၍လှပေသည်။

စိုးပြည့်စုံသည် ချစ်စွာသော မဝါအား ကြည့်မဝ ရှုမဝ မကြာခဏ ကြည့်မိနေပါ၏။ မဝါကိုယ်တိုင်ကလည်း ချစ်မိသော ကိုကိုစိုးအား ခဏခဏ ပြန်ကြည့်မိသည်။

အချစ်နှင့် ချောင်းဆိုးခြင်းသည် ကွယ်ဝှက်၍မရဟု သိုးဆောင်းစကားတစ်ပုဒ်ရှိသည် မဟုတ်ပါလား။

အလွန်ပါးနပ်သော မြသန္တာသည် ဝါဝါခိုင်နှင့် စိုးပြည့်စုံအား အကဲခတ်ခြင်းဖြင့် သူတို့နှစ်ယောက် ချစ်သွားကြပြီမှန်း သိရှိလိုက်ပေသည်။

ဆိတ်ငြိမ်စွာ စားသောက်နေကြပြီး ထက်ဝက်ကျိုးချိန်လောက်တွင် မြသန္တာကပင် စကားစတင်ပြောသော အသံထွက်လာသည်။

"မြသန္တာ ထမင်းစားရင်း မဝါကို သေချာ တစိမ့်စိမ့်ကြည့်မိတယ် ... မဝါဟာ ခါတိုင်းနေ့တွေထက် ဒီနေ့ တအားကြီးပိုလှလာလို့လေ ... တကယ်ပါ မဝါ သိပ်ချောတယ် သိပ်လှတယ် ... "

"ကျေးဇူးတင်ပါတယ် မြသန္တာ ... "

"တကယ်လှလို့ လှတယ်ပြောတာပါ ... ကျေးဇူးတင်ဖို့ မလိုပါဘူး မဝါ ... "

တစ်ဆက်တည်းမှာပင် မြသန္တာသည် စိုးပြည့်စုံအား



ပြောလိုက်ပြန်သည်။

"ဒေး ... ထမင်းတွေ ကုန်းတုပ်နေတဲ့ ဆရာကိုသစ္စာ ... ဆရာက စာရေးဆရာဆိုတော့ အနုပညာမျက်စိရှိပြီးသားနော် ... အခု ဒီဝိုင်းမှာ မဝါက အဝါရောင်ဝမ်းဆက်နဲ့ ... မြသန္တာက အစိမ်းရောင်ဝမ်းဆက်နဲ့ ... ကဲ ... ဆရာရဲ့ အနုပညာမျက်စိအရ မြင်တဲ့အတိုင်း ပြောပြပါနော် ... မဝါနဲ့ မြသန္တာ ဘယ်သူက ပိုလှလဲလို့ ... "

ဤသည်ပင်လျှင် မြသန္တာက စိုးပြည့်စုံကို စာမေးပွဲ ခစ်လိုက်ခြင်းဖြစ်တော့သည်။

အကယ်၍ စိုးပြည့်စုံက ဝါဝါခိုင်ထက် မိမိကို ပို၍ချစ်လျှင် မြသန္တာက ပိုလှတာပေါ့ဟုလည်းကောင်း၊

မဝါက ပိုလှတာပေါ့ဟု ဖြေလျှင် မဝါကို သူမထက် ပိုချစ်၍ဟုလည်းကောင်း အဖြေထွက်စေရန် တဲ့တိုးမေးခွန်းကြီးမေးလိုက်ခြင်းဖြစ်ပါ၏။

ဘာပဲပြောပြော ဘယ်သူ့ကို မေးမေး၊ ဤနေရာ ဤမေးခွန်းတွင် ဝါဝါခိုင်ကသာ ပို၍လှနေသည်မို့ ဝါဝါခိုင် ပို၍လှသည်ဟုသာ ဖြေကြမည် အမှန်။

"ဖြေလေ ... ဆရာကိုသစ္စာ ... "

စိုးပြည့်စုံက ပြုံးရုံ ပြုံးကာ ဖြေပါ၏။

"လှတယ် ... ချောတယ်ဆိုတာ သူ့ဟာနဲ့ သူပဲ မြသန္တာ"

"ဘယ်လို သူ့ဟာနဲ့သူလဲ ... မြသန္တာ ဖော်လို့မလိုက်နိုင်ဘူး လူပိန်းနားလည်တဲ့စကားနဲ့ ပြောပါ ... "

www.burmeseclassic.com

www.burmeseclassic.com



"လွယ်လွယ်ပဲ တို့ပြောပါမယ် ... အခု မြသန္တာက အစိမ်းရောင် ဝတ်ထားသော့ ဥဒေါင်းငှက်ပေါ့ ... မဝါက အဝါရောင်ဝတ်ထားတော့ ဟင်္သာငှက်ပေါ့ ... အဲဒီ့တော့ ဥဒေါင်းငှက်ဟာ ဥဒေါင်းငှက်လိုပဲ လှတယ် ... ဟင်္သာကလည်း ဟင်္သာလိုပဲ လှတာပဲပေါ့ ... ဘယ်သူက ပိုပြီးလှတယ်လို့ ပြောရအောင် ဥဒေါင်းငှက်နဲ့ ဟင်္သာငှက်ဟာ အမျိုးချင်းတူတာမှ မဟုတ်တာ ... တကယ်လို့သာ မဝါက အစိမ်းရောင်ဝတ်ထားမယ် ... ဒါမှမဟုတ် မြသန္တာက အဝါရောင်ဝတ်ထားမယ်ဆိုရင်တော့ အမျိုးတူ အရောင်တူမို့ ဘယ်သူက ပိုလှတယ်လို့ ပြောနိုင်မယ်ထင်တာပဲ ... အခုတော့ ဥဒေါင်းဟာ ဥဒေါင်းလိုလှတယ် ... ဟင်္သာဟာ ဟင်္သာလိုလှတယ်လို့ပဲ တို့မြင်တယ် မြသန္တာ ... "

"ဟဲ ... ဟဲ ... ဆရာကိုသစ္စာ သိပ်ပညာရှိ ဆန်လွန်းပါပြီ ဆရာကိုသစ္စာရဲ့ ပညာရှိအဖြေထဲမှာ ညာတာတွေ ပါနေပြီ ဘာလို့လဲဆိုတော့ မဝါဟာ သူ့ရဲ့ပင်ကိုယ် အသားရောင်နဲ့ အခု အဝါရင့်ရောင်ဝတ်ထားတာဟာ သိပ်ကို လိုက်ဖက်ပြီး မဝါက သိပ်ကိုလှနေတယ် ... ဒါကို မြသန္တာကိုယ်တိုင် မျက်စိနဲ့ မြင်တွေ့နေတယ် ... ဒါကြောင့်လည်း မြသန္တာကိုယ်တိုင် မဝါရဲ့ အလှကို ထုတ်ဖော်ချီးကျူးတယ် ... ဒါပေမဲ့ ... "

မြသန္တာသည် ခရင်းနှင့် ဇွန်းကို ချလိုက်ပြီး လက်သုတ်ပဝါနှင့် နှုတ်ခမ်းကို သပ်နေခြင်းဖြင့် စကားကိုရပ်ထားပြီး



ထမင်းစားပြီးသွားကြောင်း ထင်ရှားစေသည်။ ပြီးမှ သူမ၏ ဒါပေမဲ့ စကားကို ဆက်ပြောသည်။

"မြသန္တာက အစိမ်းရောင်ဝမ်းဆက်နဲ့ ဥဒေါင်းလို လှနေပါတယ် ဆိုတာ ဆရာကိုသစ္စာ ညာလိုက်တာပဲ ... ဘာလို့လဲဆိုတော့ မြသန္တာရဲ့ ပင်ကိုယ်အသားရောင်ဟာ အနီရဲရဲတို့ အဝါရင့်ရင့်တို့ ဝတ်လိုက်ရင် လိုက်ဖက်ပေမဲ့ အစိမ်းရောင်နဲ့ဆိုရင် လုံးဝမလိုက်ဖက်ဘူး ... တစ်နေ့ကို မှန်အခါတစ်ရာလောက် ကိုယ့်ဟာကိုယ် ပြန်ကြည့်နေတဲ့ မြသန္တာဟာ အစိမ်းရင့်ရောင်ဆိုရင် ဘယ်တော့မှ မဝတ်ဘူး ... ဟော့ဒီ ဝတ်ထားတဲ့ အစိမ်းရောင်ဝမ်းဆက်ဟာ ကိုယ်နဲ့မလိုက်မှန်းသိပေမဲ့ အရောင်စုံရှိနေအောင် ချုပ်ထားတဲ့သဘောပဲ ... ကြည့်လေ ... ဒီအစိမ်းရောင်ဝမ်းဆက်ဟာ အသစ်စက်စက်ကြီးရှိသေးတယ် ... အရင်က တစ်ခါမှ မဝတ်ခဲ့တာ ... ကနေ့ညစာ ထမင်းဝိုင်းကိုလာမှ ကိုယ်နဲ့မလိုက်မှန်းသိတဲ့ ဒီအစိမ်းရောင်ကို ဟာမင်ဝတ်လာတာ ... "

ဝါဝါခိုင်က နှစ်သိမ့်စကား ပြောပေးရှာပါ၏။

"မြသန္တာနဲ့ အခု အစိမ်းရောင်ဝတ်ထားတာ လိုက်သားပဲ ကြည့်ကောင်းနေသားပဲ ... "

"ကြည့်ကောင်းချင်လည်း ကောင်းမှာပေါ့လေ ... ဒါပေမဲ့ အစိမ်းရောင်ဆိုတာ စိမ်းကားတဲ့ သဘောတွေပါနေလို့ မြသန္တာ မဝတ်တာလို့ပဲ ဆိုပါတော့ ... မြသန္တာရဲ့ဘဝမှာ အစိမ်းကားခံရတာတွေက များလွန်းနေပြီလေ ... တောင်ကြီးက မမမိုးကလည်း မြသန္တာကို ညီမအရင်းခေါက်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



စိမ်းကားလွှတ်လိုက်တာမို့ မြသန္တာ ရန်ကုန်ကို လွင့်လာရတာ ... အို ... မြသန္တာချစ်တဲ့သူတွေက မြသန္တာကို စိမ်းကားလိုက်တာချည်းပဲ ... ”

မြသန္တာ၏ အပြောလေသံထဲတွင် ဒေါသသံပါနေသည်။ နာကြည်းသံ ပါနေသည်။

သို့သော် မြသန္တာသည် မျက်ရည်တစ်စက်မကျပေ၊ မြသန္တာ၏ စိတ်ဓာတ်ကို အတော်အတန် စိုးပြည့်စုံ သဘောပေါက်ပါ၏။ မဝါနှင့် မိမိချစ်သွားခြင်းသည် မိမိက သူ့အပေါ် စိမ်းကားခြင်းဟု မြသန္တာ ယူမှတ်နာကြည်းဟန်တူပါ၏။

တစ်ချိန်လုံး ထမင်းဝိုင်းတွင် စားချင်ရာ နှိုက်စားကာ အဖိတ်ဖိတ် အစင်စင်နှင့် ငြိမ်ငြိမ်းစားနေသော အတာသည် ယခု မြသန္တာ စားပြီးသွားသည်နှင့် အတာလည်း ဗိုက်ဝသွားပုံရသည်။

“ကဲ ... မမမြလည်း စားပြီးသွားပြီ ... အတာလည်း ဗိုက်ဝသွားပြီ ... လာလေ မမမြ ... ခြံထဲသွားပြီး လေယာဉ်ပျံလွှတ်မယ်လေ ... ”

“အေး ... ကောင်းတယ် အတာ ... လာ ခြံထဲသွားကြစို့”

အတာ့ကို လက်ဆွဲကာ မြသန္တာ ခြံထဲသို့သွားရန်ထရပ်လိုက်သည်။

“ဒေါင်ဒင် ... ဒေါင်ဒင် ... နာရီမြည် ...
စုန်းမကြီး သေသွားပြီ ... ”

အတာက ထုံးစံအတိုင်း သီချင်းလို လုပ်ဆိုရာမှ မြသန္တာကို ပြောသံထွက်လာသည်။



“မနေ့ညကပဲ စုန်းမကြီးသေသွားတာနော် မမမြ ... ”

မြသန္တာက အတာ၏လက်ကို ဆောင့်ဆွဲလိုက်ပေသည်။ ပြီး အတာ့ကို ငေါက်ပြော ပြောလိုက်ပါ၏။

“တိတ်စမ်း အတာ ... ပါးစပ်က တွေ့ကရာတွေ လျှောက်ပြောမနေနဲ့ ... ”

“ဟာဗျာ ... မမမြကလည်း အတာတွေ့ကရာ လျှောက်ဆိုတာမှ မဟုတ်တာ ... ဟုတ်တာတွေကို ဆိုနေတာပဲဟာ မနေ့ညကပဲ မမမြနဲ့ အတာ့ကို နှစ်ယောက်ပေါင်းပြီး စုန်းမကြီးကို သတ်လိုက်တာပဲလေ မမမြ ... ”

“တိတ်ဆို တိတ်စမ်း အတာ ... နောက်ထပ်လည်း ဒီ ဒေါင်ဒင်နာရီမြည် ... သီချင်းမဆိုနဲ့တော့ ... ”

မြသန္တာသည် အတာက ညကပဲ စုန်းမကြီးကို မမမြနဲ့ အတာကပေါင်းပြီး သတ်လိုက်တယ်ဆိုသည့် စကားအတွက် အထူးတလည် တုန်လှုပ်ခြင်းမျိုး မရှိပေ၊ ထိုစကားကြောင့် မလုံမလဲသော အမူအရာမျိုးလည်း မရှိပေ။

“အဲဒီသီချင်း မဆိုလို့ အတာက ဘယ်သီချင်းဆိုရမှာလဲ ... ဒါဆို သီချင်းအသစ်သင်ပေးလေ ... ”

စိုးပြည့်စုံသည် မြသန္တာနှင့် အတာ အပြန်အလှန်ပြောသည်ကို နားစွင့်ထောင်နေရပါ၏။ ထမင်းစားနှေးသော မဝါကတော့ ယခုမှ ထမင်းကို လက်စသိမ်း စားပြီးသွားသည်။

စိုးပြည့်စုံသည် မြသန္တာနှင့် အတာ အပြန်အလှန်ပြောသည်ကို နားစွင့်ထောင်နေပါ၏။ ထမင်းစားနှေးသော မဝါကတော့ ယခုမှ ထမင်းကို လက်စသိမ်းစားပြီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါဆို အတာ့ကို မမမြက သီချင်းအသစ်တစ်ပုဒ် သင်ပေးမယ် ... အဲဒီသီချင်းကို ဆို ... သေချာမှတ်နော်"

အဘိုးကြီးအို ခါးကုန်းကုန်း၊
မသေပါနဲ့ဦး၊
မနေ့တုန်းက ဆရာရေ ...
သေလိုက်ပေတော့ ဒီနေ့ ... ဒီနေ့ ... ။

မြသန္တာ၏ သီချင်းအသစ်ကို အတာက လိုက်ဆိုရင်း အိမ်ထဲမှ ထွက်သွားကြတော့သည်။ မြသန္တာ၏ သီချင်းသစ်ကြောင့် စိုးပြည့်စုံ ငူငူငေါင်ငေါင် ဖြစ်သွားပေသည်။

"ဘာလို့ ငေါင်သွားတာလဲ ကိုကိုစိုး ... "

မဝါက စိုးပြည့်စုံလက်မောင်းကို ကိုင်ကာ မေးလိုက်လေသည်။

"ငေါင်တာ မဟုတ်ဘူး မဝါ ... မြသန္တာက အတာ့ကို သင်ပေးလိုက်တဲ့ သီချင်းအသစ်ရဲ့ အဓိပ္ပါယ်ကို စဉ်းစားနေတာ"

"ဟုတ်တယ်နော် ... ကိုကိုစိုး ... မဝါလည်း ကြားတယ် သီချင်းက တစ်မျိုးကြီးပဲ ... "

"အင်း ... မြသန္တာဟာ ဆိုက်ကိုပက်သီလို့ ခေါ်တဲ့ စိတ်ဝေဒနာမျိုး ဖြစ်နေပြီလို့ ကိုယ်ထင်တယ် ... "

"ဟုတ်လား ဆိုက်ကိုပက်သီဝေဒနာဆိုတာ ဘာလဲ ကိုကိုစိုး ဆိုက်ကိုပက်သီဆိုတဲ့ စကားလုံးတွေကို မဝါကြားဖူးသလိုပဲ"

"ကိုယ်လည်း သိပ်အလေးအနက်ကြီးတော့ ဆိုက်ကိုပက်သီ အကြောင်း မသိပါဘူး ... သဘောလိုက်တုန်းက ပျင်းတဲ့ အခါ သူများဆီမှာ စာအုပ်ငှားပြီး ဖတ်ဖူးတဲ့ အထဲမှာ အဲဒီ



ဆိုက်ကိုပက်သီအကြောင်း ဖတ်မိဖူးတာလောက်ပဲ သိတာပါ ... အဲဒီ ဖတ်ဖူးတဲ့ အချက်အလက်တချို့နဲ့ မြသန္တာဟာ ဖြစ်နေတဲ့ အချက်အလက် တချို့ဟာ တူညီနေသလားလို့ မြသန္တာမှာ ဆိုက်ကိုပက်သီဖြစ်နေပြီလားလို့ပါ ... "

"ပြောပြလေ ... ဘယ်လို အချက်အလက်တွေ မြသန္တာမှာ တွေ့ရလို့လဲ ... "

"တစ်ခုခုကို လိုချင်ဆန္ဒ လွန်ကဲပြင်းထန်တာဟာ ဆိုက်ကိုပက်သီဝေဒနာရဲ့ အဓိကအချက်တစ်ချက်တဲ့ ... မြသန္တာမှာ အဲဒီအချက်နဲ့ သွားငြိနေတယ် ... မြသန္တာကို မဝါသေချာ အကဲခတ်ကြည့်ပါလား ... သူလိုချင်တာ သူဖြစ်ချင်တာတွေ ဆိုရင် မရမက အရယူချင်တဲ့ သဘောမျိုးရှိနေတယ် ... အင်း ဆက်စပ်ကြည့်ရင် မြသန္တာမှာ ... မိုးစန္ဒာဆိုတဲ့ အစ်မရင်းတစ်ယောက် တောင်ကြီးမှာ ရှိတယ် ... အစ်မ ဆိုပေမဲ့ ဆယ်မိနစ်ပဲ ခြားပြီးမွေးတဲ့ အမြွှာညီအစ်မတဲ့ မဝါ ... ရုပ်ချင်းလည်း သိပ်တူတယ်တဲ့ ... "

"ဒါဆို ... အဲဒီအစ်မ မိုးစန္ဒာကလည်း ချောတာပဲလား ကိုကိုစိုး ... မြသန္တာကလည်း ချောတာကိုး ... "

"သူ့အစ်မ မိုးစန္ဒာကို ကိုယ်မှမမြင်ဖူးတာ ... မြသန္တာ ပြန်ပြောပြတာပဲ ကိုယ်သိရတာပါ မဝါ ... မြသန္တာတို့ ညီအစ်မရဲ့ မိဘတွေက ချို့ချို့ငဲ့ငဲ့ထဲက မဟုတ်ဘူးတဲ့ ... ချောင်ချောင်လည်လည် ရှိခဲ့တယ်တဲ့ ... သူတို့အမြွှာညီအစ်မ အရွယ်ရောက်လာမှ သူတို့မိသားစုနှစ်ပါးဆုံးသွားတာတဲ့ မိဘဆုံးသွားတော့ အစ်မမိုးစန္ဒာကပဲ ကုန်ရောင်းကုန်ဝယ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်လုပ်တယ်တဲ့ ... မြသန္တာကတော့ အိမ်မှာပဲ နေတယ်တဲ့ ... သူ့အစ်မ မိုးစန္ဒာဟာ အပြင်မှာ အရောင်းအဝယ်လုပ်ရင်း ကိုခွန်နောင်းဆိုတဲ့ အမျိုးသားတစ်ယောက်နဲ့ ချစ်ကြိုက်သွားတယ်တဲ့ ... ကိုခွန်နောင်းက လူချမ်းသာလေးတောင်ကြီးမှာ ကိုယ်ပိုင်ခြံ ကိုယ်ပိုင်တိုက်နဲ့ သိန်းတစ်ထောင်လောက်ကိုင်ပြီး လုပ်ငန်းလုပ်တဲ့လူတဲ့ ... အဲ ... ကိုခွန်နောင်းနဲ့ မိုးစန္ဒာ လက်ထပ်လိုက်ကြတော့ မြသန္တာက သူ့မမမိုးနဲ့အတူ ခဲအိုအိမ်မှာ လိုက်နေရတယ်တဲ့ ... နောက်ပိုင်းကျတော့ မိုးစန္ဒာဟာ အဖတ်မတင်တဲ့ ကလေးမွေးပြီး မီးယပ်ရောဂါနဲ့ တပြည်းပြည်း ရုပ်ကျလာတော့ ခဲအိုကိုခွန်နောင်းက ညီမမြသန္တာဘက်ကို လှည့်လာတယ်တဲ့ ... အဲဒီမှာ မြသန္တာရဲ့ သဘောကတော့ ကိုခွန်နောင်း သိမ်းပိုက်တာကို ခံယူချင်တဲ့ ဆန္ဒက ရှိတယ်တဲ့ ... ဘာလို့လဲဆိုတော့ ကိုခွန်နောင်းဟာ မြသန္တာကို မရရင် တခြားမိန်းမတစ်ယောက်ဆီသွားမှာစိုးလို့တဲ့ ... ဖိတ်ချင်းဖိတ်ကိုယ့်အိတ်ထဲ ဖိတ်စေဆိုတဲ့ သဘော မြသန္တာက ရှိတယ်တဲ့ ဒါကို သူ့မမမိုးက လုံးဝလက်မခံဘူး ... မုန့်သာ ဝေစားမယ် လင်ကို ဝေမပေးဘူးဆိုပြီး ညီအစ်မ အကြီးအကျယ် စကားများ စိတ်ဝမ်းကွဲကြတယ်တဲ့ ... နောက်ဆုံး မြသန္တာကပဲ အရှုံးပေးပြီး သူ့မမမိုးကို စိတ်နာနာနဲ့ ရန်ကုန်ကို ထွက်လာတာတဲ့ ... အဲဒီအချိန်ကစပြီး သူဖြစ်ချင်တာ မဖြစ်ရလို့ ဆိုက်ကိုပက်သီဖြစ်လာတာနေမယ် မဝါ ... "

"ဟုတ်တယ်နော် ... စောစောက သူပြောသွားတဲ့စကားထဲ



မှာ သူ့အစ်မအရင်းကတောင် သူ့ကို စိမ်းကားတယ်လို့ပြောတာ မငါကြားမိသား ... "

"အဲဒီအချိန်ကစပြီး မြသန္တာဟာ တစ်နေ့ကျရင် သူဟာ သူ့အစ်မထက် ပိုချမ်းသာသူဖြစ်ရမယ် ... ဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ ပြင်းထန်ပြဲ ဆန္ဒစိတ် တစ်ဖက်စောင်းကြီးဖြစ်လာခဲ့တယ်တဲ့ ... အဲဒါကပဲ ဆိုက်ကိုပက်သီရောဂါပေါ့ မဝါ မြသန္တာ သိပ်ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ယူနိုင်ဖို့ အမြဲမျှော်လင့်ထားတယ် ... ဒါပေမဲ့ သိပ်ချမ်းသာတဲ့ ယောကျ်ားမျိုး မဆုံစည်းခဲ့ဘူးပေါ့လေ ... မြသန္တာဟာ ဆိုက်ကိုပက်သီကို အခြေခံပြီး အက်(ဗ်)နော်မယ်(လ်)ဖြစ်လာတယ် ... ဦးနှောက်က ဘာမဆို သင့်တော်မှန်ကန်တာကို မဆုံးဖြတ်နိုင်ဘဲ ဆန္ဒနောက်ကိုသာ လိုက်လာတယ် ဒါကြောင့် ဆန္ဒအရ ရုပ်ချောတဲ့ ပန်းချီဆရာ ကိုဒီပလိုလူကိုယ့်ကိုလူဟာ မြသန္တာရဲ့ မျှော်ဖြေရာဖြစ်လာတာပဲ ... "

"ဒုက္ခပါပဲနော် ... ဒါဆို မြသန္တာအတွက် ဘယ်လိုစီမံပေးရင် ကောင်းမလဲ ကိုကိုစိုး ... "

စိုးပြည့်စုံ ခေါင်းခါယမ်းလိုက်သည်။

"သူ့အတွက် စီမံပေးဖို့ မလွယ်ဘူး မဝါ ... မြသန္တာက ပန်းချီဆရာကိုဒီပက သူ့ကို လက်ထပ်ရမယ်လို့ အတင်းအကျပ်လုပ်လာတာနဲ့ ဒီလိုလူကို လက်မထပ်ချင်တာနဲ့ အပျောက်ရှင်းပစ်လိုက်တယ်လို့ ယူဆစရာရှိလာတယ် .. အဲဒီနောက်မှာ မြသန္တာနဲ့ ကိုယ် ဆုံဆည်းပြန်တယ် ... အဲ ... ပြောရစေတော့ မဝါ ... ကိုယ်နဲ့ကျတော့ မြသန္တာက ကိုယ့်ကို

www.burmeseclassic.com

www.burmeseclassic.com



တကယ်ရင်ထဲက ချစ်တယ်လို့ ပြောတယ် ... ဒီတော့ သူ့စိတ်ကူးက အတာ့ကို သူတဖြည်းဖြည်း ဖြားယောင်းပြီး အတာနဲ့ လက်ထပ်တဲ့အထိ သူလုပ်မယ် ... အတာ့ကို လက်ထပ်ပြီးရင် မဝါက အတာ့ကိုအမွေတစ်ဝက် ခွဲပေးရမယ်ဆိုတဲ့ တွက်ကိန်းနဲ့ အတာ့ကို သူ့ရဲ့ ဖြန့်ကျက်ထားတဲ့ ပင့်ကူအိမ်ထဲမှာ လုံးလုံးကြီး မိထားပြီလေ ... မြသန္တာခိုင်းသမျှ အတာက လုပ်နေတာ မျက်မြင်ဒိဋ္ဌပဲ မဟုတ်လား ..."

"ဒါကျတော့ တကယ်ပဲ မောင်လေးအတာကို သူရာသက်ပန် တာဝန်ယူပြီး ပေါင်းသင်းမယ်ဆိုရင် မဝါက မောင်လေးကို အမွေခွဲပေးဖို့ ဝန်မလေးပါဘူး ... ကိုကိုစိုး ..."

စိုးပြည့်စုံက ခေါင်းယမ်းပြသည်။

"အတာ့ကို ရာသက်ပန်မြသန္တာက ဘယ်ပေါင်းမလဲ မဝါ ... သူက အတာ့ဆီက အမွေတွေ အရယူပြီးတဲ့နောက် ... ကိုယ့်ကိုပဲ လက်ထပ်ချင်တာ ... အခုတော့ ကိုယ်နဲ့ မဝါ ချစ်ကြိုက်သွားပြီဆိုတော့ ကိုယ်က သူ့ကို လက်ထပ်မှာ မဟုတ်တော့ဘူးဆိုတာ သူရိပ်မိသွားတယ် ... ဒါကြောင့် သူက ပြန်ပြီး စိမ်းကားမယ်ဆိုတဲ့ အစီအမံနဲ့ အစိမ်းရောင်ဝမ်းဆက်ဝတ်ပြလိုက်တာ ..."

"သူ ဘာတွေ ဆက်လုပ်ဦးမလဲ မသိဘူးနော် ... ကိုကိုစိုး"

"စောင့်ကြည့်ရမှာပဲ မဝါ ... နဂိုကတည်းက ဆိုက်ကိုပက်သီဖြစ်နေတဲ့ကြားက အက်(မ်)နော်မယ်(လ်)ဖြစ်လာတော့ မြသန္တာဟာ အဆင်ခြင်တရား မရှိတော့ဘဲ တွေ့ရာ ကိုက်မယ် ... တွေ့ရာ ခဲမယ်ဆိုတဲ့ ဓါတ်ခါတ်လွှမ်းမိုးသွားနိုင်



တယ် ... စံရွှေအောင်ကို လုပ်လိုက်တဲ့ကိစ္စကိုပဲ ကြည့်ပေါ့"

"စံရွှေအောင်ကိစ္စမှာ မြသန္တာက ဘာလုပ်လိုက်လို့လဲ ကိုကိုစိုး ..."

"အက်ထိ သေချာကြီးတော့ မပြောနိုင်ဘူး မဝါ ... ဒါပေမဲ့ စံရွှေအောင်ဟာ ပန်းချီဆရာ ကိုဒီပလိုပဲ ဖြစ်သွားတယ်လို့ ထင်စရာတွေ ရှိနေတယ်လေ ..."

ဤ ထိုစဉ်မှာပင် ခြံထဲမှာ မြူးထူးစွာ အော်ဟစ်ပြောလိုက်သော အတာ၏ အသံကို စိုးပြည့်စုံနှင့် မဝါတို့ ကြားကြသည်။

"ဟေး ... လှေစီးမယ်ကွ ... မမမြက ပြောတယ် လှေစီးတယ်ဆိုတာ ငြိမ့်ငြိမ့်ကလေး အရသာခံရတယ်တဲ့ ... လေယာဉ်ပျံ လွှတ်တမ်းကစားတာက လေယာဉ်အရုပ်ကသာ လေထဲမှာ ငြိမ့်နေပြီး ကိုယ်ကတော့ အောက်က လိုက်ပြီး မော့ကြည့်ရတာ ပင်ပန်းတယ် ... ပျော်စရာမကောင်းဘူးတဲ့ လှေစီးမယ် ... လှေပဲစီးတော့မယ်ဟေ့ ..."

ဝါဝါခိုင်က စိုးပြည့်စုံ၏လက်မောင်းကို ပျာပျာသလဲ ဆုပ်ကိုင်လှုပ်ယမ်းရင်း ပြောလိုက်သည်။

"လုပ်ပါဦး ကိုကိုစိုး ... ဒုက္ခပါပဲ ... အတာနဲ့ မြသန္တာ လှေစီးကြမလို့တဲ့ ... မောင်လေးအတာက လုံးလုံး ရေမကူးတတ်ဘူး ... နောက်ပြီး လှေစီးတယ်ဆိုတာ ခန္ဓာကိုယ်ငြိမ်ထားရတာ ... အတာက ဆော့က ဆော့နဲ့ ဒုက္ခပါပဲ လုပ်ပါဦး ကိုကိုစိုး ..."

"ဟုတ်တယ် မဝါ ... မြသန္တာဟာ ချက်ချင်းပဲ အကြံတစ်ခုခု စိတ်ကူးလိုက်ပြီ ထင်တယ် ... ဒါကြောင့် အတာ့ကို လှေစီး

www.burmeseclassic.com

www.burmeseclassic.com



ဖို့ သွေးဆောင်ပြီး အော်ပြောနိုင်းတာနေမယ် ... မဝါအနေနဲ့ အတာ့ကို လှေမစီးဖို့ တားလိုက်ပါလား ... "

နှစ်ယောက်သား အပြင်ထွက်လာပြီး အတာ့တို့ရှိရာသို့ လျှောက်သွားကြသည်။ ရောက်သည်နှင့် မဝါက အတာ့ကို ချော့၍ပြောသည်။

"မောင်လေး အတာ ... ခြံထဲမှာလေယာဉ်လွှတ်ကစားတာ ပျင်းသွားရင် အိမ်ပေါ်က အရုပ်ခန်းမှာ တခြားအရုပ်တွေနဲ့ ကစားပါလားကွယ် ... လှေမစီးပါနဲ့ ... လှေစီးတာ မကောင်းပါဘူး ... အတာ ... "

"လှေစီးတာ ကောင်းတယ် မမဝါ ... မေမြကပြောတယ် လှေစီးကာ သိပ်ပျော်စရာကောင်းတာတဲ့ ... အတာ လှေပဲစီးချင်တယ် ... လှေပဲလှော်ချင်တယ်ဗျာ ... "

"မောင်လေးက ရေမကူးတတ်ဘူးလေကွာ မတော်တဆ"

"မတော်တဆ ဖြစ်လာရင်တော့ မြသန္တာလည်း မတတ်နိုင်ဘူး မဝါ ... ကိုယ့်ဟာကိုယ်တောင် မနည်းထိန်းရမှာ ... ဒါဆို ဒီလိုလုပ်လေ ဆရာကိုသစ္စာ အဖော်လိုက်ခဲ့ပေါ့ ... ဆရာကိုသစ္စာက ဘာမဆို ထွမ်းဆောင်နိုင်တာပဲ ... စိတ်ချရတာပေါ့ ... "

စိုးပြည့်စုံနှင့် ဘာမှပြန်မပြောရသေးမီမှာပင်မြသန္တာက ဆက်ပြောသည်။

"အတာက သူလုပ်ချင်ပြီဆိုရင် တားလို့မှ မရတာ ... လှေမစီးရရင် အိမ်ထဲက ပစ္စည်းတွေကို ရိုက်ချိုးဖျက်ဆီးမယ်တဲ့ အိမ်ကြီးကိုလည်း မီးရှို့ပစ်မယ်တဲ့ မဝါ ... အံ့ရော ... အတာ



က ဇွတ်ဆိုမှ ဇွတ် ... "

"ဟုတ်တယ် ... ဟုတ်တယ် မမပြောတဲ့အတိုင်းပဲ လှေမစီးရရင် အိမ်ကို မီးနဲ့ရှို့မယ် ... "

တား၍ မရနိုင်တော့ပြီ၊ မြသန္တာက အတာအား ကောင်းကောင်း မြှောက်ပေးထားပြီးပြီ။

"ကောင်းပြီ ... မြသန္တာတို့ လိုက်ခဲ့မယ် ... "

မြသန္တာက ရှေ့မှထွက်သွားပြီး အတာက နောက်မှ လိုက်သွားသည်။

"ဖြစ်ပါ့မလား ကိုကိုစိုး ... ဒင်ကီလှေက သေးသေး လူသုံးယောက်စီးမှာ အတာကလည်း ခန္ဓာကိုယ် မသေးဘူး ... ကိုကိုစိုးကလည်း ထွားထွားကျိုင်းကျိုင်းနဲ့ ... "

"ဘယ်နှယ့်လုပ်မလဲ မဝါ ... လက်ရှိအခြေအနေအရ ဒီလိုပဲ လိုက်ရတော့မှာပဲ ... ကိုယ်မလိုက်လည်း သူတို့နှစ်ယောက်တည်းဆို အတာ့အတွက် ပိုပြီးစိတ်မချဖြစ်ရမှာပေါ့ ကိုယ်လိုက်သွားရင် အတာ့ကို ကာကွယ်ပေးနိုင်တာပေါ့"

မငြင်းသာသည်မို့ ဝါဝါခိုင် ခေါင်းညိတ်လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



✻✻✻✻✻✻ [ ၂၁ ] ✻✻✻✻✻✻

ဝ

မြသန္တာက ပွဲပိုင်းတွင် လှော်တက်ကိုင်ထားသည်။ အတာက အလယ်တွင်ထိုင်နေပြီမို့ စိုးပြည့်စုံက လှေဦးပိုင်းမှာပင် ထိုင်လိုက်ရသည်။ လှော်တက်က တစ်ချောင်းတည်းမို့ မြသန္တာကပင် လှေလှော်သည်။ မြသန္တာသည် လှေလှော်ကျွမ်းကျင်ပါ၏။

"တို့ လှော်ပေးရမလား မြသန္တာ ..."

"ရတယ် ကိုစိုး ... ကိုဒီပနဲ့တုန်းကလည်း မြသန္တာပဲ လှော်တာပါ ... မြသန္တာ လှေလှော်ကျွမ်းပါတယ် ..."

မြသန္တာက သူမ၏လျှို့ဝှက်ချက်ကို ယခု သူမကပင် ထုတ်ဖော်ပြောလာသည်ကို စိုးပြည့်စုံ အံ့သြမိပါ၏။

"ဩ... မြသန္တာကိုယ်တိုင် ဒီကိစ္စကို ဖွင့်ပြောပြီလား မြသန္တာ"

"ဘာထူးတော့မှာလဲ ကိုစိုး ... ကိုလူအောင်ကို ကိုစိုးက နွားခေါင်းက သွေးထွက်အောင် ထိုး ... လက်ကို ကျိုးမတတ် လိမ်ချိုးပြီး ခွတ်အဓမ္မ မေးလို့ ကိုလူအောင်က ကိုစိုးကို



အားလုံးဖွင့်ပြောပြီပဲဟာ ..."

စိုးပြည့်စုံက ဘာမှမပြောဘဲ ဦးပိုင်းမှပဲ့ပိုင်းရှိမြသန္တာကိုသာ ကြည့်နေမိသည်။

"ဟဲ ... ဟဲ ... ကိုလူအောင်က ကိုစိုးကို တကယ်ကြောက်သွားတာမှ နောက်ထပ် ကိုစိုးကို ရင်မဆိုင်ရဲတော့အောင် ကြောက်သွားတာလေ ... တစ်ချိတည်း ခိုင်ဂေဟာကထွက်ပြေးသွားတော့တာပဲ ..."

"ကိုလူအောင်ထွက်ပြေးပြီ ဟုတ်လား ... ဘယ်တုန်းက ပြေးတာလဲ ..."

"နေ့ခင်းကလေ ... နန်းအေးမူကိုပါ ခေါ်ပြီး လစ်ပြေးသွားကြပြီ ... ဒါပေမဲ့ ကိုစိုးလုပ်ရပ်ကြောင့် မြသန္တာမှာ အကျိုးရှိလိုက်ပါတယ် ... ကိုလူအောင်ကို နောက်ထပ်ငွေငါးသောင်း မပေးရတော့ဘူးလေ ... သူမှ မရှိတော့တာ"

မြသန္တာက ရယ်ကာမောကာ ပြောနေစေကာမူ သူမ၏မျက်လုံးအစုံသည် သားကောင်ကို ခုန်အုပ်တော့မည့် မျက်လုံးအသွင် ရှိနေသည်။ အရောင်တောက်နေသည်။

လှေသည် ရေလယ်သို့ ရောက်နေပြီ။

ကောင်းကင်၏ အနောက်ဘက်တွင် မီးခိုးရောင်သမ်းနေပါ၏။ အောက်ခြေတွင် နီကြင်ကြင် အရောင်သမ်းနေပါ၏။ ပုံရိပ်မှာ လေပြင်းကျပြီး မိုးသည်းထန်စွာရှိမည့်ပုံရိပ် ဖြန်းခနဲ ကောင်းကင်တွင် ဖြစ်ပေါ်လာခြင်းပါပေ။

"တို့ပြန်ကြစို့ မြသန္တာ ... ကောင်းကင်မှာ မကြာခင်အတွင်း လေထန်ပြီး မိုးရွာတော့မဲ့ပုံရှိနေတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းပေါ့ ကိုစိုး ... တစ်ခါတလေမှ လှေထွက်စီးရတာပဲဟာ ..."

မြသန္တာသည် လှော်တက်ကို လှေဝမ်းထဲချထားလိုက်သည်။ ပြီး သူမဝှက်ယူလာသော ကျော်နီဝါကား အရက်ပုလင်းကို ထုတ်ယူလိုက်သည်။

"သောက်မလား ကိုစိုး ..."

"မသောက်ဘူး မြသန္တာ ... တို့ ထမင်းစားပြီးရင် အရက်သောက်လို့ မရတော့ဘူး ..."

"ဟဲ ... ဟဲ ... ကိုစိုးက တအားကြီးကို လီမွှာသွားတာပဲ အရက်ပြတ်အထိတောင်လေ ..."

မြသန္တာသည် အရက်ပုလင်းအဖုံးကို ဖွင့်ကာ အတာ့အား ပုလင်းလှမ်းပေးသည်။

"ရော့ အတာ ... အဲဒါကို သောက်ထားလိုက် ... နို့မို့ရင် အတာ အအေးမိလိမ့်မယ် ..."

မြသန္တာ ပြောသမျှ နားထောင်ပြီး ခိုင်းသမျှ လုပ်နေသော အတာသည် အရက်ပုလင်းကို ယူကာ မော့သောက်တော့သည်။

"ဟေး ... ဟေး ... အတာ မသောက်နဲ့ အဲဒါ အရက်တွေ မကောင်းဘူး ..."

အတာ့အား စိုးပြည့်စုံ ဟန့်တား၍မရနိုင်ပါလေ ...။ မြသန္တာပြောသည့်အတိုင်း အရက်ကို တဂွတ်ဂွတ် မျိုချနေပေသည်။

သို့သော် အရက်မျိုချခြင်းကို အရိုင်းအတာသည် ပူလောင်သဖြင့် နားနားပြီးမှ မျိုချနေပေသည်။



လေပြင်းတိုက်ခတ်စ ပြုလာပြီ၊ ရေပြင်တွင် လှိုင်းတွေ ထလာလေပြီ။

ရေပြင်လှိုင်းထသည်နှင့် ရေမျော်ပင်တွေ ဒိုက်ပင်တွေသည် ယိမ်းကသည့်အလား နိမ့်တုံမြင့်တုံဖြင့် လေပင့်ရာသို့ ရွေ့လျားစ ပြုပြီဖြစ်တော့သည်။

"အတာရေ နောက်ထပ်မော့သောက်ဦး ... တော်ကြာ မိုးတွေ ရွာတော့မယ် ... အအေးဒဏ်ခံနိုင်အောင် အတာ သောက်နိုင်သလောက် သောက်စမ်း ... လူစွမ်းကောင်းဆိုတာ အရက်အများကြီး သောက်ရတယ်ကွ ..."

အတာ ပုလင်းဆက်မော့ပြန်သည်။

"ဟေး ... အတာ မသောက်နဲ့လို့ ပြောနေတယ် မဟုတ်လား ..."

ပြောပြောဆိုဆိုပင် အတာ၏လက်မှ အရက်ပုလင်းကို ယူရန် စိုးပြည့်စုံ ရှေ့သို့တိုးလာသည်။

မိုးရွာချပေပြီ၊ လေပိုတိုက်ပြီ။

မြသန္တာက အတာ့ကို လှမ်းပြောလိုက်ပါလေ၏။

"ဟေး ... အတာ အခု မင်းဆီကို တိုးလာနေတာ စုန်းမကြီးကွ ... အတာ့ကို လည်ပင်းညှစ်မလို့ အတာ့ဆီကို တိုးလာတာ ... စုန်းမကြီးက လူယောင်ဆောင်လာတာကွ အတာ"

"ဟင် ... မမမြ ... မနေ့ကပြောတော့ စုန်းမကြီးက စံရွှေအောင်ဆိုတဲ့လူယောင် ဖန်ဆင်းလာတာဆို ... မမမြနဲ့ အတာပဲ သတ်ပြီးပြီလေ ... သတ်ပြီးလို့ ညကြီးမှာတောင် ဒီရေထဲ လာပစ်ချတာပဲ ... ဘာလဲ အဲဒီစံရွှေအောင် စုန်းမ

www.burmeseclassic.com

www.burmeseclassic.com



ကြီးက မသေဘဲ အခု ဒီစာရေးဆရာယောင် ထပ်ဖန်ဆင်း ထပ်လာပြန်တာလား ... မမြ ... ”

“ဟုတ်လား အတာ မနေ့က တကယ်မသေဘဲ ရေထဲက ပြန်တက်လာပြီး ဒီစာရေးဆရာကို ဝင်ပူးပြီး အတာ့ကိုရော မမြကိုရော သတ်တော့မှာ ... သူမသတ်ခင် အတာက ထသတ်လေကွာ ... သတ်လေ ... သတ် ... သတ် ... ”

နဂိုကပင် မြသန္တာ ခိုင်းသမျှ လုပ်နေသော အတာသည် ယခု အရက်ကလည်း မူးနေပြီမို့ ထိန်းမရတော့ပြီ။

မြသန္တာ၏ အမိန့်အတိုင်း အတာ ထကာ စိုးပြည့်စုံအား ခုန်အုပ်လိုက်ပေတော့သည်။

မြသန္တာက လှေကို တိမ်းမှောက်မသွားအောင် လှော်တက်ဖြင့် ထိန်းပေးထားသည်။

စိုးပြည့်စုံ ပက်လက်ကျသွားပြီး အပေါ်မှ အတာက ခွစီးထားသည်ကို စိုးပြည့်စုံအနေနှင့် လူးလိမ့်ကျွမ်းထိုးခြင်းဖြင့် အတာဘေးသို့ လွင့်စဉ်ကျသွားနိုင်သည်။

သို့သော် အတာလွင့်စဉ်သွားပြီး ရေထဲကျသွားပါက အတာ ရေမကူးတတ်၊ ဒါမှမဟုတ် လှေမှောက်သွားလျှင် မိမိနှင့် မြသန္တာက ရေကူးတတ်သော်လည်း အတာ ရေမကူးတတ်၊ ရေနစ်သေသွားမည်။

အတာက စိုးပြည့်စုံ၏ လည်ပင်းကို စုန်းမကြီးသေပေတော့ဟု ရေရွတ်ရင်း ညှစ်ဖို့ ကြိုးစားနေသည်။

စိုးပြည့်စုံက လည်ပင်းမာဆယ်ကြွက်သားများကို ညှစ်ထုတ်ထားရင်း အတာ၏ခါးကို ဟိုဘက်သည်ဘက် ကိုင်မယူပြီး



ဘေးသို့ ချပေးလိုက်သည်။ ပြီး ... ချက်ချင်း မိမိကိုယ်ကို ရေထဲသို့ လိမ့်ဆင်းလိုက်သည်။

“ဟေး အတာ ... စုန်းမကြီး ရေထဲဆင်းသွားပြီ ... အတာ လိုက်ခုန်ဆင်းပြီး စုန်းမကြီးကို သေအောင်သတ်လေ ... ”

“အတာ ... မဆင်းခဲ့နဲ့ မင်း ရေမကူးတတ်ဘူး သေသွားလိမ့်မယ် ... ”

စိုးပြည့်စုံက ရေတွင် ကိုယ်ဖော့ထားရင်း အတာ့ကို လှမ်းအော်ပြောသေးသည်။

မရပါလေ။ အတာသည် မြသန္တာအမိန့်အတိုင်း လှေပေါ်မှ စိုးပြည့်စုံရှိရာသို့ ခုန်ဆင်းလိုက်သည်။

“ဟာ ... ဒုက္ခ ... ”

အတာ ရေမြုပ်သွားချေပြီ၊ စိုးပြည့်စုံက အတာကို ရေငုပ်၍ ရှာသေးသည်။ မတွေ့ပါလေ၊ အတာသည် ရေမကူးတတ်သဖြင့် ကျောက်ခဲပစ်ချသလို စုန်းစုန်းမြုပ်သွားသည်။

ပြန်ပေါ်လာနိုး စောင့်သည်။

မပေါ်လာပေ၊ ပေါ်လာသည်ဆိုဦး ရေမှော်တွေ ဒိုက်ဖတ်တွေအောက် ရောက်နေလျှင် ရေမျက်နှာပြင်သို့ ပြန်မပေါ်နိုင်တော့ပြီ။

မြသန္တာသည် ရေငုပ်ရာမှ ပြန်ပေါ်လာသော စိုးပြည့်စုံအား လှေပေါ်မှနေပြီး လှော်တက်နှင့် ရိုက်သည်။ ခုတ်သည်။

စိုးပြည့်စုံက မြသန္တာ ရိုက်ချက်ကျလာတိုင်း ရေငုပ်လိုက်သည်။ ပြီး ပြန်ပေါ်လာသည်။

စိုးပြည့်စုံက သဘော်သား ရေတွင် ကျွမ်းသည်၊ ငုပ်

www.burmeseclassic.com

www.burmeseclassic.com



ချင်သလို ငုပ်ပြီး ပေါ်ချင်သလို ပြန်ပေါ်နိုင်သည်။ မြသန္တာ ရိုက်လေတိုင်း စိုးပြည့်စုံကို မထိပေ။

ယခုတစ်ကြိမ် ထပ်၍ ပေါ်အလာတွင် လှေနှင့်ဆယ်ပေခန့်အကွာတွင် စိုးပြည့်စုံ ပြန်ပေါ်သည်။

ဗိုး ... ဒုတ် ... ။

ဗိုး ... ဒုတ် ... ။

မြသန္တာသည် စိုးပြည့်စုံအား ဓားမြှောင်ဖြင့် လှမ်းပေါက်သည်။ ဓားပေါက်ကျွမ်းကျင်သော မြသန္တာ၏ ဓားမြှောင်နှစ်ချောင်းသည် စိုးပြည့်စုံ၏ ပခုံးနှင့် လက်မောင်းတို့တွင် စိုက်ဝင်ပါလေ၏။

စိုးပြည့်စုံ ဝန်းကျင်တွင် သွေးနီရောင် လွှမ်းသွားတော့သည်။

စိုးပြည့်စုံမှာ ရေကူး ကိုယ်ဖော့ရန် မစွမ်းနိုင်တော့ပြီ၊ မြသန္တာက လှေကို အဝေးသို့ လှော်သွားလေပြီ။

"ဒိုင်း ... ဒိုင်း ... "

သေနတ်သံနှစ်ချက်ထွက်ပေါ်လာသည်ကို စိုးပြည့်စုံ ကြားလိုက်ရသည်။

ထို့နောက်မှာတော့ စိုးပြည့်စုံ ဘာမှသတိမရပါလေတော့။



****** [ ၂၂ ] ******

မျက်လုံးဖွင့်ကြည့်သည်နှင့် အဖြူဆို အဲဖြူတွေချည်းတွေ့မြင်ရတော့သည်။

ခုတင်ထက်တွင် ပက်လက်အနေအထားမို့ မျက်နှာကျက်ဖြူဖြူကိုလည်း မျက်လုံးဖွင့်ဖွင့်ခြင်း တွေ့ရသည်။

စိုးပြည့်စုံသည် ဆက်၍ ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်မိပြန်ရာ နံရံဖြူဖြူ၊ အိပ်ရာဖြူဖြူအပြင် အဖြူရောင်အင်္ကျီဝတ်ထားသော ခေါင်းစွပ်ဖြူဖြူနှင့် သူနာပြုဆရာမတစ်ဦးကိုပါ မြင်တွေ့ရသည်။

"ဟော ... လူနာ သတိရပြီ ... ဒေါက်တာ့ကို သွားပြောရမယ် ... ဒေါက်တာက လူနာသတိရတာနဲ့ သူ့ကို လာခေါ်တဲ့ ... "

"ဩ ... ကိုစိုးပြည့်စုံ သတိရပြီလား ... ကျွန်တော်က တာဝန်ကျ ဒုရဲအုပ် စောဦးပါ ... "

www.burmeseclassic.com

www.burmeseclassic.com



စိုးပြည့်စုံသည် အသံဝဲဝဲလေးနှင့် သူနာပြုဆရာမလေးပြောစကားအဆုံးတွင် ရဲအုပ်ကိုစောဦးဆိုသူ၏ ပြောသံကိုပါ ကြားရပေသည်။

"ဝေး … ရဲအရာရှိက လူနာကို စကားမပြောနဲ့ဦးလေ … ဒေါက်တာ လာစမ်းသပ်ပြီးမှ လူနာကို စကားပြောခွင့်ပေးရင် ပြောပလေ့စေပေါ့ … လူနာကို မေးခွန်းတွေရော စကားတွေရော မဖြေစေ … မပြောစေနဲ့ဦး … ကျွန်မမှာ တာဝန်ရှိတယ် … "

"ကောင်းပါပြီ ဆရာမ … ဒေါက်တာ့ကို သွားအကြောင်းကြားပေးပါ … စိတ်ချ လူနာကို ကျုပ်က ဘာမှမစစ်ဆေးသေးဘူး … "

သူနာပြု ဆရာမလေးထွက်သွားသည်။

"ဒီမယ် … ရဲအုပ် ဦးစောဦး … "

"ပြောပါ … ကိုစိုးပြည့်စုံ … "

"ဘာတွေ ဘယ်လိုဖြစ်ပြီး ကျွန်တော်ဆေးရုံကို ရောက်လာတာလဲဗျာ … "

"အား … ကျုပ်ကလည်း ဘာတွေဘယ်လိုဖြစ်ကြတာလဲဆိုတာ ကိုစိုးပြည့်စုံဆီက စစ်ချက် ထွက်ဆိုချက်ယူဖို့ ကိုစိုးပြည့်စုံ သတိရတဲ့အထိစောင့်နေတာ … "

ဒုရဲအုပ်ကိုစောဦးသည် စိုးပြည့်စုံ၏နာမည်ကို သိထားသည့်မှာ မဝါ၏ ပြောပြချက်ဖြစ်မည်ဟု စိုးပြည့်စုံ ထင်လိုက်မိသည်။

ရဲအုပ်ကိုစောဦးကပင် ဆက်ပြောသည်။



"ကျုပ်တို့ ရဲစခန်းကို ဒေါ်ဝါဝါခိုင်က ဖုန်းဆက်တယ် … မြသန္တာရယ် … အတာရယ် … ကိုစိုးပြည့်စုံရယ် ဒင်ကီလှေနဲ့ သူ့အိမ်တံတားဆိပ်ကနေ အင်းလျားကန်ထဲ လှော်ထွက်သွားတယ်တဲ့ … သူတို့သုံးယောက် တစ်ခုခုဖြစ်ကြတော့မှာ သေချာတယ်တဲ့ … မြသန္တာဆိုတဲ့ အမျိုးသမီးက စိတ်ဝေဒနာရှင် တစ်ဦးတဲ့ … လာပြီး အကူအညီပေးပါတဲ့ … "

"အဲ … အခက်အခဲက ခိုင်ဂေဟာကို ကျွန်တော်တို့ရောက်တော့ တံတားဆိပ်မှာ လှေပိုမရှိဘူး … ဒါကြောင့် ကျုပ်တို့ လှေရှာရတာနဲ့ အချိန်နောက်ကျသွားတယ် … လှေသာအဆင်သင့်ရှိရင် ဒီလိုတွေ မဖြစ်ခင် ကျုပ်တို့က အုပ်မိနိုင်လောက်တယ် … လှေနှစ်စီးရပြီးတဲ့နောက် ခင်ဗျားတို့နောက်ကို လိုက်လာတာပဲ … ဒါပေမဲ့ နောက်ကျသွားတယ်ဗျာ … အတာရဲ့ အသက်ကို အချိန်မီ မကယ်နိုင်ဘူး … မြသန္တာက ကိုစိုးပြည့်စုံကို ဓားနဲ့လှမ်းပေါက်နေတာ ကျုပ်တို့လှမ်းမြင်ပြီး သေနတ်သံနှစ်ချက်ပေး ဟန့်တားတာ … အဲဒီနောက် ရဲကြပ်ကြီးနဲ့ ရဲသားတစ်ယောက်က ခင်ဗျားကို လှေပေါ်ဆွဲတင်တဲ့အချိန် ခင်ဗျားက သတိမေ့နေပြီ … လက်မောင်းနဲ့ပခုံးမှာလည်းဓားမြှောင်နှစ်ချောင်းစိုက်ဝင်နေတယ်၊ သွေးလည်း သိပ်ထွက်နေတယ် … ဒါကြောင့် ဆေးရုံကို အမြန်ဆုံးရောက်အောင် ပို့ပေးခဲ့ရတာပဲ … မြသန္တာကိုတော့ ဓားနဲ့ပေါက်တာ … ကျုပ်တို့ကိုယ်တိုင် တွေ့မြင်တာနဲ့ ချက်ချင်း လက်ထိတ်ခတ်ဖမ်းပြီး … အချုပ်ထဲ ထည့်ထားတယ် … "

www.burmeseclassic.com

www.burmeseclassic.com



"မြသန္တာကို စစ်ချက်မယူဘူးလား ဦးစောဦး ... "

"အဲဒါကိုတော့ ကျွန်တော့်အထက်အရာရှိ စခန်းမှူးကိုယ်တိုင် ဒီအမှုကို ကိုင်တယ် ... မြသန္တာကို စစ်ဆေးနေတယ် ကျုပ်တို့ ခင်ဗျားသတိရတဲ့အထိ စောင့်ဖို့ တာဝန်ပေးလို့ လာစောင့်တာ ... "

သူနာပြုဆရာမနှင့်အတူ တာဝန်ကျ ဒေါက်တာ ရောက်ရှိလာကြသည်။

ဒေါက်တာက စိုးပြည့်စုံကို အားလုံးစမ်းသပ်သည်။

"ကောင်းပါတယ် ... ဓားဒဏ်ရာက လက်မောင်းမှ လေးချက် ပခုံးမှာ သုံးချက်ချုပ်ရတယ် ... အထူးသဖြင့် ခင်ဗျားရေကူးထားတော့ မာဆယ်သားတွေ တင်းနေတဲ့အခိုက်မို့ ဓားချက်ဟာ အရိုးကို မထိနိုင်ဘူး ... ခင်ဗျားသိပ်ပင်ပန်းတာရော ... သွေးထွက်လွန်တာရောကြောင့် ရှော့(လ်)ဖြစ် သတိလစ်သွားတာ ... အခု ကောင်းသွားပြီ ... ခုနစ်ရက်ကြာရင် ချုပ်ရိုးဖြေမယ် ... ဒီကြားထဲမှာတော့ ဒဏ်ရာကို ဒရက်ဆင်လုပ်ရုံလောက်ပဲ လိုအပ်တာပါ ... အိမ်မှာ လုပ်ပေးသူရှိရင် အိမ်မှာပဲ ဒရက်ဆင်လုပ်လို့ရတယ် ... အခု ဆေးရုံက ဆင်းမယ်ဆို ဆင်းလို့ရပြီ ... ဒါမှမဟုတ် ဆေးရုံမှာပဲ ဆက်နေပြီး ချုပ်ရိုးဖြေလည်း ရတာပဲ ... ကြိုက်တာလုပ်"

"ကျွန်တော် ပြန်မယ် ဒေါက်တာ ... "

ဒေါက်တာက ဆင်းခွင့်လက်မှတ်ပေးပြီး ထွက်သွားလေသည်။



ဒုရဲအုပ် ဦးစောဦး မေးသမျှ ဖြေရသည်။ ဖြစ်သမျှ ထွက်ဆိုချက်တွေ ပေးရပါ၏။

စိုးပြည့်စုံက ပန်းချီဆရာကိုဒီပနှင့် ကင်မရာစစ်ရွှေအောင်၏အကြောင်းကို ချန်လှပ်ပြီး မြသန္တာက မိမိကို တစ်ဖက်သတ်ချစ်နေပြီး မိမိက သူမကို ပြန်မချစ်သောကြောင့် စိတ်နာပြီး မိမိကို ဤသို့ ပြုမူကြောင်းကိုသာ ပြောပြထွက်ဆိုချက်ပေးလေသည်။

အတာ၏အကြောင်းကိုမူ ဖြစ်သမျှ အမှန်အတိုင်း ပြောပြပါ၏။ အတာသည် အသက်နှစ်ဆယ်အရွယ်ရောက်လာပြီး ခန္ဓာကိုယ်က အရွယ်အလိုက် ဖွံ့ဖြိုးသော်လည်း ဦးနှောက်က ငါးနှစ်သားအရွယ် ကလေးဦးနှောက်မှ ရှေ့သို့ဆက်ပြီး မဖွံ့ဖြိုး မတိုးတက်သည့်အကြောင်း၊ မြသန္တာက အတာအား ထိန်းသိမ်းရသည့်အကြောင်း၊ မြသန္တာ ခိုင်းသမျှ အတာက ဘာမဆိုလုပ်ကြောင်း၊ မိမိကိုလည်း လှေထဲတွင် စုန်းမကြီး လူယောင်ဖန်ဆင်းလာသည် သတ်ပစ်လိုက်ဟု အမိန့်ပေးသဖြင့် အရက်အတိုက်ခံထားရသော အတာသည် မိမိကို သတ်ရန် ရေထဲခုန်ဆင်းရာ၌ ရေလုံးဝမကူးတတ်သောကြောင့် ကယ်ဖို့ ကြိုးစားသော်လည်း မရတော့ကြောင်းတို့ကို ထွက်ဆိုချက်ပေးလိုက်တော့သည်။

ထို့နောက် ဒုရဲအုပ် ဦးစောဦးကပင် စိုးပြည့်စုံကို ခိုင်ဂေဟာသို့ သူ၏ရဲကားဖြင့် လိုက်ပို့ပေးပေသည်။

"ဝါဝါခိုင်က ကျွန်တော်ဆေးရုံရောက်နေတာတောင် လာမတွေ့ဘူးဗျနော် ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘယ်လာနိုင်မလဲ ကိုစိုးပြည့်စုံ ... မဝါဝါခိုင် အရှုံး မီးဝိုင်း ... ကမ္ဘာမီးလောင် ဖြစ်နေရှာတယ်လေဗျာ ... သူ့ မောင်လေး အတာ ရေထဲခုန်ဆင်းပြီး ပြန်ပေါ်မလာဘူးဆို ကတည်းက မဝါဝါခိုင် လှေပေါ်မှာပဲ ရှော့(လ်)ဖြစ်သွားရှာ တယ်လေ ..."

"သြော် ... ဒါဆို ... မဝါက ကိုစောဦးတို့ လှေနဲ့ လိုက်လာ သေးတယ်ပေါ့နော် ..."

"ရှေ့ဆုံးကကို လှေထဲဆင်းပြီး လိုက်လာတာ ..."

စိုးပြည့်စုံ သဘောပေါက်စွာ ဦးခေါင်းညိတ်လိုက် လေတော့သည်။

မဝါသည် သူမ၏မောင်လေးအတာကြောင့် သူမ၏ ဘဝကိုပင် စတေးထားသူဖြစ်၍ ယခုကဲ့သို့ အတာ ခမျာ အဖြစ်ဆိုး အသေဆိုးနှင့် သေသွားသည့်အတွက် မည်မျှ ပူဆွေးသောက ရောက် ချိမ့်မည်နည်း။

"အခုကော မဝါ ပြန်သတိရပြီလား ... နော်မယ်(လ်)အခြေ အနေပြန်ရောက်ပြီလား ဦးစောဦး ..."

"ပြန်ကောင်းသွားပါပြီ ... အခု သူ့မောင်လေးအတာရဲ့ အလောင်းကို ပြန်ရဖို့ ရေငုပ်ကျွမ်းကျင်တဲ့ ရေငုပ်သမားတွေ ကို ငှားပြီး ရှာခိုင်းထားတယ် ..."

ခိုင်ဂေဟာတွင် စိုးပြည့်စုံဆင်းခဲ့ပြီး ဦးစောဦး ပြန် မောင်းထွက်သွားသည်။

စိုးပြည့်စုံ ပြေးဝင်လာသည်။

ဧည့်ခန်းထဲဝယ် တစ်ယောက်တည်းထိုင်ငိုနေသော



ဒေါ်ဝိုင်းကိုသာ တွေ့ရပါ၏။

"မဝါကော ဟင် ... မဝါကော ဒေါ်ဝိုင်း ..."

"အပေါ်ထပ်က သူ့အခန်းထဲမှာ တံခါးပိတ်ပြီးနေတယ် ... မောင်စိုး ... အထဲ တံခါးချက်ချထားတယ် ... တံခါးဖွင့်လို့ မရဘူး ... ဒေါ်ဝိုင်းအပြင်ဘက်တံခါး ပုတ်ခေါ်တာလည်း ဖွင့်မပေးဘူး ... လုပ်ပါဦး မောင်စိုးရယ် ... သွားကြည့်ပါဦး တော်ကြာ သူ့စိတ်ကို မထိန်းနိုင်ဘဲ အဆိပ်တွေ ဘာတွေ သောက်မှာ ဒေါ်ဝိုင်း စိုးရိမ်လွန်းလို့ပါ ... မောင်စိုးဆိုရင် တော့ သူ့တံခါးဖွင့်မလားဘဲကွယ် ..."

ပြောရင်း ဒေါ်ဝိုင်း ငိုပြန်သည်။ အိမ်တွင် နန်းအေး မှုနှင့် လှအောင်တို့ မရှိတော့ပြီမို့ ဒေါ်ဝိုင်းတစ်ယောက်တည်း ရှိနေ ရှာသည်။ ဒေါ်ဝိုင်း အားငယ်ဝမ်းနည်းနေရှာပေသည်။

စိုးပြည့်စုံ လှေကားပေါ်သို့ ပြေးတက်ခဲ့သည်။ မဝါ၏ အခန်းရှေ့တွင်ရပ်ကာ တံခါးကို ခေါက်ရင်း ...

"မဝါ ... မဝါ တံခါးဖွင့်ပေးပါနော် ... ကိုကိုစိုး ဆေးရုံက ဆင်းလာပြီလေ ... တံခါးဖွင့်ပေးပါ မဝါ ..."

တစ်ခဏအကြာမှာပင် အထဲမှ လှုပ်ရှားသံကြားရ ပြီး တံခါးပွင့်လာပါ၏။

"အို ... ကိုကိုစိုးရယ် ... မဝါအဖြစ်က ဆိုးလှတယ် ... မောင်လေး အတာခမျာ အသေဆိုးနဲ့ သေသွားရှာတယ်"

ပြောရင်း မဝါသည် သူမ၏ငိုနေသောမျက်နှာကို စိုး ပြည့်စုံ၏ရင်တွင် အပ်ထားသည်။ မဝါ၏မျက်ရည်နွေးနွေးတို့သည် စိုးပြည့်စုံ၏ ရင်ဘတ်ဝယ် ပူနွေးနွေးလေး ရှိနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စိုးပြည့်စုံက မဝါကိုညင်သာစွာ ပခုံးဖက်ပြီး အိပ်ခန်းထဲသို့ ဝင်ခဲ့ပေသည်။ ကုလားထိုင်တွင်ထိုင်ရင်း မဝါကို ယုယကြင်နာစွာ ပွေ့ပိုက်ထားသည်။

"မောင်လေးမရှိတော့ဘူး … အရူးအပေါ မောင်လေးမရှိတော့ဘူး ကိုကိုစိုး … မောင်လေး အသေဆိုးနဲ့ သေရတာ မဝါရဲ့ရင်ထဲမှာ မချည့်ဘူး ကိုကိုစိုးရယ် … "

စိုးပြည့်စုံက ပါးချင်းကပ်ရင်း …

"ငိုချလိုက် … တအားကြီး ငိုချလိုက်ပါ မဝါ … မြိုခံမနေနဲ့ ကျိတ်ခံမနေနဲ့ … အားရပါးရ မဝါ ငိုချလိုက်စမ်းပါ … ဒါမှ မဝါ ရင်ထဲ ကျပ်ခဲနေတာတွေ ချောင်သွားမယ် … ပေါ့သွားမယ် … ငိုပါ … မဝါ ငိုချလိုက်စမ်းပါ … "

စိုးပြည့်စုံ၏ ကြင်နာစွာ ပြောသည်ပင် မဝါအား တအားကြီး ငိုချလိုက်ပါစေတော့သည်။ အားငယ်နေသော မိခင်ပျောက် သားငယ်သည် မိခင်ကို တွေ့သည်နှင့် မိခင်ရင်ထဲသို့ ပြေးဝင်ကာ ငိုချလိုက်ပုံမျိုးပင် မဝါက တအားငိုချလိုက်ပါ၏။

ပါးချင်းကပ်ထားသဖြင့် မဝါ၏ မျက်ရည်တို့သည် စိုးပြည့်စုံ၏ပါးတွင် စိုရွှဲသွားပါလေတော့သတည်း။

တကယ်တော့ ဝါဝါခိုင်၏ ဘဝသည် ကျိကျိတက် ချမ်းသာသော ငွေပုံပေါ်ထိုင်နေပြီး အားကိုးအားထားမရှိရှာသော ဘဝဖြစ်နေရှာပေသည်။

ယောကျ်ားသား မောင်ငယ် အတာရှိခဲ့သော်လည်း ငါးနှစ်သားဦးနှောက်သာ ရှိသော မောင်လေးမှာ ဘယ်လိုမှ မဝါအတွက် အားကိုး၍ မရခဲ့ရှာ။



ယခုမူ မဝါ သိပ်ချစ်သော ကိုကိုစိုးသည် မဝါအား ကိုးရာ ရှေ့မှ မားမားကြီး မဝါကို ကာကွယ်ပေးသည့် ဒိုင်းကြီး၊ တံတိုင်းကြီးအဖြစ် မဝါခံယူရပေပြီ။

သည်းထန်စွာ ငိုကြွေးရာမှ တဖြည်းဖြည်း ငိုအားအရှိန်လျော့လာပေသည်။

စိုးပြည့်စုံ၏ ပခုံးထက်တွင် သူမ၏ ဦးခေါင်းမှေးတင်ကာ ရှိုက်သံလေးမျှသာ ထွက်ပေါ်လာပေတော့သည်။

အားရပါးရကြီး ငိုချလိုက်သဖြင့် ရင်ထဲ တစ်ဆို့ပြည့်ကျပ်နေသည်များ တဖြည်းဖြည်း ရင်ချောင်ပန်းချောင် သက်သာစပြုလာသည်။ စိုးပြည့်စုံ မရောက်လာမီက မဝါသည် တစ်ယောက်တည်း ကျိတ်ခံစားနေရှာပေသည်။

"မဝါ … "

ဝါဝါခိုင်က ပြန်၍ထူးသံ မပြုဘဲ သူမ၏မျက်ဝန်းကြီးဖြင့် စိုးပြည့်စုံကို မော့ကြည့်လေသည်။

"ကိုယ် တစ်ဖက်သား ရင်ငြိမ်းအေးသွားအောင် တရားပြစကားတွေ ဘာတွေတော့ မပြောတတ်ဘူး … ဒါပေမဲ့ လောကကြီးမှာ အသေချာဆုံး တစ်ခုကတော့ သေသွားပြီးတဲ့ လူဟာ ပြန်ပြီး အသက်ရှင်မလာဘူးဆိုတာပဲ … ကိုယ်ပြောချင်တယ် မဝါ … မဝါရဲ့ မိဘနှစ်ပါး ဆုံးပါးသွားတယ် ဘယ်မှာ ပြန်လာတော့လို့လဲ … အခု အတာလည်း သေသွားရှာပြီ … အတာ ပြန်မလာတော့ဘူး မဝါ … မဝါ ဒီမှာ ဘယ်လောက်ပူဆွေးပူဆွေး အတာကတော့ ဘာမှမသိတော့ဘူး … ဘဝသစ်တစ်ခုမှာ ဒီဘဝကို ဘာမှမသိတော့

www.burmeseclassic.com

www.burmeseclassic.com



တဲ့ သတိမရတော့တဲ့ တစ်စုံတစ်ခုသော ဘဝသစ်ကို ရောက်သွားပြီ ... မဝါမှာသာ ပူဆွေးငိုကြွေးရတာတွေ အဖတ်တင်မယ် ... မဝါပင်ပန်းလှတယ်ကွာ ... အကောင်းဆုံးကတော့ ဗုဒ္ဓဘာသာ ယုံကြည်သက်ဝင်သူတိုင်းရဲ့ လုပ်ရိုးလုပ်စဉ်အတိုင်း အတာ့အတွက် ရည်စူးကောင်းမှုကုသိုလ်တွေ လုပ်ပေးဖို့ရယ် ... ရည်စူးလှူဒါန်းပြီး အမျှဝေပေးဖို့ရယ် ... အတာ့ကို ကောင်းသောနေရာ ... ကောင်းသော ဘုံ ... ကောင်းသော ဗိမာန်ရောက်စေဖို့ ဆုတွေ တောင်းပေးပေါ့ မဝါရယ်"

ဝါဝါခိုင်က သူမ၏ကိုကိုစိုးပြောသမျှကို အလေးအနက်နားစိုက်ထောင်ပေးသည်။

စိုးပြည့်စုံကပင် ဆက်၍ ပြောသည်။

"အတာဟာ အခုမသေလည်း နောက်မကြာခင် မြသန္တာရဲ့ လက်ချက်နဲ့ သေကို သေရမှာပါ မဝါ ... မြသန္တာက အတာကို အကြောင်းပြုပြီး မဝါဆီက အမွေထက်ဝက် အတာ့ကို ခွဲဝေပေးစေပြီးတဲ့နောက် မကြာခင်ပဲ အတာ့ကို အကြောင်းတစ်ခုခုနဲ့ သေစေမှာပဲ မဝါ ... ဒါမှသာ အတာရဲ့ အမွေထက်ဝက်ကို သူက လွတ်လွတ်ကျွတ်ကျွတ် ပိုင်ဆိုင်ခွင့် ရမှာကိုး"

"အဲဒါကို ကိုကိုစိုး အရိပ်အမြွက်ပြောပြထားလို့ မဝါ သိထားပြီးပါပြီ ... ကိုကိုစိုး ... "

မဝါက ထိုသို့ စကားပြန်လည်ပြောလာနိုင်ခြင်းပင်လျှင် ရင်တွင်းပူဆွေးမှု အရှိန်လျော့သွားရာ ရောက်သဖြင့် စိုးပြည့်စုံ ဝမ်းသာရပါ၏။

"ဒါဆို ... မြသန္တာက မောင်လေးအတာနဲ့လည်း တရားဝင်



လက်မထပ်ရသေး ... အမွေထက်ဝက်ကိုလည်း မရသေးခင် မောင်လေးအတာကို ဗြုန်းစားကြီး သေပစ်စေတာလဲ ကိုကိုစိုး ... "

"ဟုတ်တယ် မဝါ ... ဒါကျတော့ ကိုယ့်ပယောဂပါလာတယ် ... ကိုယ့်စုံစမ်းချက်တွေဟာ ကိုဒီပကိစ္စမှာရော စံရွှေအောင်ကိစ္စမှာရော သိပ်နီးစပ်လာတယ် ... ဒီကိစ္စနှစ်ခုကို ကိုယ်က သက်ဆိုင်ရာမှာ ဖော်ထုတ်လိုက်မှာကို မြသန္တာက သိပ်စိုးရိမ်လာပုံရတယ် ... ကိုယ်ဖော်ထုတ်တာနဲ့ ကိုဒီပသတ်မှုမှာ ထားဦး ... စံရွှေအောင် သတ်မှုကျတော့ အတာလည်း ပါဝင်နေတယ် ... ရဲတွေက ပါဝင်နေတဲ့ အတာကို ချော့ချော့ ခြောက်ခြောက် စစ်မေးလာရင် အတာက ကလေးဦးနှောက်ဆိုတော့ စုန်းမကြီးစံရွှေအောင် လူယောင်ဖန်ဆင်းလာတာကို ဘယ်လိုသတ်ပစ်လိုက်တယ်ဆိုတာ ဖော်ပြောတော့မှာ ... အဲဒီလို ကာယကံရှင် အတာကိုယ်တိုင်က ဖော်ထုတ်ထွက်ဆိုချက်တွေ ပေးလိုက်ရင် မြသန္တာအတွက် လွတ်ပေါက်မရှိတော့ဘူး ... ဒါကြောင့် ထမင်းစားဝိုင်းပြီးတာနဲ့ အဓိက ကိုယ့်ကို သတ်ပစ်ဖို့ ဆုံးဖြတ်ပုံပဲ ... ဒါကြောင့် လေ့စီးမယ်လို့ အတာ့ကို ထွင်လုံးပေးခိုင်းပြီး ကိုယ့်ကို လှေပေါ်မှာ အပါခေါ်တာပဲ မဝါ ... မြသန္တာရဲ့ စိတ်ကူးဟာ ကိုယ်ရော အတာရော မတော်တဆပုံစံနဲ့ သေသွားရင် သူ့အမှုတွေကို ဖော်ထုတ်နိုင်တဲ့လူမရှိတော့ဘူး သူလွတ်သွားမယ်လို့ တွက်ပုံရတယ် ... လူသတ်မှုနှစ်မှုက သူ့အပေါ် ပုံကျလာတော့မှာဆိုတော့ အတာ့ကို လက်ထပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အမွေထက်ဝက် ရမှာတွေ ဘာတွေမစဉ်းစားတော့ဘူးလေ သူ့အမှုက လွတ်အောင် ရုန်းထွက်နိုင်ဖို့သာ အဓိကဖြစ်သွားပြီ မဟုတ်လား ... ဒါကြောင့်လဲ မြသန္တာက တင်ကြို့အကြံအစည်နဲ့ အရက်ပုလင်းနဲ့ ဓားမြှောင်တွေ ဝှက်ယူလာခဲ့တာ"

"သိပ်အကြံပက်စက်တာပဲနော် ... "

"သူ့ ဆိုက်ကိုပက်သီရော အက်(ဗ)နော်မယ် ဦးနှောက်ရောဟာ နောက်ဆုံး သူလွတ်ပေါက်အတွက် ဒီလိုပဲ ကြံစည်တော့မှာပေါ့ မဝါ ... ကိုယ်နဲ့ အတာ့ကို ရေထဲမှာ ရေနစ်သေစေပြီးတာနဲ့ သူ မဝါဆီ တစ်ယောက်တည်း ပြန်လာမယ် ... ငိုကြီးချက်မနဲ့ ကိုယ်နဲ့ အတာဟာ လှေပေါ်မှာ ရန်ဖြစ်ပြီး နှစ်ယောက်စလုံး ရေထဲ လိမ့်ကျသွားတယ်လို့ ယုတ္တိရှိအောင် ဇာတ်လမ်းဖန်တီးပြောမယ်ပေါ့လေ ... မျက်မြင်သက်သေလည်း လုံးဝမရှိတော့ အမှုသဘောအရ သူ လွတ်တယ်လေ ... ဒါပေမဲ့ တကယ်ဖြစ်ရပ်က ကိုယ်လည်း သူသတ်လို့ မသေခင် ... မဝါနဲ့ ရဲတွေလိုက်လာနိုင်တာပဲ မဝါ ... "

"မြသန္တာ မစဉ်းစားဘူးတဲ့လား ကိုကိုစိုး ... လှေဆိပ်တံတားမှာ ကျန်ခဲ့တဲ့ မဝါဟာ ဒီအတိုင်း မနေဘူး ... ရဲကိုတိုင်မယ်ဆိုတာ မြသန္တာ ထည့်မတွက်ဘူးလား ... "

"ပြောပြီးပြီပဲ မဝါ ... ဆိုက်ကိုပက်သီရော ... အက်(ဗ)နော်မယ်ရော ဖြစ်နေတဲ့ မြသန္တာဟာ ဘာမဆို သူ့ဘက်က အနိုင်ကိုသာ အဓိကဆန္ဒစော ပြုလုပ်တာဆိုတော့ အဲဒီလောက်ကြီးအထိ သူ့ဦးနှောက်က ဘယ်တွေးမှာလဲ ... "



ကိုကိုစိုး ပြောပြချက်ကို ဝါဝါခိုင်သည် လက်ခံသင့်သလောက် လက်ခံပါ၏။ ပြီး ကိုကိုစိုး ပြောပြရှင်းပြချက်တွေကြောင့် အတာ သေဆုံးသွားမှုအတွက်လည်း ... စိတ်ဖြေနိုင်သလောက် ဖြေနိုင်ပါ၏။

"မဝါ ... "

"ရှင် ... ကိုကိုစိုး ... "

"ကိုယ်နဲ့ မဝါ ... မြသန္တာရဲ့ အခန်းထဲ ဝင်ကြည့်ကြပါစို့လား သဲလွန်စအထောက်အထားတွေ ကျန်ခဲ့သလားဆိုတာ ရှာကြည့်ဦး ... "

"ကိုကိုစိုး သဘောပါ ... "

"ဒါဆို သွားကြစို့ ... ဒေါ်ဝိုင်းတစ်ယောက်တည်း ကျိတ်ငိုနေတာ သနားပါတယ် မဝါ စိတ်သက်သာသွားတာ ဒေါ်ဝိုင်းတွေ့သွားရင် သူလည်း စိတ်သက်သာသွားမှာ ... "

နှစ်ယောက်သား ယှဉ်တွဲပြီး အိပ်ခန်းထဲမှ ထွက်လာခဲ့ကြသည်။

မြသန္တာ၏ အခန်းရှေ့အရောက်တွင် တံခါးကို ဖွင့်ကြည့်လိုက်ရာ အလိုက်သင့်ပင် ပွင့်သွားသည်ကို တွေ့ရပေသည်။

မြသန္တာ၏ အိပ်ခန်းထဲသို့ ဝင်ခဲ့ကြသည်။

ဝါဝါခိုင်က ပိုင်ရှင်မရှိ ပိုင်ရှင်ခွင့်ပြုချက်မရဘဲ သူများပစ္စည်းတွေကို လိုက်ရှာကြည့်ရန် ဝန်လေးနေပါ၏။

စိုးပြည့်စုံက မြသန္တာအခန်းထဲရှိ ဗီရိုတွေ အံဆွဲတွေ မှန်တင်ခုံ အံဆွဲတွေ ယခင်တစ်ခေါက် ကြည့်ပြီးသားမို့ မကြည့်တော့ဘဲ မြသန္တာ၏ ခုတင်အိပ်ရာမှ ခေါင်းအုံးကိုသာ လှန်ကြည့်ပေသည်

www.burmeseclassic.com

www.burmeseclassic.com



လူတွေ၏ သဘာဝမှာ လတ်တလောဖြစ်ပျက်ထားသော ကိစ္စမျိုးနှင့် ပတ်သက်သည့် ပစ္စည်းမျိုးဆိုလျှင် ချက်ချင်းသိမ်းဆည်းခြင်းမပြုတတ်သေးဘဲ မွေ့ရာအောက်၊ ခေါင်းအုံးအောက်တွင် ထားတတ်ကြသည်။ မြသန္တာသည် ယင်းကဲ့သို့ ပစ္စည်းမျိုး ဘာတွေ ရှိမလဲဟု ခေါင်းအုံးအောက်ကို လှန်ကြည့်လိုက်ခြင်းဖြစ်သည်။

တွေ့ရသည်သာ။

စိုးပြည့်စုံ၏တွက်ကိန်းအတိုင်း စာချုပ်တစ်စောင်ကိုနှင့် ဓာတ်ပုံတချို့ကို တွေ့ရသည်။

စာချုပ်ကို ဖွင့်မဖတ်သေးမီ ဓာတ်ပုံတွေကို အရင်ကြည့်လိုက်သည်။

ပထမ၊ ဒုတိယ၊ တတိယဓာတ်ပုံများသည် အောင်မင်္ဂလာရပ်ကွက်၊ တရုတ်စားသောက်ဆိုင်ထဲတွင် မြသန္တာထိုင်နေရာသို့ ပီတာလာပြီး ဓာတ်ပုံပညာသုံး ကင်မရာအနေအထားပညာဖြင့် မြသန္တာ၏ပါးကို ပီတာက နမ်းနေသလို မြင်တွေ့ရသည့် ဓာတ်ပုံသုံးပုံပင် ဖြစ်ပါ၏။

စတုတ္ထနှင့် ပဉ္စမပုံမှာ ပီတာ၊ မြင့်မောင်နှင့် အောင်မင်္ဂလာဘကွန်းကြီး စကားများ ရန်ဖြစ်နေသောပုံဖြစ်ပေသည်။

ဆဋ္ဌမပုံကို စိုးပြည့်စုံ ကြည့်ပြန်သည်။

"ဘုရား ... ဘုရား ..."

ဆဋ္ဌမပုံကို တွေ့မြင်လိုက်ရသည်နှင့်စိုးပြည့်စုံ ဘုရားတသွားပေတော့သည်။

ယင်းဆဋ္ဌမပုံမှာမြသန္တာအားအောင်မင်္ဂလာဘကွန်းကြီးက အတင်း သူ့ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်နေပုံဖြစ်နေသည်။



ထိုအမြင်က ဖြုန်းခနဲ ဓာတ်ပုံကို ကြည့်၍ မြင်ရခြင်းဖြစ်သည်။

သို့သော် ...

သေသေချာချာကြည့်သောအခါတွင်မူကား အတင်းပူးကပ်စွာ အဖက်ခံထားရသော မြသန္တာ၏ လက်တစ်ဖက်တွင် မောင်းပြန်ဓားရိုးကို ကိုင်ကာ ဘကွန်းကြီး၏ ရင်ဘတ်အား ဓားသွားစိုက်ထိုးနေသည်ကို မြင်ရသည်။

ဗုဒ္ဓေါ

ဒါဆိုလျှင် အောင်မင်္ဂလာဘကွန်းကြီးကို ဓားနှင့်ထိုးသတ်သူမှာ ပီတာမဟုတ်၊ မြင့်မောင်မဟုတ်သလို မိမိစိုးပြည့်စုံလည်း မဟုတ်ဘဲ မြသန္တာက ထိုးသတ်လိုက်ကြောင်း ဤဓာတ်ပုံအရ ခိုင်လုံထင်ရှားသွားပါချေပြီ။

ဤမောင်းပြန်ဓား စိုပြည့်စုံ မှတ်မိသည်။ တည်းခိုခန်းတွင် ဆာလောင်သဖြင့် စားသောက်ဖွယ်များ စီစဉ်ရာတွင် ဤမောင်းပြန်ဓားနှင့်ပင် စည်သွတ်ဘူးများကို ဖောက်ဖွင့်ခဲ့သည် မဟုတ်ပါလော။

ယခု ဤဓာတ်ပုံကို တွေ့ရလေမှပင် စိုးပြည့်စုံမှာ ဟင်းခနဲ သက်ပြင်းကြီးချလိုက်နိုင်တော့သည်။ အောင်မင်္ဂလာဘကွန်းကြီး ဓားထိုးခံရ၍ သေဆုံးမှုတွင် ဤဓာတ်ပုံအရ မိမိလုံးဝလွတ်ကင်းသွားပေပြီ။

တစ်ဆက်တည်းပင် မြသန္တာ၏အကြံအစည်ကို စိုးပြည့်စုံ သဘောပေါက်ရတော့သည်။

ဗိုဗိုက ခဲတွေရှေ့တွင် အောင်မင်္ဂလာဘကွန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



အား မသတ်ကြောင်း မြသန္တာအား မုက်မြင်သက်သေ ပြလုပ်ပေးရန် ခေါ်ခြင်းကို မြသန္တာက နေ့ရွှေ့ ညရွှေ့ပြုခဲ့သည်မှာ သူမကိုယ်တိုင် ကိုဘကွန်းကြီးအား ဓားနှင့်ထိုးသတ်သူဖြစ်နေသောကြောင့် ရဲများနှင့် ရင်မဆိုင်ရဲခြင်းသာလျှင် ဖြစ်နေပါ၏။

ပြီး ပန်းချီဆရာ ကိုဒီပကိုလည်း သတ်ထားခဲ့ခြင်းကလည်း ရှိနေသေးပြန်သဖြင့် ပို၍ပင် ရဲအား မြသန္တာ ရင်မဆိုင်ရဲ ရင်မဆိုင်လိုခြင်းဖြစ်ပါသည်။

တကယ်တော့ မနူးမနပ် ကင်မရာရူး စံရွှေအောင်သည် မြသန္တာအား လူရောငွေရော ရပေါက်ရှိသည်ဟု တွက်ပြီး ခိုင်ဂေဟာသို့ စုံစမ်းမေးမြန်းရောက်ရှိလာခြင်းဖြစ်မည်

မြသန္တာအား စံရွှေအောင်အတွက်မှားစွာဖြင့် လျော့တွက်မိခြင်းဖြစ်သွားသည်။ ဤမှာပင် စံရွှေအောင်သည် ကိုယ့်သင်္ချိုင်း ကိုယ်ရှာသလို ဖြစ်သွားတော့သည်။

စံရွှေအောင်လို ချာတိတ်တစ်ကောင်အား မြသန္တာ ခြင်တစ်ကောင်၊ ကြမ်းပိုးတစ်ကောင်သတ်သလို လွယ်ကူစွာ သတ်နိုင်သည်သာ။

ဘကွန်းကြီးဘေးတွင် မိမိထိုင်နေစဉ် ရိုက်ယူလိုက်သည့် ဓာတ်ပုံတော့ ယခုဓာတ်ပုံများကြားတွင် မပါဝင်ပေ။

မိမိက စံရွှေအောင်ရိုက်စဉ် မိမိမျက်နှာကို လက်ဖြင့်ကွယ်လိုက်သောကြောင့် ပီပီပြင်ပြင် မရှိသည်က တစ်ကြောင်း၊ မိမိကို လုံးဝမသိ၊ လုံးဝ မရှာနိုင်ရုံမက မိမိကိုရှာဖို့လည်း မလိုအပ်သောကြောင့် ထိုဓာတ်ပုံကို ယူမလာခြင်းဖြစ်တန်ရာသည်။ စံရွှေအောင် အမိကထားသည်မှာ မြသန္တာကိုသာ ဖြစ်နေပုံရသည်။



အောင်မင်္ဂလာဘကွန်းကြီးသည် လူကောင်ကြီး အလွန်ကြီးမားထွားကျိုင်းသောကြောင့် မြသန္တာက ရုတ်တရက် မောင်းမြန်ဓားနှင့် ထိုးထိုးခြင်း တုံးခနဲ လဲကျသွားခြင်းမရှိဘဲ မြသန္တာကို ဆိုင်အပြင်သို့ရောက်အောင် ဒေါသရှိရော ရမ္မက်ရှိန်ရော လိုက်သွားဖမ်းဆီး ပေ့ပိုက်နိုင်ခြင်းဖြစ်ပြီး မိမိက နောက်မှလိုက်ကာ ကိုဘကွန်းကြီးအား ဆွဲပြီး လက်သီးတစ်ချက် ထိုးလိုက်မှ ကိုဘကွန်းကြီး နှလုံးထိ ဓားဒဏ်ရာကြောင့် လဲကျသေဆုံးခြင်းသာလျှင် ဖြစ်ပေမည်။

စိုးပြည့်စုံသည် ဓာတ်ပုံတွေအားလုံးကို သူ့အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။ ပြီးမှ စာချုပ်ကို ဖွင့်ကြည့်သည်။

စာချုပ်မှာ မြသန္တာနှင့် အတာတို့ လက်ထပ်စာချုပ်တွင် ဒေါက်တာဇေကြိုင်က သက်သေအဖြစ် လက်မှတ်ထိုးပေးထားသော စာချုပ်ဖြစ်နေလေသည်။

စိုးပြည့်စုံက ဓာတ်ပုံတွေရော စာချုပ်ကိုရော တွေတွေလေး ရပ်ကြည့်နေသော ဝါဝါခိုင်အား အကုန်ပြပြီး အဖြစ်မှန်အားလုံးကို ပြောပြရှင်းပြလိုက်တော့သည်။

"အတာ့ကိုရော ကိုကိုစိုးကိုရော ... မြသန္တာက အသေသတ်တာဟာ ဒီစာချုပ် သူ့လက်ထဲ အပိုင်ရှိနေပြီမို့ သတ်တာပဲ မဝါ ... သူ မဝါဆီ ပြန်လာမယ် ... အတာနဲ့ ကိုယ် လှေပေါ်မှာ ရန်ဖြစ်ပြီး နှစ်ယောက်လုံး ရေထဲလိမ့်ကျသေပြီလို့ ပြောမယ် ... ဒါဆို လူသတ်မှုအတွက် ကိုယ်က မဖော်ထုတ်နိုင်တော့ဘူး ... အတာလည်း သေပြီမို့ နောက်သေွးအေးတဲ့ အချိန်မှာ သူဟာ အတာရဲ့ တရားဝင်လက်ထပ်ဇနီးမယား

www.burmeseclassic.com

www.burmeseclassic.com



မို့ အတာပိုင်ဆိုင်ခွင့်ကို သူ့မှာ ခံစားခွင့်ရှိတယ်ဆိုပြီး တောင်းမယ်ပေါ့ မဝါ … ဒေါက်တာဖေကြိုင်ရဲ့ သက်သေအနိုင်အမာနဲ့ ကိုင်ပြောရမှာပေါ့ … အဲဒီနောက် ဒေါက်တာဖေကြိုင်နဲ့ မြသန္တာ လက်ထပ်ချင် ထပ်မယ် … ဒါမှမဟုတ် ဝေစုခွဲချင် ခွဲမယ် … ဒါဆို တောင်ကြီးက သူ့ရဲ့အစ်မ မိုးစန္ဒာဆီကို ရင်ကော့သွားပြလိုက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ပေါ့ … ”

“အရမ်းကို … အကြံကြီးတာပဲနော် ကိုကိုစိုး … ”



++++++ [ ၂၃ ] ++++++

အတာ၏ အလောင်းကို လှေဆယ်စီး၊ ရေငုပ်ကျွမ်းကျင်သူ သုံးဆယ်ကို ငှားရမ်းကာ အတာ၏ အလောင်းကို ရှာဖွေရာ ခဲရာခဲဆစ်နှင့်ပင် အလောင်းကို ပြန်လည်ရရှိပါ၏။

အတာသည် ရေနစ်သွားပြီးနောက် ပြန်၍တော့ ပေါ်ပေသေးသည်။ သို့သော် ဒိုက်ပင်အုပ်ကြီးအောက်တွင် ပေါ်ခြင်းဖြစ်သည်။ ဒိုက်ပင်အုပ်ကြီးခံနေ၍ ရေပြင်ထက်သို့ အတာ ပေါ်လာသည် မဟုတ်သောကြောင့် ထိုစဉ်က စိုးပြည့်စုံ အတာ့ကို ရှာဖွေမတွေ့ခြင်းဖြစ်သည်။

ထို့ထက်မှာမူ အတာသည် ရေနစ်သူတို့ဖြစ်လေ့ရှိသော သဘာဝအတိုင်း ပြန်ပေါ်လာစဉ် ဒိုက်ပင်တွေကို ဆုပ်မိ ဆုပ်ရာ ကိုင်မိကိုင်ရာကိုင်ထားပြီး သေဆုံးသွားသည်မို့ ရေငုတ် ရှာဖွေသူတွေ ခဲရာခဲဆစ် ရှာဖွေမှ အလောင်းကို တွေ့ရှိရယူနိုင်ခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အတာအား သူ့အစ်မ ဝါဝါခိုင်က အလွန်ကြီးကျယ်ခမ်းနားစွာ ငွေတွေသိန်းနှင့်ချီ ကုန်ကျသော ဈာပနကိစ္စကို ဆောင်ရွက်ပေးလေသည်။

အတာ့အတွက် ရည်စူးပြီး ကျောင်းဆောက်ရန် အလှူငွေ၊ ဇရပ်ဆောက်ရန် အလှူငွေ၊ သိမ်ဆောက်ရန် အလှူငွေ၊ ဗိဝိတဒါနဆေးရုံ အလှူငွေ စသည် စသည်များစွာဖြင့် သိန်းပေါင်းများစွာ လှူဒန်းကာ အမျှဝေပြီး အတာအား ရောက်ရာဘဝမှ သာစေခေါ်စေသည်။

နောက်ဆက်တွဲအားဖြင့် ...

ပိတာနှင့် မြင့်မောင်သည် သူတို့ သူငယ်ချင်းဓာတ်ပုံဝါသနာအိုး ပျောက်ဆုံးနေခြင်းအတွက် ရဲစခန်းကို တိုင်ကြားထားသည်။

စံရွှေအောင်၏ အိမ်တွင်ကျန်ခဲ့သော ဓာတ်ပုံ နက်ဂတစ်အား ပုံကူးကြည့်ပြီး ပိတာက မြသန္တာထိုင်ခုံတွင် သွားထိုင်သောပုံများ၊ ကိုဘကွန်းကြီးနှင့်ဖြစ်သည့် ဓာတ်ပုံများ၊ မြသန္တာက ကိုဘကွန်းကြီးအပွေ့အဖက်ကို ရုန်းကန်ရင်း ရင်ချင်းအပ်ကာ ကိုဘကွန်းကြီး ရင်ဘက်ကို ဓားနှင့်ထိုးသော ဓာတ်ပုံတွေရော နက်ဂတစ်ရော ရဲလက်သို့အပ်လိုက်လေသည်။

ဘာကြောင့်မှန်းတော့ မသိ။

ကိုဘကွန်းကြီးဘေးတွင် ဒူးထောက်ထိုင်ခဲ့သော စိုးပြည့်စုံ၏ ဓာတ်ပုံရော နက်ဂတစ်ရော ရဲလက်သို့အပ်ရာတွင် လုံးဝမပါပေ။ ထိုဓာတ်ပုံသည် နက်ဂတစ် အပျက်အဖြစ် စံရွှေအောင်စွန့်ပစ်ရာတွင် ပါရှိသွားသည်ထင်ပါ၏။



ထိုပြင် စံရွှေအောင်သည် မြသန္တာထံသို့သွားမည်ဟု နောက်ဆုံးပြောပြပြီးနောက် ပျောက်ဆုံးသွားခြင်းဟု တိုင်ကြားခြင်းဖြစ်ပါလေ၏။

ထို့ကြောင့် ရဲအဖွဲ့က ဖမ်းထားသော မြသန္တာကို အမျိုးမျိုးစစ်ဆေးနေသည်ဟု ကြားသိရပေသည်။

အတာ၏ ဈာပနကိစ္စသာမက ရက်လည်ဆွမ်းကျွေးခြင်းလည်း ပြီးမြောက်သွားလေပြီ။

အတာ၏ ကိစ္စအားလုံးတွင် အဓိကဆောင်ရွက်ပြီး အပင်ပန်းဆုံးလူမှာ စိုးပြည့်စုံပင် ဖြစ်တော့သည်။

ဝါဝါခိုင်လည်း အတာ၏ ဈာပနကိစ္စ၊ အလှူအတန်း အဲဒီကိစ္စ စသည့်ကိစ္စတွေ အများကြီးဆောင်ရွက်ရင်း အတာသေဆုံးသွားရသည့်အတွက် စိတ်သက်သာမှု တဖြည်းဖြည်းရလာပြီ ဖြစ်တော့သည်။

စိုးပြည့်စုံက အကြောင်းအချက်အလက်တွေ သေချာရှင်းပြခြင်းကြောင့် အတာအဖို့ အနေးနှင့်အမြန် သေရမည်ကို သဘောပေါက်ကာ စိတ်၏ဖြေသိမ့်မှုတွေ တစ်နေ့ထက် တစ်နေ့ရပြီး တည်ငြိမ်သွားပေပြီ။

အားလုံးကိစ္စတွေ ပြီးမြောက်ပြီးနောက် ခိုင်ဂေဟာ ညှိခန်းတွင် ဝါဝါခိုင်၊ ဒေါ်ဒေါ်ဝိုင်းနှင့် စိုးပြည့်စုံတို့ ထိုင်ကြသည်။

"အင်း ... ဒီကိစ္စတွေအားလုံး ချောချောမောမော စိတ်တိုင်းကျပြီးမြောက်သွားတာဟာ ... ဟောဒီ စာရေးဆရာရှိနေလို့သာပေါ့မဝါ ... စာရေးဆရာသာ မရှိရင် ဒီကိစ္စတွေအားလုံး မဝါလည်း မလုပ်တတ်မကိုင်တတ် ... ဒေါ်ဒေါ်ဝိုင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘာနားမလည် ... ညာနားမလည်နဲ့ ... ယောင်ဝါးဝါးတွေ နင်းကန်ဖြစ်မှာ ဒီစာရေးဆရာရဲ့ ... 'ကျေးဇူးကြီးပါပေတယ် မြသန္တာ ဒီခိုင်ဂေဟာမှာ နေသွားသရွေ့ ... ဒီစာရေးဆရာကို အိမ်မပင့်လာတာလေး တစ်ခုပဲ အကောင်းရှိတယ် မဝါရေ"

ဝါဝါခိုင်က ဒေါ်ဒေါ်ဝိုင်း ပြောပြပုံကို ကြည့်ပြီး ကျေနပ်စွာပြုံးပါ၏။ သူမ၏ မျက်ဝန်းစုံဖြင့် ဖိုသီဖတ်သီ ဆီဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်နေသည့် ကိုကိုစိုးကို အချစ်များစွာသော အကြည့်ဖြင့် လှမ်းကြည့်ရင်း ဒေါ်ဝိုင်းကို ပြောပြသည်။

"အဲဒါ ... စာရေးဆရာမဟုတ်ဘူး ... ဒေါ်ဒေါ်ဝိုင်းရေ ... ကိုကိုစိုးရဲ့ အစစ်အမှန်က ... နည်းပညာတက္ကသိုလ် ဘီအီး ဘွဲ့ရပြီး ... နိုင်ငံခြားသင်္ဘောကုမ္ပဏီမှာအင်ဂျင်နီယာအရာရှိ သိလား ..."

"ဟယ် ... ဟုတ်လား ... သိပါဘူး မဝါရယ် ... မြသန္တာက ဒါပန်းချီဆရာဆို ... ဒေါ်ဒေါ်ဝိုင်းတို့က ပန်းချီဆရာလို့ပဲ မှတ်လိုက်ရတယ် ... ဒါ စာရေးဆရာဆိုလည်း ... ဒေါ်ဝိုင်းတို့က စာရေးဆရာလို့ပဲ မှတ်ထားတာကိုး ..."

ဒေါ်ဝိုင်း၏ ပြန်ပြောပုံကြောင့် စိုးပြည့်စုံရော မဝါရော ပြုံးရယ်ကြပါ၏။

"ကဲ ... မဝါ ... ဒေါ်ဒေါ်ဝိုင်းခဏ နားချင်တယ် ... တရေးတမောမှေးဦးမှ အိပ်ရေးပျက်တာတွေ များလွန်းလို့ကွယ်"

"သွားပါ နားပါ ဒေါ်ဒေါ်ဝိုင်း လူကြီးမပြောနဲ့ မဝါတို့တောင် သိပ်ပင်ပန်းနေတာ ... ဒေါ်ဒေါ်ဝိုင်း အနားယူပါ ..."

ဧည့်ခန်းမှ ဒေါ်ဝိုင်းထွက်သွားကာ ထမင်းစားခန်းဘေးရှိ သူမ၏ အိပ်ခန်းထဲသို့ အနားယူမှေးစက်ရန် ထွက်ခွာသွားပေတော့သည်။

ခိုင်ဂေဟာကြီးတစ်ခုလုံးတွင် ဝါဝါခိုင်နှင့် စိုးပြည့်စုံ ချစ်သူနှစ်ဦးသာ ကျန်ခဲ့တော့သည်။

"စိုးပြည့်စုံက ဝါဝါခိုင်ရှိရာသို့ ကူးပြောင်းထိုင်ကာ ဝါဝါခိုင်၏ကိုယ်လုံးလေးကိုညင်သာယုယစွာပွေ့ပိုက်လိုက်တော့သည်။

ဝါဝါခိုင်က မရုန်းဖယ်ရုံမက ကျေနပ်စွာခံယူပါ၏။

"မဝါ ..."

"ကိုကိုစိုး"

"မဝါကို ကိုယ်တစ်ခုလောက် ဆွေးနွေးချင်တယ် ... အဲဒီ ဆွေးနွေးချက်အပေါ်မှာ ... ကိုယ့်ကို မဝါဘယ်လိုမှ အထင်မမှားပါနဲ့မဝါ ..."

"ဆွေးနွေးလေ ... မဝါ နားထောင်နေတာပဲဟာ ... နောက်ပြီး ... ကိုကိုစိုးကို မဝါဘယ်တော့မှ အထင်မလွဲပါဘူး ... ကိုကိုစိုးရဲ့ အတိတ်က အနေအထိုင်လွန်ကဲမှုတွေကို မဝါက ကိုကိုစိုးကို သိပ်ချစ်တာမို့ ခွင့်လွှတ်ပြီးသားပဲဟာ ... ကဲ... ပြော ... ကိုကိုစိုး မဝါကို ဘာဆွေးနွေးချင်လဲ ... ဆွေးနွေးလေ ..."

"မြသန္တာရဲ့ ကိစ္စကို ဆွေးနွေးချင်တာပဲ မဝါ ... မြသန္တာဟာ ဆိုးလွန်းမှန်း ကိုကိုစိုးသိနေသားပဲ ... မြသန္တာဘယ်လောက်ပဲ ဆိုးလွန်းဆိုးလွန်း ... သူ့အပေါ်မှာ တရားရုံးတော်က သေစားသေစေဆိုတဲ့ အမိန့်နဲ့ ... တစ်သက်တစ်ကျွန်းအမိန့်မျိုး အချုပ်မှတ်မခံစေချင်ဘူး မဝါ ... တကယ်တော့ဆို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေါက်လုပ်ကွက်တွေကို ကြည့်ရင် ... ဒေါသနဲ့ ကျူးလွန်တာမျိုး မဟုတ်ဘဲ ... သူ့လွတ်ပေါက် သူရနိုင်အောင် လမ်းရှင်းတဲ့ သဘောနဲ့ လူတွေကို သတ်ခဲ့ရှာတာပါ ... "

"အဲဒါကို မဝါကိုယ်တိုင်သဘောပေါက်ပြီးသားပါ ကိုကိုစိုး... မောင်လေးအတာကို သူသတ်ရတာဟာလည်း ... မောင်လေးအကာက မြသန္တာရဲ့ ကျူးလွန်ချက်ကို လှစ်ခနဲ လှစ်ခနဲ ဖော်ပြတာမို့ ... ရဲရှေ့ အတာရောက်သွားရင် ... အတာက ဖော်မှာစိုးလို့ သူ့လွတ်ပေါက်အတွက် အတာ့ကို သေစေတာမှန်းလည်း ... မဝါနားလည်ပါတယ် ... အတာ့ကို သူမုန်းလို့ သေစေတာမှမဟုတ်တာ ... "

"ဟုတ်တယ် ... ဒီတော့ ... မဝါ ... မြသန္တာကို ငွေကုန်ကြေးကျခံပြီး ... စိတ်အထူးကု ဆရာဝန်ကြီးတွေနဲ့ ပြသစမ်းသပ်စေချင်တယ် ... တရားဥပဒေက အရွယ်မရောက်သေးတဲ့ကလေးတို့ ... စိတ်ဓာတ်မမှန် ရူးနေတဲ့သူတွေအပေါ်မှာ အများကြီးသက်ညှာခွင့်ပေးပါတယ် ... မြသန္တာကို စိတ်အထူးကုဆရာဝန်ကြီးတွေ စစ်ဆေးစေပြီး ... စိတ်ဝေဒနာကြောင့် လူသတ်မှုတွေကို ကျူးလွန်မိတာပါလို့ ... ဆရာဝန်ကြီးတွေက သက်သေထောက်ခံရင် ... မြသန္တာအတွက် သေဒဏ် ... ကျွန်းဒဏ်က လွတ်ပြီး ... ထောင်ဒဏ်လောက်ပဲ ခံရမှာပါ ... မဝါ ... သူ ထောင်ကျသွားပြီးတဲ့နောက် ... လိမ္မာသွားမှာပါ ... နောက်ပြီး ... ထောင်က လွတ်လာတဲ့အချိန်မှာ မြသန္တာဟာ ရင့်ကျက်တဲ့အရွယ်ပိုင်းရောက်နေလောက်ပါပြီ ... ကိုယ်ကတော့ မြသန္တာ ဆိုးလွန်း



မှန်းသိပါတယ် ... ဒါပေမဲ့ သနားတယ် မဝါ ... "

"တကယ်လို့... စိတ်အထူးကု ဆရာဝန်ကြီးတွေက မြသန္တာကို စစ်ဆေးပြီး ... မြသန္တာမှာ ဆိုက်ကိုပက်တီလည်း မဖြစ်ဘူးအက်(ဗ်)နော်မယ်(လ်) မဟုတ်ဘူး သာမန်လူကောင်းအတိုင်း နော်မယ်(လ်)ပါဆိုရင်ကော ကိုကိုစိုး ... "

စိုးပြည့်စုံ သက်ပြင်းကြီး ချလိုက်သည်။

"ဒါကတော့လည်း ... မြသန္တာရဲ့ ကံအကြောင်းတရားအတိုင်းပဲပေါ့ မဝါ ... ကိုယ့်စိတ်ထဲမှာတော့ ... မြသန္တာဟာ တောင်ကြီးက ထွက်ပြေးလာကတည်းက ... စိတ်ရောဂါဖြစ်လာတယ်လို့ ယူဆလို့ပါ မဝါ ... "

ဝါဝါခိုင်သည် စိုးပြည့်စုံအား အလွန်ကျေနပ်သော အကြည့်ဖြင့် ကြည့်ပါ၏။

"တကယ့်ကိုစံပဲ ... ကိုကိုစိုးဟာ ... လူပုံချောသလို ... စိတ်ဓာတ်လည်း ... တကယ့်ကို ချောတယ် ... မြသန္တာအတွက် ကိုကိုစိုးသဘောဆန္ဒအတိုင်း ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်ပြီးလုပ်ပါ ကိုကိုစိုး ... ကိုယ့်ကိုဓားနဲ့ပေါက် ... လှော်တက်နဲ့ခုတ်ပြီး အသေသတ်ဖို့ ကြိုးစားတဲ့သူကိုတောင် ... ကိုကိုစိုးက အာဃာတမထားဘဲ ... ပြန်ကယ်ချင်တဲ့ ကိုကိုစိုးရဲ့ စိတ်ဓာတ် စိတ်ရင်းကို ... မဝါ လေးလည်းလေးစားတယ် ... ချီးလည်းချီးကျူးတယ် ကိုကိုစိုး"

စိုးပြည့်စုံက မဝါကို အချစ်များစွာနှင့် ပွေ့ပိုက်မိပြန်သည်။ နဖူးပြင်ကို နမ်းသည်။ ပါးပြင်ကို နမ်းသည်။ မျက်နှာချင်း ပါးချင်းကပ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကြိုက်တာလုပ်ပါလို့ မဝါပြောခဲ့တယ်နော် ... ကိုယ်ကြိုက်တာ နောက်တစ်ခုလုပ်ချင်တာ ကျန်သေးတယ် မဝါ"

"ဘာများလဲ ကိုကိုစိုး"

"ကိုယ် ... မဝါကို သိပ်ချစ်တာမို့ ... အတာရဲ့ ကိစ္စမေ့သလောက်ရှိရင် ... မဝါကို ကိုယ်လက်ထပ်ချင်တယ်မဝါ"

ဝါဝါခိုင်က ပွေ့ပိုက်ထားသည်ကို မသိမသာလေး ရုန်းထွက်လိုက်သဖြင့် စိုးပြည့်စုံက သိသိသာသာ လွှတ်ပေးလိုက်ပါ၏။

"ကိုကိုစိုးကို မဝါပြောထားဖူးပါတယ်နော် ... ကိုကိုစိုးကို မဝါ ဘယ်လောက်ပဲပြန်ချစ်ချစ် ... လက်ထပ်ဖို့တော့ မဖြစ်ပါဘူးလို့လေ ..."

"အဲဒါက ... အတာ အသက်ထင်ရှားရှိနေတုန်းက အတာ့ကို သူစိမ်းယောကျ်ားနဲ့ မပတ်သက်စေချင်တာရယ် ... အတာရဲ့ ဒဏ်ကို ရှေရှည်မခံနိုင်မှာစိုးရိမ်တာရယ်ကြောင့် အတာ့ကို ရာသက်ပန် မဝါထိန်းသိမ်းစောင့်ရှောက်ချင်တာမို့ လက်ထပ်ဖို့ ငြင်းတာမဟုတ်လား မဝါ ... အခုတော့ ... အတာမရှိတော့ဘူးလေ ..."

"အဲဒါတော့ ... ဟုတ်ပါတယ် ... ဒါပေမဲ့ ... မဝါအနေနဲ့ ပြောပြီးသားစကားကို အတာရှိသည်ဖြစ်စေ ... မရှိသည်ဖြစ်စေ ... မပြင်တော့ဘူး ကိုကိုစိုး ... ဒါကြောင့် ကိုကိုစိုးနဲ့ လက်ထပ်ဖို့ ဝမ်းနည်းပါတယ်လို့ပဲ ပြောရမှာပဲ ..."

စိုးပြည့်စုံ ငူငူငေါင်ငေါက်ကြီးဖြစ်သွားပါလေ၏။ ကျောက်ရုပ်ကြီးလို ထိုင်ပြီး အတန်ကြာ တွေဝေငေးငိုင်နေသည်။



စိုးပြည့်စုံ ငူငေါင် ငေးပြီး တွေဝေနေသည်ကို ဝါဝါခိုင်က စိုက်ကြည့်နေပေသည်။

စိုးပြည့်စုံထိုင်ရာမှ ဖြည်းလေးစွာ ထလိုက်သည်။ စိုးပြည့်စုံ နှခါင်းထဲတွင် အတွေးတစ်ခု ဝင်လာသည်။

မဝါသည် ကျိုကျိုတက်ချမ်းသာသည်။

ယခုဆိုလျှင် အတာ့ကို အမွေထက်ဝက်ခွဲပေးရန် မလိုတော့သဖြင့် ပို၍ပင် ချမ်းသာလာသေးသည်။

သူမ လက်ထပ်လိုက်သည်နှင့် သူမအား လက်ထပ်သော ယောကျ်ားက လက်ဝါးကြီးအုပ်လာမည်ကို စိုးရိမ်ပေမည်။

ထို့ကြောင့် မိမိကိုလည်း လက်မထပ်နိုင်ခြင်း ဖြစ်လေမည်။ ထိုအပူအဆာသာ မဝါရင်ထဲတွင် ရှိနေပါက မိမိက ချစ်၍ လက်ထပ်ချင်သည်ကို မဝါငြင်းနေမည်သာ။ ဒါလည်း သူ့ဟာသူတော့ သဘာဝကျနေပါ၏။

စိုးပြည့်စုံ၏ ခြေလှမ်းတို့သည် ထွက်ပေါက်ရှိရာသို့ လှမ်းတော့သည်။

"အဲဒါ ... ဘယ်သွားမလို့လဲ ကိုကိုစိုး"

"ဒီအိမ်ကြီးပေါ်မှာ ... ကိုယ်လုပ်ပေးကိုင်ပေးစရာ ... ဘာမှ မရှိတော့ဘူးလေ ... ကိစ္စတွေက အားလုံးပြီးသွားပြီပဲဟာ အခုလောလောဆည် ခြံထဲက ကိုယ့်ပျဉ်ထောင်အိမ်လေးကို ပြန်မှာပေါ့ ... ပြန်အနားယူမှာပေါ့ ..."

"အင်းပေါ့ ... ကိုကိုစိုး တအားကြီးပင်ပန်းသွားတာ ... အနားယူသင့်တာပေါ့ ... ခုနု ကိုကိုစိုး ပြောလိုက်တဲ့စကားထဲမှာ အခုလောလောဆည်တော့ ... ပျဉ်ထောင်အိမ်လေး

www.burmeseclassic.com

www.burmeseclassic.com



သွားမယ်လို့ ပြောတယ်နော် ... "

"အဲဒီလို ပြောသားပဲ"

"အခုဆို မဝါရဲ့ ကိစ္စတွေလည်း ... အားလုံး ပြီးသွားပြီ ... ကိုကိုစိုးမှာ ကိုဘကျွန်းအသက်ခံရမှုမှာလည်း လုံးဝကင်းရှင်းသွားပြီ ... အဲဒီတော့ ကိုကိုစိုး ... ရှေ့ဆက်ပြီး ဘာလုပ်မယ် စိတ်ကူးသလဲ ဟင်"

"မနက်ဖြန်လောက်ဆိုရင်ပဲပေါ့ မဝါ ... ကိုယ့်မိဘတွေရှိတဲ့ ပြည်ပြန်ဖို့ မီးရထားလက်မှတ်ရရင် မီးရထား ... မရရင် ဟိုးနိုးကားနဲ့ပြန်တော့မယ် မဝါ ... ပြည်မြို့က အိမ်ပြန်ရောက်ပြီးမှ ... သင်္ဘောကုမ္ပဏီနဲ့ ပြန်ဆက်သွယ်ကြည့်မယ် ကုမ္ပဏီက လက်ခံသေးတယ်ဆိုရင် ... ဆက်ပြီး သင်္ဘော ပြန်လိုက်မယ် မဝါ ... "

"တကယ်လို့ ... ဒီတစ်ခေါက် သင်္ဘောပြန်လိုက်ခွင့်ရရင် ... ကိုကိုစိုး ဘယ်လောက်ကြာမှာလဲဟင် ... "

"ပြောတတ်သေးဘူး မဝါ ... ဒီတစ်ခေါက်လိုက်ဖြစ်ရင်တော့ မြန်မာပြည်ကို ရုတ်တရက် ပြန်မလာသေးဘူး ... ဟိုမှာပဲ နေနိုင်သလောက် နေမယ်လို့စိတ်ကူးထားတာပဲ ... ပြန်ချင် စိတ်ဖြစ်မှပဲ ပြန်လာမလားလို့ ... "

"ဒါဆို ... ကိုကိုစိုး ... နက်ဖြန် ပြည်မြို့ကို တကယ်ပြန်တော့ မှာပေါ့နော် ... "

"သေချာတာပေါ့ ... "

ဝါဝါခိုင်သည် ထိုင်ရာမှထလာပြီး စိုးပြည့်စုံနှင့် မျက်နှာချင်းဆိုင် ရင်ချင်းကပ်မတတ် နီးကပ်စွာရပ်ကာ စိုးပြည့်စုံ



၏ မျက်နှာကို မော့ကြည့်ရင်း ဧမေးခွန်းတွေ မေးပြန်သည်။

"ပြည်မြို့က ရွှေဆံတော်ဘုရားဟာ ... သိပ်ကြည်ညိုစရာ ကောင်းတယ်ဆိုနော် ... "

"ပြောကြတာပဲ မဝါ ... တစ်ပြည်လုံးက ဘုရားဖူးတွေရော နိုင်ငံခြားသား တိုးရစ်(စ်)တွေရော ... လာဖူးနေကြတာ လူမပြတ်စည်ကားနေတယ်လို့ ပြောတာပဲ ... "

"နောက်ပြီး ... ပြည်မြို့က နိဗ္ဗိန္ဒချောင်းဆိုတာကလည်း ... အရမ်းသာယာတယ်ဆို ... "

"အဲဒါလည်း ပြောကြတာပဲ ... ကိုယ် ပြန်ရောက်ပြီး ... မိဘအိမ်မှာ ရှစ်လလောက်နေခဲ့ပေမဲ့ ... နိဗ္ဗန္ဒချောင်းကို တစ်ခေါက်မှ မရောက်လိုက်ဘူး ... အခုတိုးချဲ့လုပ်ကိုင်ထား လို့ ပိုပြီးတော့ သာယာတယ်ပြောကြတာပဲ ... "

"ဟွန်း ... ကိုကိုစိုးက ဒီလိုပဲ ... ကိုယ့်မြို့က ရွှေဆံတော် လည်း မရောက် ... နိဗ္ဗန္ဒချောင်းကိုလည်း မရောက်နဲ့"

"ကိုယ့်ဟာကို ဒီလိုလား ... ဘာလားဆိုတော့ ကိုယ်မသိ ဘူး မဝါ ... "

"ဒါဆို ... ဒီအိမ်က ပါဂျဲရိုးကားနဲ့ပဲ ပြည်ကိုသွားကြမယ် လေနော် ... မဝါလည်း လိုက်မှာ ... "

"ဟာ ... မဝါက ဘာလို့လိုက်မှာလဲ ... "

ဝါဝါခိုင် အသံလေးထွက်အောင်ရယ်ပါ၏။

စောစောကလိုမျက်နှာထားတည်တည်လေးမဟုတ် တော့ဘဲ ရွှင်ရွှင်မြူးမြူး မျက်နှာလေးနှင့် စိုးပြည့်စုံ၏ လယ်တိုင်ကို သူမလက်နှစ်ဖက်သိုင်းကာ ယီးလေးခိုရင်း ပြန်၍ အဖြေစwww.burmeseclassic.comား

www.burmeseclassic.com



ပြောကြားလိုက်သည်။

"ပြည်မြို့ကို ဘုရားလှည်းဖူးရင်း ... လိပ်ဥလည်းတူးရင်း ... မဝါလိုက်မှာသိလား ... ကိုကိုစိုး ... ဒီထက်ရှင်းရှင်းပြောရင် ... ပြည်မြို့လိုက်ပြီး ... မဝါက ယောကျ်ားတောင်းမလို့"

"ဘာရယ် ... မဝါ"

"ကိုကိုစိုးရဲ့ ဖေဖေနဲ့ မေမေ့ကို မဝါက ကန်တော့ပြီး ... ဦးဦးနဲ့ဒေါ်ဒေါ်ရှင့် ... မဝါကို ... ဦးဦးနဲ့ ဒေါ်ဒေါ်ရဲ့သား ကိုစိုးပြည့်စုံကြီးနဲ့ လက်ထပ်ခွင့်ပေးတော်မူပါလို့ တောင်းမလို့ပေါ့ ကိုကိုစိုးရဲ့ ... "

"ဟာ ... ကြည့်စမ်း ... စောစောက ... မဝါကကိုယ့်ကို အတည်ပေါက်ကြီး နောက်လိုက်တာကိုး ... "

"ကဲ ... နောက်ဦး ... နောက်ဦး"

ချစ်သူနှစ်ဦး မျက်နှာနှစ်ခု ပူးကပ်သွားပါလေတော့သည်။

နားကြဉ်းစို့

[တက္ကသိုလ်တင်မြင့်]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com